# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com






အတွဲ(၉)၊ အမှတ်(၃၀)  ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်  ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၁၄ ၊ ၂၀၁၀)


ငွေကြေး ဘဏ်လုပ်ငန်း

## ဘဏ်သို့ လာရောက်အပ်နှံငွေများ လက်ခံရာတွင် ငွေစက္ကူအတုများ သေချာစိစစ်ရန်ညွှန်ကြား

ပြည့်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ – ၆**

နိုင်ငံတော်ဘဏ်နှင့်ပုဂ္ဂလိက ဘဏ်များရှိ ငွေကြေးဌာနများမှ ဝန်ထမ်းများအား အပ်ငွေများ လက်ခံရာတွင် စနစ်တကျစိစစ်ပြီးမှသာ လက်ခံရန် ဗဟိုဘဏ်မှ ညွှန်ကြားထားကြောင်း ပုဂ္ဂလိကဘဏ်များမှ သတင်းရရှိသည်။

ဘဏ်များသို့ လာရောက်အပ်နှံသော အချို့ငွေများစက္ကူတွင် ဗဟိုဘဏ်မှ ထုတ်ထားခြင်းမရှိသည့်ငွေကြေးများ ရောနှောပါဝင်သည့်အတွက် ယခုကဲ့သို့ သတိပေးမှုထုတ်ပြန်ထားခြင်းဖြစ်ကြောင်း ပထမပုဂ္ဂလိကဘဏ်များမှ ဘဏ်ခွဲမန်နေဂျာတစ်ဦးကပြောကြားသည်။

ယင်းငွေစက္ကူများသည် တစ်ထောင်ကျပ်တန်၊ ငါးထောင်ကျပ်တန်များကို အတုအပပြုလုပ်ထားခြင်းဖြစ်ပြီး ဘဏ်အပ်ငွေများတွင် ရောနှောပါဝင်နေတတ်ကြောင်း၊ ၎င်းငွေစက္ကူကို တာဝန်ယူလက်ခံသူက တွေ့ရှိပါက အလျားလိုက်နှစ်ပိုင်းဆုတ်ဖြဲပြီး တစ်ပိုင်းကို အပ်နှံသူကိုပြန်လည်ပေးအပ်၍ ကျန်တစ်ပိုင်းကို ဘဏ်က သိမ်းဆည်းထားရကြောင်းလည်း ပုဂ္ဂလိကဘဏ်မှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

"ငါးထောင်ကျပ်တန်ဆိုရင် ပြန်လဲခိုင်းလိုက်တယ်။တစ်ထောင်ကျပ်တန်တို့၊ ဘာတို့ဆိုရင်တော့ ဖြဲယူထားပြီး တန်ဖိုးအတိုင်း ထပ်ပြီးတောင်းယူတယ်။ ဒီလိုမှ မလုပ်ရင် ကိုယ်က စိုက်ပြီးပေးရမှာ။ ဖြဲယူထားတဲ့ တစ်ခြမ်းကိုတော့ ဗဟိုဘဏ်ကို ပို့ပေးရမယ်" ဟု ပထမပုဂ္ဂလိကဘဏ်မှ ဘဏ်ခွဲမန်နေဂျာကပြောသည်။

ဘဏ်ဝန်ထမ်းများကို ယင်းငွေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ခွဲခြားနိုင်သည်ကိုလည်း ဗဟိုဘဏ်က ကြိုတင်အသိပေးထားမှုများရှိကြောင်းသိရသည်။

စာ(၁၂)သို့

ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက် ရေလွှမ်းနေစဉ်။
ဓာတ်ပုံ - စိုင်းသာအောင်



## မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံဒေသအချို့ ရေကြီးနေ

ရန်ကုန်နှင့်မန္တလေး သတင်းအဖွဲ့

**ရန်ကုန်၊ အောက်တိုဘာ – ၉**

စံချိန်တင် မိုးရေချိန်နှင့်အတူ ရက်ဆက်မိုးရွာသွန်းခဲ့ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းရှိမြို့ကြီးများအပါအဝင် မြို့နှင့်ကျေးရွာများတွင် မကြုံစဖူး ရေကြီးရေလျှံမှုများကြုံတွေ့နေရကြောင်း ဒေသခံများက 7Day News သို့ပြောသည်။ ရေကြီးခြင်းကြောင့် မန္တလေး၊ မြစ်ကြီးနား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ညောင်ဦးဒေသ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မီးရထားလမ်းများ ပြိုကျခြင်း၊ မြေပြိုခြင်း၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်လျက်ရှိသည်။

■ မြန်မာနိုင်ငံတစ်ဝန်း ရေကြီးမှုအခြေအနေ အထူးသတင်းပေးပို့ချက် အပြည့်အစုံစာမျက်နှာ(၆)နှင့်(၇)တွင်ရှု။



ဓာတ်ပုံ - အောင်အောင်

## အထပ်မြင့်တိုက်စီမံကိန်းအများစု လုပ်ငန်းများရပ်ဆိုင်း

အားမာန်

**ရန်ကုန်၊ အောက်တိုဘာ – ၆**

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အရှိန်အဟုန်မြင့်အကောင်အထည်ဖော်ခဲ့သော ရန်ကုန်မြို့၏ အထပ်မြင့်တိုက်ဆောက်လုပ်ရေးစီမံကိန်းများထဲမှ အများစုမှာ ယခုအခါလုပ်ငန်းများ မပြီးသေးဘဲ ရပ်နားသွားကြပြီဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှသတင်းရရှိသည်။

စာ(၁၂)သို့





ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖွင့်မည့်ရက် ရွှေ့ဆိုင်း  စာ ၃

ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် လွတ်ရက်နီးသည့် အကျဉ်းသား ၂၅၀၀ ခန့်ကို ရက်လျှော့လွှတ်ပေးမည်  စာ ၃

ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းတစ်ဦး၏ မဲဆွယ်ခရီးစဉ်တွင်လိုက်ပါခဲ့သည့် လွင်မိုး  စာ ၂၆





7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# တက္ကသိုလ်ဘုန်းနိုင်နေအိမ် အနုကြမ်းဆီးခံရ၍ဇနီးသည်ဆေးရုံရောက်

ဝတ်ရည်

**ရန်ကုန်၊ အောက်တိုဘာ – ၈**

စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဇနီးအသက် ၇၅ နှစ်အရွယ်ရှိ ဒေါ်နီနီခင်သည် သန်လျင်မြို့နယ်ရှိ နေအိမ်တွင် တစ်ယောက်တည်း ရှိနေစဉ်အနုကြမ်းစီးခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနတွင်တက်ရောက်ဆေးကုသခံနေရကြောင်း သိရသည်။

ယခုလ ၇ ရက်နံနက် ၁၀ နာရီခွဲခန့်တွင် သန်လျင်မြို့နယ် အမှုထမ်းရပ်၊ ဓမ္မရောင်ခြည် ကျောင်းလမ်းရှိ နေအိမ်တွင် ဒေါ်နီနီခင် တစ်ဦးတည်းရှိနေစဉ် အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဖုန်းလိုင်းပြတ်နေ၍ ဖုန်းလာပြင်သည်ဟု ပြောဆိုကာ အိမ်အတွင်း ဝင်ရောက်ပြီး ဒေါ်နီနီခင် တစ်ဖက်လှည့်၍ ဖုန်းခေါ်နေစဉ်အနောက်မှ အုတ်နီခဲဖြင့်ထု၍ လုယက်မှုကျူးလွန်ခြင်းဖြစ်သည်။

"မေမေက အရိုက်ခံရတာတောင် သတိမမေ့သွားဘူး။ ပြန်ခုခံသေးတယ်။ ပြီးတော့ မင်းဘာလိုချင်လို့လဲမေးတော့ ပိုက်ဆံလိုချင်တယ်လို့ပြောတဲ့အတွက် ပိုက်ဆံအိတ်ထဲက ပိုက်ဆံခြောက်သောင်းလောက်ပေးလိုက်တော့ ထွက်သွားတယ်"ဟုအတူနေ သမီးဖြစ်သူ ဒေါ်ရီရီခင်ကပြောသည်။

အုတ်နီခဲဖြင့် ထုခဲ့သည့် ဒဏ်ရာကြောင့် ဦးခေါင်းအနောက်ခြမ်းကွဲပြီး ဘယ်ဘက်မျက်ခုံးရိုးပေါက်ပြဲခဲ့သဖြင့် ပြန်ချုပ်ခဲ့ရသည်။ ယခုအချိန်တွင် အသက်အန္တရာယ်မစိုးရိမ်ရတော့ကြောင်း သမီးဖြစ်သူ ဒေါ်ရီရီခင်ကပြော သည်။

"အသက်အန္တရာယ်တော့မစိုးရိမ်ရတော့ဘူး။ ခေါင်းကိုထိတဲ့အတွက် အခုချိန်မှာတော့ စောင့်ကြည့်နေရပါတယ်"ဟု ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်တစ်ဦးကပြောသည်။

အဆိုပါဖြစ်စဉ်အား သန်လျင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ပုဒ်မ ၃၉၄(ပ)၁၃၉၃/၁၀ဖြင့် အရေးယူထားကြောင်းသိရသည်။

"အခုချိန်မှာတော့ မေမေက အသည်းအသန်ဖြစ်နေတဲ့အတွက် အမှုတွေဘာတွေလည်းမလုပ်ရသေးပါဘူး။ ရဲစခန်းက တာဝန်ရှိသူတွေလာပြီး စစ်ချက်တော့ယူသွားပါတယ်"ဟု ဒေါ်ရီရီခင်ကပြောသည်။ စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုကိုရိုက်ကူးထားသည့် မိုးညအိပ်မက်မြူ ရုပ်ရှင်ကားကြီးကို ယခုအချိန်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည်။ တက္ကသိုလ်ဘုန်းနိုင်သည် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်းတစ်ဦးဖြစ်ပြီး ကင်ဆာရောဂါဖြင့်ကွယ်လွန်ခဲ့သည်။

## လူရှစ်ဆယ်နီးပါး လိုက်ပါလာသည့် စက်လှေနစ်မြုပ်ရာ ၂၂ဦးသေဆုံး




အိမြူလွင်

**ရန်ကုန်၊ အောက်တိုဘာ – ၇**

အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကျောင်းသားအများစုလိုက်ပါလာသော ပုဂ္ဂလိကစက်လှေတစ်စီးနစ်မြုပ်မှု လပွတ္တာမြို့နယ်၊ ပဒဲကောမြစ်အတွင်း ဖြစ်ပွားခဲ့ရာ ၂၂ဦး သေဆုံးခဲ့ကြောင်းသတင်းရရှိသည်။

ယခုလ၆ရက် နံနက်၁၀နာရီခန့်က လပွတ္တာမြို့၏ တောင်ဘက်မိုင်၃၀ ခန့်အကွာရှိ စလူဆိပ်ကျေးရွာနှင့် မိကျောင်းအိုင်ကျေးရွာအကြားတွင် ကုန်အလေးချိန်များသောကြောင့် နစ်မြုပ်သွားခြင်းဖြစ်သည်ဟု သိရသည်။

စက်လှေသည် စလူဆိပ်ကျေးရွာမှ မိကျောင်းအိုင်ကျေးရွာသို့သွားသည့် စက်လှေတစ်စီးဖြစ်ပြီး၊ မိကျောင်းအိုင်ကျေးရွာတွင်ကျင်းပသည့် အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘ၊ဆရာ စုစုပေါင်း ၇၉ဦး လိုက်ပါလာသည်ဟုသိရသည်။

စက်လှေနစ်မြုပ်မှုကြောင့် သေဆုံးသူ ၂၂ဦးရှိခဲ့ရာ ကလေး (ကျား)၄ဦး၊ (မ) ၁၈ ဦး ဖြစ်သည်ဟု သိရသည်။

ယခုအချိန်အထိ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် ကယ်ဆယ်ရေးစခန်းကို ပဒဲကောကျေးရွာ၌ ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်ဟုသိရသည်။ နစ်မြုပ်သွားသော စက်လှေမှာ စလူဆိပ်ကျေးရွာမှ ဦးတင်ဇော်ပိုင်စက်လှေဖြစ်ပြီး အလျား ၃၀ပေ၊ အနံ ၉ပေနှင့် စောက်၃ပေရှိသော စက်တစ်လုံးတပ်ဖားကူးအမျိုးအစားစက်လှေဖြစ်သည်ဟုသိရသည်။



7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် လွတ်ရက်နီးသည့်အကျဉ်းသား ၂၅၀၀ခန့်ကို ရက်လျှော့လွှတ်ပေးမည်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ – ၁၁**

နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ မဲပေးနိုင်ရန် မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများရှိ ရွေးကောက်ပွဲရက်အနီးတစ်ဝိုက်တွင် လွတ်ရက်စေ့မည့်သူများအား လျှော့ရက်စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ အကျဉ်းသားအကျဉ်းသူ ၂,၅၀၀ခန့်လွှတ်ပေးမည်ဖြစ်ကြောင်းသိရသည်။

“လွတ်ငြိမ်းချမ်းသာခွင့်ပေးတာမဟုတ်ပါဘူး။ ရွေးကောက်ပွဲရက်ပြီးမှ လွတ်ရက်စေ့မယ့်သူတွေကို မဲပေးနိုင်အောင် အထူးလျှော့ရက်တွေနဲ့ လွှတ်ပေးမှာပါ။ တစ်နိုင်ငံလုံးမှာရှိတဲ့အကျဉ်းသားတွေကို ခုလ ၈ရက်ထဲက စလွှတ်နေပါပြီ။ နိုဝင်ဘာ ၇ရက်မတိုင်ခင်ထိ သူ့ရက်အလိုက် တဖြည်းဖြည်းနဲ့လွှတ်ပေးသွားမှာ။ အကျဉ်းသားမျိုးစုံပါမှာပါ”ဟုအကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။



အကျဉ်းကျခံနေရသည့် အကျဉ်းသားများအပြင် ဥပဒေအရ မဲပေးခွင့်ရှိသော အချုပ်သူ အချုပ်သား ၆,၀၀၀ ကျော်ကလည်း ၎င်းတို့ရောက်ရှိနေသည့် အကျဉ်းစခန်းများမှနေပြီး သာမန်ပြည်သူများနည်းတူ မဲရုံများတွင် မဲပေးခွင့် ရရှိမည်ဖြစ်သည်။

အချုပ်သားဆိုသည်မှာ အမှုရင်ဆိုင်နေရဆဲဖြစ်ကာ တရားရုံးက ပြစ်မှုထင်ရှားကြောင်း အမိန့်မချမှတ်ရသေးသူများဖြစ်ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၅၄တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေသော ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီး၌ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်မဲပေးခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများမှ တစ်ပတ်လျှင် အပတ်စဉ်အကျဉ်းသားအဝင်အထွက် ၁,၀၀၀နှင့် ၁,၂၀၀ဦးကြားရှိကြောင်း သိရသည်။

## ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး ဖွင့်မည့်ရက် ရွှေ့ဆိုင်း

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ – ၃**

ရန်ကုန်-မန္တလေးလမ်းမကြီးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ရက် နံနက် ၉နာရီခန့်တွင် လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ရန် စီစဉ်ထားရာမှ မန္တလေးမြို့နှင့်ဝန်းကျင်ဒေသ၌ မိုးများရေလျှံအခြေအနေ ဖြစ်ပေါ်နေသည့်အတွက် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ နေပြည်တော်-မန္တလေးလမ်းပိုင်း ဖွင့်ပွဲရက်ရွှေ့ဆိုင်းလိုက်ခြင်းနှင့်ပတ်သက်၍ နေပြည်တော်မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေက “မိနစ်ပိုင်းလေးကပဲ ဟိုက လှမ်းပြီး ဆက်သွယ်အသိပေးလာလို့သိရပါတယ်။ မန္တလေးဘက်မှာ ရေလျှံနေတာကြောင့် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်တယ်တဲ့” ဟူ၍ 7 Day News သို့ ပြောကြားသည်။


ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းအထူးအဖွဲ့သို့ ဆက်သွယ်စုံစမ်းရာတွင်လည်း “ဖွင့်ပွဲရက်ရွှေ့ဆိုင်းလိုက်တာတော့ဟုတ်တယ်။ ဘယ်အချိန်ထိလဲဆိုတာတော့ မပြောနိုင်သေးပါဘူး” ဟူ၍ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားပြောဆိုခဲ့သည်။

စုစုပေါင်း လမ်းအရှည် ၃၅၂ဒသမ၆မိုင်ရှည်လျားသော အဆိုပါလမ်းမကြီးကို ရန်ကုန်-နေပြည်တော်လမ်းပိုင်းနှင့် နေပြည်တော်-မန္တလေးပိုင်းဟူ၍ လမ်းပိုင်းနှစ်ပိုင်းချကာဖောက်လုပ်ခဲ့ပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ယမန်နှစ် မတ်လက ဖွင့်လှစ်ခဲ့ကာ ကျန်လမ်းပိုင်းဖြစ်သည့် ‘နေပြည်တော်-မန္တလေးလမ်းပိုင်း’ကို ယခု ၁၄ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့မှ ဒေသခံသတင်းထောက်တစ်ဦးက “မန္တလေးဘက်မှာလည်း ရေကြီးတာပဲ။ ဒါပေမဲ့ လမ်းပိုင်းတော့ ထူးခြားမှုသိပ်မရှိဘူး။ ကျောက်ဆည်နဲ့ စဉ့်ကိုင်ဘက်မှာလို့သိရတယ်။ အဲဒီဘက်မှာ ရေကြီးတဲ့အတွက် ဖြစ်နိုင်တယ်”ဟုဆိုသည်။ မန္တလေးမြို့နှင့် ဝန်းကျင်ဒေသများဖြစ်သော တံတားဦး၊ ပြင်ဦးလွင်ဒေသများ၌ အောက်တိုဘာ ၈ရက်က အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များ တိုင်းထွာရရှိခဲ့ကြောင်း မိုး/ဇလက သတင်းထုတ်ပြန်သည်။







7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

Crime Corner

## ခရီးတင်ယာဉ် ခုံးကျော်တံတားပေါ်မှ ပြုတ်ကျတိမ်းမှောက်

သားကျော်

ရန်ကုန်၊ အောက်တိုဘာ - ၁

ခရီးသည်တင်ယာဉ်တစ်စီးသည် မရမ်းကုန်းမြို့နယ်၊ သမိုင်းခုံးကျော် တံတားအထက်တွင်စက်ဘီးနှစ်စီးနှင့် လမ်းလျှောက်လာသူတစ်ဦးတို့ကို တိုက်မိရာမှ တံတားအောက်သို့ ပြုတ်ကျတိမ်းမှောက်သွားကာ ခြောက်ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၂၆ရက် နံနက်က သမိုင်းဘူတာရုံလမ်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်လာသော ပါရမီအဓိပတိအစိမ်းလိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီးသည် သမိုင်းခုံးကျော်တံတားအတက်တွင် လမ်းလယ်မှ အမျိုးသမီးတစ်ဦးစီးနင်းသွားသောစက်ဘီးကိုတိုက်မိပြီး တစ်ဖက်ယာဉ် ကြောသို့ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ အမျိုးသားတစ်ဦး စီးနင်းလာသောစက်ဘီးနှင့်လမ်းစပ်တွင် လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦး၊ တံတားလက်ရန်းနှင့် ဓာတ်မီးတိုင်တို့အား ဆင့်တိုက်မိပြီး တံတားအောက်သို့ ပြုတ်ကျကာတိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ် တံတားအောက်ပြုတ်ကျ၍ တိမ်းမှောက်မှုကြောင့် ယာဉ်၊ စက်ဘီးနှစ်စီး၊ တံတားလက်ရန်းနှင့် ဓာတ်မီးတိုင်တို့ ပျက်စီးသွားပြီး စက်ဘီးစီးနင်းလာကြသော အမျိုးသားနှစ်ဦး၊ လမ်းစပ်မှ လျှောက်လာသော အမျိုးသမီးတစ်ဦးနှင့် ခရီးသည်တင်ယာဉ်ပေါ်ပါသူ ခရီးသည်သုံးဦးတို့မှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွားကြသောကြောင့် အင်းစိန်ဆေးရုံကြီး၌ အတွင်း/အပြင် လူနာများအဖြစ်တင်ပို့ကုသရကြောင်း သိရှိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားသောအခါ ခရီးသည်တင်ယာဉ်အား မောင်းနှင်လာသူ ယာဉ်မောင်းမြတ်ဝင်းထွန်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းရရှိသည်။ အဆိုပါယာဉ် တံတားအောက်ပြုတ်ကျ၍ တိမ်းမှောက်မှုကိုယာဉ်မှုစစ်ရဲစခန်းက (ပ)၅၇၄/ ၁၀၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၃၈/ ၂၇၉/ ၂၀၂ အရ ယာဉ်မောင်းမြတ်ဝင်းထွန်းအား အမှုဖွင့်အရေးယူ၍ ဖမ်းဆီးရမိရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။



## ချောင်းဝမှတ်တိုင်အနီး ယာဉ်တိုက်မှုကြောင့် မိန်းကလေးတစ်ဦး ပွဲချင်းပြီးသေဆုံး

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ - ၉

လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမပေါ် ချောင်းဝမှတ်တိုင်အနီးတွင် ယာဉ်တိုက်မှုဖြစ်၍ ၁၂နှစ်အရွယ် မိန်းကလေးတစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်းသိရသည်။

၎င်းယာဉ်တိုက်မှုမှာ အောက်တိုဘာ ၅ရက်နံနက် ၉ နာရီခွဲ အချိန်၌ မြောက်မှတောင်သို့ မောင်းနှင်လာသော Isuzu လိုက်ထရပ်ဗောက်စ်ကားမှအရှေ့မှအနောက်သို့ လမ်းကူးသူ အသက် ၁၂နှစ်အရွယ်မသင်းသင်းထွေးကို တိုက်မိချင်းဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကားကအရှိန်ပြင်းတယ်ထင်တယ်။ တိုက်တဲ့နေရာနဲ့ ကလေးလဲနေတဲ့နေရာက ၁၀လောက်ကွာတယ်။ ကားတိုက်တော့ ခေါင်းနဲ့လမ်းနဲ့တိုက်ပြီး ဦးနှောက်ပွင့်သွားတယ်။ လူနဲ့ဦးနှောက်နဲ့က ဝေးနေတာပေါ့"ဟု ယင်းယာဉ်တိုက်မှုကို ကိုယ်တိုင်မြင်တွေ့သူဆရာဝန်တစ်ဦးကပြောသည်။ အဆိုပါ မိန်းကလေးငယ်၏ဘေးတွင် ၎င်း၏မိဘဟုယူဆရသော အမျိုးသားနှင့် အမျိုးသမီးတို့မှာ ယာဉ်တိုက်မှုကြောင့် လဲကျနေသော မိန်းကလေးကို ပွေ့ဖက်ထားကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်ပြောသည်။

ယာဉ်တိုက်မှုကြောင့် မိန်းကလေးငယ်မှာ ဦးခေါင်းကွဲကြေဒဏ်ရာရရှိကာ သေဆုံးသွားမှုကြောင့် ယာဉ်မောင်းဖြစ်သူအား ယာဉ်မှုစစ်ရဲစခန်းတွင် (ပ)၅၉၅/၂၀၁၀ ပုဒ်မ ၃၀၂(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# မင်္ဂလာဈေး ဒုတိယထပ်အထိ ဆိုင်ခန်းများပြန်ဖွင့် အပေါ်ထပ်ပြင်ဆင်နေမှုများ နိုဝင်ဘာလကုန်တွင်ပြီးမည်

သန်းဌေး

ရန်ကုန်၊ အောက်တိုဘာ - ၅



မီးသင့်ခဲ့သည့် မင်္ဂလာဈေးကြီး မြေညီထပ်မှ ဒုတိယထပ်ရှိ ဆိုင်ခန်းများ မူလပုံစံအတိုင်း ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး၊ ဈေးတစ်ခုလုံး ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေရာ နိုဝင်ဘာလကုန်တွင် အကြမ်းထည်ပြီးစီးမည်ဖြစ်ကြောင်း ဈေးတာဝန်ခံ ဒေါက်တာစောလှထွန်းကပြောကြားသည်။

"အပေါ်ထပ်တွေကိုပြင်ဆင်နေတာ နိုဝင်ဘာလကုန်မှာ အကြမ်းထည်ပြီးပါမယ်။ အရင် ပုံစံအတိုင်း အကုန်လုံးပြန်ဖွင့်ပေးမယ်"ဟု အောက်တိုဘာ ၅ရက်က 7Day News သို့ ဒေါက်တာစောလှထွန်းက တယ်လီဖုန်းဖြင့် ဖြေကြားသည်။

မင်္ဂလာဈေးသည် ယခုနှစ် မေ ၂၄ရက် နံနက် ၈ နာရီ ၂၀ မိနစ်ဝန်းကျင်ခန့်တွင် စတုတ္ထထပ်မှ စတင်မီးလောင်ကျွမ်းခြင်းခံရပြီး မေ ၂၅ရက် နံနက် ၅နာရီခန့်တွင် အပြီးသတ်မီးငြိမ်းသတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကုန်စည်စီးဆင်းမှုတွင် အဓိကကျသည့် ပင်မလက်ကားဈေးကြီးဖြစ်သောကြောင့် ဈေးသူ၊ ဈေးသားများသည် မင်္ဂလာဈေးအနီးအနားရှိ ပလာဇာများ၊ ဘောလုံးကွင်းများနှင့် ရရာနေရာလေး၊ ငါးခုခွဲကာ ဆက်လက်ရောင်းချခဲ့ကြရကြောင်း ဆိုင်ခန်းပိုင်ရှင်များကပြောသည်။

"အခြေအနေအရပ်ရပ်ကြောင့် သင့်တော်တဲ့နေရာမှာ ဆိုင်ဖွင့်ခဲ့ရတယ်။ယာယီဈေးတော့ဖွင့်ပေးပါတယ်။ အန်တီတို့ကို ဈေးများဌာနက ဒီဘက်က ဈေးကိုလည်း ရှင်းလင်းတည်ဆောက်ပေးနေတယ်"ဟု မင်္ဂလာဈေးကြီး မြေညီထပ်ရှိ မညိုအထည်ဆိုင်ပိုင်ရှင် ဒေါ်ညိုညိုဦးက ပြောသည်။

စက်တင်ဘာ ၁၂ရက်က စတင်ကာ မြေညီထပ်၊ ပထမထပ်နှင့်ဒုတိယထပ်များရှိ ဆိုင်ခန်းများကို ယခင်အတိုင်း ဆိုင်ခန်းများ ပြန်လည် ဖွင့်လှစ်ရောင်းချခွင့် ရရှိခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

မီးလောင်စဉ်က ပျက်စီးခဲ့သော တတိယထပ်၊ စတုတ္ထထပ်နှင့်ပဉ္စမထပ်အမိုးများ ပျက်စီးယိုယွင်းမှုအားအချို့ဖြိုဖျက်ခြင်းနှင့် ခေါင်မိုးယာယီမိုးခြင်းများကို ဈေးဆိုင်ခန်းပိုင်ရှင်များကိုယ်တိုင် ကိုယ်ထူကိုယ်ထဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့သောကြောင့် ယခုကဲ့သို့ပြန်လည်ရောင်းချခွင့်ရရှိနေခြင်းဖြစ်ကြောင်း ဆိုင်ခန်းပိုင်ရှင်တစ်ဦးကပြောသည်။

"မီးလောင်တဲ့နေ့ကစပြီး စက်တင်ဘာ ၁၂ရက်အထိ အခြားနေရာမှာ ငှားထွက်နေရတာ အဆင်မပြေခဲ့ဘူး။ အခု ကိုယ့်နေရာမှာကိုယ် ရောင်းခွင့်ရလို့ အဆင်ပြေပါတယ်"ဟု မြေညီထပ်ရှိမဟာနွယ်အထည်ဆိုင်ခန်းပိုင်ရှင်ကလည်းပြောကြားသည်။

ဆိုင်ခန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သော်လည်း ယခင်ကကဲ့သို့ သံဆွဲလိပ်တံခါးအလုံပိတ်တပ်ဆင်ခြင်း၊ ဆိုင်ခန်းပေပိုနေရာယူရောင်းချခြင်းနှင့် ဆိုင်ခန်းတွင် လျှပ်စစ်မီးသုံးကာ မီးပူ၊ မီးဖိုများ သုံးစွဲခွင့်ကိုမူ တားမြစ်ထားသည်။ ငါးပေပတ်လည်ဆိုင်ခန်းတစ်ခန်းဆီ သို့မဟုတ် နှစ်ခန်းတွဲများကိုပါ သံဆန်ခါကွက်များ တပ်ဆင်စေပြီး သော့ခတ်ပိတ်သိမ်းခွင့်ပြုထားကြောင်း ဒုတိယထပ်ရှိ ဆိုင်ခန်းရှင်တစ်ဦးက ၎င်းဆိုင်ကိုပြင်ဆင်နေရင်းပြောသည်။

ယခုအချိန်သည် သီးနှံများမပေါ်သေးသောရာသီဖြစ်သောကြောင့် ကျေးလက်တောရွာနယ်မြို့များမှ နယ်ဝယ်လက်များ အလာနည်းနေကြသေးကြောင်း ဆိုင်ရှင်တစ်ဦးကပြောသည်။

"အခြေအနေနဲ့ ရာသီဥတုပေါ်မူတည်တယ်။ ပွင့်လင်းရာသီဆို ရောင်းကောင်းတယ်။ ကျန်တဲ့အချိန်ဆိုတော့ အေးတာပေါ့"ဟု လက်ရှိရောင်းအားအခြေအနေကို မဟာနွယ်အထည်ဆိုင်မှ အမျိုးသမီးငယ်လေးကလည်း ဈေးရောင်းရင်းပြောသည်။

မင်္ဂလာဈေးကြီးအား ယခင်အတိုင်း ပြန်လည်တည်ဆောက်ပြီးပါက ဆိုင်ခန်းရှင်အားလုံးနှင့် စားသောက်တန်းပါ အားလုံး မူလပုံစံအတိုင်း နေရာချထားပေးမည်ဖြစ်ကြောင်း ဈေးတာဝန်ခံ ဒေါက်တာစောလှထွန်းက ပြောကြားသည်။

# မွေး/ရေဘဏ်က အတိုးမှန်မှန်ဆပ်သူများကိုသာ ထပ်မံတိုးမြှင့်ချေးရန် ဆုံးဖြတ်

သန်းဌေး

ရန်ကုန်၊ အောက်တိုဘာ - ၅

**မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တွင် ဘဏ်ပေါင်တင်၍ ငွေချေးထားသူများထဲမှ အတိုးမှန်မှန်ဆပ်သူများကိုသာ ထပ်မံတိုးမြှင့်ချေးပေးရန် ဘဏ်ဒါရိုက်တာအဖွဲ့ကဆုံးဖြတ်လိုက်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူဦးသန်းလွင်ကပြောကြားသည်။**

"ချေးထားတဲ့ငွေကို လအလိုက်ပြန်ဆပ်ရာမှာ အဓိကက အတိုးရော အရင်းပါ အတိုးမှန်မှန်ဆပ်သွားရင်ပဲ တာဝန်ကျေပါပြီ။ နောက်ဆုံးအဖြေကတော့ ဘဏ်သတ်မှတ်ချက်တာဝန်ကျေသူတွေကို ထပ်မံတိုးမြှင့်ချေးဖို့ ဘဏ်က ဆုံးဖြတ်လိုက်တော့တာပဲ"ဟု မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းလွင်က အောက်တိုဘာ ၄ရက်(တနင်္လာ)တွင်ကျင်းပသော ဘဏ်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်ကိုပြောကြားသည်။

အထက်ပါဘဏ်၏ ဆုံးဖြတ်ချက်များတွင် ဘဏ်ချေးငွေရယူထားသူများသည် သုံးလတစ်ကြိမ်နှုန်းဖြင့် ပုံမှန်အတိုးဆပ်ကြရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက ချေးယူထားသောငွေပမာဏ၏ ၁၀ ရာခိုင်နှုန်းကိုပါ ထည့်သွင်းပေးဆပ်ကြရန်လိုအပ်သည်။ နှစ်နှစ်ပြည့်ပါက ၂၅ရာခိုင်နှုန်းပြန်သွင်းပေးရန်နှင့်နှစ်စဉ် အတိုးရော အရင်းပါ ပြန်ပေးဆပ်ရမည်ဟု စည်းကမ်းချမှတ်လိုက်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါဘဏ်စည်းကမ်းချက်များကို ကျေပွန်သူထက်တာဝန်မကျေသူပိုမိုများလာကာ ဘဏ်မှချေးငွေပြန်ရယူလိုကြောင်း တရားစွဲဆိုရမှုများမှာလည်း နှစ်စဉ် ပိုမိုများပြားလာကြောင်း ဘဏ်ဒါရိုက်တာအဖွဲ့၏ ထုတ်ပြန်ချက်ကို ဦးသန်းလွင်ကပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် စက်မှုလက်မှု၊ ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်မှု၊ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေး အထွေထွေလုပ်ငန်းများနှင့် သားငါးထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဘဏ်ပေါင်တင်ပြနိုင်သူလုပ်ငန်းရှင်များကို ငွေထုတ်ချေးလျက်ရှိသည်။

"ဌာနရဲ့ ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်သူများဟာ တစ်ဦးချင်းရော အများစုကပါ ပိုမိုထုတ်လုပ်နိုင်အောင် ဝန်ကြီးက မွေးမြူသူများကို ပိုမိုပံ့ပိုးနိုင်အောင် စီစဉ်နေတာပါ"ဟု ငါးမြစ်ချင်းငါးများ မွေးမြူကာ ပြည်ပတင်ပို့နေသူလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ သို့ရာတွင် အဆိုပါ ငါးမွေးမြူထုတ်လုပ်သူများသည် တစ်ဧကအကျယ်ငါးကန်လျှင် ကျပ် ငါးသောင်းမှ ကျပ် ငါးသိန်းအထိ ဘဏ်ချေးငွေရရှိသော်လည်း အစာဈေးကြီးမြင့်မှု၊ ပြည်ပတင်ပို့ဈေးနှုန်းမရမှုနှင့်နိုင်ငံခြား ငွေကြေးလဲလှယ်နှုန်းကျဆင်းမှုကြောင့် တွက်ခြေမကိုက်ကြပေ။

ထို့ကြောင့် တစ်ဧကငါးကန်လျှင် ကျပ် ၁,၅၀၀,၀၀၀ အထိ တိုးမြှင့်ချေးပေးရန် ဘဏ်သို့ ပြောကြားပေးစေလိုကြောင်း အဆိုပါဘဏ်၏နာယက မွေး/ရေဝန်ကြီး ဦးမောင်မောင်သိမ်းသို့ တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း အထက်ပါ ငါးမွေးမြူရေးလုပ်ငန်းရှင်ကပြောသည်။ ငါးမွေးမြူသူများသည် တစ်ဧကလျှင် ၁၂လအတွင်း ငါးပိဿာချိန် ၂၀၀၀ရရှိရန်နှင့် အဆောက်အအုံမပါ ရင်းနှီးမြှုပ်နှံငွေကျပ် သုံးဆယ့်လေးသိန်းရှိကြောင်း ငါးမြစ်ချင်းမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းကြိုင်ကပြောသည်။ စာ(၁၂)သို့


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
MY STYLE // MY DREAM
MEN'S & LADIES' WEARS

7DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010



# ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် ရေကြီးရေလျှံနေ

ယုဇနကိုကိုရေးသားကာ အိဖြူမွန်နှင့် သန်းဒွေးပုံပိုးသည်။

"ဟုတ်တယ်။အခုကျွန်တော်တို့ဆီမှာ မိုးတွေအရမ်းရွာပြီး ရေကြီးတာတွေဖြစ်နေတယ်။ သုံးရက်လောက်ဆက်တိုက်မိုးသည်းနေတာ။ အခုရေကတော်တော်လေးတက်နေတာ။ အခုလုပ်ငန်းခွင်ကဘိလပ်မြေလေးတွေ ရသလောက်ပြန်သယ်ဖို့ ကြိုးစားနေကြတာ။ ရေကြီးနေလို့ လမ်းပန်းဆက်သွယ်ရေးခက်နေတယ်။ အခု ရွာကထမင်းထုပ်လာပို့မှာကိုစောင့်နေကြတာ။ ကယ်ဆယ်ရေးလုပ်သားတွေလည်းလာမယ်လို့ကြားတယ်။ ခုထိတော့ အစာမစားရသေးဘူး" ဟု ပြောလာသူကအသက်ခြောက်ဆယ်ဝန်းကျင်ရှိ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အတွင်းတာဝန်ကျနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦး၏ယခုလ ၉ရက်၊ ညနေသုံးနာရီလေးဆယ်ဝန်းကျင်က ပြောဆိုသံပင်ဖြစ်သည်။

ယခုလ ၇ရက်နှင့်၈ရက်များက ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်ကြောင့်မြန်မာနိုင်ငံ၏အနောက်ပိုင်းဒေသတစ်ခုဖြစ်သော ရခိုင်ပြည်နယ်တွင် ယင်းကဲ့သို့ရေကြီးခြင်း၊ရေလျှံခြင်းများ၊မြေပြိုကျခြင်းများဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှစုံစမ်းသိရှိရသည်။

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့်တောင်တရုတ်ပင်လယ်ပြင်တို့၏ ပင်လယ်ပြင်မျက်နှာပြင်အပူချိန်များ တစ်နေ့ထက်တစ်နေ့မြင့်တက်လာခြင်းများ၊ တောင်တရုတ်ပင်လယ်ပြင်တွင်ပင် လေထုမငြိမ်မသက်ဖြစ်ပေါ်နေခဲ့ခြင်းများ၊ ယင်းနေရာ နှစ်ခုလုံးတွင်ပင် အောက်တိုဘာလ ပထမဆယ်ရက်ဝန်းကျင်အတွင်း ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းများကြောင့် မုန်တိုင်းငယ်များဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်ဦးထွန်းလွင်၏ကိုယ်ပိုင်အင်တာနက်စာမျက်နှာများတွင်သတိပေးချက်များထုတ်ပြန်ခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာပင် မြန်မာနိုင်ငံ၏ကမ်းရိုးတန်းဒေသဖြစ်သော ရခိုင်ပြည်နယ် အပါအဝင်အခြားပြည်နယ်နှင့်၊ တိုင်းဒေသကြီးများတွင် မိုးရေချိန်လက်မစံချိန်တင်သည်အထိ မိုးများသည်းထန်စွာရွာသွန်းခဲ့ကာ ယင်းဒေသများတွင်ပင် ရေကြီးခြင်း၊ ရေလျှံခြင်းများကိုကြုံတွေ့နေရကြောင်း သတင်းများရရှိသည်။

ယင်းကဲ့သို့ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေများ၏ အကျိုးဆက်များကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ စစ်တွေ အစရှိသည့် နေရာများတွင် မိုးရေချိန်စံချိန်တင်သည်အထိ မိုးရွာသွန်းမှုများ ရက်ဆက်ဖြစ်ပေါ်ခဲ့ပြီးအချို့သော နေရာများဖြစ်သည့် မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တော၊ စစ်တွေအစရှိသည့်နေရာဒေသများတွင် ရေကြီးခြင်းကြောင့် ဒေသခံများအနေဖြင့် ရေလွတ်ရာနေရာ ဒေသများသို့ ပြောင်းရွှေ့နေထိုင်မှုများ ပြုလုပ်နေရကြောင်းစုံစမ်းသိရှိရသည်။

"ကယ်ဆယ်ရေးလုပ်သားတွေကိုတော့ အကြောင်းကြားထားပါတယ်။ ခုထိတော့ရောက်မလာကြသေးဘူး။ အချိန်တိုအတွင်းတော့ ရောက်လာနိုင်မှာမဟုတ်ဘူး။ ခုက ရေတွေအရမ်းကြီးနေတော့လမ်းတွေကပျောက်နေတယ်။ ကလေးတစ်ယောက်၊ နှစ်ယောက် ရေထဲပါသွားတယ်။ ခုထိဘယ်သူမှ ထမင်းမစားရသေးဘူး။ ရွာသားတွေလည်း ကုန်းမြင့်တွေ၊ရေလွတ်နိုင်မယ့်နေရာတွေကိုပြောင်းနေကြတယ်။ အခုကျွန်တော်ဖုန်းပြောနေတဲ့နေရာက အိမ်ခေါင်မိုးပေါ်မှာပါ။ မိုးရေတွေလည်းရွှဲနေတယ်"ဟုအထက်ပါတာဝန်ရှိသူက ၎င်းတို့၏လက်ရှိနေထိုင်နေရမှုကိုဆက်လက်ပြောပြသည်။

ကမ်းရိုးတန်းဒေသဖြစ်သည့် ရခိုင်ပြည်နယ်အတွင်းတွင် ယခုကဲ့သို့ ရေကြီးခြင်း၊ရေလျှံခြင်းများ၊ မြေပြိုကျခြင်းများဖြစ်ပေါ်နေသဖြင့် ရေလွတ်ရာကုန်းမြင့်များသို့ ရွှေ့ပြောင်းနေထိုင်နေကြရသည်နှင့် တစ်ချိန်တည်းရခိုင်ပြည်နယ်၏ ကျန်နေရာများတွင်လည်း လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်မှုများကြောင့် ရေကြီးခြင်းမရှိသည့် မြို့နယ်များမှ လာရောက်ပို့ဆောင်သော ထမင်းထုပ်များကို အမှီပြုနေရကြောင်းသိရသည်။

ရခိုင်ပြည်နယ်၏အချို့နေရာများတွင်မူ ရေကြီးခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေးတွင်အသုံးပြုရန်အတွက် လှေများပင်ဌား၍မရနိုင်တော့ကြောင်းဒေသခံများနှင့် အစိုးရလုပ်ငန်းများကိုတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများထံမှသိရသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်တွင်မူဘူးသီးတောင်၊ မောင်တော၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း ဒေသများကဲ့သို့ရေကြီးခြင်းများ မဖြစ်ပေါ်သော်လည်း မြေနိမ့်ပိုင်းနေရာများတွင်ရှိသော ကျေးရွာများတွင်လည်း ကျန်နေရာများနည်းတူ ရေကြီးခြင်းများဖြစ်ပေါ်နေသဖြင့် ရေလွတ်ရာအမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့နေကြကြောင်း စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့ဘက်မှာတော့ အသေအပျောက်မကြားမိဘူး။ သင်္ဘော်ကျင်း၊ စင်ကုန်းကျေးရွာမှာတော့ ညဆယ်နာရီလောက်ရွာထဲကို ရေတွေတက်လာတယ်"ဟု စစ်တွေဒေသခံတစ်ဦးကပြောသည်။

ယခုလ ၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဒေသအချို့တွင် ရေကြီးခြင်း၊ ရေကြီးသဖြင့်နစ်မြုပ်မှုများဖြစ်ပေါ်နေကြောင်း ရေးသားဖော်ပြပါရှိခဲ့သည်။ ယင်းကဲ့သို့ ရေကြီးခြင်းများကို မန္တလေး၊ မြစ်ကြီးနား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ညောင်ဦးဒေသ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်ပြိုင်တည်းမိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး၊ ရေကြီးမှုများဖြစ်ပေါ်ခဲ့သဖြင့် မီးရထားလမ်းများပြိုကျခြင်း၊မြေပြိုကျခြင်း၊ အချို့သော ဒေသများတွင် ရေကြီးခြင်းကြောင့် လူနေအိမ်များပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်းဆက်လက်ဖော်ပြပါရှိခဲ့သည်။

ယခုလ ၇ ရက်၊ ၈ ရက်၊၉ ရက်နှင့် ၁၀ရက်များတွင် သည်းထန်စွာရွာသွန်းခဲ့သောမိုးရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ၏ ပင်လယ်နှင့်နီးသောကျေးရွာများတွင်လည်း ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လယ်ကွင်းအချို့ပျက်စီးခဲ့ကြောင်းလည်းသိရ သည်။

ဘင်္ဂလားပင်လယ်အော်နှင့် နီးစပ်သော ဒီးဒူးကုန်းကျေးရွာအုပ်စုမှကျေးရွာနေဒေသခံတစ်ဦးက "ရေတွေရွာထဲဝင်တာ ပေါင်ရင်းလောက်ထိရောက်တယ်။ မိုးက ဆက်တိုက်ကောင်းနေတော့ရေလျှံနေတာ သုံးရက်လောက်ရှိပြီ။ အသက်အန္တရာယ်တော့မစိုးရိမ်ရပါဘူး"ဟုဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၏ မကျည်းချိုင်၊ အဆင်းကျိုင်း၊ ကျောက်ကလပ်အစရှိသည့်ကျေးရွာများတွင်လည်း ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နေပြီးဒေသခံအများစုမှာမူ ပြီးခဲ့သော ၂၀၀၈ ခုနှစ်၊ မေလကဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကိုအမှတ်ရကာ စိုးရိမ်မှုများဖြစ်ပေါ်နေကြကြောင်းသိရသည်။

ထို့ကြောင့် မြစ်ဝကျွန်းပေါ် ဒေသခံများအနေဖြင့်မြစ်ရေတက်ချိန်နှင့် မြစ်ရေအတက်အကျ၊ မိုးရွာသွန်းမှုအခြေအနများကို စောင့်ကြည့်ပြီးမှ ညအိပ်ရာဝင်နေကြကြောင်း ဒေသခံအများစုကဆိုသည်။

ထို့အပြင်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သုံးခွမြို့နယ်တွင်လည်း ၎င်း၏အရှေ့ဘက်ခြမ်းတွင် တည်ရှိသော မုတ္တမပင်လယ်ကွေ့အတွင်း မုန်တိုင်းမိုးများရွာသွန်းနေမှုများကြောင့် ပင်လယ်ရေများမြင့်တက်လာကာ ဆက်သွယ်ရေးတာများကျိုးကျပျက်စီးခဲ့ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ထို့အပြင် အဆိုပါမြို့နယ်အတွင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုများကြောင့် စပါးခင်းများပျက်စီးဆုံးရှုံးနိုင်ခြေရှိနေကြောင်းဒေသခံများကဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိအချို့သော ဒေသများတွင်လည်း မိုးရေချိန်စံချိန်တင်ရွာသွန်းမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများခေတ္တပြတ်တောက်ခဲ့ရပြီး ယင်းကြောင့်မြို့အချင်းချင်း ဆက်သွယ်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းအချို့ ၎င်းတို့၏လုပ်ငန်းများရပ်နားထားရမှုများဖြစ်ပေါ်နေကြောင်းသိရသည်။

"ကျွန်မတို့ဆီမှာတော့ ရေတွေကြီးနေတယ်။အရမ်းကြီးတော့လည်းမကြီးပေမယ့် လမ်းပန်းဆက်သွယ်ရေးပိုင်းမှာအဆင်မပြေဖြစ်နေတယ်။ ခုလိုရေတွေကြီးနေတော့ နယ်ကကုန်သည်တွေမလာကြတော့ဘူး။ ကျွန်မတို့လည်း အလုပ်တွေ ခဏရပ်ထားရတယ်။ လေးငါးရက်ဆက်တိုက်ရှိနေပြီ။မိုးတွေကြီးနေတာ"ဟု

စာ(၁၂)သို့

## အိန္ဒိယက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်သွားမည်ဟုဆို

မေဝင်းမွန်


နယူးဒေလီ၊ အောက်တိုဘာ – ၁

မြန်မာနိုင်ငံသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်သွယ်မှုအတွက် အဓိကကြားခံပေါင်းကူး တံတားသဖွယ်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာနမှ ပြောဆို ခွင့်ရပုဂ္ဂိုလ်မစ္စတာဗစ်ရှ်နုပရာကက်ရှ်ကပြောကြားသည်။

ရေမြေသယံဇာတနှင့် ရင်းနှီးမြှုပ်မှုဆိုင်ရာရင်းမြစ်များရှိရာ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှာ ရာစုနှစ်များစွာမှစကာ ပွင့်လင်းသော ဆက်ဆံရေးရှိခဲ့ကြပြီး လက်ရှိတွင်လည်း အိုင်တီကဏ္ဍ၊ စက်မှုလက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများတွင်လည်း အိန္ဒိယ၏ရင်းနှီးမြှုပ်နှံမှုပမာဏများပြားကြောင်းသိရသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့အနီးတွင် ကုလားတန်ဘက်စုံစီမံကိန်း၊ မဏိပူရ်လမ်းကြောင်း စီမံကိန်း၊ မန္တလေးနှင့် မီဇိုရမ်ပြည်နယ်ဆက်သွယ်မှုလမ်းကြောင်းစီမံကိန်း၊ မန္တလေး-ကာလကတ္တားဖိုက်ဘာဆက်ကြောင်း စီမံကိန်းစသည်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"ကမ္ဘာ့မြေပုံကို ထုတ်ကြည့်ရင်းသုံးသပ်မိတာက အရေးကြီးဆုံးအချက်ကနှစ်နိုင်ငံချစ်ကြည်မှုကောင်းဖို့ပဲ။ အဲဒါကလည်းအဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ နှစ်နိုင်ငံပြေလည်တာနဲ့ စီးပွားရေးဆက်ဆံမှု၊ နိုင်ငံရေးဆက်ဆံမှု အရာအားလုံးကသူ့အလိုလိုအဆင်ပြေတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း ချိတ်ဆက်လုပ်ဆောင်နိုင်လာမယ်"ဟုအထက်ပါပြောဆိုခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ နိုင်ငံတော်အကြီးအကဲများ၏ အိန္ဒိယနိုင်ငံခရီးစဉ်မှာလည်း အကောင်းဆုံးခရီးစဉ်များဖြစ်ခဲ့ပြီး အရေးပါသောဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့သည်ဟုသိရသည်။





ရေကြီးနေသည့် မန္တလေးမြို့နေရာအချို့ရှိ ဒေသခံများနှင့် ကယ်ဆယ်ကူညီရေး ဆောင်ရွက်နေကြသူများ။
ဓာတ်ပုံ - စိုင်းသာအောင်







# စံချိန်တင်မိုးများကြောင့် မန္တလေးတွင် ရေကြီး

စိုင်းသာအောင်၊ ဖြိုး

**မန္တလေး၊ အောက်တိုဘာ - ၁၀**

မန္တလေးမြို့တွင် စံချိန်တင် မိုးရေချိန်နှင့်အတူရက်ဆက်မိုးရွာသွန်းခဲ့ ပြီးနောက် မြို့ရှိ မြို့နယ်အများစုတွင် မကြုံဖူးအောင် ရေကြီးရေလျှံမှုများကြုံတွေ့နေရကြောင်း ဒေသခံများကပြောသည်။

အောက်တိုဘာ ၆ ရက်မှစကာ ယခုသတင်းရေးချိန် အောက်တိုဘာ ၁၀ ရက်ညနေ ၃း၃၀ အထိ ဆက်တိုက်မိုးရွာသွန်းခဲ့မှုများကြောင်း မြို့၏ တောင်ဘက်ပိုင်းရှိ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်များအပါအဝင် မြို့သစ်ဧရိယာများဖြစ်သော မြရည်နန္ဒာ၊ ကံသာယာ၊ သမန်းကုန်းတို့တွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပွားနေသည်။ ထို့ကြောင့် လမ်းများ၊ လူနေအိမ်များအပါအဝင် စာသင်ကျောင်းနှင့် ဈေးများပါ ရေလွှမ်းနေသည်ကို တွေ့ရသည်။

ထို့အပြင် မြို့တွင်းရှိ သင်္ဂဇာချောင်းရေလျှံမှုကြောင့် ၂၆ ဘီလမ်း၊ ချမ်းသာကြီးဘုရားလမ်းနှင့် ချမ်းသာရဘုရားအနီးတွင်လည်း ရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေလျှံမှုများ ဖြစ်ပွားခဲ့ရခြင်း၏ အကြောင်းအရင်းမှာ စံချိန်ကျိုးအောင်အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် ဖြစ်ကြောင်း မြို့ခံများက တညီတညွတ်တည်းပြောသည်။

"ဒီမှာရေကြီးနေတာ တော်တော်ဆိုးတယ်။ နာဂစ်တုန်းကဖြစ်နေသလိုပဲ"ဟု မြို့ခံ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးကမန္တလေးမြို့ ရေကြီးမှုနှင့် နာဂစ်မုန်တိုင်းကို နှိုင်း၍ ပြောသည်။ မိုးဇလနှင့် မိုးလေဝသပညာရှင် ဦးထွန်းလွင်တို့၏ ထုတ်ပြန်ချက်များတွင် ထိုသို့ မန္တလေးမြို့အပါအဝင် မြန်မာနိုင်ငံဒေသတဝန်း မိုးကောင်းခဲ့ခြင်းမှာ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်နှင့် တွဲလျက်ပါလာသော တိမ်စိုင်ကြီးများကြောင့် ဖြစ်ကြောင်းသိရသည်။ အမှန်တွင် မုန်တိုင်းငယ်မှာ မြန်မာနိုင်ငံသို့ မဝင်ရောက်ခဲ့ဘဲ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းတို့ ကိုသာဝင်ရောက်ခဲ့သည်။

မန္တလေးမြို့တွင် အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တွင် ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၅ ဒသမ ၁၂ လက်မမှာ နှစ်ပေါင်း ၆၄ နှစ်အတွင်း အများဆုံး ဖြစ်ခဲ့သည်။ ထို့အပြင် တံတားဦးတွင်လည်း မိုးရေချိန် ၅ ဒသမ ၉၁ လက်မအထိ ရွာသွန်းခဲ့ပြီး နှစ်ပေါင်း ၁၇ နှစ်အတွင်း စံချိန်တင် အများဆုံးဖြစ်သည်။ ထိုသို့ စံချိန်တင် မိုးရွာသွန်းမှုများပြီးနောက် ထိုမြို့တွင် ယခင်ကထက်ပိုသော ရေကြီးရေလျှံမှုကိုလည်း ကြုံတွေ့နေရခြင်းဖြစ်သည်။ သို့သော် အောက်တိုဘာ ၆ ရက်မှ စတင်ရွာသွန်းခဲ့သော မိုးမှာ အောက်တိုဘာ ၁၀ ရက်အထိ ဆက်လက်ရွာသွန်းနေဆဲလည်းဖြစ်သည်။

ရေလျှံမှုကြောင့် ရေဝင်သော နေအိမ်များတွင် နေထိုင်သူများကို ရေလွတ်ရာမှ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေများက လာရောက်ကူညီကြသည်ကိုတွေ့ရသည်။ ထို့အပြင် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း နေအိမ်များရေလွှမ်းမိုး၍ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရသူများနှင့်ရေဝင်နေသော အိမ်များမှ ဒေသခံများကို ထမင်းထုပ်များ၊ ခေါက်ဆွဲထုပ်များအပါအဝင် အစားအသောက်နှင့် ရိက္ခာများ ပေးဝေနေသည်ကိုလည်း တွေ့ရသည်။

မြို့ခံတချို့က မြစ်ဆိပ်မှ စက်လှေများ၊ ငှက်များအား (လှေသမားများနှင့် လှေများအား ငှားရမ်းခတစ်ရက်လျှင် စရိတ်ငြိမ်းနှစ်သောင်းကျပ်ဖြင့် တစ်နေ့ကုန်ငှားရမ်းကာ ရေမြုပ်နေပြီဖြစ်သော်လည်း ရေလွတ်ရသို့ အကြောင်းအမျိုးမျိုးကြောင့် မပြောင်းရွှေ့နိုင်သော မိသားစုများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များရှိသော အိမ်များထံသို့ ထမင်းထုပ်များ၊ သောက်ရေသန့်ဘူးများနှင့် ဖယောင်းတိုင်၊ မီးခြစ်အစရှိသော လိုအပ်နေသည့် ပစ္စည်းများအား လိုက်လံဝေနေရသည်ကိုလည်း တွေ့ရသည်။ လျှပ်စစ်မီးများအား ရေစတင်တက်လာသည့်နေ့မှစ၍ ဖြတ်တောက်ထားသဖြင့် ဖယောင်းတိုင်ဝေသည်။ သို့သော်လည်း မီးခြစ်မပါသောကြောင့် အခက်တွေ့နေကြသောသူများမှာ အောက်တိုဘာ ၁၀ရက်တွင် ဖယောင်းတိုင်ရ၊ မီးခြစ်ရသဖြင့် ဆုတောင်းနေကြသံများအား ကြားခဲ့ရသည်။

သို့သော် ရေလွှမ်းမိုးခံရသော ရပ်ကွက်များရှိ ဒေသခံအချို့မှာ သက်ဆိုင်ရာမှ သတိပေးသော်လည်း ရေလွတ်ရာသို့ ပြောင်းရွှေ့ခြင်းမရှိသည်ကိုလည်း တွေ့ရသည်။

ရေဘေးသင့်သူများအတွက် ဆေးခန်းသုံးခုဖွင့်လှစ်ပေးထားပြီး လူနာ ၃၀၀ကျော်ကို ကုသပေးခဲ့ရပြီး ဖျားနာညောင်းကိုက်ဝေဒနာရောဂါရှင်များသာမက အဆုတ်လေပြွန်ရောင်ရောဂါ၊ မျက်စိနာရောဂါ၊ အရေပြားရောဂါ (အနာစက်)များကို ကုသပေးနေရကြောင်း သိရသည်။

ရေကြီးမှုကြောင့် ဂိုဒေါင်များတွင် သိုလှောင်ထားသော ဘိလပ်မြေအိတ်များ၊ ဆန်အိတ်များ၊ အခြားကုန်ပစ္စည်းများ ရေဝင်ရောက်ခဲ့၍ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး တန်ဖိုးမှာ မခန့်မှန်းနိုင်သေးကြောင်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။



7DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

# ကားတန်ဆာခများမြင့်တက်သွားခြင်းကြောင့် ရေလမ်းကြောင်းပိုသုံးလာ

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ – ၈



ပခုက္ကူ-ရန်ကုန်ကုန်စည်ပို့ဆောင်ရေးတွင် ရေလမ်းကြောင်းဖြင့် ကုန်စည်တင်ဆောင်ခြင်းမြင့်တက်လာကြကြောင်း ကုန်စည်တင်ပို့နေသော ပွဲရုံနှင့် ကားဂိတ်ပိုင်ရှင်များကပြောသည်။

ယခုကဲ့သို့ ရေလမ်းကြောင်းဖြင့် ကုန်စည်တင်ပို့မှုများလာခြင်းမှာ ကုန်းလမ်းခရီး၌ ကုန်တင်ကားများကို အာဆီယံစံနှုန်းအတိုင်း တင်ဆောင်ရန်သတ်မှတ်ချက်များကြောင့် တန်ဆာခများ မြင့်တင်သွား၍ ဖြစ်ကြောင်းပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

"ကားရဲ့ တန်ဆာခတွေက အရင်နဲ့စာရင် ၃ ဆလောက်ကို တက်သွားတော့ သင်္ဘောနဲ့ စုပြီး တစ်စီးလုံး တင်တာတွေလုပ်ဖို့ ပိုများသွားတာပေါ့။ အရင်ကလည်း တစ်စီးလုံး ကုန်တွေတင်တာရှိတယ်။ အခုတော့ အရင်ထက်ပိုများနိုင်တယ်"ဟု အထက်ပါပွဲရုံပိုင်ရှင်ကပြောသည်။

သင်္ဘောတန်ဆာခများမှာ ပြောင်းလဲခြင်းမရှိသော်လည်း ပခုက္ကူ-ရန်ကုန်လမ်းကြောင်း တွင် သင်္ဘောဖြင့်လာပါက ၃ ညအိပ် ၄ ရက်ကြာနိုင်ကြောင်းသိရ သည်။ သို့သော်ရေကြောင်းသာလျှင် အစုံဖြစ်၍ ၂ ညအိပ် ၃ရက် ခရီးဖြင့်ရောက်နိုင်ကြောင်းသိရသည်။

ကုန်းလမ်းကြောင့်ဖြင့် သွားပါက ၁ ညအိပ် ၂ ရက်ခရီးဖြင့် ရောက်နိုင်ကြောင်း ကုန်စည်ပို့ဆောင်ရေးကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ရေလမ်းနဲ့ ကုန်းလမ်းက အရင်ကတည်းက ဈေးက ထက်ဝက်ကျော်လောက်ကွာတယ်။အခု ဈေးတက်တော့ပိုကွာသွားတယ်။ အခုက ပခုက္ကူဘက်ကဝင်တဲ့ ကြက်သွန်တို့၊ ပဲတို့ကလည်း ဈေးကျနေတော့ တဖြည်းဖြည်းနဲ့ ဈေးသက်သာတဲ့ဘက်က တင်ကြတဲ့ သဘောပဲ"ဟု ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ကုန်တင်ယာဉ်တန်ဆာခမှာ ပခုက္ကူလမ်းကြောင်းတွင် ယခင် ၁ ပိဿာလျှင် ၃၂ ကျပ်မှ ၁၀၀ ကျပ်အထိမြင့်တက်သွားခဲ့ပြီး ယခုရက်ပိုင်းတွင် ၄၀ ကျပ်ထိပြန်လည်ကျဆင်းလာခဲ့ကြောင်းသိရသည်။

သင်္ဘော၏ တန်ဆာခများမှာ ယခင်နှုန်းများအတိုင်းပြောင်းလဲမှုမရှိဘဲ ၁ ပိဿာ ၁၅ ကျပ်ဝန်းကျင်သာရှိကြောင်းအထက်ပါပွဲရုံပိုင်ရှင် ကပြောသည်။

# စက်သုံးဆီဆိုင် အသစ်များ စတင်လျှောက်ထားနိုင်ပြီ

အားမာန်

ရန်ကုန်၊ အောက်တိုဘာ – ၇

ပုဂ္ဂလိက စက်သုံးဆီဆိုင်အသစ်ဖွင့်လှစ်လိုသော ပြင်ပလုပ်ငန်းရှင်များအနေဖြင့် ဆိုင်ဖွင့်လှစ်လိုကြောင်းလျှောက်လွှာများ စတင်လျှောက်ထားနိုင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်က အစိုးရပိုင်စက်သုံးဆီဆိုင် ၁၄၀ကျော်ကို ပုဂ္ဂလိကသို့ ယခုနှစ်ဆန်းပိုင်းတွင် လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး၊ ဇွန်၁၀ ရက်တွင်ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံးမှာ တစ်ပြေးညီဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ထိုဆီဆိုင်များတွင်မပါဝင်ဘဲဆိုင်သစ်သီးခြား ဖွင့်လှစ်လိုသော လုပ်ငန်းရှင်များကိုလည်း လက်ရှိပုဂ္ဂလိကစက်သုံးဆီဆိုင် တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသူများ၏ ထောက်ခံချက်ရရှိပါက ဆိုင်သစ်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်ရာက လုပ်ငန်းရှင်များ သို့ အသိပေးပြီးဖြစ်သည်။ "ကျွန်တော့်အသိတွေကတော့ နယ်စပ်ဘက်က ဆီဆိုင်လျှောက်လွှာတင်တာ အကုန်အဆင်ပြေတယ်။ နေပြည်တော်သွားပြီး လျှောက်လွှာတင်ရတာ"ဟု စက်တင်ဘာလလယ်ပိုင်းတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်အသစ် လျှောက်ထားသူများကို ထောက်ခံချက်ပေးခဲ့ရသော လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။

ထိုသို့ ပုဂ္ဂလိက ဆီဆိုင်သစ်ဖွင့်လှစ်ရန် လျှောက်လွှာတင်ရာတွင် နေပြည်တော်ရှိ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မတီသို့ လျှောက်ထားရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဇွန် ၁၀ရက်မှ စတင်ဖွင့် လှစ်ခဲ့သော ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို သက်ဆိုင်ရာက စမ်းသပ်ကာလအဖြစ် သုံးလ သတ်မှတ်၍ ထိုသုံးလအတွင်း ဓာတ်ဆီဈေးနှုန်းကို ၂,၅၀၀ ကျပ်ထက်ပိုမရောင်းရန် သတ်မှတ်ခဲ့သည်။ ယခုအခါ စမ်းသပ်ကာလ ကျော်လွန်ပြီဖြစ်သော်လည်း ထိုသတ်မှတ်ချက်ကို မပြင်သေးဘဲ ဓာတ်ဆီတစ်ဂါလန်လျှင် ၂,၅၀၀ကျပ်ထက်မပိုသော နှုန်းဖြင့် ရောင်းချရန် ဆက်လက်သတ်မှတ်ထားဆဲဖြစ်ကြောင်း ကိုယ်တိုင်စက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်များကပြောသည်။




# "အရင်က စက်ပိုင်းပဲ ပြည်ပက သွင်းပါတယ်။ အခုတော့လုံခြုံစိတ်ချရတဲ့ကိုယ်ထည်နဲ့ ဖရိန်တွေကိုပါသွင်းတယ်"

## ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူနှင့်တွေ့ဆုံခြင်း

ပြည့်သိမ်း

ရန်ကုန်၊ အောက်တိုဘာ – ၁

ပြည်တွင်းထုတ်မော်တော်ယာဉ်များတွင် အရည်အသွေးကောင်းပြီး လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရန် ကိုယ်ထည်နှင့် ဖရိန်ပိုင်းများကို ပြည်ပမှ တိုက်ရိုက်မှာယူတင်သွင်းပြီး ထုတ်လုပ်မှုများရှိလာသည်။ ယင်းကြောင့် ယခင်က ဂျစ်ကားနှင့် လိုက်ထရပ်ကဲ့သို့ ပစ်ကပ်ကားများကိုသာ အများဆုံးထုတ်လုပ်သောပုဂ္ဂလိကကားထုတ်လုပ်ရေးလုပ်ငန်းများသည် ယခုအခါ လူစီး မော်ဒယ်လ်မြင့်ကားများကို ပြောင်းလဲထုတ်လုပ်လာနိုင်သည်။ ယင်းကဲ့သို့ကားများကို ပထမဆုံးထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ရမ္မာ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးစိုင်းမျိုးဝင်းနှင့် တွေ့ဆုံမေးမြန်းမှုများမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**တစ်နှစ်ကို ကားအစီးရေ ဘယ်လောက်အထိ ထုတ်လုပ်ဖို့ရှိပါသလဲ။**

ကားအစီးရေ ၁၄,၀၀၀ ဝန်းကျင် ထုတ်ဖို့ရှိပါတယ်။ ဈေးကွက်ကလည်း လိုအပ်မယ်။ နိုင်ငံတော်ကလည်း ခွင့်ပြုရင် ကားမျိုးစုံကိုထုတ်ဖို့ရည်ရွယ်ထားပါတယ်။ လောလောဆယ်တော့ Micro Bus ၇ယောက်စီးတွေကိုပဲ ထုတ်လုပ်နေပါတယ်။

**ပြည်တွင်းဖြစ်ကားတွေက မကြာခဏပျက်ပြီး ပြင်ဆင်စရိတ် ကုန်ကျမှုများလာတာကြောင့် အခုထုတ်လုပ်မယ့်ကားတွေကို ဘယ်လိုစီစဉ်ထားပါသလဲ။**

ကျွန်တော်တို့ ဇုန်ကားတွေကို ဝယ်ပြီးရင် တစ်နှစ်အာမခံပေးပါတယ်။ ၁နှစ်အတွင်းမှာပျက်ရင် အခမဲ့ပြင်ဆင်ပေးပါတယ်။ ကားဆားဗစ်စင်တာနဲ့အရောင်းပြခန်းတွေကို ထပ်မံဖွင့်လှစ်ဖို့ရှိပါ တယ်။ ကားဆေးပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့လည်း အာမခံပါတယ်။ တခြားဇုန်ထုတ်ကားလို အလွယ်တကူသံချေးမလိုက်အောင် စီစဉ်ထားပါတယ်။

**အခု ထုတ်လုပ်တဲ့ကားတွေက ပြည်ပကုမ္ပဏီနဲ့ဖက်စပ်ထုတ်လုပ်တာလား။**

ပြည်တွင်းက ကျွန်တော်တို့ရဲ့ မြန်မာ့အားမာန်စက်မှုလက်မှုကုမ္ပဏီနဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ပူးပေါင်းထုတ်လုပ်တာပါ။ တစ်ဦးကို ၅၀ ရာခိုင်နှုန်းစီပါ။

**ကားအတွက်လိုအပ်တဲ့ပစ္စည်းတွေကိုရော ဘယ်လို ဆောင်ရွက်ပါသလဲ။**

ကားအတွက် အင်ဂျင်ကိုတော့ မစ်ဆူဘစ်ရှီနဲ့ ဒေါင်ဖန်းကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်ထားတဲ့ကုမ္ပဏီက ဝယ်ယူပါတယ်။ တခြားဆက်စပ်ပစ္စည်းတွေကိုတော့ ဂျပန်နိုင်ငံကမှာယူပါတယ်။ ဂီယာ၊ ကားကိုယ်ထည်၊ ဒက်ရှ်ဘုတ်၊ ထိုင်ခုံ၊ မီးသီး၊ ဖရိန်စတဲ့ပစ္စည်းတွေကိုပါ မှာယူပြီးတပ်ဆင်ထားတယ်။

**ကားထုတ်လုပ်မှုအပိုင်းမှာ နိုင် ငံတော်က စည်းမျဉ်းစည်းကမ်း အပြောင်းအလဲတွေ ရှိလာတယ်လို့ ပြောလို့ရမလား။**

ရပါတယ်။ ကားထုတ်လုပ်မှုအစပိုင်းက စက်ပိုင်းဆိုင်ရာကိုသာ ပြည်ပကသွင်းရပြီး ကိုယ်ထည်နဲ့ ဖရိန်ကို (ပြည်တွင်း)မှာပဲလုပ်ရတယ်။ နောက်ပိုင်းမှာ နည်းပညာကောင်းပြီး အရည်အသွေးနဲ့ လုံခြုံစိတ်ချရမှုရှိတဲ့ပစ္စည်းကို ထုတ်လုပ်နိုင်ဖို့ လိုလာတယ်။ ဒါတွေကို ပြည်တွင်းမှာ လုပ်မယ်ဆိုရင် လက်ရှိအခြေအနေအရအခက်အခဲရှိပါတယ်။

**ခေတ်မီကားဘော်ဒီနဲ့ ပတ်သက်ပြီး ပြည်တွင်းမှာ မထုတ်လုပ်နိုင်လို့လား။**

ဒီလိုလည်းမဟုတ်ဘူး။ ထုတ်မယ့်ကားဘော်ဒီနဲ့ ထုတ်လုပ်နိုင်တဲ့ကားအရေအတွက်ကိုကြည့်ရမယ်။ ကားဘော်ဒီထုတ်တဲ့ Press ရုံကြီးတွေက အရင်းအနှီးများတယ်။ လက်ရှိအခြေအနေမှာ တွက်ခြေကိုက်မှုမရှိနိုင်သေးလို့ပဲ။ ထုတ်လုပ်နိုင်တဲ့ ကားအရေအတွက်က နည်းနေတာလည်းပါတယ်။

**အခု ကားထုတ်လုပ်တာက FMI ကုမ္ပဏီက ထုတ်လုပ်တဲ့ဆူဇူကီးကားလို အကန့်အသတ်နဲ့ထုတ်လုပ်မှာလား။**

ဒီလိုအကန့်အသတ်မျိုးမရှိပါဘူး။ ဈေးကွက် လိုအပ်ချက်ပေါ် မူတည်ပြီး ထုတ်လုပ်မှာပါ။ ကျွန်တော့်ကားတွေက လေ့လာထားချက်အရဆိုရင် ဈေးကွက်မှာ တစ်နှစ်ကို အစီးငါးထောင်ဝန်းကျင်လောက်ပဲရောင်းရမယ်ထင်တယ်။

**ပြည်ပက ကားထုတ်လုပ်သူတွေအနေနဲ့ ဝင်ရောက်လုပ်ကိုင်လာမယ်ဆိုရင်ပြည်တွင်းထုတ်လုပ်သူတွေအနေနဲ့ဘယ်လိုအခြေအနေရှိနိုင်မလဲ။**

ပြည်ပက အရင်းအနှီးမြှုပ်နှံသူတွေ ဝင်လာရင် လက်ရှိကားထုတ်လုပ်နေသူတွေက အခြေအနေအများကြီး ပိုကောင်းလာနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်မှာ အမျိုးသားစီးပွားရေးကာကွယ်သည့်ဥပဒေဆိုတာ ရှိပါတယ်။ ပြည်ပက ကုမ္ပဏီက အခြေစိုက်လုပ်ကိုင်ရင်လည်း ရာနှုန်းပြည့်လုပ်လို့မရပါဘူး။ နိုင်ငံတော်နှင့်ဖြစ်စေ၊ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေနဲ့ဖြစ်စေ ပူးပေါင်းလုပ်ရပါတယ်။ သူတို့က အရင်းအနှီးမည်မျှပင်ယူလာ၊ ပြည်တွင်း ၅၁ရာခိုင်နှုန်းနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူက ၄၉ရာခိုင်နှုန်းပဲရပါတယ်။

**တခြားနိုင်ငံတွေကပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံလာရင်ဈေးကွက်အနေအထားက ဘယ်လိုရှိနိုင်ပါသလဲ။**

ဈေးကွက်အနေအထားနဲ့ ဈေးနှုန်းက ပြောရတာခက်တယ်။ လက်ရှိ ပြည်တွင်းကားဈေးနှုန်းက နိုင်ငံတကာဈေးနှုန်းနဲ့ ကွာခြားမှုရှိတယ်။ ပြည်တွင်းမှာ ကားများများထုတ်နိုင်မှု၊ မထုတ်နိုင်မှုက ဈေးကွက်ကို သိပ်မပြောင်းနိုင်ဘူး။ လက်ရှိကားဈေးတွေကျချင်ရင် ကားသွင်းခွင့်ကပဲ အရေးကြီးတယ်။

**ထုတ်လုပ်ထားတဲ့ကားတွေကို ဘယ်လိုလူမျိုးတွေက အများဆုံးဝယ်ယူကြပါသလဲ။**

ပထမ ဝယ်သူအတော်များများက အိမ်စီးဖို့အတွက် ဝယ်တာများတယ်။ မိသားစုလိုက်စီးနိုင်တော့ ကြိုက်ကြပါတယ်။ နောက်ပိုင်းမှာ ကုမ္ပဏီတွေကလည်း ဝယ်ကြတယ်။ ခရီးသွားကုမ္ပဏီတွေကလည်း ဝယ်ကြတယ်။

**ကားတစ်စီးရဲ့ ဈေးနှုန်းကရော ဘယ်လောက်သတ်မှတ်ထားပါသလဲ။**

ပါဝင်တပ်ဆင်ထားတဲ့ ပစ္စည်းတွေပေါ် မူတည်ပြီး ဈေးနှုန်းကွဲပြားမှုရှိပါတယ်။ Gradeအလိုက်တစ်စီးကို ကျပ်သိန်း ၅၀ ကွာသွားတယ်။ Grade 1 ဆိုရင် ကျပ်သိန်း ၆၃၀၊ Grade 2 ဆိုရင် ကျပ်သိန်း ၅၈၀ နဲ့Grade 3ဆိုရင် ကျပ်သိန်း၅၃၀ သတ်မှတ်ထားပါတယ်။

**လူကြီးမင်းအနေနဲ့ ထပ်မံအကြံပြုပြောချင်တာများ ရှိပါသေးသလား။**

နိုင်ငံတော်က အဆင့်မြင့်မော်တော်ယာဉ်တွေကို ထုတ်လုပ်ခွင့်အားပေးတာကို ကြိုဆိုပါတယ်။ ၂၀၁၅ မှာ အာဆီယံလွတ်လပ်စွာကုန်သွယ်ခွင့်ကပေါ်လာမယ်။ ပြည်ပကနေ အခွန်သက်သာသွားရင် အများကြီး ဝင်ရောက်လာနိုင်တယ်။ကိုယ့်ပြည်တွင်းကိုပြည်ပကနေ အလွယ်တကူဝယ်မယ့်အစား ပြည်တွင်းမှာပါ ပိုမိုထုတ်လုပ်ဖို့လိုပါတယ်။ နောက်ပိုင်းမှာ နည်းပညာပိုမိုကျယ်ပြန့်လာရင် ကိုယ်ထည်ထုတ်မယ်။ ပြည်တွင်းမှာ Press ရုံကြီးတွေပေါ်လာမယ်။ အဲဒီအခါ အရည်အသွေးမီမီ ပြည်တွင်းမှာ လုံးလုံးလျားလျား ထုတ်လုပ်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

Life
7DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

ကန်ထရိုက်တိုက်ခန်းလေး၏ ဖယောင်းပုဆိုးခင်းထားသော အိမ်ရှေ့ခန်း၌ မိသားစုဝင်လေးဦး ထိုင်နေသည်။ အခန်းထောင့်မှ တီဗီဖန်သားပြင်ပေါ်သို့ သူတို့၏ အကြည့်များ တူညီစွာရောက်လျက်။ အသက်ငါးနှစ်အရွယ် ကလေးငယ်က ထမင်းစားရင်း ဖန်သားပြင်ထက်မှ ပါဝါရိန်းဂျား ကာတွန်းဇာတ်လမ်းကို ငေးနေသည်။


ကိုကျော်သန်း၊ မယဉ်ယဉ်နွယ်တို့မိသားစု အောက်တိုဘာ၉ရက်ညဦးပိုင်းက နိုင်ငံခြားဇာတ်လမ်းကို ကြည့်ရှု၍ အပန်းဖြေနေကြစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နေရေးအတွက်စိတ်မအေးနိုင်သေးသူများ

အားမာန်

သုံးနှစ်ခွဲအရွယ် သူ၏ညီက အမေဖြစ်သူ ခွံ့ကျွေးသော ထမင်းစားလိုက်၊ တီဗီကြည့်လိုက်၊ အခန်းထဲပတ်ပြေး ဆော့ကစားလိုက်နှင့် ပျော်မြူးနေ၏။ သူတို့ မိဘဖြစ်သော လူလတ်ပိုင်းဇနီးမောင်နှံနှစ်ဦးက သားနှစ်ဦးနှင့် အတူ စက်တင်ဘာလ၏ ညချမ်းကို တီဗီကြည့်လျက် အေးအေးလူလူ ဖြတ်သန်းနေသည်။

စက်တင်ဘာ ၈ရက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကန်ထရိုက်တိုက်ခန်းတစ်ခုမှ မိသားစုတစ်စု၏ မြင်ကွင်းပင်။

မိသားစု၏ အိမ်ထောင်ဦးစီးဖြစ်သော အသက် ၄၃နှစ်အရွယ် ကိုကျော်သန်း၏ အမူအရာမှာ အေးချမ်းနေပုံပေါ်သည်။ သို့သော်လည်း အမှန်က သူရင်ထဲတွင် ဆန္ဒမီးတစ်ခု ပြင်းစွာလောင်ကျွမ်းနေသည်။

"အခုအချိန်မှာ အကြီးဆုံး ရည်ရွယ်ချက်က အိမ်ပဲ။ ကျွန်တော် သဘော်ပေါ်မှာပဲ အမြဲစဉ်းစားဖြစ်တယ် ဒီအကြောင်းကို"သဘော်သားတစ်ဦးဖြစ်သော ကိုကျော်သန်းက သူ၏ဆန္ဒကိုဖွင့်ဟသည်။ အိမ်ထောင်သက် ၁၀ နှစ်ရှိပြီးဖြစ်သော ကိုကျော်သန်းနှင့် အသက် ၃၈ နှစ်အရွယ် မယဉ်ယဉ်နွယ်တို့ ဇနီးမောင်နှံနှစ်ဦးလုံး တူညီစွာ ဆန္ဒပြင်းပြနေသည့် အရာကလည်း တိုက်ခန်းပိုင်၊ အိမ်ပိုင်ဖြစ်ရေးပင်။

မြန်မာနိုင်ငံ၌ ပြည်ပသဘော်များတွင်တာဝန်ထမ်းဆောင် သော သဘော်သားတိုင်းဝင် ငွေဖြောင့်ကာ ဟန်ကျသည်ဟု ထင်ကြသော်လည်း လက်တွေ့တွင် သူ၏အဖြစ်မှာ စားသောက်ရေးအတွက် မပူရသော်လည်း တိုက်ခန်းပိုင်၊ အိမ်ပိုင် ဖြစ်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်ကြောင်း ကိုကျော်သန်းက ပွင့်ပွင့်လင်းလင်း ပြောသည်။ သူကဲ့သို့ပင် သဘော်သားအချို့အပါအဝင် စီးပွားရေးမြို့တော် ရန်ကုန်၌ အလုပ်အကိုင်ရှိပြီး ဝင်ငွေအသင့်အတင့်ကောင်းသူ အများစုမှာလည်း အလားတူအခြေအနေနှင့် ကြုံနေကြသည်။ ထိုကြောင့် မိဘဆီက အမွေရသော နေစရာတိုက်ခန်းနှင့် အိမ်မရှိသော ဝင်ငွေနည်း မိသားစုများနှင့် တစ်နေ့လုပ်မှ တစ်နေ့စားရသော အခြေခံလူတန်းစားများအတွက် ရန်ကုန်တွင် ရန်ကုန်တွင် အိုးပိုင်၊ အိမ်ပိုင်ဖြစ်ရေးက မတွေးဝံ့စရာ ဖြစ်နေကြောင်း မြို့ခံများကပြောသည်။

"၂၀၀၃ တုန်းက ပန်းလှိုင်အိမ်ရာမှာ ခုနစ်လွှာ ၃၅ သိန်းပဲ ရှိတယ်။ အဲဒီတုန်းက ပြည့်တော့ မပြည့်ဘူး။ တွန်းပြီးဝယ်မယ်ဆိုရင် ရတယ်။ သုံးလွှာ၊ လေးလွှာ မှ သိန်း ၅၀ လောက်ပဲ ပေါက် တာ။ အဲဒါကြောင့် ဒုတိယအ ခေါက် သဘော်ကပြန်လာမှ သိန်း၅၀ အခန်းဝယ်မယ်လို့ တွက်လိုက်တာ။ ၂၀၀၄ သဘော်က ဒုတိယအခေါက်လည်း ပြန်လာရော ခုနစ်လွှာတိုက်ခန်းက သိန်း၇၀ ဖြစ်သွားပြီး အဲဒီကစပြီး လိုက်လေဝေးလေ အခြေစိုက်နေတယ်။ အခုထိလိုက်နေတုန်းပဲ" ဟု ကိုကျော်သန်းက သူ၏အတွေ့အကြုံကို ပြန်လည်ဝေမျှသည်။

ခင်ပွန်းဖြစ်သူက ကားဝပ်ရှော့ခ် အသေးစား ထူထောင်ထား၍ ဇနီးဖြစ်သူက ကုမ္ပဏီတစ်ခု၏အကြီးတန်းမန်နေဂျာဖြစ်သော ဇနီးမောင်နှံနှစ်ဦးကလည်း လက်ရှိကာလတွင် ကြိုးစား ပမ်းစား လုပ်ကိုင်နေရမှာပင် မစုဆောင်းနိုင်ကြောင်း ပြောသည်။ ထိုကြောင့် တိုက်ခန်းငှား၍ နေရသည့် အခြေအနေမှ တိုက်ခန်းပိုင်ဖြစ်ရေး အခြေအနေရောက်ရန် ဝေးနေဆဲဖြစ်ကြောင်း အောက်ပါအတိုင်း ဇနီး ဖြစ်သူက ဖွင့်ဟသည်။

"လူတွေက ကျားကြီးရင်းခြေရာကြီးတယ်ပြောတယ်။ အစ်မတို့ကတော့ ဒီလောက်လုပ်ကိုင်နေတာကို ကိုယ့်ရဲ့ Need (လိုအပ်ချက်)ကိုပဲ လိုက်ဖြည့်နိုင်တယ်။ Want (လိုချင်မှု)ကို လုံးဝမလုပ်နိုင်ဘူး"

အထက်ပါအခြေအနေ ကြုံတွေ့ရသူ အများစုမှာ မိဘထံမှ နေစရာတိုက်ခန်း၊ အိမ်အပါအဝင် ပံ့ပိုးမှု မရရှိဘဲ ကိုယ်တိုင်ဘဝကို ရုန်းကန်နေကြရသူများ၊ ရန်ကုန်မြို့ခံမဟုတ်ဘဲ နယ်ဒေသများမှ ငွေကြေးအရင်းအနှီးမပါဘဲ လာရောက်၍ ရေကြည်ရာ မြက်နုရာ ရှာရင်း ဘဝတိုက်ပွဲဝင်နေသူများနှင့် ယခင်ကတည်းက နေစရာ အိမ်မရှိသော အခြေခံလူတန်းစားများဖြစ်ကြကြောင်း တွေ့ဆုံမေးမြန်းမှုများအရ သိရသည်။ ၎င်းတို့ အဓိကကြုံတွေ့နေရသော အခက် အခဲမှာရှာဖွေစုဆောင်းထားသော ဝင်ငွေများမှာ စားရေးသောက်ရေး၊ ဝတ်ရေးအတွက်ပင် လုံလောက်အောင် လုံးပန်းနေရပြီး၊ နေထိုင်ရေးအတွက် မလှမ်းနိုင်ခြင်းပင်။ အချိန်ကာလအလိုက် ပုံမှန်ပြောင်းလဲနေသော ကုန်ဈေးနှုန်းများနှင့် တရိပ်ရိပ်တက်နေသော တိုက်ခန်း၊ နေအိမ်၊ မြေကွက်ဈေးများကြောင့် တိုက်ခန်းပိုင်၊ အိမ်ပိုင်ဖြစ်ရေး ရည်ရွယ်ချက်မှာ ဝေးကွာနေဆဲဖြစ်ကြောင်း သူတို့က တူညီစွာရှုမြင်ကြသည်။

တိုက်ခန်းပိုင်ရန် လိုက်လေဝေးလေ ဖြစ်နေဆဲဟုဆိုသော ကိုကျော်သန်းနှင့် မယဉ်ယဉ်နွယ်တို့ ဇနီးမောင်နှံနှစ်ဦးမှာလည်း နယ်ဒေသများမှ ရန်ကုန်မြို့သို့ လာရောက်အခြေချသူများပင်။ ကိုကျော်သန်းမှာ ဟိုင်းကြီးကျွန်းမြို့နယ်မှဖြစ်ပြီး၊ မယဉ်ယဉ်နွယ်မှာ ပြည်မြို့ဇာတိဖြစ်၍ ရန်ကုန်တွင် ဖူးစာဆုံကြခြင်းဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့သော ကိုကျော်သန်းမှာ ထိုစဉ်က ဝင်ငွေကောင်းသောလည်း ဘဝရှေ့ရေးအတွက် အမြင့်ပျံသန်းနိုင်ရန် သဘော်သားဘဝကို ပြောင်းခဲ့သည်။ မယဉ်ယဉ်နွယ်မှာလည်း အာရှဓနဘဏ်၏ ငွေကိုင်တစ်ဦးဖြစ်၍ ငွေတန်ဖိုးရှိသော ၂၀၀၃ ခုနှစ်ကပင် လစာခုနစ်သောင်းအထိရခဲ့သူဖြစ်သည်။

မိသားစု စီမံကိန်းအရ သဘော် ဆယ်ခေါက်လိုက်ပြီးလျှင် ကိုယ်ပိုင်တိုက်ခန်း၊ နေအိမ်နှင့်ဖြစ်ပြီး စုမိဆောင်းမိဖြစ်၍ လုပ်ငန်းတစ်ခု ရင်းနှီး၍ လုပ်ကိုင်တော့မည်ဟုစီစဉ်ထားခဲ့ကြောင်း သူတို့ ဇနီးမောင်နှံကပြောသည်။

"အခုတော့ ၂၀၀၃ ကစပြီး သဘော်လိုက်တာ ရှစ်ခေါက်ရှိသွားပြီ။ Chance က နှစ်ခေါက်ပဲ ကျန်တော့တယ်" ဟု ကိုကျော်သန်းက စိတ်ကူးနှင့်လက်တွေ့ ကွာဟနေပုံကို ရယ်မောရင်း ဖွင့် ဟသည်။ မိသားစုဘဝတစ်လျှောက်လုံးတွင် တိုက်ခန်းပိုင်ရေးအတွက် ဦးတည်ခဲ့သော်လည်း စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ မိဘများကို ပြန်လည်စောင့်ရှောက်ကျေးဇူးဆပ်သလို၊ သားငယ်နှစ်ဦး၏ ကုန်ကျစရိတ်များကို ဦးစားပေးဖြေရှင်းနေရ၍ ငွေပိုလျှံရန် မနည်းစုဆောင်းနေရကြောင်း သူကပွင့်ပွင့်လင်းလင်း အောက်ပါအတိုင်းပြောသည်။

"ဝယ်ဖို့အစီအစဉ်က ရှိတယ်။ မိသားစုဝင်ငွေက ဒီတစ်ခုပဲ ရှိတယ်။ တခြားဘာမှ မရှိဘူး။ သဘော်လိုက်ရင်း အခုဒေါ်လာ ရှစ်ရာဆိုတော့ ရှစ်သိန်းရတယ်ပဲထား။ ဒါအမြင့်ဆုံးပဲ။ ဒီ့ထက်လခပိုရဖို့ မရှိတော့ဘူး။ ဒီဝင်ငွေတစ်ခုတည်းနဲ့ အိမ်ထောင်စုရဲ့ ကုန်ကျစရိတ်ကို မပိုလျှံနိုင်ဘူးဖြစ်နေတယ်။ လခက ဒေါ်လာရှစ်ရာ။ အစိုးရကို အခွန်ဒေါ်လာရှစ်ဆယ်ပေးရတယ်။ အဲဒီတော့ ခုနစ်ရာ့နှစ်ဆယ်ပဲ ကျန်တယ်။ သဘော်လိုက်ရတာက ဆယ်လလောက် ဆက်တိုက်လိုက်ပြီးရင် ကြားမှာ သုံး၊ လေးလ နားရတယ်။ နားရင်းလည်း ရှိတာနဲ့ ထိုင်စားရတာဆိုတော့ မပိုနိုင်ဘူး"

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

## ဂီတအမျိုးအစားအလိုက် အဝတ်အစားအသုံးဆောင်တွေရှိမယ့်နေရာ

ဝေယံ

ရှိုးပွဲတွေအပြိုင်အဆိုင် လာတော့မယ့် ကာလရောက်လာပြီဖြစ်တဲ့အတွက်တစ်ပတ် 7DayNews ပရိသတ်ကြီး ဝတ်စားဆင်ယင်မှု အတွက် လိုင်းပေါင်းစုံပစ္စည်းလေးတွေ စုံလင်နိုင်မယ့် ဆိုင်တစ်ဆိုင်ကို ညွှန်းပေးချင်ပါတယ်။

ဒီဆိုင်မှာ Rock,Punk,Rup, Emo စတဲ့ဂီတတွေမှာ စီးမျောနေတဲ့ မြန်မာပြည်က လူငယ်တွေအတွက်ဂီတအမျိုးအစားအလိုက် ဘောင်းဘီတွေ၊ ကုတ်တွေ အပြင် ပုံမှန် ရုံးတက်နေတဲ့ Gentelman စတိုင်ဝတ်ချင်ရင်လည်း Shoes တွေ၊ Necktile တွေလည်း ရှိပါတယ်။

Band Shirt တွေကိုရူးသွပ်ကြတဲ့ လူငယ်တွေအတွက်ကတော့ ဒီဆိုင်ထဲဝင်လိုက်တာနဲ့ အခမ်းနားဆုံး အကြီးဆုံးပြထားတဲ့ Band Shirt ကောင်တာကြီးကတော့လူငယ်တွေစိတ်ကို မိနစ်အတော်ကြာဆွဲယူထားမှာအမှန်ပါပဲ။

ဖိနပ်တွေအတွက်တော့ဂွင်းထိုး၊ကြိုးသိုင်းစတဲ့ Slipper ဆန်းဆန်းလေးကိုသာအများဆုံးတွေ့ရမှာဖြစ်ပြီး Brand ခပ်လန်းလန်း Shoes တွေလည်း ရရှိနိုင်မှာ ဖြစ်ပေမယ့် Bootတွေကတော့နည်းပါတယ်။ ဦးထုပ်တွေအတွက်လည်း ဂီတလိုင်းပေါင်းစုံပေါ်မှာ ရူးသွပ်ကြသူတွေအတွက်အမျိုးအစားစုံလင်စွာ မျက်နှာကြက်မှာ ရှိနေပါတယ်။ဈေးနှုန်းများအရတော့ ပုံမှန်ထက် မမြင့်တဲ့ဈေးနှုန်းတွေဖြစ်ကြောင်း စုံစမ်းသိရပါတယ်။ ရှိုးပွဲတွေမှာရှိုးထုတ်ဖို့ ဝတ်စုံလေးတွေရှာဖွေချင်တဲ့ 7Day News ပရိသတ်ကြီးအတွက် စမ်းချောင်းလမ်းမှာရှိတဲ့ PSA ဆိုတဲ့ ဒီဆိုင်လေးကတော့ Rock ပုံစံဆိုင်းဒီဇိုင်း၊ ဆိုင်ရှေ့က Punk ပုံ ဗီနိုင်းတွေရှိနေပေမယ့် အတွင်းပိုင်းမှာ Punk, Rock,Rup, Emoလိုင်းပေါင်းစုံခင်းကျင်းထားတဲ့အပြင် BandShirt တွေကို အသေအချာခင်းကျင်းပြသထားတဲ့အတွက်လူငယ်တွေ သွားရောက်လေ့လာဝယ်ယူဖို့ကောင်းတဲ့နေရာလေး တစ်ခုအဖြစ် ဖော်ပြပေးလိုက်ပါတယ်။


ဓာတ်ပုံ - ဝေယံ



7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## ပွင့်လင်းရာသီတွင် နာဂစ်ဒေသ၌ ရေအခက်အခဲ ပြဿနာလျော့နည်းဖွယ်ရှိ

သီဟ

ရန်ကုန်၊
အောက်တိုဘာ-၆

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း စသည့် ဒေသများတွင်ယခုနှစ်၌ သောက်သုံးရေ အခက်အခဲနှင့် ပတ်သက်၍ရင်ဆိုင်ရမှုများ လျော့နည်းသွားဖွယ်ရှိကြောင်း အဆိုပါဒေသတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အန်ဂျီအိုအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။


ဓာတ်ပုံ - ငြိမ်းငြိမ်းနိုင်

ယခုနှစ်၏ ရာသီဥတုအခြေအနေအရသော်လည်းကောင်း အဆိုပါဒေသအတွင်းရှိ အန်ဂျီအိုအဖွဲ့များကလည်း မိမိတို့တာဝန်ယူလုပ်ဆောင်ရမည့် ဒေသ၏ ရေအခက်အခဲအား ယခုအချိန်ကပင် ကြိုတင်ညှိနှိုင်း အစည်းအဝေးများ ပြုလုပ်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

ထို့အပြင် ယခင်နှစ်များကလည်း ရေအခက်ခဲရှိသည့် ဒေသများတွင် ရေကန်များ တူးဖော်ခြင်း၊ ရေသိုလှောင်ရန်အတွက်စဉ့်အိုးများဝေငှခြင်း စသည်တို့လုပ်ဆောင်ထားခြင်းကြောင့်လည်း ရေအခက်အခဲအား အတန်အသင့်ဖြေရှင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

သို့သော် အချို့သောဒေသများတွင် ရေလှောင်ကန်များအား ယခုနှစ် ပွင့်လင်းရာသီမှ ထပ်မံတူးဖော်ရသောကြောင့် အဆိုပါကန်များသည် လာမည့် မိုးရာသီကုန်ဆုံးပြီးမှသာ အသုံးပြုနိုင်မည်ဖြစ်သဖြင့် ယင်းဒေသများတွင် ရေအခက်အခဲအနည်းငယ်ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။

## ဓာတ်ပုံသတင်းထောက်နှစ်ဦး၏ သတင်းဓာတ်ပုံပြပွဲကျင်းပမည်

ရန်ကုန်၊ အောက်တိုဘာ - ၆

ပြည်တွင်းမှ ဓာတ်ပုံသတင်းထောက်နှစ်ဦး ပူးပေါင်း၍ The Life of Others အမည်ဖြင့် သတင်းဓာတ်ပုံပြပွဲကို အောက်တိုဘာလ ၁၄ရက်မှ ၁၈ရက်အထိ အမှတ်(၇)၊ မဟာစည်သာသနရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ တကောင်းအနုပညာပြခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ သတင်းဓာတ်ပုံပြပွဲတွင် ရန်ကုန်မြို့၊ နာဂစ်ဒေသ၊ နာဂစ်နှစ်ပတ်လည်အထိမ်းအမှတ်၊ အင်းလေး၊ တောင်ကြီး၊ ပင်းတယ စသည့်ဒေသများမှ သတင်းဓာတ်ပုံများ ပြသသွားမည်ဟုသိရသည်။

"သတင်းဓာတ်ပုံ စိတ်ဝင်စားတဲ့သူတွေအတွက်ပါ။ ကျွန်တော်တို့ဓာတ်ပုံ ၇၀ကျော်တင်မယ်။ ဘယ်နှပုံပြသခွင့်ရမယ်ဆိုတာ တော့မသိပါဘူး။ ဒီဓာတ်ပုံတွေထဲမှာ ဆင်ရိုက်ထားတာ တစ်ပုံမှမပါပါဘူး။ နောက်ဆုံးပုံတွေအနေနဲ့ ပဲခူးမြို့မှာ ရေကြီးတဲ့ပုံတွေပါပါတယ်။ သတင်းဓာတ်ပုံတွေဖြစ်တဲ့အတွက် ရောင်းရဖို့တော့ သိပ်မမျှော်လင့်ပါဘူး"ဟု ရိုက်တာသတင်းဌာန၏ ဓာတ်ပုံသတင်းထောက်ဖြစ်သူ ကိုစိုးဇေယျာထွန်းကပြောသည်။

၎င်းပြပွဲတွင် မြန်မာတိုင်းမ်ဂျာနယ်မှ ဓာတ်ပုံသတင်းထောက်ကိုကောင်းထက်နှင့် ရိုက်တာသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်ကိုစိုးဇေယျာထွန်းတို့၏ သတင်းဓာတ်ပုံလက်ရာများကို ကြည့်ရှုရမည်ဖြစ်ပြီး ဝယ်ယူလိုပါက ဓာတ်ပုံတစ်ပုံလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ခန့်သတ်မှတ်ထားကြောင်းသိရသည်။









## စာ-၉၊ နေရေးအတွက် စိတ်မအေးနိုင်သေးသူများ မှ

ရတာဆိုတော့ မပိုနိုင်ဘူး"

ကိုကျော်သန်းမှာ ယူနတိန်းကုမ္ပဏီ၏ သင်္ဘောသားတစ်ဦးဖြစ်ပြီး သင်္ဘောပေါ်တွင် ပစ္စည်းထိန်း(Steward) တာဝန်ထမ်းဖြစ်သည်။ သင်္ဘောလိုက်တိုင်း ပေးဆောင်ခဲ့ရသည့် အခွန်များအတွက် သက်ဆိုင်ရာက တစ်ခုခုပြန်လုပ်ပေးလျှင် ကောင်းမည်ဟုလည်း သူတမ်းတသည်။

ရန်ကင်းမြို့နယ်တွင်နေသော ကုမ္ပဏီတစ်ခု၏ အကြီးတန်းမန်နေဂျာတစ်ဦးဖြစ်သူ မသီတာအေးက သူတို့ဇနီးမောင်နှံ၏ အလုပ်အကိုင်နှင့် အဆင့်အတန်းမှာ လူလတ်တန်းစားဖြစ်သော်လည်း အထွေထွေစရိတ်များ ကြီးမြင့်နေသော ယနေ့ကာလတွင် အခြေခံလူတန်းစားအဆင့်သာရှိကြောင်း ပြောသည်။ "နေ့စဉ် အစ်မတို့ရှာတာက စားသောက်ရေးအတွက်ပဲ လုံလောက်တယ်။ ကျန်းမာရေးအတွက်တောက် မလုံလောက်ဘူး။ ဒီခေတ်မှာ လုံးဝမစုနိုင်ဘူး။ အစ်မထက် ရာထူးကြီးတဲ့သူတွေလည်း မစုနိုင်ဘူး။ စားရေး၊ သောက်ရေး၊ ဝတ်ရေးအတွက်ပဲ လုံးပမ်းနေရတာ"။

မသီတာအေးက သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး ဝင်ငွေအသင့်အတင့်ရှိသော်လည်း တိုက်ခန်း၊ နေအိမ်ပိုင်ရေး မလှမ်းနိုင်ခြင်းမှာ လက်ရှိ ရန်ကုန်မြို့၏ တိုက်ခန်း၊ နေအိမ်နှင့် မြေကွက်ဈေးများ အလွန်မြင့်မားနေခြင်းကြောင့်ဖြစ်ကြောင်း ခေတ်ပညာတတ်ဖြစ်သော သူမက သုံးသပ်သည်။

သူမပြောသကဲ့သို့ပင် လက်ရှိ ရန်ကုန်မြို့၏ အိမ်ခြံမြေ ဈေးနှုန်းများ ယခုနောက်ပိုင်းများတွင် သိသိသာသာ မြင့်တက်လာခြင်းမှာ မှန်ကန်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း ပြောသည်။ ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ ကြီးမြင့်မှု၊ ခွင့်ပြုချက်ရရှိရန် ငွေကြေးသုံးစွဲရမှု၊ ငွေတန်ဖိုး လျော့ကျ အထွေထွေစရိတ်များ မြင့်တက်နေမှုစသော အခြေအနေများကြောင့် ဆောက်လုပ်ရေးလုပ်ငန်း များအနေဖြင့်လည်း နေအိမ်၊ တိုက်ခန်းဈေးများ ယခုထက်ပို၍ လျှော့မရကြောင်းလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တချို့က ရှင်းပြသည်။

ရန်ကုန်ကဲ့သို့ပင် ယခုနောက်ပိုင်း၌ မန္တလေးနှင့် နေပြည်တော်စသော မြို့များတွင်လည်း အိမ်၊ ခြံမြေဈေးများ ပိုကောင်းလာသည်။ ထို့ကြောင့် အခြေခံလူတန်းစားများ ထိုမြို့များတွင် နေအိမ်ပိုင်ဖြစ်ရန် ပို၍ ခက်ခဲလာသည်။ ရန်ကုန်တွင် အိမ်ခြံမြေဈေးများ သိသိသာသာ ကောင်းလာခြင်းမှာ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှဖြစ်သည်။ ဈေးကောင်းလာခြင်း၏အကြောင်းအရင်းမှာအထက်ပါအချက်များအပြင် အိမ်ခြံမြေပွဲစားများ၏ ဈေးဆွဲတင်ခြင်းများကြောင့် ပါကြောင်းလည်း မြို့ခံအချို့ကဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ယခုနောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့၌ တန်ဖိုးကြီးအိမ်ရာနှင့် တိုက်များပိုမိုအကောင်အထည်ဖော်လာသည်။ သို့သော် တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်မှု လျော့နည်းလာခြင်းမှာ တန်ဖိုးမြင့်အိမ်ရာများက အကျိုးအမြတ်များ၍ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးက သုံးသပ်သည်။

လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများ အားကိုး အားထားပြုရနိုင်သော တန်ဖိုးနည်းအိမ်ရာများ အကောင် အထည်ဖော်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများကိုယ်တိုင် သက်ဆိုင်ရာ၏ အထောက်အပံ့ရရှိရန်နှင့် ငွေကြေးအင်အားတောင့်တင်းရန်လိုကြောင်းလည်းဎင်းကပြောသည်။

"အဆောက်အဦတစ်ခုဆောက်ဖို့ဆိုတာအခက်အခဲတွေ အများကြီးရှိတယ်။ ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှုအခက်အခဲရှိမယ်။ နိုင်ငံတကာမှာတော့ ဖိုင်နင်ရှယ်ဘတ်ကက်တွေရှိတယ်။ ဥပမာ-ကျွန်တော်က ပရောဂျက်တစ်ခု ဆောက်မယ်ဆိုရင်. . .၊ သိန်း ၃၅,၀၀၀ရှိမှ ၁၅,၀၀၀ ရင်းရတဲ့သဘောရှိတာပေါ့။ နိုင်ငံခြားမှာက သိန်း ၁၀,၀၀၀ရှိရင် ၄၀,၀၀၀၊ ၅၀,၀၀၀လည်းရင်းလို့ရတယ်။ အဲဒါကြောင့် ဖိုင်နယ်ရှယ်ဘတ်ကတ်မရှိတဲ့အတွက်လို့ပြောတာ။ အဲဒါကြောင့်မို့ လူတွေ(ဆောက်လုပ်ရေးလုပ်ငန်းရှင်များ)က သေလည်းသေချာမယ်၊ အမြတ်လည်းများမယ်၊ ပိုက်ဆံလည်း အရင်းနည်းတယ်။ အဲဒီနေရာတွေ ပြေးကြတာပေါ့"ဟု တော်ဝင်ဆောက်လုပ်ရေးပိုင်ရှင် ဦးကိုကိုထွေးက လက်ရှိဆောက်လုပ်ရေးလုပ်ငန်းများ အခြေအနေကို ခြုံ၍ပြောပြသည်။

နိုင်ငံတကာတွင်လည်း လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများ အဓိကအားကိုးသော တန်ဖိုးနည်းအိမ်ရာများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းကြီးများက အကောင်အထည်ဖော်ပြီး၊ ပြည်သူလူထုသို့ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ရောင်း၍ နေထိုင်ရေးအတွက် အဆင်ပြေအောင် ဖြေရှင်းပေးလေ့ရှိသည်။ "ကျွန်တော့်ညီတစ်ယောက် ပြီးခဲ့တဲ့ လကပဲ စင်ကာပူမှာ တိုက်ခန်းဝယ်တယ်။ ၁၀ ရာခိုင်နှုန်းကိုပဲ ပေးဖို့လိုတယ်။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းကို နှစ်သုံးဆယ်ဘဏ်ကနေတစ်ဆင့် ဖြည်းဖြည်းချင်း ဆက်သွားရုံပဲ"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ့ညီ၏ အကြောင်းကို ဂုဏ်ယူစွာပြောသည်။ သူ၏ညီမှာ စင်ကာပူတွင် နိုင်ငံသားပင် ခံယူသူမဟုတ်သေးဘဲ PR(Perminent Resident)သာရထားသည်။

ဎင်းပြောသကဲ့သို့ပင် စင်ကာပူနိုင်ငံမှာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်း အကောင်အထည်ဖော်သည့် နိုင်ငံများအားလုံးတွင် နာမည်ကောင်းရဆုံး နိုင်ငံတစ်နိုင်ငံပင်။ HDB ကော်ပိုရေးရှင်းဟုခေါ်သော အိုးအိမ်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ကို အစိုးရက ဦးဆောင်ဖွဲ့စည်းကာ အိမ်ရာများ ဆောက်လုပ်၍ နိုင်ငံသားများကို နှစ်



ရှည်အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့ကြောင့် အဆိုပါနိုင်ငံတွင် လူတိုင်း အလုပ်တစ်ခုရရှိပါက နေအိမ်နှင့် တိုက်ခန်း၊ ကားဝယ်ရန် အလွန်လွယ်ကူကြောင်းလည်း စင်ကာပူနိုင်ငံသားတစ်ဦးက ၂၀၀၉ခုနှစ်တွင် ဂုဏ်ယူစွာ ပြောဖူးသည်။ ထိုသို့ အစိုးရမှ လူထုသို့ထောက်ပံ့နိုင်ရန် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးမှုမှာလည်း အလွန်အရေးပါသည်။ သို့သော် ဘဏ်များကို လုပ်ပိုင်ခွင့်ပေးရန်လိုကြောင်းလည်း ဎင်းက ဆက်လက်ပြောသည်။

ယခုလပိုင်းအတွင်း မြန်မာနိုင်ငံတွင်လည်း ပုဂ္ဂလိက ဘဏ်အကြီးများ ပေါ်ပေါက်လာခြင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် နေအိမ်ပိုင်လိုသူများအတွက် မျှော်လင့်ချက်တစ်ခုဖြစ်ကြောင်းလည်း ဦးကိုကိုထွေးက ပြောသည်။

ကန်ထရိုက်တိုက် ဆောက်လုပ်သော လုပ်ငန်းရှင်တစ်ဦးက ရန်ကုန်တွင် တန်ဖိုးနည်းအိမ်ရာဟု ခေါ်င်းစဉ်တပ်မထားသော်လည်း ယခုနှစ်ပိုင်းအတွင်း တန်ဖိုးနည်း အိမ်ရာများကို ပေါ်ပေါက်လာနေသည်ဟုဆိုသည်။ အရင်းအနှီးများစွာ မရှိသော ကန်ထရိုက် တိုက်ဆောက်သူများက လှိုင်၊သဃ်န်းကျွန်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးအနီး တစ်ဝိုက်နေရာတချို့တွင် ကျပ်သိန်းတစ်ရာအောက်ဖြင့် ဝယ်ယူ၍ရသော တိုက်ခန်းများ ပိုဆောက်လာခြင်းကို ရည်ရွယ်၍ သူကပြောခြင်းဖြစ်သည်။ ထိုကဲ့သို့ တန်ဖိုးနည်းတိုက်ခန်းများကို အစိုးရမှအကောင်အထည်ဖော်မှုလျော့နည်းသွားသည့်ကာလတွင် အသေးစားကန်ထရိုက်လုပ်ငန်းရှင်များကအကောင်အထည်ဖော်နေသည်ဟု ဎင်းကဆိုသည်။

သို့သော် လူလတ်တန်းစားများအတွက်ပင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက တန်ဖိုးနည်းသည်ဟု ဆိုသော တိုက်များမှာ ဈေးကြီးဆဲဖြစ်သည်။ ထို့ကြောင့် အခြေခံလူတန်းစားနှင့် လူလတ်တန်းစား အများစုရှိသော ရန်ကုန်မြို့မှ မိသားစုအများစုအတွက် နေအိမ်၊ တိုက်ခန်းပိုင်ဖြစ်ရေးလက်ရှိပုံစံများ မပြောင်းလဲ ဝေနေရဖွယ်ဖြစ်သည်ဟု မြို့ခံတချို့ဆိုကြသည်။

အမှန်တကယ် နေထိုင်မည့်သူများအတွက် နေအိမ်နှင့် တိုက်ခန်းဈေးနှုန်းများ ကြီးမြင့်နေခြင်းနှင့်ပတ်သက်၍ မည်သို့ကိုင်တွယ်ဖြေရှင်းရန် အစီအစဉ်ရှိမလဲဟု ၂၀၁၀ ရွေးကောက်ပွဲတွင် ရန်ကုန်မြို့မှ ရွေးချယ်ခံမည့် ကိုယ်စားလောင်းများသို့ ဎင်းတို့၏ မူဝါဒများကို မေးမြန်းကြည့်ရာ ကိုယ်စားလောင်းအများစုက ထိုအတွက် တိတိပပအဖြေမပေးနိုင်သည်ကိုလည်း တွေ့ရသည်။ ပါတီအများစု၏ မူဝါဒမှာလည်း ဒီမိုကရေစီစံချိန်စံညွှန်းပြည့်မီအောင်ကြိုးပမ်းမည်၊ စီးပွားရေးပိုကောင်းအောင် လုပ်မည်၊ ဘယ်လိုဥပဒေသစ်တွေ ပြဋ္ဌာန်းဖို့ကြိုးစားမည်ဆိုသည်က အများဆုံးဖြစ်နေသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများနှင့် စီးပွားရေးပညာရှင်များက ထိုအခြေအနေကို ပြေလည်စွာ ဖြေရှင်းရန်မှာ ဘဏ်စနစ်များ ပိုမိုကောင်းမွန်လာရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများကို အစိုးရမှကူညီထောက်ပံ့ရန်နှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို သက်ဆိုင်ရာကဦးဆောင်၍ စနစ်တကျအကောင်အထည်ပြီး လူထုအားဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရန် စီမံပေးရန်လိုကြောင်း သုံးသပ်ကြသည်။

စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ပါမောက္ခဒေါ်ရီရီမြင့်ကလည်း တန်ဖိုးနည်းအိမ်ရာများကို နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်နိုင်ရန် စီးပွားရေးအင်အား တောင့်တင်းရန်လိုပြီး၊ နိုင်ငံစီးပွားရေးတောင့်တင်းလာပါက ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ဆောင်ရွက်သင့်ကြောင်း ပြောသည်။ သို့သော်လူထုအနေဖြင့်လည်း အစိုးရဆောင်ရွက်ပေးနေမည်ကိုလည်း အရမ်းကာရော မမျှော်လင့်ဘဲ၊ ကိုယ်တိုင်ငွေကြေးရှာဖွေစုဆောင်းသည့်အလေ့အထကောင်းများ ကျင့်သုံးရမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်က အကြံပြုသည်။

အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူတစ်ဦးကလည်း နိုင်ငံတော်အနေဖြင့် တန်ဖိုးနည်းအိမ်ရာများကို ပိုမိုအကောင်အထည်ဖော်ရန်နှင့် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း တန်ဖိုးနည်းအိမ်ရာများကို အမှန်တကယ်အကောင်အထည်ဖော်ရန်လိုကြောင်း သူ၏အမြင်ကို ပြောသည်။ ရန်ကုန်မြို့တွင် ၂၀၀၀ပြည့်နှစ်မတိုင်မီက ယုဇနဥယျာဉ်အိမ်ရာ၊ ကျန်စစ်သားအိမ်ရာ၊ ရွှေခင်းသာအိမ်ရာ၊ အောင်ဇေယျအိမ်ရာကဲ့သို့သော တန်ဖိုးနည်းအိမ်ရာများကို အစိုးရနှင့်ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်။ ထို့ကြောင့် ယခုနောက်ပိုင်းတွင်လည်း လုံးချင်းအိမ်ရာနှင့် အဆင့်မြင့်တိုက်ခန်းများအပြင် အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းအိမ်ရာများ ပြန်ဆောက်ရန် စဉ်းစားသင့်ကြောင်း ဎင်းက ဆက်လက်ပြောသည်။

"နိုင်ငံတော်မပါဘဲနဲ့ လုပ်ရင်တော့ အခက်အခဲတွေ အများကြီးရှိမယ်။ နိုင်ငံတော်ကသာ ဦးဆောင်လုပ်ပေးမယ်ဆိုရင် လုပ်ချင်တဲ့သူ (တန်ဖိုးနည်းဆောက်လိုသောလုပ်ငန်းရှင်)တွေပိုများလာနိုင်တယ်။ လွယ်လွယ်ကူကူလေးနဲ့ ကူညီလို့ရမယ်ဆိုရင်တော့ ကူညီချင်တဲ့သူတွေ ပိုများလာမှာပေါ့။ အဲဒါဆိုလို့ရှိရင်အဆင်ပြေသွားမှာပါ"ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက သူ၏ အမြင်ကိုပြောသည်။

ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှစသော နိုင်ငံပေါင်းများစွာကို ရောက်ခဲ့ဖူးပြီးဖြစ်သော သင်္ဘောသား ကိုကျော်သန်းကလည်း သူရည်ရွယ်သည့်အတိုင်း တိုက်ခန်းပိုင်ဖြစ်ရေးအတွက် သူ၏မျှော်လင့်ချက်ကို အောက်ပါအတိုင်းဖွင့်ဟသည်။ "ကျွန်တော်က သင်္ဘောသမားဆိုတော့ သုံးချက်တီး တွက်နည်းနဲ့ တွက်ကြည့်တော့ ရတာရယ်၊ ကုန်တာရယ်နဲ့ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး။ အဲဒီတော့ ပြောင်းလဲ မှုတစ်ခုကိုပဲ မျှော်လင့်မိတယ်။ ပြောင်းလဲပြီး အခွင့်အရေးတွေ ရလာဖို့ပဲ မျှော်လင့်မိတယ်"။

သူ၏ဇနီးဖြစ်သော မယဉ်ယဉ်နွယ်ကမူ တိုက်ခန်းဈေးကြီးသော မြို့ထဲတွင်သာနေလိုသောဆန္ဒကိုဖျောက်၍၊ မိမိတို့ငွေကြေးနှင့် ဝယ်ယူနိုင်သော ပုလဲမြို့သစ်ဘက်တွင်သာ အိမ်နှင့်မြေသွားဝယ်တော့မည်ဟု ပြောသည်။

---



## ဘဝအလှာအသီးသီးမှ ပုဂ္ဂိုလ်တိုင်းနှင့်သက်ဆိုင်သော . . .

**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်၊ ကောင်းမြတ်စင်ကြယ်သောအကြံအစည်၊ ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု၊ ကောင်းမြတ်စင်ကြယ်သောကာယကံမှု၊ ကောင်းမြတ်စင်ကြယ်သောအသက်မွေးမှု၊ ကောင်းမြတ်စင်ကြယ်သော အားထုတ်မှု၊ ကောင်းမြတ်စင်ကြယ်သောအောက်မေ့မှုနှင့် ကောင်းမြတ်စင်ကြယ်သော တည်ကြည်မှု စသည့်အကျင့်မှန်တရားများကို မဂ္ဂင်ရှစ်ပါးဟုခေါ်ဆိုကြောင်း မြတ်ဗုဒ္ဓဆုံးမလမ်းပြထားသည်။ မဂ္ဂင်ရှစ်ပါးကျင့်ကြံ အားထုတ်ရာတွင် အရေးအကြီးဆုံး သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးစောင့်ထိန်းကျင့်ကြံနိုင်မှုသည် ဘဝအလှာအသီးသီးမှ ပုဂ္ဂိုလ်တိုင်းနှင့်သက်ဆိုင်မှုရှိသည်။

သီလအဆင့်ဟူသည်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို မလွန်ကျူးမပြုကျင့်ဘဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ သမာဓိအဆင့်ဟူသည်မှာ ပျံ့လွင့်နေသောစိတ်ကို မပျံ့လွင့်စေဘဲ တစ်ခုတည်းသောအာရုံ၌ ကောင်းစွာတည်ငြိမ်အောင်ပြုလုပ်ခြင်းဖြစ်သည်။ ပညာအဆင့်သည် သိက္ခာသုံးပါးတွင် အရေးအကြီးဆုံးအဆင့်ဖြစ်ပြီး၊ ပညာအဆင့်သို့မရောက်ဘဲ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဟု ဗုဒ္ဓဟောကြားတော်မူသည်။

ရည်ညွှန်း - ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(၁၈၉၆ - ၁၉၈၇) "ဓမ္မပဒ"

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ပြင်ပစက်သုံးဆီဈေးများ မြင့်တက်လာ

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ - ၉

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များ စတင်ဖွင့်ချိန်မှ ၃ လကျော်အတွင်း ဈေးငြိမ်နေခဲ့သော ပြင်ပစက်သုံးဆီဈေးနှုန်းများမှာ ယခုလဆန်းမှစကာ မြင့်တက်လာခဲ့ကြောင်းပြင်ပစက်သုံးဆီဈေးကွက် မှစုံစမ်းသိရသည်။**

ပြင်ပစက်သုံးဆီဆိုင်များ၏ ဈေးနှုန်းသာ သိသာစွာမြင့်တက်သွားပြီး ပုဂ္ဂလိကဆီဆိုင်များမှ ရောင်းချနေသော ဈေးနှုန်းများမှာ သိသာစွာ ပြောင်းလဲမှုမရှိကြောင်း သိရသည်။ ပြင်ပစက်သုံးဆီဈေးကွက်အတွင်းရှိ ဒီဇယ်ဈေးနှုန်းမှ စက်တင်ဘာလကုန်ပိုင်းတွင် တစ်ပီပါလျှင် ၁၂၉,၀၀၀ ကျပ်မှ ယခုရက်ပိုင်း၌ ၁၃၅,၀၀၀ကျပ်သို့လည်းကောင်း၊ ပြင်ပဓာတ်ဆီဈေးနှုန်းမှာ တစ်ပီပါလျှင် ၁၃၀,၀၀၀ ကျပ်မှ ၁၄၇,၀၀၀ကျပ်သို့လည်းကောင်း ဈေးနှုန်းများမြင့်တက်သွားကြောင်းပြင်ပဈေးကွက်၌ စက်သုံးဆီရောင်းချနေသူတစ်ဦးကပြောသည်။

"ဆီဈေးက ဒီလဆန်းလောက်ကစပြီး တက်လာတာ။ ဆီကအသွင်းနည်းလို့ ကုမ္ပဏီတွေကလည်း ဆီလိုသလောက် မပေး ဘဲထိန်းရောင်းနေလို့ ဈေးတက်လာတာ"ဟု အထက်ပါဆီဆိုင်ပိုင်ရှင်ကပြောသည်။

"ကျွန်တော်တို့ဆိုင်တွေက ဈေးသိပ်မပြောင်းဘူး။ ဓာတ်ဆီဈေးဆို ကန့်သတ်ချက်နဲ့ဆိုတော့ လုံးဝမပြောင်းဘူး။ တခြားဆီတွေကလည်း တစ်ဂါလန်ကို ၁၀၀၊ ၂၀၀ ကျပ်လောက်ပဲ အတက်အကျရှိ တယ်"ဟု ပုဂ္ဂလိက စက်သုံးဆီဆိုင်တစ်ဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။

ယခုတစ်ပတ်တွင် ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ရောင်းချသော ဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃,၀၀၀ကျပ်၊ အောက်တိန်းဒီဇယ်မှာ တစ်ဂါလန် ၃,၁၀၀ကျပ်နှင့် ပရီမီယမ် ဒီဇယ်မှာ တစ်ဂါလန် ၃,၁၀၀ကျပ်ရှိကြောင်းသိရသည်။

နိုင်ငံပိုင်စက်သုံးဆီဆိုင်များကို ဖေဖော်ဝါရီလတွင် လုပ်ငန်းရှင်များသို့ စတင်လွှဲပြောင်းခဲ့ပြီး ဇွန်လဆန်းပိုင်းတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံး စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

## စာ-၆၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် ရေကြီးရေလျှံနေ မှ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွန်းလှမြို့နယ်ဒေသခံတစ်ဦးဖြစ်သော အသက် ၂၂ နှစ်အရွယ်ရှိ မမုန်းမုန်းကဆိုသည်။

မြန်မာနိုင်ငံနှင့်တစ်ဝန်းလုံးရှိ ဒေသအတော်တော်များများတွင်ဖြစ် တစ်ပြိုင်တည်းဖြစ်ပေါ်နေသော စံချိန်တင်မိုးရွာသွန်းမှုများနှင့် ရေကြီး၊ ရေလျှံမှုများကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ကျေးရွာများတွင်လည်း မြစ်ရေကြီးခြင်းများ၊ မြေပြိုကျခြင်းများ၊ ကမ်းပါးပြိုကျခြင်းများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ရေကြီးခြင်းအကျိုးဆက်ကိုခံနေရသော အခြားမြို့နယ်များနည်းတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီးနှင့် အနီးတစ်ဝိုက်ကျေးရွာများနှင့်မြို့နယ်များတွင်လည်း မိုးသည်းထန်စွာသုံးလေးရက်ဆက်တိုက်ရွာသွန်းမှုများကြောင့် မကွေးမြို့မှရေနံချောင်းမြို့သို့ဖြတ်ရသည့် ဒေါင်းနေချောင်းတွင်ရေလျှံမှုဖြစ်ပေါ်နေသည့်အတွက် မကွေးမှရေနံချောင်းမြို့သို့သွားမည့် ခရီးသည်တင်ကားများ မကွေးမြို့ ဘက်ခြမ်းတွင် သုံးရက်နီးပါးကားရပ်နားထားရကြောင်းသိရသည်။

စံချိန်တင်မိုးရေချိန်ဝင်သည့်နေရာဒေသစာရင်းတွင်ထိပ်ဆုံးနားမှ ရပ်တည်နေသည့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင်တွင်လည်း ချောင်းရေများလျှံခြင်းများဖြစ်ပေါ်နေပြီး ယခုတစ်ပတ်အတွင်း မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေသည်ဟု ဒေခံများထံမှစုံစမ်းသိရှိရသည်။

ထို့အပြင် မန္တလေးမြို့အတွင်းတွင်လည်း ရေကြီးမှုများကြောင့် ရေလွတ်ရာနေရာများမှ ဒေသခံများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေဘေးဒုက္ခသည်များသို့ ထမင်းထုပ်များပေးဝေပေးခြင်းဖြင့် ကူညီနေကြကြောင်းသိရသည်။



**မုံရွာမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး အင်းရွာသစ်အင်းမှ ရေလျှံမှုကြောင့် ရေလွှမ်းမိုးခဲ့သော လယ်တီရပ်ကွက်တွင် ထမင်းထုပ်များ လိုက်လံဝေငှနေစဉ်။ ဓာတ်ပုံ - ဝေယံမြတ်ဦး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်ခဲ့သည့် မုန်တိုင်းငယ်ကြောင့်မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်လာခဲ့သည့် မိုးသည်းထန်စွာရွာသွန်းပြီး၊ ရေကြီးခြင်း၊ ရေလျှံခြင်းများ၊မြေပြိုခြင်းများကြောင့်ရေဘေးဒုက္ခခံဒေသခံတို့အခက်အခဲအမျိုးမျိုးနှင့်ကြုံတွေ့နေခြင်းကိုသက်ဆိုင်ရာအဖွဲ့အစည်းများမှ လိုက်လံကူညီပေးနေကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

မိုးလေဝသပညာရှင်ဦးထွန်းလွင်၏ ကိုယ်ပိုင်အင်တာနက်စာမျက်နှာ ဖြစ်သောhttp://www.tunlwin.com တွင်မူ ယခုလ ၁၀ ရက် နံနက် ၇ နာရီ၊ လေးဆယ့်ငါးမိနစ်တွင်နောက်ဆုံးထုတ်ပြန်ထားသော မိုးလေဝသသတင်းထုတ်ပြန်ချက်အရ ထုတ်ပြန်သည့်မနက်ခုနစ်နာရီမှနောက်ထပ် နှစ်ဆယ့်လေးနာရီအတွင်းတွင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးမြောက်ပိုင်းဒေသများတွင် နေရာစိပ်စိပ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမှ ကျဲကျဲမိုးရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများတွင်မူ ဒေသအလိုက်မိုးကြီးမှုများဖြစ်ပေါ်နိုင်ကြောင်းဖော်ပြထားသည်။

ယင်းကဲ့သို့ဖြစ်ပေါ်လာခဲ့ပါက တောင်ကြားဒေသများတွင် ရုတ်တရက်ရေကြီးမှုများဖြစ်ပေါ်လာနိုင်ကြောင်းဖော်ပြထားသည်။သို့သော်မုန်တိုင်းကျရောက်လောက်သည်အထိမကျယ်ပြန့်သော်လည်း အတိုင်းအတာတစ်ခုအထိအသေအပျောက်အပျက်အစီးရှိနိုင်သဖြင့် သက်ဆိုင်ရာဒေသခံများအနေဖြင့် သတိထားခြင်းများပြုလုပ်စေလိုကြောင်းသတိပေးထုတ်ပြန်ထားသည်။

ထို့အပြင်ရွာသွန်းသည့်မိုးများသည်ဒေသအတွင်းရှိမြစ်များ၏ရေဝေရေလဲဒေသများတွင် မိုး ပိုမိုများနိုင်သဖြင့်မြစ်ရေများလျင်မြန်စွာ တက်လာနိုင်သည်ကိုဂရုပြုရန်လိုအပ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အားကောင်းသည့် မိုးတိမ်တောင်ကြီးများဖြစ်ပေါ်နိုင်သဖြင့် လေပြင်းများတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းများ ကျရောက်တတ်ခြင်း၊ မိုးကြိုးပစ်ခတ်မှုများ ဖြစ်ပေါ်တတ်ခြင်းများဖြစ်ပေါ်နိုင်ကြောင်းကိုလည်း ဖော်ပြထားသည်။

ထို့အပြင် ကျန်ရှိနေသေးသော အောက်တိုဘာနှင့်နိုဝင်ဘာလများတွင်လည်း စာရင်းအင်းလေ့လာမှုများအရလည်းကောင်း၊ ပုံသဏ္ဍာန်တူနှစ်များ၏လေ့လာမှုအဖြေအရလည်းကောင်း ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းဖြစ်ရန်အလားအလာများရှိနေသေးကြောင်း မိုးလေဝသပညာရှင်ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖော်ပြထားသည်။

ဘင်္ဂလားပင်လယ်အော် အတွင်းဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေများကြောင့် မြန်မာနိုင်ငံတွင်ရေကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုကျခြင်းများဖြစ်ပေါ်ပြီး လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီး အသက်ဆုံးရှုံးမှု အနည်းငယ်ဖြစ်ပေါ်နေသည်နှင့် တစ်ပြိုင်တည်းမှာပင် ဗီယက်နမ်နိုင်ငံတွင် ရေကြီးမှုကြောင့် လူပေါင်း ၆၂ဦးသေဆုံးပြီး ၂၀ဦးပျောက်ဆုံးနေသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးသုံးရက်ဆက်တိုက်ရွာသွန်းမှုကြောင့် ရေကြီးပြီး လူပေါင်းတစ်ဆယ့်ခုနှစ်ဦးသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

## မျက်နှာဖုံး-အထပ်မြင့်တိုက်စီမံကိန်းအချို့ လုပ်ငန်းများရပ်ဆိုင်း မှ

ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်အအုံစီမံကိန်း ၇၀ ကျော်ရှိပြီး၊ ထိုစီမံကိန်းများကို သက်ဆိုင်ရာက ၂၀၁၀ မတ်လအကုန် ဆောက်လုပ်ရန် နောက်ဆုံးရက်သတ်မှတ်ပေးခဲ့သည်။ နောက်ဆုံးရက် သတ်မှတ်စဉ်က သတ်မှတ်ရက်အတွင်း အပြီးမဆောက်နိုင်လျှင် ထိုစီမံကိန်းကို ပြန်သိမ်းမည်ဟုပါဝင်ခဲ့သည်။ သို့သော် စီမံကိန်းအများစုမှာ သတ်မှတ်ကာလအတွင်းမပြီး၍၊ နောက်ဆုံးရက်သတ်မှတ်ခြင်းကို သက်ဆိုင်ရာက ပယ်ဖျက်ပေးခဲ့ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထိုသို့ အပြီးဆောက်လုပ်ရမည့် နောက်ဆုံးရက်မရှိတော့သော်လည်း ထိုစီမံကိန်းများထဲမှ အများစုမှာ လုပ်ငန်းဆောင်ရွက်မှုရပ်နားသွားပြီဖြစ်ပြီး၊ စီမံကိန်း ၁၄ခု၊ ၁၅ခုဝန်းကျင်သာ လက်ရှိကာလ၌ ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောသည်။ သို့သော်ထိုစီမံကိန်းများထဲမှ လုပ်ငန်းများ လုံးဝပြီးစီးသွားသော စီမံကိန်းအချို့လည်းရှိသည်။

"၇၀ရာခိုင်နှုန်းလောက် ရပ်သွားပြီ"ဟု ဆောက်လုပ်မှုရပ်သွားသော အထပ်မြင့်တိုက်စီမံကိန်းများအရေအတွက်ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။ အထပ်မြင့်တိုက်စီမံကိန်းများကို ရပ်နားထားရာမှ လုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်နေသော ဆောက်လုပ်ရေးလုပ်ငန်းအချို့မှာလည်း ရွေးကောက်ပွဲလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပိုကောင်းလာမည်ဟု မျှော်လင့်၍ဖြစ်ကြောင်းသိရသည်။

သို့သော် ထူးခြားမှုမှာ အထပ်မြင့်တိုက်စီမံကိန်း ဆက်လက်ဆောက်လုပ်သောလုပ်ငန်းအချို့မှာ ယခင်အကောင်အထည်ဖော်မည်ဆိုသော အထပ်အရေအတွက်များကိုလျှော့ချကာ ဆောက်လုပ်နေမှုဖြစ်သည်။ယခင် အထပ်အမြင့် ၂၀ ဝန်းကျင်ဆောက်လုပ်မည်ဆိုသော ထိုစီမံကိန်းများမှာ ယခုအခါရှစ်ထပ်ဝန်းကျင် ဆောက်လုပ်ကြတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောသည်။ ထိုစီမံကိန်းများမှာ ၂၀၀၂၊ ၂၀၀၃ခုနှစ်ဝန်းကျင်ကာလများတွင် အများဆုံးပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ နိုင်ငံတော်နှင့် အကျိုးတူစီမံကိန်းများဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်စကအကျိုးအမြတ်ခွဲဝေမှုအချို့မှာ စီမံကိန်းအကောင်အထည်ဖော်သည့်ကုမ္ပဏီက ၈၀ရာခိုင်နှုန်း၊ နိုင်ငံတော်က ၂၀ရာခိုင်နှုန်းဖြစ်ပြီး၊ ယခုနောက်ပိုင်းတွင်ဆောင်ရွက်ဆဲ စီမံကိန်းများမှာ ကုမ္ပဏီက ၆၀ရာခိုင်နှုန်း၊ နိုင်ငံတော်က ၄၀ရာခိုင်နှုန်းဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်များက ဆက်လက်ပြောကြားသည်။ ထိုသို့ အထပ်မြင့်တိုက်စီမံကိန်းများ ရပ်နားသွားကြခြင်း၏ အကြောင်းအရင်းတစ်ခုမှာ အကျိုးအမြတ်ခွဲဝေမှုအချိုး ပြောင်းလဲသွားခြင်းကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-ဘဏ်သို့ လာရောက်အပ်နှံငွေများ လက်ခံရာတွင် ငွေစက္ကူအတုများ သေချာစိစစ်ရန်ညွှန်ကြား မှ

ယင်းတို့ထဲမှ သိသာထင်ရှားသည့်ခွဲခြားမှုမှာ ဗဟိုဘဏ်မှ ထုတ်လုပ်ထားခြင်းမဟုတ်သည့် ငွေစက္ကူသည် သာမန်ငွေစက္ကူနှင့် နှိုင်းယှဉ်ပါက မတူညီမှုနှစ်ခုရှိကြောင်း၊ ပထမတစ်နည်းမှာ သာမန်ငွေစက္ကူသည် တန်ဖိုးဂဏန်းစာလုံးကြီးများ ရိုက်နှိပ်ထားသည့်နေရာတွင် အနည်းငယ်ကြမ်းတမ်းသည်။ သာမန်မဟုတ်သည့် ငွေစက္ကူသည် အဆိုပါဂဏန်းစာလုံးနေရာတွင် ချောမွေ့နေသည်။

ယင်းကဲ့သို့ပင် သာမန်ငွေစက္ကူများ၌ အဖြူကွက်တွင် ရေစာကဲ့သို့ ဂဏန်းစာလုံးနှင့် ရုပ်ပုံမှာ ထင်ရှားပြီး သာမန်မဟုတ်သည့် ငွေစက္ကူသည် အဆိုပါသိသာထင်ရှားမှုများမရှိကြောင်းလည်း သိရသည်။

## စာ-၄၊ မွေး/ရေဘဏ်က အတိုးမှန်မှန်ဆပ်သူများကိုသာ ထပ်မံတိုးမြှင့်ချေးရန် ဆုံးဖြတ် မှ

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် ၁၉၉၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဘဏ်၏အစုရှယ်ယာတစ်ခုလျှင် ကျပ်၅၀၀,၀၀၀ဖြင့် အစုရှယ်ယာ စုစုပေါင်း ၁၀,၀၀၀ သတ်မှတ်ရောင်းချခဲ့သည်။

ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၂၀၀၅-၀၆ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃၅,၄၉၆ ရှိခဲ့သော်လည်း ၂၀၀၉-၁၀တွင် ကျပ်သန်းပေါင်း တစ်သိန်းကျော်အထိ ရှိနေပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

# Health

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

ယခုကဲ့သို့ ရာသီအကူးအပြောင်း အချိန်တွင် အပူအအေးရုတ်တရက်ပြောင်းလဲခြင်းများကြောင့် အအေးမိခြင်း၊ အပူရှပ်ခြင်း၊ ရေချိုးမှားခြင်း စသည်များ ကလေးများတွင် ဖြစ်ပေါ်လေ့ရှိကြသည်။

ထို့အပြင် ယခုအချိန်သည် ကလေးများတွင် အများဆုံးဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါသည်လည်း ခေါင်းထောင်လာရန် ဟန်ရေးတပြင်ပြင်ဖြစ်နေသည့် အချိန်ဖြစ်သည်။

အအေးမိခြင်း၊ အပူရှပ်ခြင်း၊ စသည်များဖြစ်ပေါ်ခြင်းကြောင့် ကလေးများတွင် အပူကြီးခြင်း အဖျားတက်ခြင်းများ ဖြစ်ပေါ်နိုင်သကဲ့သို့ သွေးလွန်တုပ်ကွေးကြောင့်လည်း အပူကြီး အဖျားတက်ခြင်းများဖြစ်ပေါ်နိုင်သည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကလေးငယ်များ အပူကြီး၊အဖျားတက်ခြင်းနှင့် လွဲမှားသည့် ပြုစုနည်းများ

သီဟ

မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ရုတ်တရက်ဖျားနာပါက စိုးရိမ်ပူပန်စိတ်ဖြင့် တစ်ခါတစ်ရံ လွဲမှားသည့် ပြုစုမှုများဖြင့် ကလေးငယ်များအား အဖျားကျစေရန် ပြုလုပ်လေ့ရှိကြရာ အချို့သော နည်းလမ်းများမှာ ကလေးအပူမကျစေရုံမျှမက ကလေး၏ရောဂါအား ပိုမိုဆိုးဝါးစေနိုင်ကြောင်းသိရသည်။

မိဘအုပ်ထိန်းသူများသည် ကလေးများ ဖျားနာပါက ကလေးငယ်အား နွေးနွေးထွေးထွေးရှိစေရန် အနွေးထည်များ အထပ်ထပ်ဝတ်ဆင်ပေးထားခြင်း ထိုမျှဖြင့် အားမရဘဲ စောင်အထပ်ထပ်ခြုံပေးထားခြင်းတို့ ပြုလုပ်လေ့ရှိကြရာ အဆိုပါနည်းလမ်းသည် ကလေး အပူကျရန်ခက်ခဲသည့် နည်းလမ်း တစ်ခုပင်ဖြစ်သည်ဟု ကလေးအ ထူးကုဆရာဝန်ကြီးတွဲဖက် ပါမောက္ခ ဒေါက်တာ ယုဇနစောမြင့်ကပြောသည်။

ကလေးများ ဖျားနာခြင်းသည် ခန္ဓာကိုယ်အတွင်း ပိုးတစ်ခုခုရှိနေ၍ဖျားနာခြင်းဖြစ်ကာ ထိုပိုးအားကလေးခန္ဓာကိုယ်အတွင်းမှ ထွက်သွားစေရန် ကိုယ်ပူကျဆေးများတိုက်ရမည့်အပြင် ကလေးအားမှန်ကန်သည့် နည်းလမ်းဖြင့် ပြုစုပေးရန် လိုအပ်ကြောင်းသိရသည်။

များသောအားဖြင့် မိဘအုပ်ထိန်းသူများသည် ကလေးဖျားနာပါက ကလေးအား ရေချိုးပေးခြင်း၊ ရေပတ်တိုက်ပေးခြင်း တို့အား ပြုလုပ်လေ့မရှိကြတော့ကြောင်း သိရသည်။

ရေချိုးခြင်းသည် ကိုယ်တွင်းအပူချိန်နှင့် ပတ်ဝန်းကျင်အပူချိန်အား သဟဇာတဖြစ်စေရန် လုပ်ပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း ဒေါက်တာယုဇနစောမြင့် ကပြောသည်။

သို့သော် အိမ်တွင်ရှေးလူကြီးများရှိပါက ဖျားနေသည့် ကလေးအားရေချိုးပေးခြင်း ရေပတ်တိုက်ပေးခြင်းအား ကန့်ကွက်လေ့ရှိကြကြောင်းသိရသည်။

အပူကြီး အဖျားတက်နေသည့် ကလေးအား ရေချိုး ရေပတ်တိုက်ပေးရာတွင်လည်း ကလေးငယ်အား ရေထဲတွင် အချိန်ကြာကြာစိမ်ထားခြင်းမျိုး၊ ကလေးအားရေနှင့် ဆော့ကစားစေခြင်းမျိုးများအား မပြုလုပ်စေဘဲ လေကွယ်သည့်နေရာတွင် ခပ်မြန်မြန်လောင်းချပေးခြင်းမျိုး ပြုလုပ်သင့်သည်ဟု သိရသည်။

ကလေးအား ရေပတ်တိုက်ပေးမည် ဆိုပါကလည်း ကလေးအပူစုနေနိုင်သည့် ချိုင်းကြား၊ လည်ပင်း၊ ပေါင်ခြံ စသည့်နေရာများ အဝတ်ရေစို ရွှဲရွှဲဖြင့်ပွတ်တိုက်ပေးရမည် ဖြစ်ကြောင်းသိရသည်။

ဖျားနာနေသည့် ကလေးအား ရေပတ်တိုက်ပေးခြင်း၊ ရေချိုးပေးခြင်းတို့ မပြုလုပ်ဘဲ အလုံခန်းထဲတွင် အနွေးထည် အထပ်ထပ် စောင်အထပ်ထပ်ဖြင့် ပတ်ထုပ်ထားပါက ရေနွေးအိုးအား အစွပ်စွပ်ထားသကဲ့သို့ပင်ဖြစ်သည်ဟု ဒေါက်တာ ယုဇနစောမြင့်ကပြောသည်။

"ရေနွေးအိုးကို အစွပ် စွပ်ထားတယ်ဆိုတာ အပူကြာကြာခံအောင်လုပ်ထားတာပဲ အဲဒီလိုပဲ ကိုယ်ပူနေတဲ့ကလေးကိုလည်း အထပ်ထပ်ပတ်ထုပ်ထားတော့ ကလေးကိုယ်ထဲက အပူကိုကြာကြာခံအောင်လုပ်ထားသလိုဖြစ်ပြီး ကလေးက အပူကျဖို့ခဲယဉ်းသွားလိမ့်မယ်၊ အဲဒီအခါကျတော့ ကလေးက အပူကြီးပြီး နောက်ပိုင်းကျရင် တက်တာတို့ ဘာတို့တောင်ဖြစ်လာနိုင်တယ်"ဟု ဒေါက်တာ ယုဇနစောမြင့်က ပြောသည်။

စာ(၁၄)သို့

# ဦးနှောက်တွင် အကျိတ်ဖြစ်ခြင်း

ဝတ်ရည်အောင်



ကိုယ်ခန္ဓာတစ်ခုလုံး၏ လှုပ်ရှားမှုများကို ထိန်းချုပ်ထားသော ဦးနှောက်သည် ဆန်းကြယ်ရှုပ်ထွေးသော အစိတ်အပိုင်းများဖြင့် တည်ဆောက်ထားပြီး အသိဉာဏ်မှတ်ဉာဏ်အပြုအမူများအားထိန်းချုပ်သည့် နေရာ၊ လက်လှုပ်၊ ခြေလှုပ်စသည့် လှုပ်ရှားမှုများအား ထိန်းချုပ်သည့်နေရာ၊ စကားပြောအမြင်အာရုံအား ထိန်းချုပ်သည့်နေရာလည်းဖြစ်သည်။

ထိုကဲ့သို့ လှုပ်ရှားမှုများအား ထိန်းချုပ်ထားသည့်ဦးနှောက်တွင် ပြဿနာတစ်ခုခုဖြစ်ပါက ထိုလှုပ်ရှားမှုစနစ်များ ပျက်ယွင်းသွားလေ့ရှိသည်။

ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနသို့ ရောက်လာသည့် လူနာများ၏ ၆၀ရာခိုင်နှုန်းမှာ ပုံမှန်အားဖြင့် ဦးနှောက်တွင် မတော်တဆထိခိုက်မှုတစ်ခုခုကြောင့် ရောက်လာသည့်လူနာများဖြစ်ပြီး ဒုတိယအများဆုံးမှာ ဦးနှောက်တွင် အကျိတ်ဖြစ်သည့် လူနာများဖြစ်ကြောင်းရန်ကုန်ဆေးရုံကြီးဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနမှခွဲစိတ်အထူးကုဆရာဝန်ပါမောက္ခဦးဝင်းမြိုင်ကပြောသည်။

"ဒီဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနနှစ်ထပ်လုံးမှာ ဦးနှောက်အကျိတ်ရောဂါရှင် တစ်လကို အယောက် ၂၀ကနေ ၃၀ကြားခွဲစိတ်နေရတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ဦးနှောက်တွင် အကျိတ်ဖြစ်ခြင်းသည် ကလေးလူကြီးမရွေးဖြစ်ပွားနိုင်ပြီး နေထိုင်မှုပုံစံ၊ အစားအသောက်မျိုးရိုးများနှင့်သက်ဆိုင်ခြင်းမရှိကြောင်းသိရသည်။

"ဦးနှောက်အကျိတ်ဖြစ်တာက အဲဒါတွေနဲ့ ဆက်စပ်မှုရှိမရှိဆိုတာတော့ အခုချိန်ထိမသိနိုင်သေးပါဘူး"ဟု ပါမောက္ခဦးဝင်းမြိုင်ကပြောသည်။ ဦးနှောက်တွင် အကျိတ်ဖြစ်သည့်အခါ ကလေးများတွင် များသောအားဖြင့် ကင်ဆာအမျိုးအစားထဲတွင်ပါဝင်လေ့ရှိသည်။ လူကြီးများတွင် ရိုးရိုးအကျိတ်နှင့် ကင်ဆာအကျိတ်များ ဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

ကလေးများ၏ ဦးနှောက်တွင် အကျိတ်ဖြစ်ပေါ်သည့်အခါ စကားမပြောနိုင်သည့်အရွယ်တွင် ကလေးမှာ ငိုနေခြင်း၊ ဂျီကျခြင်း၊ မှိန်းခြင်း၊ အန်ခြင်း၊ လမ်းလျှောက်တတ်သည့်အရွယ်တွင် လမ်းမလျှောက်နိုင်၍ လဲကျခြင်းတို့မှာ ဦးနှောက်အကျိတ်ရောင်ခြင်း၏လက္ခဏာများဖြစ်သည်။


လူကြီးများတွင်လည်း ခေါင်းကိုက်ခြင်း၊ အရှိန်ဖြင့်အန်ခြင်း၊ မျက်စိများဝေဝါးခြင်း၊ ပုံရိပ်များ ထပ်ခြင်း၊ လေဖြတ်သကဲ့သို့ ခန္ဓာကိုယ်တစ်ခြမ်းလေးလံခြင်း၊ တက်ခြင်းတို့မှာ ဦးနှောက်အကျိတ် ရောင်ခြင်း၏ ရောဂါလက္ခဏာများဖြစ်ကြောင်း ဒေါက်တာဦးဝင်းမြိုင်ကပြောသည်။

"လူကြီးတွေမှာ အကျိတ်ကြောင့်ခေါင်းကိုက်တဲ့ပုံစံကသိသာတယ်။ မနက်အိပ်ရာထတဲ့အချိန်တိုင်း နေ့တိုင်းဖြစ်ပြီး ကျန်တဲ့အချိန်မှာတော့ ခေါင်းကိုက်တာမျိုးမရှိဘူး။ ပြီးတော့ အကျိတ်ဖြစ် ပေါ်တဲ့နေရာပေါ်မူတည်ပြီး ရောဂါလက္ခဏာတွေပြသတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

အချိန်မီဆေးကုသမှုမရှိသည့်အခါ လူနာသည် တဖြည်းဖြည်းမှိန်းလာပြီးနောက်ဆုံးအဆင့်တွင် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်းသိရသည်။

"အရင်ကတည်းက ဒီရောဂါဖြစ်ပွားနေတာ။ ဒါပေမဲ့ အရင်တုန်းကမသိကြတဲ့အတွက် နယ်မှာဆိုရင်လည်း ကိုယ်တစ်ခြမ်းလေးလာရင် လေဖြတ်တယ်ဆိုပြီး မြန်မာဆေးဆရာတွေ၊ အနှိပ်သည်တွေနဲ့ ပြသရင်း နောက်ဆုံးအသက်သေသွားကြတာတွေရှိတယ်"ဟု ဒေါက်တာဦးဝင်းမြိုင်က ပြောသည်။

ဦးနှောက်တွင် အကျိတ်ဖြစ်ပါက ဦးနှောက်ဓာတ်မှန်ရိုက်၍ သိနိုင်ပြီး၊ ဦးနှောက်အကျိတ်တွင် အစိုင်အခဲအကျိတ်နှင့် အရည်အိတ်အကျိတ်နှစ်မျိုးရှိကြောင်းသိရသည်။ စာ(၁၄)သို့



# အသည်းအစားထိုးကုသမှုအတွက် ငွေကျပ်သိန်း ၆၀၀ခန့်ကုန်ကျ

ရန်ကုန်၊ အောက်တိုဘာ - ၉

ဒုတိယအကြိမ်မြောက် အသည်းအစားထိုးလူနာမှာ ကျန်းမာရေးကောင်းမွန်နေပြီး ထိုအစားထိုးကုသမှုအတွက် ငွေကျပ်သိန်း ၆၀၀ခန့် ကုန်ကျခဲ့ကြောင်း ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးနော်မန်လှကပြောသည်။

ခွဲစိတ်မှုကုန်ကျစရိတ်အား နိုင်ငံတော်မှအဓိကကျခံပြီး ပုဂ္ဂလိက အလှူရှင်များနှင့် လူနာရှင်များလည်း အကုန်အကျခံပါဝင်ခဲ့ကြောင်းအဆိုပါဆရာဝန်ကပြောသည်။ ထိုခွဲစိတ်မှုသည် ပထမဆုံးအကြိမ် အသက်ရှင်နေသူထံမှ အသည်းတစ်ဝက်ရယူပြီးအသည်းဝေဒနာရှင်အား အသည်းအစားထိုးခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။ လူနာဦးအောင်မြင့်နိုင်နှင့်အသည်း အလှူရှင်ဦးလင်းထက်လှိုင်တို့နှစ်ဦးမှာ ယောက်ဖတော်စပ်ကြောင်းသိရသည်။ ထိုခွဲစိတ်မှုကို ဒီဇင်ဘာ ၂၄ရက်က ပြုလုပ်ခဲ့ရာ ခွဲစိတ်ချိန် ၂၄နာရီကြာမြင့်ပြီး ထိုခွဲစိတ်မှုတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ နှလုံးအထူးကုဆရာဝန်ကြီးများ၊ အသည်းအထူးကုဆရာဝန်ကြီးများ၊ ဓာတ်မှန်ဌာနမှ ဆရာဝန်ကြီးများ၊ ရောဂါဗေဒဆိုင်ရာ ဆရာဝန်ကြီးများ ပါဝင်ကူညီခဲ့ကြောင်းသိရသည်။

ပထမတစ်ကြိမ်အသည်း အစားထိုးကုသမှုမှာသေဆုံးပြီး အမျိုးသမီးတစ်ဦးထံမှ အသည်းဝေဒနာရှင် ဦးခင်ဇော်ထက်အား အစားထိုးကုသခဲ့ခြင်းဖြစ်ပြီး နောင်အဖက်ဖက်မှ အဆင်ပြေခဲ့ပါက ထိုကဲ့သို့ အစားထိုးကုသမှုများဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာနော်မန်လှကပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## စာ-၁၃၊ ကလေးငယ်များ အပူကြီးအဖျားတက်ခြင်းနှင့် လွဲမှားသည့် ပြုစုနည်းများ မှ

ကလေးအား ရေပတ်တိုက်ခြင်း ရေချိုးပေးခြင်းတို့ ပြုလုပ်ပြီးပါကလည်း ကလေးခန္ဓာကိုယ်ပေါ်မှ ရေစက်များ ခြောက်သွေ့စေပြီး ကလေးငယ်အား မထူမပါးပိတ်အင်္ကျီဘောင်းဘီများဝတ်ဆင်ထားစေကာ အခန်းကိုလည်း လေဝင်လေထွက်ကောင်းစေရန် ပြုလုပ်ထားရမည်ဖြစ်ကြောင်းသိရသည်။

အပူခာတ်သည် များရာမှ နည်းရာသို့ စီးဆင်းတတ်သည့် အလေ့အထရှိရာ အခန်းအပူချိန်သည် ကလေးအပူချိန်ထက်လျော့နည်းမှသာလျှင် ကလေးဆီမှ အပူများ အခန်းအတွင်းသို့ စီးဆင်းသွားကာ ကလေးအဖျားကျသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြားလွဲမှားနေသည့်အချက်တစ်ခုမှာ ဖျားနာနေသည့်ကလေးအား အနွေးထည်အထပ်ထပ်၊ စောင်အထပ်ထပ်အုပ်ထားသည့်အပြင် အုပ်ဆေးများ၊ ဆေးတို့ဖတ်များ သုတ်လိမ်းပေးထားခြင်းသည်အနာတခြား ဆေးတခြားပင်ဖြစ်သည်ဟုသိရသည်။

ကလေးအား ရေပတ်တိုက်ရေချိုးပေးရာတွင်လည်း ရေခဲရေ၊ ရေနွေးစသည်တို့ အသုံးပြုရန်မလိုအပ်ဘဲ သာမန်အခန်းအပူချိန်တွင်ရှိသောရေကိုသာ အသုံးပြုရမည်ဖြစ်သည်။

ကလေး၏ ကိုယ်အပူချိန် ၁၀၂ ဒီဂရီ ဖာရင်ဟိုက်နှင့် အထက်ဆိုပါကကလေးအား အချိန်မရွေးရေပတ်တိုက်ခြင်း၊ ရေချိုးပေးခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။

မိဘအုပ်ထိန်းသူများ လွဲမှားစွာပြုလုပ်နေသည့် အခြားအချက်နောက်တစ်ခုမှာ ဖျားနာနေသည့် ကလေးအား အစာအဖတ်ဖြတ်ပစ်လိုက်ကြခြင်းပင်ဖြစ်ကြောင်း ဒေါက်တာ ယုဇနစောမြင့်ကပြောသည်။

တကယ်တမ်းတွင်မူ အူရောင်ငန်းဖျားကဲ့သို့သော ဖျားနာခြင်းမှလွဲ၍ ကျန်အဖျားများအားလုံးတွင် အစာကြေလွယ်သည့်အဖတ်ပျော့ပျော့များကျွေးသင့်သည်ဟု ပညာရှင်များက ပြောသည်။

အစာအဖတ်ဖြတ်လိုက်ခြင်းအားဖြင့် ကလေးငယ်တွင် အားပြတ်ခြင်းများဖြစ်ပေါ်လာနိုင်သည်ဟုသိရသည်။ ထို့ကြောင့် ကလေးတောင့်တပါက အစာကြေလွယ်သည့် အစာအဖတ်ကျွေးသင့်ကြောင်း သိရသည်။

"အူရောင်ငန်းဖျား (တိုက်ဖွိုက်) မဟုတ်ဘူးဆိုရင် ဘယ်လောက်ပဲ ကိုယ်ပူနေနေ အဖတ်ကျွေးလို့ရပါတယ်"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ကိုယ်ပူချိန်မြင့်တက်လာသည်နှင့်အမျှ အရည်ဓာတ်သည်လည်း သာမန်အချိန်ထက် ပိုမိုလိုအပ်လာလေ့ရှိရာ အဖတ်ပျော့ပျော့များကျွေးသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အရည်များကို ပုံမှန်အနေအထားထက် ပိုတိုက်သင့်သည်ဟု သိရသည်။

အရည်တိုက်ရာတွင်လည်း ဓာတ်ဆားရည်တစ်မျိုးတည်း တိုက်ခြင်းထက် အခြားအားဖြစ်စေမည့် နို့ကဲ့သို့သော အရည်များနှင့်တွဲဖက်တိုက်သင့်ကြောင်း သိရသည်။

"အခုက ကလေးဖျားပြီဆိုတာနဲ့ ဖြတ်တာတွေက များနေတယ် ရေချိုးခြင်းကိုဖြတ်၊ လေကောင်းလေသန့်ရခြင်းကိုဖြတ်၊ အဖတ်တွေကိုဖြတ်ဆိုတော့ အဲဒါတွေက ရှေးအယူအဆတွေဆိုပေမယ့် အန္တရာယ်ရှိတဲ့ အယူအဆတွေဖြစ်နေတယ်" ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့အပြင် ကလေးများချောင်းဆိုးပါကအချို့သော မိဘအုပ်ထိန်းသူများသည် ကလေးအား ရင်လူးဆေးများလူးပေးကြတတ်သည့် အလေ့အထရှိရာချောင်းဆိုးခြင်းသည် အသက်ရှူလမ်းကြောင်းတွင် ပိုးရှိ၍ချောင်းဆိုးခြင်းဖြစ်ရာ ရင်လူးဆေးနှင့် သက်ဆိုင်မှုမရှိကြောင်း သိရသည်။

ရင်လူးဆေးများသည် ရင်ဘတ်အရေပြားကို လူးခြင်းဖြစ်ရာ ရင်ဘတ်အရေပြားမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတွင်းသို့ ဆေးအာနိသင်များ စိမ့်ဝင်သွားသည့်ထုံးစံမရှိကြောင်းသိရသည်။

ကလေး၏ အရေပြားသည် နူးညံ့လျက်ရှိရာ အဆိုပါရင်လူးဆေးများနှင့်ဓာတ်မတည့်ပါက ကလေး၏အရေပြားတွင် အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

ကလေးများ ဖျားနာပါက အချို့သောမိသားစုများသည် ဈေးကွက်အတွင်းမှ အလွယ်ရရှိသည့် ဗမာဆေးများတိုက်လေ့ရှိရာ အချို့သောဗမာဆေးများသည် စနစ်တကျဖော်စပ်ထားသည့် တိုင်းရင်းဆေးစစ်စစ်မဟုတ်ဘဲ ရက်လွန်နေသည့်အာနိသင်ပြင်းထန်သော အနောက်တိုင်းဆေးများရောနှောထားသည့် ဆေးများဖြစ်သဖြင့် ကလေးတွင်မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ဈေးကွက်အတွင်းမှ အလွယ်ရရှိသည့် ဆေးမြီးတိုများအန္တရာယ်မှ ကင်းဝေးစေရန် ကလေးရှိသည့် အိမ်တိုင်းတွင် ပါရာစီတမော ဆောင်ထားသင့်သည်ဟု ဒေါက်တာယုဇနစောမြင့်ကအကြံပြုပြောကြားသည်။

ဆက်လက်၍မိသားစုများအလုပ်အများဆုံးနှင့် ကလေးအတွက်အန္တရာယ်အရှိဆုံး လွဲမှားသည့် လုပ်ရပ်တစ်ခုမှာအပူကြီး နေသည့် ကလေးအားမက်ကလောင်ဖောက်သည်ဟုဆိုကာကလေး၏ ခြေချောင်းထိပ်လက်ချောင်းထိပ်များနှင့် စအို တို့အား အပ်နှင့်ဖောက်သည့် နည်းလမ်းပင်ဖြစ်သည်။

ထိုသို့ပြုလုပ်ခြင်းကြောင့် ကလေးကိုယ်တွင်းတွင်ရှိသည့် သွေးပုပ်များသည်အဆိုပါလက်ချောင်းထိပ်များ၊ ခြေချောင်းထိပ်များနှင့် စအိုတို့မှ ထွက်သွားကာ ကလေးအားအဖျားကျစေသည်ဟု အချို့သောမိသားစုများက ယုံကြည်ကြသည်။

တကယ်တမ်းတွင်မူ မက်ကလောင်ဖောက်ခြင်းသည် မည်သည့်တိုင်းရင်းဆေးကျမ်းတွင်မှ မပါရှိသော အခြေအမြစ်မရှိသည့် ယုံကြည်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ဆေးပညာရှင်များက ပြောသည်။

မက်ကလောင်ဖောက်ခြင်းကြောင့် ဖျားနာနေသည့်ကလေးတွင် ပိုးဝင်ကာ သွေးဆိပ်တက်ခြင်းဖြစ်ပေါ်ပြီး လက်မလှတ်သင့်ဘဲလက်လှတ်လိုက်ရသည့် သာဓကများပင်ရှိကြောင်း ဆရာဝန်ကြီးဒေါက်တာယုဇနစောမြင့်က အတွေ့အကြုံအပေါ် အခြေခံ၍ ပြောပြသည်။

အချို့သော အရပ်ဒေသများတွင် မက်ကလောင်ဖောက်ခြင်းအား သာမန်အပ်များဆူးချွန်များနှင့် ဖောက်ခြင်းဖြင့်အားမရနိုင်ဘဲ ကလေး၏စအိုထဲသို့ဖဲထီးသံချောင်းတွင်အဝတ်ပတ်ကာရေနံဆီသုတ်၍ မွှေခြင်းများ ပြုလုပ်လေ့ရှိကြသည်ဟုဒေါက်တာယုဇနစောမြင့်ကပြောသည်။

မက်ကလောင် ဖောက်ခြင်းကြောင့် ကလေး၏ခံနိုင်ရည်အား၊ မည်မျှဖောက်သည် မည်သည့်ကိရိယာနှင့်ဖောက်သည် ဆိုသည်အပေါ်မူတည်၍ ကလေးတွင် ပြင်ပမှရောဂါပိုးများ ဝင်ရောက်လာကာ သွေးဆိပ်တက်ခြင်းနှုန်းသည် မတန်တဆများပြားလာပြီး လက်လှတ်လိုက်ရသည့် အခြေအနေအထိပင်ဖြစ်လာနိုင်ကြောင်း သိရသည်။အလားတူ အချို့သောလူမျိုးစုများ၏ ရိုးရာယုံကြည်မှုတစ်ရပ်ဖြစ်သည့် မက်ကလောင်ဖောက်ခြင်းနည်းတူအရေပြားအား မာကျောသည့် အရာများဖြင့်ခြစ်ကာ သွေးထွက်စေခြင်းသည်လည်း မက်ကလောင်ကဲ့သို့ပင် အန္တရာယ်ရှိသောလုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အခြားအယူအဆမှားတစ်ခုမှာ အဖျားပြင်းထန်သည့်ကလေးတစ်ဦးသည် အဖျားဒဏ်ကြောင့် ရုတ်တရက် တက်ပါက အချို့သောမိသားစုများနှင့် လူမျိုးစုများတွင်တက်သည့် ကလေးအားရေနံဆီလောင်းချခြင်း၊ ကလေးအားတက်ဖိခြင်း၊ ခြေမချိုးခြင်း စသည်တို့ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

တကယ်တမ်းတွင်မူ ကလေးတစ်ဦး အဖျားကြောင့် တက်ပြီဆိုပါက ကလေး၏အသက်ရှူလမ်းကြောင်းပိတ်မသွားစေရန် အရင်ဆုံး ပြုလုပ်ရမည်ဖြစ်သည်။ အသက်ရှူလမ်းကြောင်းပိတ်မသွားစေရန်အတွက်တက်နေသည့် ကလေးအား လျှာမလိပ်စေရန် ဇွန်းတစ်ချောင်းကို အဝတ်ပတ်ကာ ကလေး၏ပါးစပ်အတွင်း ထည့်ပေးထားခြင်း သို့မဟုတ် ကလေးအား လက်ယာဘက်သို့စောင်းပေးခြင်း မှောက်ချလိုက်ခြင်း စသည်တို့ပြုလုပ်ခြင်းဖြင့် ကလေးလျှာလိပ်ကာ အသက်ရှူလမ်းကြောင်းပိတ်ခြင်းမှကာကွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

## စာ-၁၃၊ ဦးနှောက်တွင် အကျိတ်ဖြစ်ခြင်း မှ

အကျိတ်အတိုင်း ခွဲစိတ်ကုသမှသာ သက်သာနိုင်သော်လည်း ၂ စင်တီမီတာထက်သေးငယ်သော အကျိတ်များအား ဆေးနှင့်ပင်ကုသ၍ အရည်အိတ်၊ အကျိတ်မျိုးမှာ ခေါင်းတွင် အပေါက်ဖောက်၍ စုပ်ယူပြီးမှသာ ကင်ဆာဟုတ်မဟုတ်စစ်ဆေးမှုများ ပြုလုပ်၍ကုသရပြီး၊ အစိုင်အခဲအကျိတ်မှာ ဦးခေါင်းဖွင့်၍ အကြီးစားခွဲစိတ်မှုများ ဆောင်ရွက်ရကြောင်းသိရသည်။

"ကင်ဆာကြောင့်ဖြစ်တာဆိုလည်း ခွဲစိတ်ပြီးနောက်ပိုင်း ဆေးနဲ့ကုသတာတွေ၊ ဓာတ်ကင်တဲ့နည်းတွေနဲ့လည်း ဆက်လက်ကုသရပါတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ယခုနောက်ပိုင်း ဦးနှောက် ရောဂါရှာဖွေသည့် စက်များကောင်းမွန်ခြင်း၊ လူအများတွင် ကျန်းမာရေးဆိုင်ရာဗဟုသုတများပြားလာခြင်း၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနများ တိုးချဲ့ဖွင့်လှစ်လာခြင်းတို့ကြောင့် ဦးနှောက်အတွင်း အကျိတ်ဖြစ်သည့် လူနာများ ပိုမိုတွေ့ရှိလာရကြောင်း သိရသည်။

"ကျွန်တော့်ညီမလေး ဦးနှောက်မှာ အကျိတ်ဖြစ်လို့ ဆေးရုံမှာ တက်နေရတဲ့အချိန်မှာ ဘေးနားမှာလည်း အဲဒီလိုလူနာတွေ အများကြီးတွေ့ရတယ်။ တချို့ကတော့ တစ်ကြိမ်ခွဲစိတ်ပြီး သက်သာတာရှိသလို တချို့ကျတော့လည်း ထပ်ခွဲစိတ်ရတာတွေရှိတယ်"ဟု မန္တလေးမြို့နေ အသက် ၅၀ခန့်အမျိုးသားတစ်ဦးကပြောသည်။

ဦးနှောက်တွင် အကျိတ်ဖြစ်ခြင်းသည် စတင်ဖြစ်ပွားသည့်အချိန်၌ ရောဂါလက္ခဏာမပြသည့်အတွက် ဆေးရုံရောက်သည့်အချိန်တွင် အကျိတ်ကြီးပြီးနောက်ကျမှ ရောက်လာမှုများလေ့ရှိကာ အကျိတ်ကြောင့်မျက်စိဝေဝါးလာသည့်အခါမျက်စိမှုန်၍ မျက်စိဆရာဝန်နှင့် သွားရောက်ပြသသည့်အခါမှ မျက်စိဆရာဝန်မှတစ်ဆင့်ရောက်လာသူများကြောင်း သိရသည်။

ဦးနှောက်အကျိတ်ခွဲစိတ်မှုအား ထိုင်းနိုင်ငံတွင်သွားရောက်ခွဲစိတ်ကုသပါက ကျပ်သိန်း ၂၅၀ခန့်ကုန်ကျနိုင်ပြီး ပြည်တွင်းတွင် ခွဲစိတ်ပါက ကျပ်၅သိန်းခန့်ကုန်ကျနိုင်ကြောင်းသိရသည်။

## ဂျင်းစားသုံးခြင်းဖြင့် ကြွက်သားများနာကျင်မှုကို လျှော့ချနိုင်



လန်ဒန်၊ အောက်တိုဘာ - ၅

မီးဖိုချောင်သုံး ဂျင်းအား အစိမ်းအတိုင်းနေ့စဉ် အနည်းငယ်စားသုံးပါက လေ့ကျင့်ခန်းလုပ်ပြီးနောက်ဖြစ်ပေါ်လာသော ကြွက်သားများနာကျင်မှုကို သက်သာစေနိုင်ကြောင်း သုတေသနတစ်ရပ်က ဖော်ပြသည်။ ပျို့အန်ခြင်းနှင့်နေမထိ ထိုင်မသာဖြစ်ခြင်းများအတွက် ဂျင်းကို ဆေးအဖြစ်အသုံးပြုနေသည်မှာ ကြာပြီဖြစ်သလို ဂျင်းတွင် အခြားအစွမ်းထက်သောသတ္တိများလည်း ရှိကြောင်းနှင့်မကြာသေးမီကပြုလုပ်ခဲ့သည့်လေ့လာမှုတစ်ခုတွင် အမှုန့်ပြုလုပ်ထားသော ဂျင်းသည် အမျိုးသမီးများ၏ သားအိမ်ကင်ဆာ ဆဲလ်များကိုပင် သေစေနိုင်ကြောင်းတွေ့ရှိထားသည်။

ယခုနောက်ဆုံး စမ်းသပ်မှုတွင် အမေရိကန်သိပ္ပံပညာရှင်များသည် လူအုပ်စုတစ်စုအား ၃ စုခွဲပြီးနောက် လက်မောင်းလေ့ကျင့်ခန်းများကို ပြုလုပ်စေခဲ့သည်။ ပထမအုပ်စုအား ဂျင်းအစိမ်းလိုက် ၂ ဂရမ်ခန့်ကျွေး၍ ဒုတိယအုပ်စုအားပြုတ်ထားသော ဂျင်းကိုစားသုံးစေခဲ့သည်။ တတိယအုပ်စုကိုမူ အခြားအစားထိုးအရာတစ်ခု စားသုံးစေခဲ့သည်။

၂၄ နာရီကြာပြီးနောက် ၎င်းတို့အား ပြန်လည်စမ်းသပ်ခဲ့ရာတွင် ဂျင်းအစိမ်းလိုက် စားသောအုပ်စုမှာ ၂၅ ရာခိုင်နှုန်းခန့် နာကျင်ခြင်းခံစားရမှု လျော့ပါးနေပြီး အပူပေးထားသော ဂျင်းစားသုံးသူများတွင် ၂၃ ရာခိုင်နှုန်း လျော့ပါးနေကြောင်း သုတေသီများကတွေ့ရှိခဲ့ကြသည်။ ထို့အတွက် ဂျင်းသည် နာကျင်မှုကို သက်သာစေသောသတ္တိရှိကြောင်း သုတေသီများက ပြောကြားသည်။ ၎င်းတို့၏တွေ့ရှိချက်များကို Journal of Pain တွင် ဖော်ပြထားသည်။

—Ref: UPI

မွန်မြတ်ဆေးခန်း

(၁)အင်ပြင်(Urticaria) (၂) ... (Psoriasis) (၃) နှင်းခူ (Eczema)

Job Vacancy

**Assistant Instructor** **Female-(1)post**
**(Software Products & CMS)**

- Age above 20 Years
- Interesting in teaching and making manual
- Good understand in Software Development Life Cycle (SDLC)
- Good communication & interpersonal skills
- Able to go trip with team
- Able to do other duties for development team

Please submit your CV to **Inforithm-Maze** not later than (20-10-2010).

**10th floor, La Pyayt Wun Plaza, 37 Alanpya Pagoda Road, Dagon Tsp., Ygn.**

Regional
7 DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

# မန္တလေးတွင် အငြိမ့်အဖွဲ့လေးဖွဲ့သာကျန်ဟုဆို



ပြည်ပသို့ပါ သွားရောက်ဖျော်ဖြေနေရသည့် ပါရမီရှင်အငြိမ့်အဖွဲ့ မေသန်းနုမွေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့ကန်တော်ကြီး မျှော်စင်ကျွန်းတွင် တင်ဆက်နေစဉ်။ ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ - ၆**

မန္တလေးမြို့တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် အငြိမ့်သဘင်များ တဖြည်းဖြည်း နည်းပါးလာရာ ယခုလက်ရှိတွင် အငြိမ့်အဖွဲ့လေးဖွဲ့သာကျန်တော့ကြောင်း ရွှေရတနာအငြိမ့်တည်ထောင်အုပ်ချုပ်သူလူရွှင်တော်ဦးဆန်နီကပြောသည်။

မန္တလေးမြို့ရှိ အငြိမ့်သဘင်များသည် ၁၉၆၄ ခုနှစ်ဝန်းကျင်က အငြိမ့်အဖွဲ့ပေါင်း ၃၂ ဖွဲ့ရှိခဲ့သည်။ ယင်းကာလများသည် အငြိမ့်သဘင်ခေတ်အကောင်းဆုံးကာလများဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင်မူ၁၂ ဖွဲ့ဝန်းကျင်သာရှိတော့ကြောင်း၊ ဆက်လက်ပြီး အငြိမ့်များနည်းပါးလာရာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် အငြိမ့်အဖွဲ့ ခြောက်ဖွဲ့သာ ကျန်ရှိခဲ့ရာမှ ယခုလက်ရှိအချိန်တွင် လေးဖွဲ့သာ ကျန်တော့ကြောင်း ဦးဆန်နီကပြောသည်။

အငြိမ့်သဘင်များ ရှားပါးလာရခြင်းအကြောင်းရင်းမှာ အငြိမ့်သည်ဇာတ်သဘင်ကဲ့သို့ ပရိသတ်များကိုပွဲကြည့်စင်များရောင်းချ၍ ကပြသောစနစ်မဟုတ်ဘဲ အငြိမ့်ခံ ရှေ့ကြိုက်သောနေရာတွင် မိမိတို့ အိမ်မှပါလာသောဖျာ၊ ကုလားထိုင်အစရှိသည်များကို နေရာချ၍ အခမဲ့ ကြည့်ရှုနိုင်သောကြောင့် ပွဲကြည့် စင်ရောင်းရငွေမရှိခြင်း၊ တီဗီ၊ဗီဒီယိုမှအငြိမ့်ခွေများအလွယ်တကူကြည့်ရှုနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်မည်ဟုၾငင်းက သုံးသပ်ပြောသည်။ ယခင်က အငြိမ့်အဖွဲ့ပေါင်း ၃၀ ကျော်ရှိစဉ်က တစ်လလျှင် နေ့ညခွဲ၍ ပွဲချီ၄၅ချီအထိကခဲ့ရကြောင်း၊ ယခုတစ်နှစ်လုံးမှ၄၅ချီ ကရဖို့ပင်လျှင် မလွယ်ကူတော့ကြောင်းၾငင်းကပြောသည်။ ယင်းကဲ့သို့ အငြိမ့်လောကကျဆင်းမှုကြောင့် အငြိမ့်ထောင်မည့် ငွေရှင်များ မရှိတော့ကြောင်း၊ ယခု မန္တလေးမြို့တွင် ကျန်ရှိနေသည့် အငြိမ့်အဖွဲ့များမှာလည်း ငွေကြေးကြောင့်မဟုတ်ဘဲ ဝါသနာသက်သက်ဖြင့် ရပ်တည်နေကြသော အနုပညာရှင်များက တည်ထောင်ထားကြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့နောက်ဦးဆန်နီက မိမိတို့ အနေဖြင့် တတ်စွမ်းသလောက် အငြိမ့်သဘင်မပျောက်ကွယ်သွားအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ပရိသတ်အနေဖြင့်လည်း ယခင်ကကဲ့သို့ အားပေးကြစေလိုကြောင်း၊ အငြိမ့်တစ်ခေတ်ပြန်ရောက်လာမည်ဟု မျှော်လင့်ကြောင်းပြောသည်။

ယခုလက်ရှိ ကျန်ရှိနေသော အငြိမ့်အဖွဲ့များမှာ မြတစ်ရာအငြိမ့်၊ သစ်လွင်အငြိမ့်၊ ရွှေရတနာအငြိမ့်၊ နှင်းသပြေအငြိမ့်တို့ဖြစ်ပြီး ယခုနှစ် ငှားရမ်းခဈေးနှုန်းမှာကျပ် ခြောက်သိန်းဖြစ်သည်ဟု ဦးဆန်နီကပြောသည်။

# ကျောက်ဖြူ-ရန်ကုန် လမ်းပေါ်ရှိ ခွေးတောက်ချောင်းတံတား ကျိုးကျ၍ ကားကြီးနှစ်စီး ချောင်းထဲပြုတ်ကျ

**ဘုန်းကံအောင်**

**တောင်ကုတ်၊စက်တင်ဘာ-၂၉**

ရခိုင်ပြည်နယ်သို့ အဝင်လမ်းမကြီး ၃ ခုအနက် ယာဉ်သွားလာမှုအများဆုံးဖြစ်သော ရန်ကုန်၊ တောင်ကုတ်၊ ကျောက်ဖြူလမ်းမကြီးပေါ်ရှိ ခွေးတောက်ချောင်းတံတားပေါ်မှ ဆယ်ဘီးကားတစ်စီးနှင့်ယင်းအပေါ်တွင်တင်ဆောင်လာသော မြေတူးမြေကော် ယာဉ်ကြီးတစ်စီးတို့ တံတားကျိုးမှုကြောင့်ချောင်းအတွင်း ကျဆင်းသွားကြောင်း သိရသည်။

တံတားကျိုးကျမှုမှာ ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်နံနက် ၉နာရီ၄၅မိနစ်တွင် ဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၂၉ ရက်နံနက် ၂ နာရီတွင် လမ်းလွှဲပြုလုပ်ပြီးစီးကာယာဉ်များ ဆက်လက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ခွေးတောက်ချောင်းတံတားသည် တောင်ကုတ်မြို့နယ် မအီမြို့အတွင်း လမူးချောင်းတံတားကြီးအနီးရှိ ပေ ၁၅၀ ရှည်သော ဘေလီသံပေါင်တံတားဖြစ်ကာ ယခင်ကလည်းတံတားကျိုးကျမှုသုံးလေးကြိမ်ခန့်ရှိခဲ့ဖူးပြီး ယမန်နှစ် ၇ လပိုင်း ၁၁ ရက်က ၆ ဘီးကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျဖူးကြောင်း သိရသည်။

"မနှစ်ကတော့ လမ်းလွှဲမှာ ယာယီတံတားတစ်ခုထိုးပေးလို့ အဆင်ပြေပါတယ်။ ဒီနှစ်က မြေဖို့ပြီး ရေပြွန်တပ်ထားတာဆိုတော့ မိုးသည်းသည်းမည်းမည်းရွာရင် လမ်းလွှဲပါသွားနိုင်တယ်။ သက်ဆိုင်ရာဆောက်လုပ်ရေးအဖွဲ့နဲ့ ယာဉ်ပိုင်ရှင်အဖွဲ့တွေလည်းယာဉ်တွေကို ရှင်းလင်းဆယ်တင်ပြီး တံတားကို အမြန်ဆုံးပြန်ပြင်ဖို့ ကြိုးစားနေပါတယ်။ ရွာလူထုကလည်း ဝိုင်းဝန်း ကူညီနေကြပါတယ်"ဟု မော်စံပြရွာဥက္ကဋ္ဌဦးမြင့်ဌေးကပြောသည်။

ယခုကာလအတွင်း မအီ တောင်ကုတ် လမ်းအပိုင်းအား ရန်ကုန်စစ်တွေကားများလည်း အသုံးပြုလျက်ရှိသဖြင့် ခွေးတောက်ချောင်းတံတားပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုကျော်လွှားနိုင်ရန် အမြန်ဆုံးပြုပြင်သွားမည်ဟုသိရသည်။

# ကန်ဒေါ်လာနှစ်သိန်းခွဲကျော်တန် ဆိုလာပြားစက်ရုံ တည်ဆောက်မည်

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ - ၅**

အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့်ရင်းနှီးမြှုပ်နှံမည့် ဆိုလာမျက်နှာပြင်ပြား ထုတ်လုပ်မည့်စက်ရုံကို တရုတ်(တိုင်ပေ)နည်းပညာဖြင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"စက်ရုံအတွက် တရုတ်(တိုင်ပေ)နဲ့ စာချုပ်ချုပ်ဆိုထားပါတယ်။ သူတို့ဆီက နည်းပညာနဲ့ စက်ပစ္စည်းတွေ ဒီလထဲမှာရောက်လာမှာပါ။ သူတို့ကိုယ်တိုင်လာပြီးတပ်ဆင်ပေးမယ်။ သင်တန်းတွေပေးလိမ့်မယ်" ဟူ၍ မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ထွက်ဖစ်လာနိုင်သည့် ဆိုလာပြားစက်ရုံနှင့် ပတ်သက်သောအချက်အလက်များကို ၎င်းကပင်ဆက်လက်ပြောသည်။

အဆိုပါစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိဝန်ကြီးဌာနပိုင်စက်ရုံတစ်ခုအားပြန်လည်ပြုပြင်မွမ်းမံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊စက်ပစ္စည်းများမှာ ယခုလအတွင်း ၃ ကြိမ်လောက်ခွဲ၍ ရောက်ရှိမည်ဖြစ်ပြီး စက်တပ်ဆင်မှုများကိုလည်း ယခုနှစ်အတွင်းမှာပင်အပြီးဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း၎င်းကရှင်းပြသည်။

စက်များတပ်ဆင်ပြီးပါက ၄၀ ဝပ်၊ ၈၀ ဝပ်အသီးသီးရှိသော ဆိုလာပြားများ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တစ်နှစ်လျှင် ဝပ်အား ၂ သိန်းမှ ၃ သိန်းအထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း ၎င်းအပြင် ဆိုလာစနစ်တွင် တွဲဖက်အသုံးပြုရသည့် ဘက်ထရီအခြောက်များကိုလည်း ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် လက်ရှိတွင်လည်း ဂျပန်နိုင်ငံထုတ်ဆိုလာပြားများဖြင့် လိုက်လံတပ်ဆင်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# နေပြည်တော်တွင် ဆင်ဆာမဲ့အခွေ တစ်ထောင်ကျော် ဖမ်းဆီး

**ထူးသန့်** **နေပြည်တော်၊အောက်တိုဘာ-၆**

တရားမဝင်ဆင်ဆာမဲ့ ဒီဗီဒီ၊ ဗီစီဒီများအပါအဝင် ဆင်ဆာမဲ့မြန်မာသီချင်းခွေ၊ တရားခွေ စုစုပေါင်းခွေတစ်ထောင်ကျော်ကို နေပြည်တော်ပျဉ်းမနားမြို့ဗိုလ်ချုပ်လမ်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ စက်တင်ဘာ ၃၀ ရက်က ဖမ်းဆီးရမိကြောင်းသတင်းရရှိသည်။ "စက်တင်ဘာ ၃၀ ရက်ညကပါ။ အဲဒီဆိုင်ကိုရဲတပ်ဖွဲ့ဝင်တွေ၊ ခရိုင်ဗီဒီယိုစည်းရုံးရေးမှူး ဦးမောင်ကောင်းနဲ့ နယ်မြေခံ ရ. ယ. ကအပါအဝင် အသိသက်သေတွေနဲ့ ဝင်ရောက်ရှာဖွေရာကနေ အဲဒီတရားမဝင်၊ ဆင်ဆာမဲ့အခွေတွေကိုစစ်ဆေးတွေ့ရှိခဲ့တာပါ" ဟု တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ထိုသို့ဝင်ရောက်ရှာဖွေရာတွင် တရာမဝင်ဆင်ဆာမဲ့နိုင်ငံခြား ညစ်ညမ်းဒီဗီဒီခွေ ၇၀၊ ဗီစီဒီနိုင်ငံခြားခွေ ၅၀၊ နိုင်ငံခြားဇာတ်လမ်းဒီဗီဒီခွေ ၇၀၀ နှင့် မြန်မာသီချင်းခွေဆင်ဆာမဲ့ ဗီစီဒီခွေ ၄၆၀၊ ဆင်ဆာမဲ့မြန်မာတရားခွေ ဒီဗီဒီခွေ ၁၀၀၊ ဆင်ဆာမဲ့နိုင်ငံခြားသီချင်းခွေ ၁၅ ခွေတို့ကို သက်သေများရှေ့တွင် စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါတရားမဝင်ဆင်ဆာမဲ့အခွေများကို ရောင်းချသူအား နေပြည်တော်ပျဉ်းမနားမြို့နယ် ရဲစခန်း၌ (ပ)၄၇၃/ ၂၀၁၀၊ ဗီဒီယိုအက် ၃၂ (ခ)/၃၃(ခ)အရလည်းကောင်း၊ တရားမဝင်ဆင်ဆာမဲ့ဒီဗီဒီ၊ ဗီစီဒီညစ်ညမ်းခွေများ လက်ဝယ်ထားရှိရောင်းချသဖြင့် (ပ)၄၇၄/ ၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရလည်းကောင်း အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# မောင်တောမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်ရှိမဲဆန္ဒပေးပိုင်ခွင့်ရှိသူများတွင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူပိုများ

**မောင်ကံ**

**မောင်တော၊အောက်တိုဘာ-၆**

မောင်တောမြို့နယ် ဘူးသီးတောင်မြို့နယ်ရှိ မဲဆန္ဒနယ်များမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် နိုင်ငံသား ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအားစတင်၍ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဦးရေမှာ ပိုမိုများပြားနေကြောင်း သက်ဆိုင်ရာရပ်ကွက်၊ကျေးရွာကော်မရှင်မှ ထုတ်ပြန်ကြေညာထားချက်များအရ သိရသည်။

မောင်တောမြို့နယ် မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်သုံးရပ်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီစသည့် လေးပါတီမှ ကိုယ်စားလှယ်များရွေးကောက်ခံမည်ဖြစ်ပြီး ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်အတွက် ပြည်ခိုင်ဖြိုးပါတီ၊ မြို(ခ)ခမီပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ခမီပါတီ၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးရေးနှင့်ငြိမ်းချမ်းရေးပါတီတို့မှ ကိုယ်စားလှယ်များပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပါတီများမှ မောင်တောမြို့နယ်တွင် ၁၆ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ "မောင်တောမှာ ဘယ်ပါတီတွေ ရွေးကောက်ခံမယ်ဆိုတာတောင်မသိပါဘူး။ မဲထည့်မယ့်နေ့ကျရင် လူတွေ ဘယ်ပါတီကိုထည့်လည်းကြည့်ပြီးတော့ လူတွေထည့်တဲ့ ပါတီကိုထည့်မှာပါပဲ။ မောင်တောမြို့နယ်က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေထဲမှာ စာမတတ်သူကထက်ဝက်ကျော်လောက်ရှိတော့ သူတို့လည်း ကိုယ့်ရှေ့က ထည့်ခဲ့တဲ့သူတွေကို မေးပြီးထည့်ကြမှာပါပဲ" ဟုပုဂ္ဂလိကဝန်ထမ်းတစ်ဦးက ပြောသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲလွှတ်တော် သုံးရပ်လုံး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌အသက် ၁၈နှစ်ပြည့်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ (သို့)ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများပါဝင်ကြောင်းပြဋ္ဌာန်းခဲ့သည်။

7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# မန္တလေးတွင် ယာဉ်တင်အမှိုက်သံကန်များ စတင်အသုံးပြု

ဖြိုး

**မန္တလေး၊ အောက်တိုဘာ - ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ယာဉ်တင်အမှိုက်သံကန်(၆၀)အား မန္တလေးမြို့အမှိုက်စွန့်ပစ်မှုများသော နေရာများတွင် အောက်တိုဘာလ ၇ ရက်မှစတင်၍ ချထားပေးတော့မည်ဟု မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှူးက ပြောသည်။

ယခုလက်ရှိအသုံးပြုနေသော ၄ ပေ × ၁၀ ပေ ပတ်လည်အကျယ်ရှိအမှိုက်အုတ်ကန်များသည် သုံးဘက်ပိတ်ဖြစ်ပြီး အမိုးမရှိသောကြောင့် အနံ့အသက်များထွက်ရှိခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်းနှင့် အမှိုက်သိမ်းအလုပ်သမားအင်အား များစွာအသုံးပြုနေရခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်း၍ သန့်ရှင်းရေးဝန်ထမ်းများအတွက်လွယ်ကူလျင်မြန်သွားစေသော ယာဉ်တင်အမှိုက်သံကန်ကို အသုံးပြုခြင်းဖြစ်သည်ဟု သိရှိရသည်။

မြို့တွင်းရှိ အမှိုက်စွန့်ပစ်မှုများသော နေရာ ၅၀ တွင် ယာဉ်တင်အမှိုက်သံကန် ၅၀ ချထားပေးမည်ဖြစ်ပြီး မြို့လူထုအနေဖြင့် မိမိတို့စွန့်ပစ်သော အမှိုက်များအား ယခုချထားပေးမည့် အမှိုက်သံကန်အတွင်းသို့ရောက်သည်အထိ စနစ်တကျစွန့်ပစ်ရန်လိုအပ်ကြောင်း အဆိုပါပုဂ္ဂိုလ်မှဆက်လက်ပြောသည်။

အောင်မြေသာဇံမြို့နယ် ၁၅ ကန်၊ ချမ်းအေးသာဇံမြို့နယ် ၂၀ ကန်၊ မဟာအောင်မြေမြို့နယ် ၅ ကန်၊ ချမ်းမြသာစည်မြို့နယ် ၅ ကန်နှင့် ပြည်ကြီးတံခွန်မြို့နယ်တွင် ၅ ကန်ချထားပေးမည်ဖြစ်ပြီး ကျန်အမှိုက်သံကန် ၁၀ ကန်အား အရန်အနေဖြင့် ထားရှိအသုံးပြုသွားမည်ဖြစ်သည်။

ယခုကဲ့သို့ မြို့ထဲတွင် ယာဉ်တင်အမှိုက်သံကန်များ ချထားပေးခြင်းကြောင့် အမှိုက်သိမ်းလုပ်သားဝန်ထမ်းဦးရေအား လျှော့ချသွားရန် အစီအစဉ်မရှိကြောင်းလည်း ၎င်းပုဂ္ဂိုလ်မှ ထပ်မံပြောကြားသည်။




# နေပြည်တော်တွင် ပခုက္ကူအထည်များ အရောင်းသွက်

ညိုညိုဝင်း

**နေပြည်တော်၊ စက်တင်ဘာ-၂၉**

နေပြည်တော်တွင် ပခုက္ကူမှထွက်ရှိသော စောင်၊ ခြင်ထောင်၊ ပုဆိုး၊ အင်္ကျီများကို အထမ်းသည်များ နယ်လှည့်ရောင်းချလျက်ရှိရာ လူကြိုက်များ၍ အရောင်းသွက်ကြောင်း ပခုက္ကူမှ နေပြည်တော်သို့ စီးပွားရေးလာလုပ်သူဦးလှမြင့်ကပြောသည်။

"ကျွန်တော်တို့က ဈေးနှုန်းကို ဈေးကွက်က တောင်းဆိုတဲ့အတိုင်း ထုတ်လုပ်သူတွေနဲ့ညှိနှိုင်းပြီး ထုတ်လုပ်ရပါတယ်။ ဈေးပြိုင်ရှိလာတော့ အတတ်နိုင်ဆုံး အမြတ်နည်းနည်းနဲ့များများ ရောင်းပါတယ်။ အရင် နေပြည်တော်မဖြစ်ခင်ကတော့ အရောင်းမသွက်ဘူး။ နေပြည်တော်ကြီးဖြစ်လာမှ လူဦးရေတိုးလာတာနဲ့အတူ အရောင်းလည်းသွက်လာပါတယ်"ဟု ၎င်းကပြောသည်။

ပခုက္ကူမှ စီးပွားရေးလုပ်ငန်းရှင်အများစုသည် အလုပ်သမားအနည်းဆုံး ၇ဦးမှ ၂၀ဦးအထိ စုစည်း၍ မြို့ကြီးများသို့ အထမ်းသည်များအဖြစ် ပခုက္ကူမှ စောင်၊ ခြင်ထောင်၊ ပုဆိုး၊ အင်္ကျီများကို ဈေးကွက်အရောက် လာရောက်ဖြန့်ဖြူးလျက်ရှိသည်။

"ကျွန်တော်တို့က အထမ်းသည်တွေဆိုတော့ ကုန်ပစ္စည်းတွေကို ဝယ်သူရှိရာ အရောက်ပို့ပေးတယ်။ အခုလက်ရှိ ကျွန်တော်တို့ ရောင်းရငွေက တစ်ရက်ကို တစ်ယောက်အနည်းဆုံး ၂၅,၀၀၀ ကျပ်၊ အလယ်အလတ်က ကျပ် ၅၀,၀၀၀၊အများဆုံးက ၂၅၀,၀၀၀ ကျပ် အထိတောင်ရှိတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက စရိတ်ငြိမ်းအပြင် ရလာတဲ့အမြတ်တွေကို တစ်ယောက်တစ်ဝက်ဆိုတော့ ကျွန်တော်တို့အတွက် အရမ်းအဆင်ပြေပါတယ်"ဟု အထမ်းသည်တစ်ဦးကပြောသည်။

ဝယ်ယူသုံးစွဲသူများအနေဖြင့် ပခုက္ကူထည်များသည် ဈေးနှုန်းချိုသာပြီး အကြမ်းခံကြောင်း၊ အိမ်တိုင်ရာရောက် လာရောက်ရောင်းချပေးသောကြောင့် အချိန်ကုန်သက်သာပြီး စရိတ်စက နည်းကြောင်း၊ လူတန်းစားမရွေး ဝယ်ယူနိုင်အောင် ကုန်ပစ္စည်းများကို သင့်လျော်သောဈေးနှုန်းများဖြင့် ရောင်းချပေးသောကြောင့် ဝယ်ယူသူများအနေဖြင့် အဆင်ပြေကြောင်း သိရသည်။

# တောင်ကုတ်မြို့နယ်၌ ရွှံ့ကဏန်းကောင်ရေ ၃၇,၅၀၀ ဘေးမဲ့လွှတ်

နနဓွေ

**တောင်ကုတ်၊အောက်တိုဘာ-၆**

ရခိုင်ပြည်နယ်သံတွဲခရိုင်တောင်ကုတ်မြို့နယ်၊ ခေါင်းလောင်းတူကျေးရွာအနီးရွှံ့ကဏန်းကာကွယ်ထိန်းသိမ်းရေးဇရိယာအတွင်း ရွှံ့ကဏန်းကောင်ရေ ၃၇,၅၀၀ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများသည် ကဏန်းလုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ကဏန်းသယံဇာတမျိုးပြုန်းတီးမှုမရှိစေရန်အတွက် မြစ်၊ ချောင်းဒီရေတောများ အချို့တွင် ရွှံ့ကဏန်း ထိန်းသိမ်းရေးကာကွယ်တောများ သတ်မှတ်ပေးခြင်း၊ ကန့်သတ်အရွယ်ကဏန်းများဘေးမဲ့လွှတ်မျိုးစိုက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေကြောင်းသိရသည်။ ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသမြို့နယ်များဖြစ်သည့် မောင်တော၊ ရသေ့တောင်၊ စစ်တွေ၊ ကာပေါက်တော၊ မင်းပြား၊ မြေပုံ၊ မြေပုံ(ကမ်းထောင်းကြီး)၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့နယ်များတွင် ရွှံ့ကဏန်းများကို အမြောက်အမြားဖမ်းယူရရှိပြီး ကဏန်းကုန်သည်များက ဝယ်ယူစုဆောင်းကာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိနေကြသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ(၁၀၀) ဂရမ်အောက်ကဏန်းများကို ဖမ်းဆီးခြင်းမပြုရန်ပညာပေးဟောပြောခြင်း၊ သတ်မှတ်ထားရှိသည့် ရွှံ့ကဏန်းကာကွယ်တောဇရိယာများအတွင်း ကဏန်းများ မဖမ်းဆီးကြရေးများကို ပညာပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ရွှံ့ကဏန်း ရောင်းချတင်ပို့မှုမှာ ရခိုင်ပြည်နယ်၏ ရေထွက်ပစ္စည်းတင်ပို့မှုတွင် ရေချန်ပုစွန်ကြားနောက် ဒုတိယအများဆုံး ပို့ကုန်တစ်ခုဖြစ်သည်။



# နေပြည်တော်တွင် ဘာသာရေးစာအုပ်များသာ အရောင်းသွက်နေဟုဆို

ညိုညိုဝင်း

**နေပြည်တော်၊အောက်တိုဘာ-၇**

ရွေးကောက်ပွဲကျင်းပချိန်နီးကပ်လာပြီး နိုင်ငံရေးစာပေ အများအပြားပေါ်ထွက်နေသော်လည်း နေပြည်တော်တွင် ဘာသာရေးစာအုပ်၊ စာပေများသာ အရောင်းရဆုံးစာရင်းဝင်နေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ရှိ သရဖူစာပေမှ ကိုကျော်ထွန်းဦးက ပြောသည်။

ဘာသာရေး စာအုပ်များတွင် မေတ္တာရှင်(ရွှေပြည်သာ)၊ အရှင်ဆေကိန္ဒနှင့် အရှင်သံဝရာလင်္ကာရ (ဓမ္မပိယဆရာတော်) ရေးသားသော စာအုပ်များသာ အရောင်းရဆုံးဖြစ်ပြီး ဒုတိယ အရောင်းရဆုံး စာအုပ်များမှာ နိုင်ငံရေးစာအုပ်များဖြစ်ကြောင်း ဗိုလ်ထွန်းကြည်(မုံရွာ)ရေးသားသော နှစ် (၅၀)ကျော် ကိုယ်တွေ့များနှင့် ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသော နိုင်ငံရေးစာအုပ်များအရောင်းသွက်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

နေပြည်တော်လမ်းညွှန်စာအုပ်၊ နေပြည်တော်မြေပုံစာရွက်နှင့် နေပြည်တော် မြေပုံစာအုပ်များလည်းအရောင်းသွက်သည့် စာရင်းတွင် ပါဝင်နေပြီး နည်းပညာနှင့် ပတ်သက်သော စာအုပ်များတွင် AutoCAD စာအုပ်နှင့် Photoshop စာအုပ်များမှာ လူစိတ်ဝင်စားမှု ပိုများကြောင်း၊ ၂၀၁၁ ခုနှစ်အတွက် ထုတ်ဝေသော ပြက္ခဒိန်သည် နိုင်ငံကျော် ဘောလုံးအသင်းနှစ်သင်း တံဆိပ်နှင့် ယခုလက်ရှိအသစ်ထွက်နေကြောင်း ဂျာနယ်ဈေးကွက်တွင် သတင်းဦးစားပေး ဂျာနယ်များသာ လက်ရှိအရောင်းသွက်နေကြောင်း စာပေအရောင်းဆိုင်များမှ စုံစမ်းသိရသည်။

သရဖူစာပေက ဝါကျွတ်ပြီးနောက် တတိယအကြိမ်မြောက် စာအုပ်ဈေးရောင်းပွဲတော်ကိုကျင်းပသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

"လူတွေက နိုင်ငံရေး အကြောင်းတွေ လေ့လာဖို့ထက် ဘာသာရေးစာအုပ်တွေဖတ်ပြီး အေးအေးဆေးဆေးနေလိုကြတာများပါတယ်" ဟု နေပြည်တော် ပျဉ်းမနားမှ ဒေသခံတစ်ဦးကလည်း ပြောသည်။

# အောက်ဆီဂျင်အိုး ၁၈လုံး ပြုတ်ကျပွင့်ထွက်၍ လူလေးဦး ဒဏ်ရာရ

စိုင်းသာအောင်

**မန္တလေး၊ အောက်တိုဘာ- ၇**

မန္တလေး-ရန်ကုန်လမ်း၊ စက်မှုဇုန်(၁)နယ်မြေယောမင်းကြီးလမ်းထိပ်တွင် (အောက်ဆီဂျင်)လေအိုးတင်လာသောကားမှ လေအိုးများပြုတ်ကျသဖြင့် လေအိုးနှစ်လုံးပွင့်ထွက်ပေါက်ကွဲကာ လူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကိုယ်တွေ့မျက်မြင်ကြုံခဲ့သူတစ်ဦးက 7Day News သို့ ပြောသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက်၊ နံနက် ၁၁ နာရီခန့်က ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် ၁ နယ်မြေယောမင်းကြီးလမ်းထိပ်တွင် မန္တလေးဘက်မှ ကျောက်ဆည်ဘက်သို့ အောင်ဆန်းဦး (၃၁)နှစ် မောင်းနှင်လာသော ဒိုင်နာယာဉ်တစ်စီးသည် ရတနာပုံ အောက်ဆီဂျင်စက်ရုံမှ နီလာအောက်ဆီဂျင်စက်ရုံသို့ ပို့ဆောင်မည့် လေအိုး ၆၄ လုံးအား သယ်ဆောင်လာစဉ် ၁၈ လုံးပြုတ်ကျပြီး လေအိုးနှစ်လုံးပွင့်ထွက်ပေါက်ကွဲကာ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင်ခရီးသည် တင်ရန်စောင့်ဆိုင်းနေသည့် ကျောက်ဆည်-မန္တလေးဟိုင်းလပ်ခရီးသည်တင်ယာဉ်တစ်စီးအား ထိမှန်သဖြင့် ခရီးသည် သုံးဦးနှင့် လမ်းဘေးဈေးသည်တစ်ဦး စုစုပေါင်းလေးဦး ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦးမှာဝဲဘက်ခြေသလုံးကျိုးယာလက်ခုံစုတ်ပြတ်ဒဏ်ရာ ရသဖြင့် မန္တလေးဆေးရုံကြီးအရိုးကုဌာနသို့တင်ပို့လိုက်ရသည်။ ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦးမှာ ဝဲလက်ခုံပွန်းပဲ့ဒဏ်ရာ၊ တစ်ဦးမှာ ယာခြေသလုံးပွန်းပဲ့ဒဏ်ရာ ရရှိသွားသည်။ လမ်းဘေးဈေးရောင်းသူ အမျိုးသားတစ်ဦးမှာ ကျောကုန်းဖူးရောင်ပွန်းပဲ့ဒဏ်ရာ ရရှိသွားသည်။ ယာဉ်မဆင်မခြင်မောင်းသူ ယာဉ်မောင်းဝင်းသူအား ပြည်ကြီးတံခွန်ရဲစခန်းက (ပ)၄၉၃/၂၀၁၀ ပုဒ်မ ၃၃၈ အရအမှုဖွင့်အရေးယူထားသည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် မောင်တောနယ်စပ်၌ တာကာငွေဖြင့် ဈေးရောင်းဈေးဝယ်ခြင်းများအား တားမြစ်ထား

မောင်သန်းဝင်း

**မောင်တော၊ အောက်တိုဘာ-၆**

မြန်မာ-ဘင်္ဂလားဒေ့ရှ်မောင်တော နယ်စပ်ဒေသဈေးများ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေဖြင့်ဈေးရောင်းဈေးဝယ်ခြင်းများအား သက်ဆိုင်ရာက တင်းကျပ်စွာတားမြစ်ထားကြောင်း သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတွင်ကုန်ပမာဏတန်ဖိုးပေါ်မူတည်ပြီး နယ်စပ်ငွေလဲလှယ်နှုန်းမှာလည်း အတက်အကျရှိသည့်အပြင် ဒေသတွင်း တာကာငွေသုံးစွဲမှုများလာခြင်းနှင့် လက်ဝယ်ထားရှိမှုများပြားလာခြင်းတို့ကြောင့်လည်း မြန်မာငွေတန်ဖိုးမှာ မသိမသာကျဆင်းမှုများရှိရာ ယခုကဲ့သို့ တားမြစ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဒေသခံအာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"မောင်တောနယ်စပ်ဒေသ ဈေးအတော်များများမှာ ဘင်္ဂလားဒေ့ရှ်ငွေ တာကာကိုသုံးစွဲပြီး ဈေးရောင်းဈေးဝယ်ပြုလုပ်နေကြတာကိုတွေ့ရတယ်။ ဒီတော့ မြန်မာငွေကျပ်တန်ဖိုးကအလိုအလျောက် မသိမသာသဘောဖြင့် ကျဆင်းမှုတွေရှိလာသလို စီးပွားရေး လုပ်ငန်းရှင်တွေ တာကာငွေသုံးပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွေကလည်း များစွာအကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့် တာကာငွေနဲ့ ဈေးရောင်းဈေးဝယ်ခြင်းအပြင် တခြားစီးပွားရေးလုပ်ငန်းတွေမှာလည်း တာကာငွေအသုံးပြုခြင်းကို လုံးဝတားမြစ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့တာကာငွေကြေး ကိန်းဂဏန်းအမြောက်အမြားဖြင့် ဒေသတွင်းဈေးရောင်းဈေးဝယ်စီးပွားရေးလုပ်ငန်းများ ပုစွန်တာလုပ်ငန်းများနှင့်အခြားသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှုကြောင့် မြန်မာငွေသုံးအသေးစားလုပ်ငန်းများနှင့် အခြေခံလူတန်းစားများအတွက် အကျပ်အတည်းရိုက်ခတ်မှုများရှိခဲ့ကြောင်း သိရသည်။

# ပူပူဇီလာ မြန်မာနိုင်ငံ ရောက်လာပြီ



ဇော်ကိုကို

**မန္တလေး၊ အောက်တိုဘာ-၉**

အာဖရိကကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပရိသတ်များကြား ရေပန်းစားခဲ့သော ဗူပူဇီလာနှဲများ မြန်မာဘောလုံးလောကသို့ရောက်ရှိလာသည်။ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားရခဲ့သော ရတနာပုံဘောလုံးအသင်းကို မန္တလေးမြို့ခံပရိသတ်များက ကြိုဆိုရာတွင် ဗူပူဇီလာနှဲများကို မြင်တွေ့ခဲ့ရ၍ဖြစ်သည်။

ရတနာပုံကလပ်အား အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့မှ ရာပေါင်းများစွာသော ပရိသတ်များက တစ်ခဲနက်ကြိုဆိုခဲ့ကြသည်။

ထိုသို့ကြိုဆိုရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/သူများပါဝင်ခဲ့ကြပြီး ဘောလုံးဝါသနာအိုးများက ဆိုင်ကယ်များစီးနင်းလိုက်ပါ၍ ဘင်ခရာများ၊ ဗုံများနှင့် ဗူပူဇီလာနှဲများအား တီးမှုတ်၍ကြိုဆိုခဲ့ကြသည်ကို တွေ့ရသည်။

အဆိုပါ ဗူပူဇီလာနှဲများသည် ၂၀၁၀ တောင်အာဖရိကကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘောလုံးပရိသတ်များကြား အသုံးများခဲ့သည်။ အာဖရိကရိုးရာ ဗူပူဇီလာမှာ အသံဆူညံလွန်းသည့်အတွက် ဆေးပညာရှင်များက နားပင်းနိုင်သည်ဟု ထောက်ပြမှုများလည်းရှိခဲ့သည်။ ဗူပူဇီလာများမှာ အာဖရိကလူမျိုးများ အဓိကနှစ်သက်ကြပြီး ရိုးရာဓလေ့တူရိယာဖြစ်ကာ ယခုဗူပူဇီလာကို တရုတ်နိုင်ငံမှ အဓိကထုတ်လုပ်ခြင်းဖြစ်သည်။

# ITPEC အသိအမှတ်ပြု နည်းပညာစာမေးပွဲ မုံရွာတွင် ကျင်းပနိုင်ရန် စီစဉ်

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ-၆**

ITPEC (Information Technology Professional Examination Council) အသိအမှတ်ပြု နည်းပညာစာမေးပွဲကို မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း (စစ်ကိုင်းတိုင်းဒေသကြီး)မှ ကြီးမှူးကျင်းပမည်ဖြစ်ပြီး ယခုနှစ်အောက်တိုဘာ ၃၀ ရက်တွင် မုံရွာမြို့ပညာ့အလင်းခေတ်မီ စာကြည့်တိုက်အဆောက်အအုံတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

"ITPEC စာမေးပွဲကို အောက်တိုဘာ ၃၀ ရက်မှာ ကျင်းပဖို့ စီစဉ်ထားတယ်။ စာမေးပွဲအတွက် လိုအပ်မယ့် သင်တန်းကို အောက်တို ဘာလ ၁၀ ရက်မှာ စတင်သင်ကြားပေးမှာဖြစ်ပြီး စာမေးပွဲဖြေဆိုမည့်သူများအနေနဲ့ အောက်တိုဘာ ၂၇ ရက်နောက်ဆုံးစာရင်းပေးသွင်းရမှာဖြစ်တယ်။ ITPEC စာမေးပွဲကို ကွန်ပျူတာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ပြီး အိုင်တီစိတ်ဝင်စားတဲ့ ကျောင်းသားကျောင်းသူများ၊ အိုင်တီနဲ့ သက်ဆိုင်သော လုပ်ငန်းများမှာ လုပ်ကိုင်နေသူများနဲ့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ ဝင်ရောက်ဖြေဆိုနိုင်တယ်" ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (စစ်ကိုင်းတိုင်းဒေသကြီး)မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ITPEC (Information Technology Professional Examination Council) အသိအမှတ်ပြု နည်းပညာစာမေးပွဲတွင် Information Technology Passprot Examination (IT Passport) စာမေးပွဲအတွက် အိုင်တီဆိုင်ရာအခြေခံ ဗဟုသုတရှိပြီး အိုင်တီနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများဝင်ရောက် ဖြေဆိုနိုင်ကြောင်းသိရသည်။ Fundamental Information Technology Engineer Examination (FE) စာမေးပွဲအတွက် အိုင်တီဗဟုသုတအခြေခံကျွမ်းကျင်မှုရှိပြီးသူများ ပရိုဂရမ်မာများ၊ ပရိုဂရမ်ဒီဇိုင်း ရေးဆွဲသူများနှင့် Software Development လုပ်ငန်းလုပ်ကိုင်နေသူများ ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဒေသသို့ ပြင်သစ် ရှေးဟောင်းသုတေသနပညာရှင် အများဆုံးလာ

**စိုင်းသာအောင်**

**ဘုတလင်၊ အောက်တိုဘာ- ၇**

ဘုတလင်မြို့နယ်ညောင်ကန်ရွာ အရှေ့ဘက် ၂ ဒသမ ၄ ကီလိုမီတာအကွာတွင် ကြေးခေတ်ဘီစီ ၅၀၀ မှ ၁၀၀၀ အတွင်းကဟု ယူဆရသော ပျူသင်္ချိုင်းတစ်ခုအား ပြင်သစ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင်များ အများဆုံး လာရောက်လေ့လာကြောင်းဒေသခံများကပြောသည်။

အဆိုပါကြေးခေတ်ပျူသင်္ချိုင်းသည် အလျား ၇၅ မီတာ၊ အနံ ၁၈၀ မီတာရှိသည်။ ယင်းဒေသအား ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှု ဒေသဟု တရားဝင်သတ်မှတ်ထားပြီး သွပ်မိုးပျဉ်ကာ အဆောင် ၅ ဆောင်တည်ဆောက်၍ ထိန်းသိမ်းထားသည်ကိုတွေ့ရသည်။

အဆိုပါညောင်ကန်ယဉ်ကျေးမှုဒေသကို ၁၉၉၃ ခုနှစ်က ဒေသခံရွာသားဦးချစ်လှိုင်က စိုက်ခင်းလုပ်ရန်ထွန်ယက်ရာမှဦးခေါင်းခွံအစ်ခုနှင့်ပုတီးစေ့များ၊ ကျောက်ကွင်းများ၊ ခရုခွံပုတီးများ စတင်တွေ့ရှိရာမှ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်ဟု သိရသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ပညာရှင်များက ၁၉၉၈ ခုနှစ်တွင် တူးဖော်ခဲ့ရာ အလောင်း ၄၄ လောင်းတွေ့ရှိပြီး ၃၂ လောင်းမှာ ဦးခေါင်းမှ ခြေထောက်အထိ လက်ရာမပျက်ရှိကြောင်း၊ အလောင်းနှင့် အတူ ကြေးခေတ်ကဟု ယူဆရသော မြေအိုးများ၊ မြေအိုးများအတွင်း ထည့်ထားသော လှံတစ်ချောင်း၊ မြားခေါင်းခြောက်ခု၊ ကျောက်ကွင်း ၁၀ ခု၊ မြေပုတီးစေ့ သုံးစေ့၊ ကျောက်ပုတီး ၁၄ ခု၊ ခရုခွံပုတီးစေ့ ၉၀၊ တိရစ္ဆာန်ခေါင်းခွံလေးခု တွေ့ခဲ့ရသည်ဟုဆိုသည်။ သံနှင့်ပတ်သက်သောအထောက်အထားများကိုမူ မတွေ့ရကြောင်း၊ သရေခေတ္တရာ၊ ဝက်လက်မြို့နယ် ဟန်လင်း၊ ကျောက်ဆည်ဒေသ မိုင်းမော၊ တောင်တွင်းကြီးဒေသ ဗိဿနိုးထက်စောကြောင်းအဆိုပါ ဒေသခံတစ်ဦးဖြစ်ပြီး ရတနာပုံတက္ကသိုလ် ရှေးဟောင်းသုတေသန ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာတန်း တက်ရောက်သင်ကြားနေသူ မချမ်းပြည့်အောင်က ရှင်းပြသည်။

ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှု ဒေသသည် ပင်လယ်ရေမျက်နှာပြင်ထက် ၃၈၄ ပေမြင့်ပြီး တရုတ်နိုင်ငံ ဘန်ချိုင်းဒေသတွင် တွေ့ရှိရသော ကြေးခေတ်ယဉ်ကျေးမှုပစ္စည်းများနှင့်တူညီသည်ဟု ဆိုသည်။

ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဒေသသည်မြန်မာနိုင်ငံတွင်ရှေးဦးနေထိုင်ခဲ့သော လူများနှင့် ပတ်သက်၍ တန်ဖိုးထားပြီး စနစ်တကျ ထိန်းသိမ်းထားသင့်သော ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ကြောင်း ညောင်ကန်အုပ်စု ရွာသာရွာမှ ဒေသခံရွာသားတစ်ဦးဖြစ်သူ ဦးသိန်းဇော်က ၎င်း၏အမြင်ကိုပြောသည်။

# စစ်တွေမြို့တွင် မြေအောက်ရေရယူ အသုံးပြုသူများပြားလာ

**နနနွေ**

**စစ်တွေ၊ အောက်တိုဘာ- ၆**

ရခိုင်ပြည်နယ်မြို့ပေါ် ရပ်ကွက်အချို့နေရာများတွင် မြေအောက်ရေရယူအသုံးပြုမှု များပြားလျက်ရှိကြောင်းတွေ့ရသည်။မြေအောက်ရေကိုအနက်ပေ ၄၀ ခန့်အထိ တူးဖော်ရုံဖြင့်ရရှိနိုင်ပြီး မြေအောက်ရေအသုံးပြုခြင်းဖြင့် နွေရာသီရေရှားပါးမှုကြောင့် ရေအခက်အခဲများကို ဖြေရှင်းပေးနိုင်ကြောင်း ဒေသခံများက ပြောသည်။

"စစ်တွေမြို့တွင်း ရေပေးရေးကို စစ်တွေမြို့ကန်တော်ကြီးကနေပေးဝေနေတာဖြစ်ပါတယ်။ မြို့တွင်းသို့ရေပိုက်များနဲ့ပို့ပေးတာဖြစ်ပေမယ့် နွေရာသီဆို ရေအခက်အခဲနဲ့ အမြဲကြုံတွေ့နေကြရပါတယ်။ စစ်တွေမြို့ပေါ်မှာ ရပ်ကွက်ထွက် ၃၂ ရပ်ကွက်ရှိပြီး ရပ်ကွက် ၂၉ ရပ်ကွက်မှာ နေထိုင်တဲ့ပြည်သူ ၁၅၀,၀၀၀ ခန့်ကိုရေပေးနေတာဖြစ်ပါတယ်။ ကန်တော်ကြီးရေဆိုလှောင်နိုင်မှုနဲ့ မြို့တွင်းရေ သုံးသူတွေအတွက် ရေလုံလောက်ခြင်းမရှိကြပါဘူး။ ဒါကြောင့်ရေအခက်အခဲကိုအထိုက်အလျောက် ပြေလည်စေဖို့ အဝီစိရေတွင်းတွေ တူးဖော်နေကြရတာဖြစ်ပါတယ်"ဟု ဆိုသည်။ ၂၀၁၀ ခုနှစ်နွေရာသီက ရေအခက်အခဲများဖြစ်ခဲ့ရာဒေသများတွင် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် အဝီစိရေတွင်းပေါင်း ၁၀၀ ကျော်ကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ပုဂ္ဂလိကများကလည်း မိမိတို့အိမ်ဝိုင်း၊ အိမ်ရှေ့မြေလွတ်များတွင် အဝီစိရေတွင်းများ တူးဖော်လျက်ရှိကြကြောင်းဖြင့် တွေ့ရသည်။



"အဝီစိရေက ဆေးကြောဖို့ လျှော်ဖွတ်ဖို့ ရေချိုးဖို့အတွက်သာ ကောင်းတာပါ။ သောက်ရေ၊ ချက်ပြုတ်တဲ့အခါသုံးရင်သိပ်ပြီး အသုံးမတဲ့လှဘူး"ဟု အိမ်ရှင်မတစ်ဦးကပြောသည်။ အဝီစိတွင်းများ ရပ်ကွက်၊ နေရာများကိုလိုက်ပြီး ရေကြောမတူကြ၍ ရေအရည်အသွေးများကွာခြားမှုရှိကြောင်း သိရသည်။

အဝီစိရေတွင်းများကို စစ်တွေမြို့တောင်ပိုင်း ရပ်ကွက်များတွင် အများအပြား တူးဖော်ကြသော်လည်း မြောက်ပိုင်းရပ်ကွက်နေရာများမှာရေကောင်းလည်းမရနိုင်ကြောင်း သိရသည်။

# ပြင်ဦးလွင်မြို့တွင် ဓားချက်ပေါင်းများစွာဖြင့် ပြစ်မှုကျူးလွန်မှုတွင် မသင်္ကာသူတရားခံအားဖမ်းမိ

မင်းဒင်

**မန္တလေး၊ အောက်တိုဘာ - ၄**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂)တွင် စက်တင်ဘာ ၂၆ ရက် ၁၁ နာရီခွဲအချိန်၌ ဓားချက်ပေါင်းများစွာဖြင့် ပြစ်မှုကျူးလွန်သော လူသတ်မှုဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းဌာနရဲမှတ်တမ်းများအရ သိရသည်။

ဖြစ်ပွားပုံမှာ ရပ်ကွက်ကြီး (၂) ရွှေစည်းခုံဘုန်းကြီးကျောင်းလမ်းရှိနေအိမ်တစ်ခုတွင် အသက် ၅၀ အရွယ် စိုက်ပျိုးရေးလုပ်ငန်းအရာရှိ အမျိုးသမီးတစ်ဦးသည် ဓားဒဏ်ရာများဖြင့် သေဆုံးနေပြီး ဂျာလင်းစူပါကပ် ဆိုင်ကယ်တစ်စီးနှင့် မိုဘိုင်းဖုန်းတစ်လုံး ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရာ ပြင်ဦးလွင်ရဲစခန်းတွင် (ပ) ၃၃၃/၂၀၁၀ ပုဒ်မ ၃၀၂/၃၉၂ အရ အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ တောင်ကြီးမြို့ ကံသာယာရပ်ကွက်နေသူ မောင် . . . အား မိတ္ထီလာအမှတ် (၂) ရဲစခန်းတွင် ဖမ်းဆီးရမိထားခဲ့ရာ ၎င်းအား သက်သေခံပစ္စည်းများ လွှဲပြောင်းနိုင်ရေးအတွက် စက်တင်ဘာ ၂၇ ရက်တွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

# နေပြည်တော်ပျဉ်းမနားတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစတင်ဆောင်ရွက်

ညိုညိုဝင်း

**နေပြည်တော်၊ အောက်တိုဘာ-၄**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ရပ်ကွက်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးကို မြို့နယ်မီးသတ်ဦးစီးဌာနက လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဈေးတွေမှာမီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများကို မီးဘေးကြိုတင်ကာကွယ်ရေး ဦးစားပေးစစ်ဆေးတယ်။ မြို့မဈေးကရပ်ကွက်နဲ့ တစ်ဆက်တည်းတည်ရှိနေလို့ဈေးကိုလောင်ရင် ရပ်ကွက်ကိုလည်း ကူးနိုင်တယ်။ ဒါကြောင့် ဈေးနဲ့နီးတဲ့ ရပ်ကွက်ကိုလည်း အဓိကထားစစ်တယ်။ အခုလက်ရှိရပ်ကွက်လေး ခုစစ်ဆေးပြီးသွားပြီ။ ကျန်နေတဲ့ ရပ်ကွက်တွေကိုလည်း တစ်အိမ်တက်ဆင်း ဆက်လက်စစ်ဆေးမှုတွေပြုလုပ်သွားမှာပါ။ စက်သုံးဆီအရောင်းဆိုင်တွေနဲ့ ပတ်သက်ပြီးတော့ နီလာရိုးမ၊ New Days နဲ့ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (၁)တွေကိုလည်း စစ်ဆေးပြီးသွားပါပြီ" ဟု မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်သူများ မီးကိုအသုံးပြုမှုများ စနစ်တကျရှိမရှိ၊ လှောင်စာသိုလှောင်မှုစနစ်တကျရှိမရှိ၊ မီးဘေးလုံခြုံရေးအတွက် မည်သို့သောကြိုတင်ကာကွယ်မှုများပြုထားသည်တို့ကို လိုက်လံစစ်ဆေးပြီးမီးငြိမ်းသတ်ရေးပစ္စည်းများ စနစ်တကျအသုံးပြုနည်းအား လက်တွေ့သင်ကြားပြသပေးနေကြောင်းသိရသည်။ နေပြည်တော်ပျဉ်းမနားမြို့တွင် ပြီးခဲ့သည့်ပွင့်လင်းရာသီက မီးလောင်မှု၁၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ်ကဖြစ်ပွားခဲ့သောမီးလောင်မှု ၁၅ ကြိမ်ထက်နည်းကြောင်းသိရသည်။



ဒီဇင်ဘာလ(၂၆) ရက်၊ တနင်္ဂနွေနေ့တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် 80 betch မှ WEG ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းနိုင်ကငွေကျပ်(၁၅)သိန်းနှင့် 81 Betchမှ ACE ကုမ္ပဏီဥက္ကဋ္ဌဝဏ္ဏကျော်ထင်၊ ဦးတင့်ဆန်းက ငွေကျပ်(၁၅)သိန်း၊ စုစုပေါင်းငွေကျပ်သိန်း(၃၀)ကို WEG ဥက္ကဋ္ဌနှင့် Super IQ မှ ဆရာဦးကျော်ဆန်းတို့က ကျင်းပရေးကော်မတီ ဒု-ဥက္ကဋ္ဌဦးစောလင်းထံ ပေးအပ်လှူဒါန်းစဉ်။

# မန္တလေးမြို့တော်ခန်းမတွင် ကုန်စည်ပြပွဲ ၅ ရက်ကြာကျင်းပမည်


**သန်းငွေ**

**ရန်ကုန်၊ အောက်တိုဘာ- ၉**

မန္တလေးမြို့တော်ခန်းမတွင် ပွင့်လင်းရာသီ၏ ပထမဆုံးကုန်စည်ပြပွဲကျင်းပရန်စီစဉ်နေကြောင်း ပြပွဲကျင်းပရေးကော်မတီထံမှ သတင်းရရှိသည်။ အဆိုပါကုန်စည်ပြပွဲကို Mandalay Expo' 2010 ဟု အမည်ပေးထားပြီး အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိကျင်းပရန်စီစဉ်ထားကြောင်း ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဦးအောင်ဖုန်းမြင့်က အတည်ပြုထားသည်။ ကုန်စည်ပြပွဲကြီးအား ပြခန်းပေါင်း ၁၃၀ ကျော်ဖြင့် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ၅ ရက်ကြာကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲကြီးတွင် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ ပရိဘောဂများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု၊ တိုင်းရင်းဆေးနှင့်ပြည်ပဆေးဝါးများ စားသောက်ဆိုင်များနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ပါဝင်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။



Education
7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# စင်ကာပူရေကြောင်းအင်စတီကျူ့ဒ်ဖွင့်တော့မည်

**သီဟ**



ရန်ကုန်၊အောက်တိုဘာ-၈

ပင်လယ်ရေကြောင်းနှင့် ပတ်သက်သည့် ဘာသာရပ်များကို ယခင်က စင်ကာပူနိုင်ငံတွင် Singapore Polytechnic နှင့် Nanyaung Technological University တို့တွင်သာ သင်ကြားပေးခဲ့ရာမှ ယခုအခါတွင် Singapore Maritime Institute(MI) အားမကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

Singapore Polytechnic နှင့် Nanyaung Technology University တို့တွင် အဆိုပါ ဘာသာရပ်အား နိုင်ငံတကာ ကျောင်းသားများ လျှောက်ထားပါက စင်ကာပူနိုင်ငံသားများနှင့် ယှဉ်ပြိုင်မှုပြင်းထန်စွာဖြင့် လျှောက်ထားကြရကြောင်း သိရသည်။

သို့သော် ယခုဖွင့်လှစ်မည့် MI တွင် နိုင်ငံတကာကျောင်းသားများကိုလည်း တိုးချဲ့လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း Singapore Maritime Institute အား Maritime and Port Authority of Singapore မှ A* Star, Economic Development Board တို့နှင့် ပူးပေါင်း၍ စင်ကာပူဒေါ်လာ သန်း ၂၀၀ အကုန်အကျခံ ရင်းနှီးမြှုပ်နှံ တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်စတီကျူ့ဒ်တွင် ပညာရေးဆိုင်ရာ မူဝါဒများ၊ သုတေသနလုပ်ငန်းများအပြင် ဆိပ်ကမ်း၊သင်္ဘောပို့ဆောင်ရေး ကဏ္ဍများ၊ ပင်လယ်ရေကြောင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ကမ်းလွန်ပင်လယ်နှင့် ပင်လယ်ရေကြောင်းအင်ဂျင်နီယာကဏ္ဍများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အရင်က ဒီပညာရပ်ကို နိုင်ငံတကာကျောင်းသားတွေအတွက် ဝင်ခွင့်ခက်ခဲပါတယ်၊ အခု ဒီအစီအစဉ်အကောင်အထည်ပေါ်လာရင်တော့ ဒီကကျောင်းသားတွေအတွက် လမ်းကြောင်းတစ်ခုပွင့်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပညာရေး အေဂျင်စီတစ်ခုမှတာဝန်ရှိသူ တစ်ဦးကပြောသည်။

## ပညာရေးသတင်းတိုများ

### စီးပွားရေးဆိုင်ရာ စာအုပ်ပြပွဲ

ရန်ကုန်၊ အောက်တိုဘာ - ၇

ဒဂုံမြို့နယ်၊ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ စီးပွားရေးဆိုင်ရာ စာအုပ်ပြပွဲကို အောက်တိုဘာ၂၁ရက်၊ ညနေ ၄ နာရီခွဲမှ ၆နာရီအထိကျင်းပမည်ဟုသိရသည်။ ထို့ပြင် ဒေါက်တာအောင်ထွန်းသက်မှ Self Accountability ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

### ဉာဏပစ္စည်းမူပိုင်ခွင့်သင်တန်း

ရန်ကုန်၊ အောက်တိုဘာ - ၈

မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်သင်တန်းကို အောက်တိုဘာလ ၁၅ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သွားမည်ဟု မန္တလေးမြို့ရှိ BIZLAW ကုမ္ပဏီမှ သိရသည်။ စိတ်ဝင်စားသူများအနေဖြင့် အခမဲ့တက်ရောက်လေ့လာနိုင်ပြီး ဖုန်း- ၀၉-၈၀၃၂၄၉၃သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။

### ပညာရေးဟောပြောပွဲ

ရန်ကုန်၊ အောက်တိုဘာ - ၇

မလေးရှားနိုင်ငံရှိ တေလာယူနီဗာစတီကောလိပ်၏ ပညာရေးဟောပြောပွဲကို အောက်တိုဘာလ ၁၇ ရက် နံနက် ၁၀ နာရီမှ ၂ နာရီအထိ Synergy ပညာရေးရုံးခန်း၌ ကျင်းပမည်ဖြစ်သည်။ စိတ်ဝင်စားသူများ အနေဖြင့် Excel Tower အနောက်ဘက်ရှိ အမှတ်၅၂၀/ဒီ-၁၊ ရွှေဂုံတိုင်တွင်တက်ရောက်လေ့လာနိုင်သည်။

# နန်ယန်းတွင်ဟိုတယ်စီမံခန့်ခွဲမှုသင်ယူပြီးသူများ ဒူဘိုင်းတွင် အလုပ်သင်လုပ်နိုင်မည်ဟုဆို

**သီဟ**

ရန်ကုန်၊အောက်တိုဘာ-၈

စင်ကာပူနိုင်ငံရှိ Nanyaung Institute of Managementတွင် Hospitality & Tourism ပညာရပ်ကို သင်ယူပြီးမြောက်သည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှကျောင်းသားများအား ဒူဘိုင်းနိုင်ငံရှိ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်တွင် အလုပ်သင်ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အလုပ်သင်ဝန်ထမ်းအဖြစ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာဗျူးဖြေဆိုအောင်မြင်ပါက ဝန်ဆောင်မှုပေးသည့် အေဂျင်စီအား ဝန်ဆောင်ခအဖြစ် စင်ကာပူဒေါ်လာ ၅၀၀ ခန့်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သင်ဝန်ထမ်းအဖြစ် လုပ်ကိုင်မည့်သူများသည် တစ်ပတ်လျှင် ၅၄နာရီ အလုပ်လုပ်ရမည်ဖြစ်ပြီး ခံစားခွင့်အနေဖြင့် တစ်လလျှင် အမေရိကန်ဒေါ်လာ ၄၀၀ကျော်ခန့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်သင်ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ခွင့်ရရှိမည့်ကာလမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။

NIM ၏ Hospitality & Tourism ဘာသာရပ်အတွက် ယခုနှစ်၏ အနီးကပ်ဆုံးသော ကျောင်းဝင်ခွင့်ရာသီမှာ နိုဝင်ဘာလတွင်ဖြစ်ကြောင်းသိရသည်။

# Parkway ၏ သူနာပြုဘာသာရပ် ဒီပလိုမာပညာသင်ဆု အရည်အချင်းလိုအပ်ချက် မြင့်တက်



**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၈**

စင်ကာပူနိုင်ငံရှိ Parkway College သူနာပြုဘာသာရပ်ဒီပလိုမာသင်တန်းပညာသင်ဆုအတွက် ပညာအရည်အချင်း လိုအပ်ချက်များမြင့်တက်သွားကြောင်းသိရသည်။

၂၀၁၁ ခုနှစ် ဧပြီလကျောင်းဝင်ခွင့်မှ စတင်၍ ပညာအရည်အချင်းသတ်မှတ်ချက်များကို ပြောင်းလဲမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဘာသာရပ်တိုင်းတွင် ၅၅ မှတ်နှင့်အထက် ရရှိထားရမည့် အပြင် နိုင်ငံတကာ အသိအပြုအင်္ဂလိပ်ဘာသာ စကားလက်မှတ်ဖြစ်သော IELTS အမှတ် ၅. ၅ အနည်းဆုံးရရှိထားရမည်ဖြစ်သည်။

ယခင်က ကျောင်းလျှောက်ထားရာတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်အလိုက်သာ အမှတ်ကန့်သတ်ချက်ရှိပြီး နိုင်ငံတကာ အသိအမှတ်ပြု အင်္ဂလိပ်ဘာသာစကားလက်မှတ်မရှိလည်းလျှောက်ထားနိုင်သည်။

"သတ်မှတ်ထားတဲ့ ပညာအရည်အချင်းမပြည့်မီရင် ဝင်ခွင့် အင်တာဗျူးဖြေဆိုခွင့်ရမှာမဟုတ်ပါဘူး။ကျောင်းသားတွေအနေနဲ့ လူတွေ့အင်တာဗျူးကိုပဲဖြေဆိုရမှာပါ။ အောင်မြင်စွာဖြေဆိုနိုင်ရင် ၃နှစ်တာပညာသင်စရိတ်သာမက လစဉ်နေထိုင်စားသောက်စရိတ်ကို Parkway College က ထောက်ပံ့ပေးမှာပါ"ဟု SYM ပညာရေးဝန်ဆောင်မှုမှ တာဝန်ရှိ သူတစ်ဦးကပြောသည်။

ပညာသင်ဆုလျှောက်ထားရမည့် ကျောင်းသားများအနေဖြင့် လျှောက်လွှာကြေး စင်ကာပူဒေါ်လာ ၁၀၇ ပေးသွင်းရမည်ဖြစ်ပြီး ကျောင်းတက်ရောက်ခွင့်ရရှိသူများသည် သူနာပြုဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်စာနှင့် ဆေးပညာရပ်ဆိုင်ရာအထောက်အကူပြုသင်တန်းကို ပြည်တွင်း၌ တက်ရောက်ရမည် ဖြစ်သည်။ ၎င်းသင်တန်းသည် သုံးလကြာမြင့်မည်ဖြစ်ပြီး ကျပ် ငါးသိန်းခန့်ပေးသွင်းရမည်ဟုသိရသည်။

# စင်ကာပူရှိ Kaplan တွင် ဩစတြေးလျ Adelaideတက္ကသိုလ်၏သင်တန်းအချို့တက်ရောက်နိုင်

**သီဟ**

ရန်ကုန်၊အောက်တိုဘာ-၆

ဩစတြေးလျနိုင်ငံရှိ University of Adeliaide ၏အခြေခံသင်တန်းနှင့် ပထမနှစ်သင်တန်းများအား စင်ကာပူနိုင်ငံရှိ Kaplan Higher Education Academy တွင်တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အတွက် Kaplan တွင်သင်ယူနိုင်သည့် ဘာသာရပ်များမှာ Bachelor of Commerce(Accounting, Corporate Finance, International Business, Management, Marketing), Economic, Bachelor of Computer, Bachelor of Finance အစရှိသည့် ဘာသာရပ်များဖြစ်သည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ဩစတြေးလျတက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိနိုင်မည်မဟုတ်ဘဲ အခြေခံအတန်းမှစ၍တက်ရောက်ရမည်ဖြစ်ရာ ဘွဲ့ရသည်အထိ ဩစတြေးလျ ဒေါ်လာတစ်သိန်းကျော်ခန့်ကုန်ကျနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် စင်ကာပူတွင် အခြေခံအတန်းနှင့် ပထမနှစ်တက်ရောက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာနိုင်ကြောင်း ပညာရေးအေဂျင်စီတစ်ခုကပြောသည်။

အဆိုပါ အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်အစီအစဉ်များအား ယခုလ ၁၆ရက်နေ့တွင် Crown Education၌ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## အွန်လိုင်းအင်္ဂလိပ်စာသင်ခန်းစာများ အင်တာနက်မှတစ်ဆင့်သင်ယူနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ – ၆**

အင်္ဂလိပ်ဘာသာစကားလေ့လာနေသူများအတွက် နာရီပေါင်း ၆၀၀ ကျော်ရှိ အွန်လိုင်းအင်္ဂလိပ်စာသင်ခန်းစာများကို အင်တာနက်မှတစ်ဆင့်သင်ယူနိုင်ပြီဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။

အဆိုပါသင်ခန်းစာများတွင် သင်ခန်းစာခြောက်ခုပါဝင်ပြီးနိုင်ငံ တကာအသိအမှတ်ပြု အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသူများလည်းအသုံးပြုနိုင်ကြောင်းသိရသည်။

"ဒီသင်ခန်းစာတွေရဲ့ အားသာချက်က အခမဲ့သုံးလို့ရတယ်။ Pre-Intermediate ကနေ Upper- Intermediate အဆင့်ထိ သင်ခန်းစာတွေစုံစုံလင်လင် ပါတယ်။ သင်ကြားသူအဆင်ပြေတဲ့အချိန်သုံးလို့ရတယ်။ စကားဝိုင်းတွေမှာ ပါဝင်ဆွေးနွေးလို့ရတယ်။ မျက်နှာချင်းဆိုင်သင်ကြားပေးတဲ့ အင်္ဂလိပ်စာသင်တန်းတွေကို မတတ်နိုင်တဲ့ကျောင်းသား တွေအတွက် ရွေးချယ်စရာနည်းလမ်းတစ်ခုပါပဲ။ ဒါပေမဲ့ အွန်လိုင်းသင်ခန်းစာဖြစ်လို့သင်ယူသူတွေအတွက် အရေးကြီးတဲ့အချက်တွေဖြစ်တဲ့လိုအပ်ချက်အတိုင်း ဆရာက သင်ရိုးပြင်ပေးတာမျိုး၊ အားပေးနှစ်သိမ့်တာမျိုး၊ စောင့်ကြည့်စစ်ဆေးပေးတာမျိုးရှင်းပြပေးတာတွေတော့ ရမှာမဟုတ်ဘူး။ တစ်ဦးတည်း သင်တာမျိုး ဖြစ်လို့ စကားပြောလေ့ကျင့်တာတို့ တခြားသင်တန်းသားတွေနဲ့ ထိတွေ့ဆက်ဆံရတာတို့ မိတ်ဖွဲ့နိုင်တာတွေလည်း မရှိဖူးပေါ့"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အထက်ပါအွန်လိုင်းသင်ခန်းစာကို လေ့လာချင်သူများသည် www.bit.ly/bcmyanmar တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

## စင်ကာပူရှိ BCA အကယ်ဒမီသို့ ၂နှစ်ကျော်အတွင်း မြန်မာကျောင်းသားလေးရာကျော်စေလွှတ်

**ရန်ကုန်၊ အောက်တိုဘာ – ၆**

စင်ကာပူနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ BCA အကယ်ဒမီတွင် ပညာသင်ယူရန်အတွက် ၂နှစ်ကျော်ကာလအတွင်း မြန်မာကျောင်းသားလေးရာကျော်ကိုစေလွှတ်နိုင်ခဲ့ကြောင်း အဆိုပါကျောင်း၏ ကိုယ်စားလှယ်ကုမ္ပဏီတစ်ခုဖြစ်သော Care Forever မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



အဆိုပါကျောင်းဝင်ခွင့်ရရှိရန်အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုလက်မှတ်များဖြစ်သော IELTS နှင့် TOEFL များလို အပ်ခြင်းမရှိဘဲ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားရန်လိုအပ်ခြင်းကြောင့် ဝင်ခွင့်လျှောက်ထားသူများပြားလျက်ရှိကြောင်းသိရသည်။

"၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ ဝင်ခွင့်စာမေးပွဲစစ်တာပါ။ ကျောင်းသား ၃၂ယောက်ဖြေကြတယ်။ နောက်တစ်သုတ်မှာ ၈၂ ယောက်ဖြေတယ်။ ၂၀၀၉ ခုနှစ်မှာ လေးခါစာမေးပွဲစစ်တယ်။ ကျောင်းသားလေးရာကျော် ပို့ပြီးသွားပြီ။ ပညာသင်ဆုအတွက် အယောက် ၂၀ လောက်ဝင်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အထက်ပါကျောင်းဝင်ခွင့်စာမေးပွဲအတွက် ကျောင်းသားတစ်ဦးလျှင် စင်ကာပူဒေါ်လာ ၁၀၀ ပေးသွင်းဖြေဆိုရပြီး၊ သုံးနှစ်ဒီပလိုမာသင်တန်းဖြစ်ကာ တစ်နှစ်လျှင် ကျောင်းလခ စင်ကာပူဒေါ်လာ ၈၅၀၀ ခန့်ရှိသည်။ ထို့အပြင် အင်္ဂလိပ်စာ သင်တန်းခြောက်လ တက်ရောက်ရပြီးတစ်လလျှင် စင်ကာပူဒေါ်လာ ၁၇၈ ဒေါ်လာခန့်ပေးသွင်းရမည်ဖြစ်သည်။

## TOEFL စာမေးပွဲကို အွန်လိုင်းစနစ်ဖြင့် ပြည်တွင်း၌ပင် ဖြေဆိုနိုင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ – ၈**

နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲတစ်ခုဖြစ်သော TOEFL စာမေးပွဲအား ပြည်တွင်းမှ နေ၍ အင်တာနက်စနစ်(iBT)ဖြင့်ဖြေဆိုနိုင်ရန် ဝန်ဆောင်မှုဆောင်ရွက်မည်ဖြစ်ကြောင်း Myanmar Inspirations မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၎င်းစာမေးပွဲဖြေဆိုရန်အတွက် စာရင်းဖွင့်ခြင်းနှင့် စာမေးပွဲကြေးအပါအဝင် အထွေထွေဝန်ဆောင်မှုအတွက်ကျပ်နှစ်သိန်းနှစ်သောင်းဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

"နိုင်ငံတကာမှာ အွန်လိုင်းစနစ်နဲ့ဖြေဆိုနေတာကြာပါပြီ။ မြန်မာပြည်မှာပဲ စာရွက်နဲ့ ဖြေနေရတာပါ။ အခုလက်ရှိက တစ်ကြိမ်ဖြေရင် MIT ထဲက စင်တာမှာ ၁၂ ယောက်၊ သိမ်ကြီးဈေးမှာ ၄ ယောက်နဲ့ မန္တလေးမြို့မှာ ၅ ယောက်တစ်ပြိုင်တည်း ဖြေလို့ရပါတယ်။ လောလောဆယ်တော့ နိုင်ငံခြားသားတွေက ပိုပြီးစုံစမ်းမေးမြန်းတာကိုတွေ့ရပါတယ်။ မြန်မာကျောင်းသားတွေဘယ်သူ အရင်ဖြေမလဲ စောင့်ကြည့်နေတာဖြစ်နိုင်ပါတယ်"ဟု အိုင်တီစာမေးပွဲများဆောင်ရွက်နေသော Myanmar Inspirations မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင် နိုင်ငံခြားတက္ကသိုလ်များ၌ သွားရောက်ပညာသင်ယူမည့် မြန်မာကျောင်းသားများသည် အမေရိကန်စင်တာမှဆောင်ရွက်နေသောစာရွက်နှင့်ဖြေဆိုရသည့် စနစ်(PBT)ကို ဖြေဆိုနေကြပြီး နှစ်စဉ်ဖြေဆိုသူ ဦးရေ တစ်ထောင့်ငါးရာခန့်ရှိသည်။

ထို့ပြင် PBT စနစ်စာမေးပွဲသည်အပြော(Speaking) စွမ်းရည်စစ်ဆေးမှု မရှိသောကြောင့် စကားပြောစွမ်းရည်အားနည်းသော အိမ်နီးချင်းနိုင်ငံများမှ ကျောင်းသား ၂၅၀ခန့်နှစ်စဉ်လာရောက် စာမေးပွဲဖြေဆိုလေ့ကြောင်းသိရသည်။

Soon to launch its new and unique Food & Beverage concepts in Yangon

**OKAPI COMPANY LIMITED**

**Offers Career Opportunities**

**IF YOU**

are a visionary individual, creative by nature, a go-getter and have a passion to learn, got a great sense of accountability, consider yourself as the best and looking for a job that offers an abundance of opportunities to grow

**THEN WE HAVE AN OPPORTUNITY FOR YOU TO JOIN OUR TEAM**

**Executives with high degree of specialization:**

1. General Manager, F&B Operations
2. Executive Chef Production & Development
3. Chief Engineer & Project Coordinator
4. Human Resources & Training Manager
5. Operations Analyst with F&B cost accounting back ground

**Experience and Qualification needed in above positions:**

Male or female 30 to 45 years, qualified from a hotel school or apprenticeship, or having been employed for a minimum of 5 years in reputed hotel's or restaurants, applicants with overseas experience is a plus and having worked in above positions for a minimum of 3 years, must have an excellent knowledge and highly skilled in the trade applied for, strong leadership abilities, able to motivate others, fluent in English, excellent communication skills, able to train subordinates, and be a hands on person.

**Required:** Curriculum Vitae, 2 current passport size photos, Educational references, Recommendations, Expected salary, a copy of NRC, Township Police clearance, and Health certificate of fitness.

**Applications must be addressed to:**
Managing Director, Okapi Company Limited

**Applications can be sent to:** dic.yangon@gmail.com

**Applications can be sent to (for drop-off only):**
10th Floor, La Pyayt Wun Plaza
37, Alanpya Pagoda Road, Dagon Township, Yangon.
Tel: 243542, 393458, 386459, 373629, 370 836-9
Ext: 819

**Applications closing date:** 20 October 2010

**CAUTION NOTICE OF PATENT**

AGNVSARAMACHANDRA RAO domiciled in Shankar Towers, Power Pet, Eluru 534002 Andhra Pradesh, India is the Owner and Sole Proprietor of the following(the full description and detail mechanism of the Patent) :-

**IMPROVED AROMATIC PAPER INCENSE AND A METHOD OF PREPARING IT**

**Reg: 4/6188/2010**

In respect of : " The invention relates to an improved aromatic paper incense which does not catch fire but smolders and burns uniformly and constantly, retaining the aroma for a longer period of time. The improved aromatic paper incense which comprises a paper stick/ straw having a coating of a composition comprising of an aqueous solution of potassium nitrate (saltre) chromium nitrate, lead nitrate, ammonium ceric nitrate, copper nitrate, sodium nitrate iron nitrate, the nitrates being present alone or in their combination thereof, desired water soluble perfumery compound and an anti fungus agent. The invention also provides a method of making the aromatic paper incense."

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

14.Oct.2010

မှန်ပြတ်ဆေးခန်း

# Technology

7Day News Journal

Vol.9, No.30 • OCTOBER 14, 2010


## ဝန်ဆောင်မှုပုံစံနှစ်မျိုးပေးမည့် ပုဂ္ဂလိကရုပ်သံလိုင်းက အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ ဖမ်းယူနိုင်မည်ဟုဆို

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ- ၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့မှအကျိုးတူပူးပေါင်းပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ ပါဖမ်းယူရရှိနိုင်မည့် Sky Net ဟူသော ပုဂ္ဂလိက ရုပ်သံလိုင်း သစ်တစ်ခုကို မကြာမီစတင်လွှင့်တင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ရွှေသံလွင်မီဒီယာကုမ္ပဏီနှင့် အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကနည်းပညာကုမ္ပဏီများပူးပေါင်းထုတ်လွှင့်တော့မည့် အဆိုပါ Sky Net ရုပ်သံလိုင်းအား အိမ်အရောက်ပို့ဝန်ဆောင်မှုစနစ် Direct to Home (DTH)နှင့်၊ အင်တာနက်စနစ်၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ်များပါရှိလာမည့် Sky Net Multiple-Play Service (MPS) ဟူသောဝန်ဆောင်မှု နှစ်မျိုးကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီလီမိတက်မှ ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးမိုးဇော်ကပြောသည်။

Sky Net-DTH ဝန်ဆောင်မှုဆိုသည်မှာရုပ်သံလိုင်းများကို ဂြိုဟ်တုမှတစ်ဆင့် ကြည့်ရှုသူ၏ အိမ်အရောက်တိုက်ရိုက်ဝန်ဆောင်မှုပေးသည့်နည်းစနစ်ဝန်ဆောင်မှု တစ်ခုဖြစ်သည်။ အဆိုပါဝန်ဆောင်မှုအား မြန်မာတစ်နိုင်ငံလုံးအနှံ့မည်သည့် ဒေသမျှ မကျန်ရာနှုန်းပြည့်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိနိုင်ငံများအထိ ပါဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ နည်းပညာအရာရှိချုပ် ဦးမျိုးမင်းကပြောသည်။

SkyNet ၏ DTH ဝန်ဆောင်မှုတွင် ကမ္ဘာတစ်ဝန်းမှအကျော်ကြား ဆုံးဖျော်ဖြေရေးရုပ်သံလိုင်းများ၊ ပြည်တွင်းပြည်ပရုပ်သံ ဇာတ်လမ်းတွဲများ အားကစားရုပ်သံလိုင်းများနှင့် အခြားသောစိတ်ဝင်စားဖွယ်ရာကောင်းသည့်ရုပ်သံလိုင်းသုံးဆယ့်ရှစ်လိုင်းကို ထုတ်လွှင့်ပြသ သွားမည်ဟုသိရသည်။

နည်းပညာပိုင်းဆိုင်ရာနှင့်ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကိုအသုံးပြုနိုင်မည့် Sky Net-MPS ဝန်ဆောင်မှုတွင်မှု အင်တာနက်ဆက်သွယ်ရေးစနစ်၊ ပြည်တွင်း၊ ပြည်ပတယ်လီဖုန်းဆက်သွယ်မှုများကို ဆောင်ရွက်နိုင်မည့် VoIP Service ဟူသော တယ်လီဖုန်းဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ Sky Net-MPS ဝန်ဆောင်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းအထိအသုံးပြုနိုင်မည် ဖြစ်ပြီး Broadband Internet စနစ်ပေါ်တွင်အခြေခံထားခြင်းဖြစ်သည်ဟုသိရသည်။

Sky Net-MPS ဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် iPstar အင်တာနက်ဆက်သွယ်မှုလိုင်းကိုအဆင်သင့်တပ်ဆင်ထားပြီးဖြစ်ပါက တယ်လီဖုန်းလိုင်းလေးလိုင်းကို ထိုဝန်ဆောင်မှုစနစ်ဖြင့် ချိတ်ဆက်ပြီး ယခင်အတိုင်း အသုံးပြုနိုင်မည်ဖြစ်သည်။ သို့သော် ထိုဝန်ဆောင်မှုပေါ်တွင် iPstar အင်တာနက်ဆက်သွယ်မှုလိုင်းအသစ်လျှောက်ထားမည်ဆိုပါက တယ်လီဖုန်းလိုင်းတစ်လိုင်းသာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးကို ပူးတွဲအသုံးပြုနိုင်မည့် အဆိုပါ MPS စနစ်တွင် Video Conferencing လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှအင်ဂျင်နီယာချုပ် ဦးတင်ဝမ်းက ပြောသည်။

စာ(၂၂)သို့

## တရုတ်နိုင်ငံအကူအညီဖြင့် ရတနာပုံဆိုက်ဘာစီးတီးတွင် နည်းပညာတက္ကသိုလ်ဖွင့်လှစ်မည်



ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းတည်ဆောက်ထားသော မြန်မာနိုင်ငံ၏ နည်းပညာမြို့တော်ဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီးတွင် နည်းပညာတက္ကသိုလ်တစ်ခုကို ဖွင့်လှစ်သွားရန်အတွက် စတင်ဆောင်ရွက်မှုများကိုပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါနည်းပညာမြို့တော်၏ တာဝန်ရှိသူ တစ်ဦးက 7Day News သို့ပြောသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှတည်ဆောက်ပေးသွားမည့် အဆိုပါနည်းပညာတက္ကသိုလ်သစ်အား တရုတ်နိုင်ငံ၏နည်းပညာအကူအညီများကိုရယူကာတည်ဆောက်ပေးသွားမည်ဖြစ်ပြီး ယင်းနည်းပညာ တက္ကသိုလ်အသစ်တည်ဆောက်မည့်အစီအစဉ်မှာ ပြီးခဲ့သည့်စက်တင်ဘာလက နှစ်နိုင်ငံသဘောတူညီမှုများရယူထားသည့် အစီအစဉ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

"ရတနာပုံဆိုက်ဘာစီးတီးမှာ နည်းပညာတက္ကသိုလ်အသစ်တည်ဆောက်ပေးမယ့်အစီအစဉ်က နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ တရုတ်ပြည်ကိုပြီးခဲ့တဲ့လကသွားခဲ့တုန်းကနှစ် နိုင်ငံသဘောတူညီချက်ရခဲ့တာပါ။ တရုတ်နိုင်ငံဘက်က နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေပေးမှာပါ" ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးနည်းပညာမြို့တော် ရတနာပုံဆိုက်ဘာစီးတီးတွင်စတင်တည်ဆောက်နေပြီဖြစ်သည့် အဆိုပါနည်းပညာတက္ကသိုလ်အသစ်အား လတ်တလောအချိန်တွင် တက္ကသိုလ်နှင့်သက်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ယင်းဆိုက်ဘာစီးတီးဝင်းအတွင်းတည်ထောင်ဖွင့်လှစ်ထားသည့် ရတနာပုံတယ်လီပို့အဆောက်အအုံကိုခေတ္တခဏအသုံးပြုနေကြောင်း သိရသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အသစ်ဖွင့်လှစ်ပေးမည့် အဆိုပါ နည်းပညာတက္ကသိုလ်အား လာမည့် ၂၀၁၀-၁၁ ပညာသင်နှစ်မှစတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နည်းပညာတက္ကသိုလ်ကိုတက်ရောက်လိုသော တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ကျောင်းသားများနေဖြင့် ယင်းတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုပြီးအောင်မြင်မှသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။


ရတနာပုံဆိုက်ဘာစီးတီးတွင်ဖွင့်လှစ်တော့မည့် နည်းပညာတက္ကသိုလ်တွင် အီလက်ထရွန်နစ်အင်ဂျင်နီယာမဟာဌာနနှင့် အဆင့်မြင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ မဟာဌာန၊ တိကျစက်ပစ္စည်းထုတ်လုပ်ရေး အင်ဂျင်နီယာဌာနဟူပြီး ဘာသာရပ်ဆိုင်ရာမဟာဌာနကြီးလေးခုကိုဖွဲ့စည်းထားပြီး ယင်းလက်အောက်တွင် လက်အောက်ခံသုတေသနဌာနတစ်ဆယ့်ငါးခုကိုပါ ပူးတွဲထည့်သွင်းထားကြောင်း ပြီးခဲ့သည့်စက်တင်ဘာလနောက်ဆုံးပတ်က ထုတ်ဝေခဲ့သော နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နိုင်ငံတကာအင်္ဂလိပ်စာသင်ရိုးများကိုလည်း ပထမစာသင်နှစ်မှစတင်ပြီး ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ပြီး စာသင်နှစ်ကာလမှာ ငါးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း အထက်ပါသတင်းစာများတွင် ဆက်လက်ဖော်ပြပါရှိသည်။

ပထမဆုံးစာသင်နှစ်မှစတင်ပြီးအင်္ဂလိပ်စာဘာသာရပ်ကို ပူးတွဲသင်ကြားရမည်ဖြစ်သဖြင့် စာသင်နှစ်ပြီးဆုံးချိန်တွင် အင်္ဂလိပ်စာအရည်အသွေးအမြင့်ဆုံးသို့ ရောက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ယင်းနည်းပညာတက္ကသိုလ်တွင် ပေးအပ်ရန်ဘွဲ့အမျိုးအစားငါးမျိုးသတ်မှတ်ထားပြီး ၄င်းတို့မှာ B.E(Information Science), B.E(Precision Engineering, B.E(Electronic Engineering, B.E(Computer Engineering, B.E(Advanced Materials Engineering) အစရှိသည်တို့ဖြစ်သည်။

လာမည့်ပညာသင်နှစ်မှစတင်ဖွင့်လှစ်တော့မည့် အဆိုပါနည်းပညာတက္ကသိုလ်အပါအဝင် မြန်မာနိုင်ငံတွင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် နည်းပညာနှင့်ကောလိပ်ပေါင်းခုနစ်ခုရှိပြီဖြစ်သည်။ ၄င်းတို့မှာ အစိုးရနည်းပညာအထက်တန်းကျောင်း၊ အစိုးရနည်းပညာကောလိပ်၊ နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ဖြစ်ကြသည်။







7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ဖုန်းဝင်သွားသည့်အသံကို သီချင်းသံအဖြစ် ကြားရသည့်ဝန်ဆောင်မှုသုံးစွဲသူ တစ်သောင်းကျော်ရှိ




ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ- ၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Fortune International ကုမ္ပဏီလီမိတက်တို့ပူးပေါင်းဝန်ဆောင်မှုပေးနေသော My Ring Tune ဟူသည့် မိုဘိုင်းဖုန်းမြည်သံဝန်ဆောင်မှုအားအသုံးပြုသူဦးရေ တစ်သောင်းကျော်ရှိသွားပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သတင်းရရှိသည်။

Caller Ring Back Tone ဟုခေါ်ဆိုသည့် အဆိုပါဖုန်းမြည်သံဝန်ဆောင်မှုမှာထိုစနစ်ကိုအသုံးပြုထားသောသူ၏ မိုဘိုင်းဖုန်းကိုခေါ်ဆိုသည့်အချိန်တွင် ဖုန်းဝင်သွားသည့်အသံ(ယခင်ဖုန်းအော်တိုဝင်သွားသည့် တူ. . . တူ. . . တူ . . . ဟူသောအသံ)နေရာတွင် သီချင်းသံကိုပြောင်းလဲကြားရမည့် ပြည်တွင်း၏ပထမဦးဆုံးသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်ဟုသိရသည်။

၂၀၀၉ခုနှစ်၊စက်တင်ဘာလဆန်းမှစတင်ဝန်ဆောင်မှုပေးခဲ့သော အဆိုပါ Caller Ring Back Tone ဟူသောစနစ်အား မိုဘိုင်းဖုန်းကိုင်ဆောင်သူအများစုစိတ်ဝင်စားကြခြင်းများရှိနေပြီး၊ အသုံးပြုသူဦးရေမှာ တစ်လအတွင်းတစ်သောင်းကျော်ရှိနေပြီဟု ယင်းကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်အောင်ကပြောသည်။

မိုဘိုင်းဖုန်းဝန်ဆောင်မှုများတွင် ပထမဆုံးအခကြေးငွေဖြင့် ဝန်ဆောင်မှုပေးသည့်အဆိုပါစနစ်အား စတင်ဝန်ဆောင်မှုပေးသည့်အချိန်မှ တစ်လတာကာလအတွင်း အသုံးပြုသူဦးရေတစ်သောင်းကျော်ရှိနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မိုဘိုင်းဖုန်းအသုံးပြုနေသူနှုန်းထားနှင့်နှိုင်းယှဉ်လျှင်မူ ပမာဏအားဖြင့်နည်းနေသေးကြောင်း သိရသည်။

"ဒီစနစ်ကမဆိုးပါဘူး။ ဖုန်းခေါ်လိုက်ရင်သီချင်းသံလေးတစ်ခုခုကြားနေရတာဆိုတော့ တစ်ဖက်ကဖုန်းမကိုင်မချင်း သူထည့်ထားတဲ့သီချင်းသံကိုနားထောင်ရင်းနဲ့မှ ဖုန်းအကိုင်ကိုစောင့်ရတာဆိုတော့ ကောင်းတဲ့ဝန်ဆောင်မှုတစ်ခုလို့ထင်ပါတယ်။ ကျွန်မအသိတွေတော်တော်များများတော့ အဲဒီသီချင်းသံထည့်တဲ့ဝန်ဆောင်မှုကို သုံးနေတာတွေ့ရတယ်။ တော်တော်များများပဲ။ လူလတ်ပိုင်းနဲ့လူကြီးပိုင်းတွေ များပါတယ်"ဟု အဆိုပါ Caller Ring Back Tone ဝန်ဆောင်မှုစနစ်နှင့်ပတ်သတ်ပြီး ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

အဆိုပါဖုန်းမြည်သံဝန်ဆောင်မှုအား ယခုလတ်တလောတွင်၎င်း၏ဝက်ဘ်ဆိုက်ဖြစ်သော www. myringtune.com.mm တွင်လည်းကောင်း၊ ယင်းကုမ္ပဏီ၏ တစ်ဆင့်ခံရောင်းချပေးနေသည့် မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပြီဖြစ်ပြီ မကြာမီကာလတွင် ပြည်တွင်း၏အမျိုးသားအဆင့်ရတနာပုံဝက်ဘ်ပေါ်တယ်တွင် ဝယ်ယူရရှိနိုင်ရန်စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

Caller Ring Back Tone ဟူသောအဆိုပါစနစ်အား ကြိုက်နှစ်သက်ရာသီချင်းတစ်ပုဒ်လျှင် ကျပ်သုံးရာဖြင့်ဝယ်ယူနိုင်မည်ဖြစ်ပြီး၊ လစဉ်ကြေးအနေဖြင့်ကျပ်နှစ်ထောင်ပေးသွင်းရမည်ဖြစ်သည်။ Caller Ring Back Tone ဝန်ဆောင်မှုကိုအသုံးပြုသူများအနေဖြင့် ပေးသွင်းရမည့် ဝန်ဆောင်ခနှုန်းထားများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၎င်းတို့၏ မိုဘိုင်းဖုန်းဘီလ်များတွင်ထည့်သွင်းကောက်ခံသွားမည်ဖြစ်သည်။

ယခုလတ်တလောတွင် ဂျီအက်စ်အမ်ဖုန်းများတွင်သာ အသုံးပြုနိုင်သေးသည့် အဆိုပါစနစ်အား မကြာမီအချိန်အတွင်း ကမ်းရိုးတန်းဒေသသုံးစီဒီအမ်အေဖုန်းများတွင်ပါ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

## စာ(၂၁) - ဝန်ဆောင်မှုပုံစံနှစ်မျိုးပေးမည့် ပုဂ္ဂလိကရုပ်သံလိုင်းက အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ ဖမ်းယူနိုင်မည်ဟုဆို မှ

ပြည်တွင်း၏ဖျော်ဖြေရေးရုပ်သံလိုင်းများတွင် ကျယ်ပြန့်သည့်ပုဂ္ဂလိကရုပ်သံလိုင်းတစ်ခုဖြစ်လာသည့် အဆိုပါ Sky Net ရုပ်သံလိုင်းသစ်အားတပ်ဆင်အသုံးပြုလိုသူများအနေဖြင့် On the Move ဟူသောဝန်ဆောင်မှုကိုလည်း ရရှိမည်ဖြစ်သည်။ အဆိုပါဝန်ဆောင်မှုမှာ ရေလမ်း၊ ကုန်းလမ်းအစရှိသည့်မည်သည့် လမ်းခရီးပေါ်တွင် မဆိုသွားလာရင်းအသုံးပြုနိုင်မည့် စနစ်တစ်ခုဖြစ်ပြီး Satellite Dish များကိုအသုံးပြုထားခြင်းဖြစ်ကြောင်းသိရသည်။

ရွှေသံလွင်မီဒီယာကုမ္ပဏီ၏ Sky Net-DTH ရုပ်သံလိုင်းသည် အင်တာနက်၊ တယ်လီဖုန်းဆက်သွယ်မှုများပါဝင်မည်မဟုတ်သော်လည်း အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံများအထိပါ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ယင်းရုပ်သံလိုင်းအားဖမ်းယူကြည့်ရှုနိုင်ရန်အတွက် နှစ်ပေစလောင်း (သို့မဟုတ်)နှစ်ပေခွဲစလောင်းတစ်ခု (75cm)၊ ဒစ်ဂျစ်တယ်ရုပ်သံဖမ်းစက်တစ်ခု၊ Smart Card တစ်ခုတို့လိုအပ်မည်ဖြစ်သည်။

Sky Net-MPSကိုမူတစ်နိုင်ငံလုံး၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းသာသုံးစွဲနိုင်မည်ဖြစ်သော်လည်း အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်မှုများပါရရှိမည်ဖြစ်သည်။ ယင်းဝန်ဆောင်မှုအတွက် (1.2m) ဂြိုဟ်တုစလောင်းတစ်ခု၊ ဒစ်ဂျစ်တယ်ရုပ်သံဖမ်းစက်(Set-Top-Box) တစ်ခုတို့လိုအပ်မည်ဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူများထံမှသိရသည်။ အဆိုပါဝန်ဆောင်မှုအားအခြားသော အင်တာနက်ဆက်သွယ်မှုလိုင်းများဖြစ်သည့် ADSL,Fttx အစရှိသည့် လိုင်းများဖြင့်လည်း ဆက်သွယ်အသုံးပြုနိုင်မည်ဟုသိရသည်။

အသုံးပြုနိုင်သည့်ဒေသ ကန့်သတ်မှု မရှိသလောက်နည်းပါးသည်ဟုဆိုသောအဆိုပါရုပ်သံလိုင်း ထုတ်လွှင့်မှုအားအသက်သာဆုံးသောဈေးနှုန်းများဖြင့်ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏သတင်း အချက်အလက်ဆိုင်ရာလုပ်ငန်းများကို တစ်ဦးတည်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိထားသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီသည်လည်း အိမ်အရောက်ဖိုက်ဘာဆက်ကြောင်း အင်တာနက်ဝန်ဆောင်မှုစနစ်ဖြစ်သည့် Triple Play ဟူသောဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်မှု၊ ပြည်တွင်းပြည်ပသို့တယ်လီဖုန်း ဆက်သွယ်မှုပြုလုပ်နိုင်သည့် VoIP ဆက်သွယ်ရေးစနစ်နှင့် ပြည်တွင်းပြည်ပဖျော်ဖြေရေးရုပ်သံလိုင်းများကိုကြည့်ရှုနိုင်သည့် TV Channel အစရှိသည့်အလားတူဝန်ဆောင်မှုမျိုးကို ပေးနေပြီဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူတစ်ဦးကပြောသည်။



7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 62,400 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 110,400 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 189,100 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 107,500 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 281,300 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,900 |
| MSI G41 M-P33 (775) Motherboard | 60,500 |
| MSI P43- C51 (775) Motherboard | 79,700 |
| MSI P55A-GD65 (1156) Motherboard | 175,700 |
| ASUS P7H55D- M Pro (775) Motherboard | 116,200 |
| ASUS P7P55-LX (1156) Motherboard | 112,300 |
| ASUS P5P43 TD/USB3 (775) Motherboard | 103,700 |
| ASUS P5G41T-MLX (775) Motherboard | 60,500 |
| Gigabyte H57M-USB3 (1156) Motherboard | 133,400 |
| Gigabyte H55M-USB3 (1156) Motherboard | 123,800 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 23,000 |
| 2 GB DDR2 (800) Kingston Memory | 39,400 |
| 2 GB DDR3 (1333) Kingston Memory | 40,300 |
| **Harddisk** | |
| 250 GB Seagate SATA | 38,400 |
| 500GB Seagate SATA | 44,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 95,000 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 80,600 |
| MSI R5750-PM-2D 1GB PCI Express Card | 150,700 |
| ASUS EAH 5450 1GB PCI Express Card | 68,200 |
| ASUS EAH 5750 Formula 1GB PCI Express Card | 161,300 |
| ASUS EAH 4350 512 MB PCI Express Card | 43,200 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 139,200 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 105,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 4GB | 11,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 4GB | 12,000 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Xporter 2GB | 8,000 |
| Memory Stick Trandscend 4GB | 11,000 |
| Memory Stick SanDick 16GB | 33,000 |
| **UPS** | |
| SVC (600VA) | 29,500 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,700 |
| STAR (650 VA) LCD Display | 36,500 |
| Orient (650 VA) | 36,500 |
| Orient (1.2KVA) | 63,500 |
| **DVD Writer** | |
| Sony (SATA) | 30,700 |
| ASUS (SATA) | 31,700 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 210,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0″ | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0″ | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0″ | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0″ | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာအောက်တိုဘာ(၈)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၈)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀-၁၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၃၀-၆၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၇၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ(၈) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀- ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀- ၄,၃၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၃၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၅၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၂၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

အောက်တိုဘာ(၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၅က | ၁၅၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီးR (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၄ | ၃ဂ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၅/၉၆နယ်စပ်သွင်း | ၄ဂ | ၅၀၀ |
| ရွှေငါး | ၂၀၀၂ | ၄ဂ | ၈၅၀-၉၀၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | ၁,၀၀၀ |

အောက်တိုဘာ(၈)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | Oct(2) | Oct (3) | Oct(4) | Oct(5) | Oct(6) | Oct(7) | Oct(8) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010



# လမ်းတွေပေါ်မှာ လူကိုထည့်သွင်းစဉ်းစားပါ

မောင်သာချို

(တစ်)

လူကို ဘယ်တုန်းကမှထည့်သွင်းမစဉ်းစားသော သို့မဟုတ် နောက်ဆုံးထားပြီးမှ စဉ်းစားပုံရသောလုပ်ငန်းကိုင်ငန်းတွေထဲမှာ မော်တော်ကားလုပ်ငန်းက ထိပ်ဆုံးနေရာက ပါနေလေရော့သလား ကျွန်တော်မပြောတတ်ပါ။ ကားသမားတစ်ယောက်စနှစ်ယောက်စကို သူတို့ခရီးသည် သူတို့စားသုံးသူအပေါ် လေးစားစွာဆက်ဆံတာမျိုး တစ်ကြိမ်စနှစ်ကြိမ်စဆိုသလို တွေ့ကြုံဖူးခဲ့သည်မှာ မှန်သော်လည်း ကျွန်တော်နှင့် ထိတွေ့ဆက်စပ်မိသမျှ အများစုကတော့ စိတ်ပျက်စရာတွေချည်းသာဖြစ်ပါသည်။

ခရီးသည်များများရလိုမှုကြောင့် ခရီးသည်တော်တော်များများတက်လာလေ့ရှိသော မှတ်တိုင်များ၌ တမေ့တမြော ကျောက်ချရပ်နားထားသည့် ဘတ်စ်ကားများကို လူတိုင်းကြုံဖူးကြမြဲဖြစ်ပါသည်။ ကားပေါ်က ခရီးသည်တွေ သက်သောင့်သက်သာရှိ၏၊ မရှိ၏ သူတို့မစဉ်းစား၊ သွားလိုရာခရီးသို့ အချိန်မီရောက်နိုင်၏၊ မရောက်နိုင်၏ သူတို့မတွေးတော။ သူတို့ ခေါင်းထဲမှာလူမရှိ။ ငွေ သို့မဟုတ် ပိုက်ဆံသာ။ ထိုအရာအတွက်ကားကို သူတို့ကျောက်ချရပ်နားထားခြင်းဖြစ်ပါသည်။ သို့သော် နောက်က ကားတစ်စီးစီးလိုက်ပါလာပြီဖြစ်သဖြင့် လွတ်အောင်မောင်းပြေးဖို့ ကြုံကြိုက်လာတာမျိုး၊ သို့မဟုတ် ရှေ့ကကားကို ကျော်တက်ရန် စိတ်ကူးပေါ်လာသောအခါမျိုးတွင်ကား တရမန်းကြမ်း သူတို့မောင်းကြပါပြီ။ မှတ်တိုင်ပါ၍ ဆင်းမည့်သူများကိုပင် စိတ်မရှည်နိုင်ကြတော့။ သက်ကြီးရွယ်အိုကိုလည်း မစာနာ၊ သားသည်အမေကိုလည်း အမှုမထားနေးကွေးရန်ကောဟု အပြစ်တင်သည်သာမက ရိုင်းစိုင်းကြမ်းတမ်းသော စကားဖြင့် တွန်းထိုးချတာမျိုးတွေက ကားလမ်းပေါ်မှာ ဘာမှမဆန်းတော့ပါ။

တစ်ခါက ထိုကဲ့သို့ကားချင်း အလုအယက်မောင်းနှင်ကျော်တက်ကြစဉ် နောက်ကားကျော်တက်မည်ကိုစိုး၍ ကားကို မှတ်တိုင်တွင် သေသေချာချာမရပ်ဘဲ ပလက်ဖောင်းနှင့်အဝေးကြီးခွာရပ်ထားခဲ့ရာ ကားပေါ်က ဆင်းလာသော လူငယ်တစ်ယောက်ကို နောက်ကားကဖြတ်တိုက်သဖြင့် အသက်ဆုံးခဲ့ရဖူးပါပြီ။ ဒါဘာကြောင့်လဲဆိုတော့ ငွေတစ်ခုတည်းကိုဦးစားပေး စဉ်းစားနေခြင်းကြောင့်ပင်။ ပလက်ဖောင်းနဲ့ အဝေးကြီးခွာရပ်ထားလိုက်လို့ ကားပေါ်ကဆင်းမယ့်ခရီးသည် အန္တရာယ်တိုးသွားလေမလားဆိုတာမျိုး ဘယ်တော့မှမစဉ်းစား။

တချို့ခရီးသည်တွေက မြို့ကြီးသားပီသစွာဖြင့် ရှေ့မှတ်တိုင်ဆင်းတော့မှာမို့ ကြိုတင်ပြီး အပေါက်ဝကိုထွက်လာတတ်ပါသည်။ ဒါကို ကားသမားကမကြိုက်။ မှတ်တိုင်မဟုတ်ဘဲ လမ်းကတားတားစီးသမျှ ခရီးသည်ကိုတင်ဖို့ အနှောင့်အယှက်လိုဖြစ်နေခဲ့သည် မဟုတ်လား။ သည်တော့ကြိုထွက်လာသူခရီးသည်ကို ငြူစူချင်သည်။

တစ်ခါက အဝေးပြေးကားဂိတ်တစ်ခုရှိရာသို့ ကျွန်တော် ကားစီးသွားခဲ့ရာ ဂိတ်ဆုံးမရောက်မီ လေး၊ ငါးမှတ်တိုင်အလို၌ ခရီးသည်တွေစုပြုံနေတာကို ကားဒရိုင်ဘာနှင့် လက်မှတ်ရောင်းက မြင်သွားပါသည်။ သည်ခရီးသည်တွေက မြို့ထဲဘက်ကိုသွားမည့်သူများဖြစ်ရာ သည်လူတွေဆီက ပိုက်ဆံကို သူတို့လိုချင်သည်။ သည်တော့ကားကို မူလလမ်းကြောင်းအတိုင်းဂိတ်ဆုံးအထိ သွားမနေတော့ဘဲနောက်ကြောင်း ပြန်ကွေ့လိုက်သည်။ ကားပေါ်က ခရီးသည်တွေ သွားလိုရာသို့မရောက်ဘဲ ဆင်းကြပေတော့။ ကားလက်မှတ်ရောင်းက သူ့အကျီအပေါ်က နာမည်ကိုလက်ညှိုးဖြင့်ထိုးပြကာ ဆင်းသွားရှာသည့် ခရီးသည်တွေကိုပင် စိန်ခေါ်နေလိုက်ပါသေးသည်။ မကျေနပ်လျှင် နာမည်မှတ်သွား၊ ကြိုက်ရာသွားပြောဆိုသည့်သဘော။

တစ်ခါကများဆိုလျှင် အဝေးပြေးခရီးစဉ်တစ်ခု၌ ကျေးတောသူ ခရီးသည်လေး၊ ငါးယောက်က သူတို့ဆင်းမည့်နေရာကိုရောက်ပါပြီဟု အကြိမ်ကြိမ်အော်ပြောနေပါလျက် နောက်ကပါလာသောကားကို လွတ်အောင်ဖွတ်မောင်းသွားခဲ့ကာ နာရီဝက်သာသာခရီးကို မောင်းသွားခဲ့ပြီးမှ ကျော်လွန်၍ပါလာသောခရီးသည်များကို ငွေစကြေးစအချို့ပြန်ပေးကာ သင့်လျော်ရာကားဖြင့် နောက်ကြောင်းပြန်စီးသွားဖို့ စီစဉ်ပေးနေတာကို အံ့သြစရာကျွန်တော်မြင်ခဲ့ဖူးပါသည်။

ကုန်တင်ကားမဟုတ်ပါဘဲနှင့် ဆန်အိတ်တွေ၊ ပဲအိတ်တွေ၊ ကွမ်းခြင်းတွေ၊ ပန်းခြင်းတွေ၊ စက္ကူပုံးတွေ ထပ်ကာဆင့်ကာတင်ထားသဖြင့် ခြေထောက်လည်းချ မရ၊ ဒူးလည်းကွေးမရ၊ အဆင်းခက်၊ အတက်ခက် လိုက်ပါရသောခရီးစဉ်တွေကိုလည်း အများစုကြုံ ဖူးကြပြီးပင်ဖြစ်ပါလိမ့်မည်။ အချို့ကားတွေက ခရီးသည်ပိုဆံ့အောင် ထိုင်ခုံတန်းတွေကို ရှေ့နောက်စိပ်ပစ်လိုက်သည်။ ရှေ့ခုံ၏နောက်မှီနှင့် နောက်ကခရီးသည်၏ ဒူးမလွတ်တော့။ အချို့ကားတွေက နှစ်ယောက်သာသာ ထိုင်ခုံကိုသုံးယောက်ခုံ အတင်းလုပ်ပစ်လိုက်သည်။ အစွန်ဆုံးလူက ထိုင်မရတော့။ မတ်တပ်ခရီးသည်မတင်ရဟူသော ကားကလည်း လောဘဖြင့်တင်ပါ၏။ အလျှင်လိုသောခရီးသည်ကလည်းစီးပါ၏။ စစ်ဆေးရေးနှင့်တွေ့သောအခါ လက်မှတ်ရောင်းက ထိုင်နေပါ၊ ထိုင်နေပါဟုဆိုသဖြင့် လေထဲမှာ ထိုင်ချင်ယောင်ဆောင်နေရသော ခရီးသည်တို့ကလည်း တစ်ဒုက္ခ။

(နှစ်)

ဒါတွေအားလုံးဘာကြောင့် ဖြစ်နေရသလဲဟူသောမေးခွန်းအတွက် အဖြေက ငွေသို့မဟုတ် ပိုက်ဆံပဲဖြစ်ပါသည်။ မှန်ပါသည်။ ငွေရဖို့ ပိုက်ဆံရဖို့မှတစ်ပါး လူသို့မဟုတ် ခရီးသည်ဘက်ကို လုံးဝထည့်သွင်းစဉ်းစားမှုမရှိသဖြင့် သည်လိုဖြစ်နေရခြင်းဖြစ်ပါသည်။

အချို့ကားသမားတွေကဆိုလျှင် “ကိုယ်ပိုင်ကား ဝယ်စီးပါလား” ဟုပင် မိမိ၏ခရီးသည်ကို ထေ့ငေါ့လိုက်ပါသေးသည်။ ဒါကမိမိ၏စားသုံးသူ(Consumer)ကို နှိမ့်ချစော်ကားလိုက်ခြင်းပင်ဖြစ်ပါသည်။ တကယ်တော့ စားသုံးသူသည် မိမိ၏ကျေးဇူးရှင်၊ ထိုသူတို့ စိတ်ကျေနပ်မှုရရှိစေရန် မိမိတို့ကဝန်ဆောင်မှု(Service)ပေးရမှာပါလားဟူသော စိတ်မထားတတ်၊ မထားနိုင်ခြင်းပင်ဖြစ်ပါသည်။ “ဈေးကွက်ဈေးကွက်” နှင့် အသံဗလံတွေညံနေသောကာလ၌ စားသုံးသူ(Consumer)ကို စိတ်ကျေနပ်ဖွယ်ရာဝန်ဆောင်မှု(Service) မပေးသော လုပ်ငန်းတို့သည် အခိုက်အတန့်တစ်ခုတွင်သာ ရပ်တည်နိုင်လေ့ရှိပြီး ရေရှည်၌လက်လွတ်ခြေလွတ်ပြုတ်ထွက်သွားတတ်ကြသည်ကို သတိပြုသင့်ပေသည်။ ။

## စာ (၃၀) မတူခြားနားခြင်းနဲ့ခရီးစဉ်များ မှ

ဂုတ်တွင်းစခန်းသို့အရောက် ခရီးသည်များအားလုံး မှတ်ပုံတင်လေးများကိုင်ပြီး ကားအောက်ဆင်းပေးပါဆို၍ ဆင်းအသွားလူတွေကိုစစ်ခြင်းမဟုတ်ဘဲ ကားထဲမှ ပစ္စည်းထုပ်များကိုဖြေခိုင်းနေသည်မြင်မိရာမှ ဘာလို့ပါလိမ့်ဟု သတင်းထောက်ပီသစွာ စပ်စုအနားတိုးကြည့်မိခဲ့သည်။

တာဝန်ရှိသူများက‘သတင်းအရစစ်တာပါ’ ဟု ပြောတော့ သိချင်စိတ်ဖြင့် ဟိုမေးသည်မေးလုပ်နေမိသောကြောင့် မိမိတို့နှင့် အခြားခရီးသည်များ ရပ်နေရာနှင့် တသီးတခြားဖြစ်သွားသည်ကိုလည်း သတိမထားမိခဲ့။

သည်လိုနှင့်ပင် တာဝန်ရှိသူများကလည်း မေးသမျှကြည်ကြည်ဖြူဖြူပျူပျူငှာငှာဖြေကြားပေးခဲ့သဖြင့် စစ်ဆေးမှုပြီး၍ တာဝန်ရှိသူများ နှုတ်ဆက်ကာ ကားပေါ်ပြန်တက်ခဲ့သည်။ ထို့နောက်ခရီးဆက်လာရာ ပြင်ဦးလွင်တွင် ညနေစာအဆာပြေအတွက် ကားကြီးရပ်စဉ် ကားရပ်သောဆိုင်မှာ မုန့်မစားဘဲလက်ဆောင်ပစ္စည်းများသာဝယ်ပြီး ကားထွက်ချိန်ကိုထိုင်စောင့်နေချိန်တွင် တစ်လမ်းလုံးကြည်လင်လာသောစိတ်ကို စတင်ညစ်ညူးရစေတော့သည်။

မိမိတို့ထိုင်နေရာသို့ ယာဉ်လိုင်းယူနီဖောင်းဝတ်ထားသူလူ တစ်ယောက်ရောက်လာပြီး ‘လက်ဖက်ရည်သောက်ကြပါဦး’ ဟု ခေါ်လိုက်ချိန်တွင် ကားရပ်ရာဆိုင်တွင် စားရမည်ကိုမစားဘဲ ထိုင်နေမိသည့်အတွက်အားနာပြီး “မသောက်တော့ပါဘူးရှင် ကျေးဇူးတင်ပါတယ်” ဟု အလိုက်သင့်ပြောမိသည်။

နောက်ထပ်တစ်ကြိမ် ထိုလူရောက်ရှိလာပြီး “ကျွန်တော့် ဆရာက လက်ဖက်ရည်သောက်ဖို့ ခေါ်ခိုင်းလိုက်ပါတယ်။ ဟိုစားပွဲကိုကြွခဲ့ပါ”ဟု ပြောရာတွင်တော့ ယင်းဖိတ်ခေါ်မှုကို သံသယစိတ်တွေက ဝင်လာပါတော့သည်။

မယုံသင်္ကာမှုတွေနှင့်အတူ “ဘာကိစ္စလဲ” ဟု ပြန်မေးရာမှာတော့ “ကျွန်တော့်ဆရာက စကားပြောချင်လို့လာခဲ့ပါလို့ပြောလိုက်ပါတယ်”ဟု ထပ်ပြောသည့်အတွက် ထိုသူ၏မျက်နှာကို အသေအချာစိုက်ကြည့်ရင်း “ဘာကိစ္စစကားပြောရမှာလဲ၊ ဘာကိစ္စနဲ့လာရမှာလဲ” ဟု ဆက်ကာဆက်ကာ မေးခွန်းများမေးလိုက်မိတော့ မိမိ၏ပြောင်းလဲသွားသည့်အသံကြောင့် “မဟုတ်ဘူး။ ကျွန်တော့် ဆရာကစကားပြောမလို့။ အဲဒါ နောက်ထပ် ၁၆ မိုင်မှာ စစ်ဆေးရေးဂိတ်ရှိနေသေးလို့ ပြောမလို့ခေါ်တာ” ဆိုသည့် တုံ့တုံ့ဆိုင်းဆိုင်းဖြေသံကို ကြားရချိန်မှာတော့ ဒေါသထွက်နေပြီဖြစ်သည့် မိမိမှာထိုသူ၏ ညှိုးငယ်ဟန်ရှိသော မျက်နှာကိုပင်အားမနာနိုင်ဘဲ “အဲဒီစစ်ဆေးရေးစခန်းနဲ့ ကျွန်မနဲ့ဘာပတ်သက်လဲ၊ မလာနိုင်ဘူး။ သွားပြောလိုက်” ဟု ပြောရင်းထိုနေရာမှထွက်လာခဲ့ရသည်။

ဆရာဆိုသူတွေ၏ မျက်နှာကိုမမြင်လိုက်ရ၍ မိမိတို့ကားပေါ်မှ မဟုတ်ပါစေနှင့်ဆုတောင်းမိသော်လည်း မိမိတို့ကိုလာခေါ်သူ ကားပေါ်သို့တက်လာသောကြောင့် သူ့ဆရာဆိုသူမှာ မိမိတို့ကားမောင်းသူဖြစ်နေမှန်းသိလိုက်ရသည်။

သည်လူတွေ မိမိတို့ကို ယခုကဲ့သို့ဆက်ဆံမှုကို စဉ်းစားကြည့်မိမှ ဒီလမ်းခရီးသည် မိန်းကလေးတစ်ယောက်တည်း သွားလာခြင်းပင်မထူးဆန်းသည့် နေရာဖြစ်သောကြောင့် မိန်းကလေးနှစ်ယောက်တည်းခရီးသွားခြင်းကြောင့်တော့ မဟုတ်နိုင်ရာဟု စေ့စေ့စပ်စပ်တွေးရင်း ဂုတ်တွင်းစခန်းမှာ စစ်ဆေးသူတွေနားကပ်၍ စပ်စုမိခဲ့သမျှ ဒီလူတွေစိတ်ထဲမှာတော့ ‘ဒီမိန်းကလေးနှစ်ယောက် မှောင်ခိုပစ္စည်းတွေ သယ်လာသောကြောင့် သူတို့ပစ္စည်းတွေစိတ်မချသဖြင့်’ဟု ထင်သွားခြင်းသာဖြစ်ရမည်ဟု အဖြေထွက်ပါတော့သည်။

ဒီမှာတင်ပြီးမသွားသေးသည့် ပြဿနာက ညရောက်သည့်အခါမှာတော့ ပိုဆိုးလာပါတော့သည်။ မိမိတို့ထိုင်ခုံဘေးတွင် အလယ်ခုံတွေရှိနေသော်လည်း အလယ်ခုံတင်သောကားမဟုတ်သည့်အတွက် အေးဆေးစွာစီးလာရာမှ အလယ်ခုံတွင် အကျအနလာရောက်အိပ်နေသည့် ကားမောင်းသူကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါတော့သည်။

ပြောတော့လည်း “ဒါက ဒရိုင်ဘာတွေအိပ်ဖို့ သီးသန့်တင်ထားတဲ့ခုံတွေ”ဟု ဆိုသောကြောင့် မိန်းကလေးတွေလက်မှတ်ဝယ်တာကို လွတ်လွတ်လပ်လပ်မရှိသည့် နေရာမှခုံတွေကိုရောင်းလိုက်သည့် လက်မှတ်ရောင်းသူများကိုသာ အပြစ်တင်မိရင်းတစ်လမ်းလုံးကျဉ်းကျပ်စွာပင် ၁၈ နာရီခရီးကို စီးနင်းခဲ့ရသည်။

ကားကောင်းလမ်းကောင်း၍ သွားရသည်မှာအဆင်ပြေသည်မှလွဲ၍ ခရီးစဉ်တစ်လျှောက် ခရီးသွားမိတ်ဆွေလည်းမရ၊ ကားမောင်းသူနှင့် စပယ်ယာများကိုပင် မယုံကြည်နိုင်ဘဲ စိတ်တထင့်ထင့်နှင့် လိုက်ပါခဲ့ရသောခရီးကခရီးဆုံးမှ ပင်သက်ပြင်းချနိုင်ပါတော့သည်။

အခြေအနေ၊ အနေအထားခြင်းကွာခြားလှသော သည်ခရီးနှစ်ခုမှာ မည်သည့်ခရီးစဉ်က ပိုကောင်းပါသလဲဟုမေးသော် ရုတ်တရက်ဖြေနိုင်မည်မဟုတ်။ ကျယ်ဝန်းသော၊ ချိုင့်ခွက်မရှိသော တောင်တက်လမ်း၏ အနေအထားနှင့် ချက်ချင်းကျိုးကျနိုင်သည့် တံတားတွေ၊ တောင်ကျရေမှပါလာသော ရွှံ့များနှင့်ချောနေသော ကျဉ်းမြောင်းလှသည့် ရိုးလမ်း၏ အနေအထားများ အဆင့်မြင့်ကားနှင့် ကုန်တစ်ပိုင်း၊ ခရီးသည်တစ်ပိုင်း ကားအိုကြီး၏ ကွာခြားမှုများ၊ ထိုမျှပင်ကွဲပြားမှုတွေကြားမှာ လုံးဝခြားနားစွာကြုံခဲ့ရသည့် အဆင်မပြေမှုများမှာ သီးသန့်စီ တစ်ဘာသာစီဖြစ်နေသော်လည်း စိတ်အနှောင့်အယှက်များကြားထဲမှ အတူရင်ဆိုင်ခဲ့ရသည့် ခရီးသွားမိတ်ဆွေများကတော့ တစ်သက်တာအတွက်တန်ဖိုးမဖြတ် မမေ့နိုင်စရာ အမြတ်တစ်ခုဟုဆိုက မမှားနိုင်ဟုထင်မိတော့သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.30 · OCTOBER 14, 2010

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၁၀ အတွင်း တတိယမြောက်ပြည်ပခရီးအဖြစ် လာအိုနိုင်ငံသို့ သွားရောက်

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၄**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခုနှစ်အတွင်း ၎င်း၏ တတိယမြောက်ပြည်ပခရီးစဉ်အဖြစ်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ပါဝင်သော မြန်မာအဖွဲ့မှာ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ လာအိုနိုင်ငံသို့ သုံးရက်ခရီးစဉ်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်မှာ လာအိုနိုင်ငံသမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရသွားရောက်ခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် ဇူလိုင်လကသွားရောက်ခဲ့သော အိန္ဒိယခရီးစဉ်၊ စက်တင်ဘာလကသွားရောက်ခဲ့သော တရုတ်ခရီးစဉ်များပြီးနောက် ၂၀၁၀ အတွင်း တတိယမြောက်ပြည်ပခရီးစဉ်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံတာဝန်ရှိသူများမှာ ဒေသဆိုင်ရာ နယ်ခြားကော်မတီအဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း အောက်တိုဘာလ ၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

## ရွေးကောက်ပွဲနေ့အတွက် စက်ရုံအလုပ်ရုံနှင့်ကုမ္ပဏီများသို့ ကော်မရှင်က ညွှန်ကြားမှု မရှိသေး

**ပြည်သိမ်း၊ ကျော်သီဟ**

**ရန်ကုန်၊ အောက်တိုဘာ-၆**

ရန်ကုန်တိုင်းအတွင်းရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများနှင့် ကုမ္ပဏီများကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အားလပ်ရက်ခွင့်များပေးရန်လုပ်ငန်းရှင်များသို့ညွှန်ကြားချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။

ထို့အပြင် ဆန္ဒမဲထည့်ဝင်လိုသူသည် လုပ်ငန်းခွင်အတွင်း၌ရှိပါက အလှည့်ကျသွားရောက်မဲပေးနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်ရက်တွင် အလုပ်သမားများ အားလပ်ရက်ပေးခြင်း၊ မပေးခြင်းသည် လုပ်ငန်းရှင်များနှင့်သာသက်ဆိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

## မိုးရွာသွန်းမှုများကြောင့်ကိုယ်စားလှယ်လောင်းများမဲဆွယ်လှုပ်ရှားမှုများလုပ်ရန်အခက်တွေ့စေ



မဲဆန္ဒရှင်များလက်ဝယ်အရောက် လက်ကမ်းစာစောင်များ ဝေငှနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ ဓာတ်ပုံ–daylife.com

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ အောက်တိုဘာ- ၇**

မိုးရွာသွန်းနေမှုများကြောင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ပြည်သူလူထုနှင့် တိုက်ရိုက်မဲဆွယ် စည်းရုံးရေးလှုပ်ရှားမှုများပြုလုပ်ရန် အခက်အခဲဖြစ်နေကြောင်း ယင်းကိုယ်စားလှယ်လောင်းများကပြောသည်။

မုတ်သုံလေဆုတ်ခွာသွားပြီဖြစ်ကာ လက်ကျန်မိုးလွန်ကာလဖြစ်သော်လည်းအောက်တိုဘာလတွင် မုန်တိုင်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်က ခန့်မှန်းထားသည်။ ယခုလ ပထမပတ်အတွင်းတောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

"မိုးက ဒီရက်ဆက်နေတော့ လုပ်ရကိုင်ရတော်တော်လေးခက်တယ်။ ခု မိုးကရွာနေတော့ခက်တယ်။ ရာသီဥတုကိုပဲ ကြည့်ပြီးလှုပ်ရှားနေရတာပဲ" ဟု လေးမျက်နှာမြို့နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးဇော်မင်းသိန်းကပြောသည်။

"ဒီလ ၁၅ ရက်နောက်ပိုင်းနဲ့ လကုန်ရက်အတွင်းမှာ မုန်တိုင်းလာနိုင်တယ်။ ၁၅ ရက်မတိုင်ခင် ၅ ရက်လောက်ကတော့ မိုးကင်းနိုင်တယ်"ဟု ဦးထွန်းလွင်က ခန့်မှန်းပြောကြားသည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာ) ပြည်သူ့လွှတ်တော်အမတ်လောင်းတစ်ဦးက "ရန်ကုန်မှာဆိုတော့လည်း လုပ်ရကိုင်ရတာခက်တယ်လေ။ ခန်းမငှားဖို့ကမလွယ်ဘူး။ ငွေကြေးပေါ့။ ငှားပြီးလူက မလာရဲရင်ခက်မှာလေ။ ကျွန်တော်တို့ကတော့ အခုအိမ်အရောက်လိုက်ပြီး လက်ကမ်းစာရွက်တွေကိုယ်တိုင်ဝေတယ်။ ရာသီဥတုကတော့ ဒီလိုပဲ၊ ရန်ကုန်ကတော့ ရွာလိုက်ရပ်လိုက်ပဲဆိုတော့ နားလိုက်လုပ်လိုက်ပေါ့"ဟု ဆိုသည်။

ဘိုကလေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးအတွင်းရေးမှူးဦးမျိုးညွန့်က "ဒီရက်မှာ မိုးကမပြတ်ဘူးဆိုတော့ နောက်ရက်တွေကျရင်တော့ ဒီထက်ပိုများလာမယ်ထင်တယ်။ ခုရက် မိုးမပြတ်သေးတာတောင်ဟောပြောပွဲကို ရွာတွေမှာလုပ်တာ ၇၀၊ ၈၀ လောက်ရှိပြီ။ ရွာကျတော့ ခုရက်ပိုင်း လူသိပ်မများရင် ဗီဒီယိုရုံတွေမှာလုပ်ကြတယ်"ဟု ဆိုသည်။

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ခုဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ လွှတ်တော်သုံးရပ်အတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်းတစ်ဦး၏ မဲဆွယ်ခရီးစဉ်တွင် လိုက်ပါခဲ့သည့် လွင်မိုး

**အေးသူ**

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

စီးပွားရေးလုပ်ငန်းကို ဦးစားပေးပြီးလုပ်ကိုင်ဖြစ်နေသည့် သရုပ်ဆောင် အကယ်ဒမီလွင်မိုးသည် ယခုရက်ပိုင်းအတွင်းတွင် လုပ်ငန်းကိစ္စဖြင့် နေပြည်တော်သို့ သွားရောက်ရန်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သူ ဇေကမ္ဘာကုမ္ပဏီအကြီးအကဲ ဦးခင်ရွှေ၏ မဲဆွယ်ရေးခရီးစဉ်တွင် လိုက်ပါခဲ့ကြောင်း မင်းသားလွင်မိုးကပြောကြားသည်။

"ဦးခင်ရွှေနဲ့ လိုက်ဖြစ်တာက ကိုယ်တိုင်လည်း သူနဲ့စီးပွားရေးလုပ်ငန်းလေးတွေ ဆက်စပ်တာရှိတယ်။ ပြီးတော့ စည်းရုံးရေးလုပ်ငန်းတွေကို လေ့လာတဲ့သဘောလည်းပါတယ်"ဟု ၎င်းကပြောသည်။

(ဇေကမ္ဘာ)ဦးခင်ရွှေ မဲဆွယ်စည်းရုံးသည့်ခရီးစဉ်တွင် ချွေးမဖြစ်သူ အကယ်ဒမီနန္ဒာလှိုင်နှင့် ဟာသသရုပ်ဆောင်မိုးဒီတို့လည်း ပါဝင်ကြောင်း စုံစမ်းသိရသည်။



ဓာတ်ပုံ-www.lwinmoe.com

"ကိုယ်ကတော့ ဦးမိုးဒီနဲ့လည်းမဆုံဖြစ်ဘူး။ နန္ဒာနဲ့လည်း မဆုံဖြစ်ဘူး။ ကိုယ်လိုက်တဲ့နေရာက တွံတေးနဲ့ ဒေးဒရဲဘက်ပေါ့။ နှစ်ခါသုံးခါလောက်ပဲ လိုက်ဖြစ်တာပါ။ သူတို့လည်း လိုက်ကြတယ်လို့ သတင်းကြားရပါတယ်"ဟု ၎င်းက ထပ်မံပြောပြသည်။ မဲဆွယ်စည်းရုံးသည့်ခရီးစဉ်သို့ လိုက်ပါခြင်းသည်မြန်မာ့နိုင်ငံရေးလောကအပေါ် တစေ့တစောင်းစိတ်ဝင်စားမှုပြခြင်းလားဟုမေးမြန်းရာ"နိုင်ငံတော်က လွတ်လပ်စွာနိုင်ငံရေးလုပ်ခွင့်ကိုချထားပေးလိုက်တော့ လက်ရှိနိုင်ငံရေးလှုပ်ရှားမှုတွေကို သိချင်တာပါ"ဟု ပြောသည်။ နောင်လာမည့် ငါးနှစ်သက်တမ်းတွင် ကိုယ်တိုင် နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လိုခြင်းရှိ၊ မရှိကိုမူ "နိုင်ငံရေးက စိတ်ဝင်စားဖို့တော့ကောင်းပါတယ်။ ကျွန်တော်ကိုယ်တိုင် လုပ်ဖြစ်၊ မလုပ်ဖြစ်ဆိုတာ ခုချိန်မှာတော့ မပြောနိုင်သေးပါဘူး" ဟု လွင်မိုးကပြောသည်။

## ပုဂ္ဂလိကကျောင်းများမှ နိုင်ငံခြားသားဆရာ၊ ဆရာမများ နေရပ်ပြန်ပို့သည့်သတင်းမမှန်ဟုဆို

**ဒဲနစ်အောင်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၅**

ရွေးကောက်ပွဲ ကျင်းပရန် တဖြည်းဖြည်းနီးကပ်လာသည့်အလျောက် ကောလာဟလသတင်းများလည်း အမျိုးမျိုး ထွက်ပေါ်လျက်ရှိရာ ယခုလက်ရှိတွင် ပျံ့နှံ့နေသော ပုဂ္ဂလိကကျောင်းများတွင်ခန့်အပ်ထားသော အမေရိကန်နှင့် ရုရှားနိုင်ငံသား ဆရာ၊ ဆရာမများအား နေရပ်ပြန်ပို့သည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်းပုဂ္ဂလိကကျောင်းများမှ သိရသည်။

နိုင်ငံခြားသား ဆရာများသာ Class Teacher အဖြစ် အလုပ်ခန့်အပ်လေ့ရှိသောအဆိုပါ ပုဂ္ဂလိကကျောင်းမှမြန်မာ Class Teacher ဆရာ၊ ဆရာမအများအပြားအလုပ်ခေါ်စာကြော်ငြာခဲ့ရာ ပုဂ္ဂလိကကျောင်းဆရာ၊ ဆရာမများကြားတွင် အတော်အတန်ဂယက်ရိုက်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ဆီမှာတော့ အစကတည်းက ရုရှားတွေအမေရိကန်ဆရာတွေ မရှိပါဘူး။ ကိုရီးယားတွေ ဖိလစ်ပိုင်တွေပဲ ရှိတာ။ သူတို့ကိုလည်း ပြန်လွှတ်တာတွေ ဘာတွေ မရှိပါဘူး။ အဲဒီရွေးကောက်ပွဲကာလမှာလည်း ကျောင်းတွေကို ပုံမှန်ဖွင့်ထားမှာပါ"ဟု RV Centre ကျောင်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

"ကျွန်မတို့ဆီက ဆရာ၊ ဆရာမတွေကို အဲလိုပြန်ပို့တာမရှိပါဘူး။ မကြာမီကျောင်းခဏပိတ်မှာကလည်း နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလမှာ တစ်ပတ်ပိတ်နေကျပါ။ တခြားအပိုကျောင်းပိတ်တာတွေဘာတွေမရှိပါဘူး"ဟု ရန်ကုန် Internatinal School မှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ၂၀၁၀ ရွေးကောက်ပွဲက တစ်သီးပုဂ္ဂလတွေအတွက် အခြေအနေကောင်းဖြစ်မည်လား

ငြိမ်းငြိမ်းနိုင်

ပလတ်စတစ်လောင်းထားသည့် လေးထောင့်ကတ်လေး တစ်ခု ထောင်ထားသောခြင်းတောင်းပန်းရောင်လေးပိုက်ရင်းဖြူဖွေးနုနယ်သော သူ့လက်လေးတွေက ခြင်းတောင်းထဲမှ စာရွက်တစ်ရွက်ပြီး တစ်ရွက်ကို မှန်မှန်ဆွဲထုတ်နေသည်။



တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးဖုန်းဝင်းနှင့်ဒေါ်ယုဇာမော်ထွန်းတို့မိသားစု၏မဲဆွယ်စည်းရုံးလှုပ်ရှားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သူမရှေ့လူတစ်ယောက် ဖြတ်သွားတိုင်းလည်း လက်ထဲက စာရွက်ကိုထုတ်ပေးကာ ပြုံးပြနှုတ်ဆက်၏။ တစ်ခါတစ်ရံလက်ထဲက စာရွက်ကမ်းရင်း "ဒါ. . ဒေါက်တာဖုန်းဝင်းပါ"ဟု သူ့အသံချိုချိုလေးနှင့်မတိုးမကျယ်ပြောလိုက်သေးသည်။

သူမကတော့ အသက် ၁၅ နှစ်ရှိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(တီတီစီ)ကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မဟေသီဖြစ်သည်။ လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၉၇ ဦးထဲတွင် အပါအဝင်ဖြစ်သည့် ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာဖုန်းဝင်းနှင့် လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါ်ယုဇာမော်ထွန်းတို့၏သမီးကြီးဖြစ်သည်။

လှည်းတန်းဈေး ခြံစည်းရိုးဘေးတွင်ရပ်ထားသည့် ဗီနိုင်းများ၊ ပတ်ပတ်လည် ကပ်ထားသော တောင်းအေ့စ်ကားတစ်စီးရှေ့၌ သူမတို့မိသားစု အတူတူရပ်ရင်း ဖြတ်သွားဖြတ်လာတို့ကို စာရွက်ကမ်းသူကမ်း၊ လာရောက်မေးမြန်းစူးစမ်းကြသူတွေကို ရှင်းပြသူကရှင်းပြနှင့် တစ်ခါတစ်ရံ လက်ပင်မလည်။

ဖြတ်သွားဖြတ်လာနှင့် ကားပေါ်ကလူတွေက အထူးအဆန်းဝိုင်းကြည့်ကြသော်လည်း ကျောင်းသူလေး မဟေသီကတော့ သူ့အလုပ်မပျက်။ ဖြတ်သွားဖြတ်လာပြတ်သွားသည့်အခါများ မိဘနှစ်ပါး၊ မောင်လေးတို့နှင့် တီးတိုးစကားဆိုရင်း ရယ်မောပြုံးရွှင်စွာပင် စကားဝိုင်းဖွဲ့လိုက်သေး၏။

"သမီးက ခုမှလိုက်ဖူးတာ။ ဒီနေ့တနင်္ဂနွေလေ။ ကျောင်းပိတ်လို့လိုက်လာတာပါ။ ခုလို ဖေဖေနဲ့ မေမေအတွက် လိုက်လုပ်ပေးရတာပျော်ပါတယ်။ ကျောင်းမှာဆိုလည်း ဆရာမတွေကို စာရွက်လေးတွေပေးဖြစ်တယ်လေ။ ဖေဖေနဲ့ မေမေနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု မဟေသီကမဲဆွယ်လှုပ်ရှားမှုလုပ်ရင်းက 7Day News ၏ မေးမြန်းမှုကိုဖြေကြားသည်။

ယခုရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အပြည့်အဝ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဟု ဆိုရမည့် ပါတီနှစ်ခုသာရှိရာ မဲဆန္ဒနယ် ၂၀၀ကျော်တွင် တစ်ပါတီသာရှိမည်ဖြစ်သည့်အတွက် အချို့နေရာများ၌ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ပေါ်ထွက်လာရန်ရှိသော်လည်း အချိန်နှင့်လူထုအကြား ရွေးကောက်ပွဲအရှိန်အထနေးမှုကြောင့် ကိုယ်စားလှယ်လောင်းများ ထင်သလောက်များများဝင်နိုင်ခြင်းမရှိဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။


ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် လွှတ်တော်နေရာ ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ယင်းကိုယ်စားလှယ်အရေအတွက်အနက် တစ်သီးပုဂ္ဂလကိုယ်စားလှယ်မှာ တစ်နိုင်ငံလုံးအနေဖြင့် ၉၇ဦး ရှိမည်ဖြစ်သည်။

ယနေ့အထိ စုဆောင်းရရှိသော စာရင်းများအရ အများစုမှာ ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကာ စုစုပေါင်း ၂၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဟု ထိုတိုင်းဒေသကြီးကော်မရှင်များမှ သိရသည်။

၁၉၉၀ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တစ်သီးပုဂ္ဂလအရေအတွက်မှာ ၈၇ဦးဖြစ်သော်လည်း ၆ဦးသာ အနိုင်ရခဲ့သည်။

"လူတွေနဲ့တွေ့တော့ သူတို့ပေးချင်တဲ့လူကို မေးတယ်။ သူတို့ပေးချင်တဲ့လူကမပါဘူးဆိုတဲ့အခါကျတော့ ပါတီတွေရယ်ဘာတွေရယ်မဟုတ်ဘူး။ ပါတီတွေက ဘယ်ဟာဘယ်လိုမှန်းမသိတော့ ပေးရမှာရှုပ်တယ်။ အဲဒီတော့ တစ်သီးပုဂ္ဂလတွေအတွက်က အဲဒါအားသာချက်ပေါ့လေ။ ပထမအချက်က တစ်သီးပုဂ္ဂလကရှင်းတယ်။ ဒုတိယအချက်ကတော့ ပညာတတ်လူငယ်ဆိုရင်လူတွေသဘောကျကြတယ်"ဟု တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာဖုန်းဝင်းကပြောသည်။

"၉၀ ရွေးကောက်ပွဲနဲ့စာရင်တော့အဆလေးငါးဆယ်ပိုကောင်းတယ်လို့ပြောလို့ရပါတယ်။ ပါတီ





7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

တွေကိုလူတွေလေ့လာမှုအားနည်းတယ်”ဟု ဦးဖုန်းဝင်းက သူ့အမြင်ကိုဆက်လက်သုံးသပ်ပြောကြားသည်။

“တစ်သီးပုဂ္ဂလတွေက ပြောလို့မရဘူး နိုင်သွားနိုင်တယ်။ လူတွေဟိုပါတီဒီပါတီမပေးချင်တာနဲ့ မဲပေးရမယ်ဆိုရင် တွေးမနေတော့ဘဲ တစ်သီးပုဂ္ဂလတွေကို ပေးလိုက်တာမျိုးတွေဖြစ်နိုင်တယ်”ဟု အသက်လေးဆယ်ဝန်းကျင်ရှိ ရန်ကုန်မြို့က နိုင်ငံရေးလေ့လာသူတစ်ဦးကသုံးသပ်ပြောကြားသည်။

လွှတ်တော်နေရာ ၁၁၇၁ နေရာတွင် လွှတ်တော်နေရာအပြည့်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ကိုယ်စားလှယ်လောင်းဒုတိယအများဆုံးအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

“ကျွန်တော်တို့ကတော့လေ အားသာတယ်လို့ဆိုပေမယ့် လျှော့တော့တွက်မထားဘူး။ လူတွေက ကြောက်ရွံ့မှုတွေလည်း ရှိနေတော့လေ။ ကျွန်တော်တို့ဟောပြောပွဲလုပ်ရင်၁၀၀၀ လောက်ရှိတဲ့ရွာက ၃၀၀ လောက်ပဲတက်တယ်။ ကျန်တဲ့လူတွေက မလာရဲကြဘူး။ ၅၀၀ လောက်ဆိုရင်တော့ မဆိုးဘူးပေါ့။ နည်းနည်းတွက်ထားလို့ရမယ်လေ။ ခုကဟောပြောပွဲတွေဘာတွေကျတော့လည်း နေရာကကန့်သတ်ချက်ရှိနေတော့ လူများများရနိုင်ဖို့ကမလွယ်ဘူး”ဟု ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး လွှတ်တော်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဦးဇော်မင်းသိန်းကပြောကြားသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအနက်ကိုယ်စားလှယ် ၈ဦးက အတူပူးပေါင်းဆောင်ရွက်သွားမည်ဟု မီဒီယာက တစ်ဆင့် ကြေညာခဲ့ပြီးနောက် တစ်သီးပုဂ္ဂလ ၁၅ဦးကလည်း တစ်သီးပုဂ္ဂလကွန်ယက်အဖြစ် ဖွဲ့စည်းကြောင်းကြေညာခဲ့သည်။

လေးမျက်နှာမြို့နယ်တွင် ပြုလုပ်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းနှစ်ဦး၏ ရုံးဖွင့်ပွဲကို တက်ရောက်ခဲ့သည့် ဂျာနယ်သတင်းထောက်တစ်ဦးက “လူတွေကတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းကို တော်တော်လေးအားပေးကြတယ်။ အိုးစည်ဒိုးပတ်နဲ့ ရုံးဖွင့်တာနော်။ တက်တဲ့လူက တစ်ထောင်ကျော်တယ်။ ဆန်စက်ကြီးထဲမှာ။ ဆိုင်ကယ်တွေက ရာချီတယ်။ ထော်လာဂျီတွေလည်း ပါတယ်။ သူတို့နယ်မှာ ပြည်ခိုင်ဖြိုးနဲ့ တစည ပဲရှိတော့ အဲဒီ တစ်သီးပုဂ္ဂလကို တော်တော်အားပေးကြတာ တွေ့ရတယ်။ ပါတီရုံးဖွင့်ပွဲတွေထက်ကို စည်ကားတာ”ဟု သူ့အတွေ့အကြုံကိုပြောပြသည်။

ပါတီနှစ်ခုသာရှိသည့် အတွက် သူ့ဒေသခံများရွေးချယ်ခွင့်ရစေရေး ရည်ရွယ်ကာရွေးကောက်ပွဲဝင်ရန် နောက်ဆုံး ဆုံးဖြတ်ခဲ့သည်ဆိုသော ဦးဇော်မင်းသိန်းက ရွေးကောက်ပွဲ မဲဆွယ်ပွဲများ တစ်နေ့သုံးကြိမ်ထက်မနည်းလုပ်နေရပြီး ပြည်သူလူထုအားပေးမှုလည်း ကောင်းကောင်းရနေကြောင်းပြောဆိုသည်။

ပါတီများအကြောင်းဂျာနယ်များမှတစ်ဆင့် လက်လှမ်းမီသလောက်လေ့ခွင့်ရသော်လည်း မဲပေး၊ မပေးမဆုံးဖြတ်ရသေးဆိုသည့် စမ်းချောင်းမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦးဖြစ်ကာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းကို ဦးဆောင်နေသူဦးအောင်ကျော်ဆန်းက “ဘယပါတီတွေက ဘာလုပ်ပေးမယ်ဆိုတာမျိုး သေသေချာချာ မသိရသေးဘူး။ အဲဒါကြောင့် မဆုံးဖြတ်ရသေးပါဘူး။ လူပုဂ္ဂိုလ်အရလည်းကြိုက်မယ်။ ပညာတတ်၊ လူငယ်ပိုင်းဆိုတာမျိုး တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေ့ခဲ့ရင်တော့ ပေးဖြစ်မယ်ထင်ပါတယ်”ဟု ဆိုသည်။

ဦးဖုန်းဝင်းတို့မိသားစုမဲဆွယ်လှုပ်ရှားမှုနေရာသို့ ရောက်လာသော အသက် ၅၀ ကျော်အလုံမြို့နယ်မှ မဲဆန္ဒရှင်အမျိုးသားတစ်ဦးက ဦးဖုန်းဝင်းအနီးသို့ကပ်ကာ “ကျုပ်တို့အလုံဘက်မှာ ခင်ဗျားလို တစ်သီးပုဂ္ဂလရှိလားဗျ။ ကျွန်တော်တို့ဆီမှာ သုံးပါတီပဲရှိတယ်။ ကျွန်တော်တစ်ခုမှ မကြိုက်ဘူး။ တစ်သီးပုဂ္ဂလလေးရှိရင်တော့ ပေးဖြစ်မယ်။ မဟုတ်ရင်တော့ မပေးတော့ဘူး”ဟုဆိုသည်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦးအတွက်လက်ကမ်းစာစောင် လိုက်လံဝေငှပေးသူတစ်ဦးက “တစ်သီးပုဂ္ဂလဆိုတော့ လူတွေကမသိကြဘူး။ ရှင်းပြရတယ်။ လူကြီးတွေကတော့ သိတယ်။ မေးလည်းမေးကြတယ်။ စိတ်ဝင်စားကြတယ်။ လူကြီးတွေကတော့ အားအပေးဆုံးပါပဲ” ဟု သူ့အတွေ့အကြုံကိုပြောပြသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဝင်ရောက်မှုနှင့်ပတ်သက်၍ 7Day News ၏ မေးမြန်းချက်ကို ယခုကဲ့သို့ သုံးသပ်ပြောကြားသည်။

“တစ်ဦးတစ်ယောက်တည်းကနေ လုပ်နိုင်ကိုင်နိုင်ဖို့က တကယ်တော့ သိပ်မလွယ်ပါဘူး။ အခု ရွေးကောက်ပွဲမှာ ပြီးခဲ့တဲ့ ၉၀ ရွေးကောက်ပွဲနဲ့ယှဉ်ရင်တော့ အချို့နေရာတွေမှာ ပါတီရွေးချယ်စရာနည်းရင် သူတို့အတွက် အားသာချက်တွေဖြစ်သွားနိုင်ပါတယ်”

လှည်းတန်းဈေးအနီး လက်ကမ်းစာစောင်ဝေနေသည့် မဟေသီကတော့ သူ့မိဘနှစ်ဦးနှင့် ယှဉ်ပြိုင်ရမည့် ပါတီများအကြောင်း သိရှိထားပြီး ထိုမဲဆန္ဒနယ်များတွင် သူ့မိဘများ အနိုင်ရရှိရန် ယုံကြည့်မျှော်လင့်ရှိနေသည်ဟု ဆိုသည်။

# ရွေးကောက်ပွဲတွင် ဖောက်ထွင်းမြင်နိုင်သော မဲပုံးလေးသိန်း အသုံးပြုမည်

**အားမာန်၊ ကျော်သီဟ**

**ရန်ကုန်၊ အောက်တိုဘာ - ၁**

နိုဝင်ဘာ ၇ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ပလတ်စတစ်အကြည်ဖြင့်ပြုလုပ်ထားသောမဲပုံးများကိုသာ တစ်နိုင်ငံလုံးရှိ မဲရုံတိုင်းတွင် အသုံးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


ဓာတ်ပုံ ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းက ပြုလုပ်ပေးထားသော ပလတ်စတစ်အကြည်ပုံးလေးသိန်းကို နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရုံများသို့ ပေးပို့ထားပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။ မဲပုံးအတွင်းသို့ဖောက် ထွင်းမြင်နိုင်သောထိုမဲပုံးတစ်ပုံးလျှင် မဲဆန္ဒပြား သုံးထောင်ကျော်ဆံ့ကြောင်းလည်း ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့အပြင် မဲရုံများတွင် မဲရုံလုံခြုံရေးဝန်ထမ်းများအဖြစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအဖွဲ့ဝင်များကို တာဝန်ပေးမည်ဖြစ်ပြီး ၎င်းတို့မရှိသော နေရာတွင်မှ အခြားသူများကို တာဝန်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ရန်ကုန်တိုင်းအတွင်းရှိ တိုင်းတပ်ဖွဲ့ဌာနချုပ်၌ ဖွင့်လှစ်မည့် မဲရုံများတွင်လည်း တပ်မတော်အရာရှိနှင့် တပ်မတော်သားများကို မဲရုံမှူးနှင့်မဲရုံဝန်ထမ်းအဖြစ်ဆောင်ရွက်စေမည် မဟုတ်ကြောင်း၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင်လူဦးရေ အများဆုံးတိုင်းဒေသကြီးတစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးနိုင်သူ ၄ ဒသမ ၄ သန်းအတွက် မဲရုံပေါင်း ၆၀၀၀ ဝန်းကျင် ဆောက်လုပ်သွားမည်ဟု သတင်းရရှိသည်။



ကျယ် ပြန့်သောလွင်ပြင်များ၊ ပြန့်ပြူးသော မြက်ခင်းပြင်ကျယ်ကြီးများသည် အတားအဆီးမဲ့သောလေကို ဆောင်ကြဉ်းလာသည်ဟုဆိုရလျှင် လူခြေရှင်းလင်း၍ တိတ်ဆိတ်သော၊ ပန်းရနံ့ထုံသင်း၍ ကွေ့ကောက်သောလမ်းငယ်၊ လမ်းသွယ်လေးများသည် တစ်ဦးတည်းလျှောက်လှမ်းရသည်ဆိုပါက အတွေးများနှင့်အကောင်းဆုံး အဖော်ပြုချင်စရာ နေရာတစ်ခုသာ ဖြစ်မည်ထင်ပါသည်။ ထိုထိုလမ်းငယ်လေးများကို လူတိုင်းလူတိုင်း၌ ပြန်လည်စဉ်းစားကြည့်လျှင် တစ်နေရာမကရှိနေမည်ဟုလည်း ယုံကြည်မိပါ၏။ များသောအားဖြင့် မွေးရပ်မြေဇာတိကို လွမ်းဆွတ်နေတတ်သော၊ ငယ်စဉ်တောင်ကျေးအမိအဖနှင့်နေခဲ့စဉ် ကျောင်းသွားခဲ့ဖူးသော လမ်းကလေးမျိုး၊ ဒါမှမဟုတ်ချစ်သူနဲ့ နှစ်ယောက်တည်း မကြာခဏလျှောက်ဖူးသောလမ်းကလေးတို့သည် လူတိုင်းလူတိုင်းဘဝတိုင်း၌ ရှိတတ်ကြသည်ချည်းသာဖြစ်ပေလိမ့်မည်။

# စွယ်တော်ပင်လမ်း

ချမ်းငြိမ်း


ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

(၁)

မကြာခဏ အကြောင်းကြောင်းကြောင့် ဖြတ်သွားဖြတ်လာလမ်းကလေးများသည် အချိန်ကာလတစ်ခုလွန်သော် အမှတ်ရစရာ လမ်းကလေးများအဖြစ် စွဲစွဲထင်ထင် ရှိတတ်ပြန်သည်။ ထိုသို့ လူတိုင်းမှာစွဲလမ်းခဲ့ဖူးသော လမ်းကလေးများရှိသလို ကျွန်တော့်တွင်လည်း မကြာခဏ သတိရနေတတ်သော လမ်းကလေးများ ရှိပါသည်။ ဥပမာ-ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ဟယ်လ်ပင်အနီးရှိ ခရေပင်လမ်း၊ လှိုင်မြို့နယ်၊ လှိုင် တက္ကသိုလ်နယ်မြေအနီး အင်းလျားရေပြင်နှင့်ဟိုဘက်သည်ဘက်ထိစပ်လျက်ရှိသော ပြည်လမ်းကွေ့၊ အင်းစိန်ဟိုက်ပတ်ဘို့ကုန်းရှိ ယခင်မင်းကြီးလမ်း၊ ရန်ကုန်တက္ကသိုလ် ပင်မထဲရှိ ကံ့ကော်ရနံ့ယစ်ဝေသော အဓိပတိလမ်းနှင့်စစ်ကိုင်းလမ်း၊ မော်လမြိုင်တောင်ဝိုင်းက မြေနီလမ်း၊ မန္တလေး ကျုံးဘေးလမ်း၊ ပုဂံမြို့ဟောင်းမှ မင်းနန်သူရွာသို့ သွားရာထန်းပင်တန်းနဲ့သဲမြေလမ်းမို့မို့ပြင်ဦးလွင်ယူကလစ်၊ ထင်းရှူးနံ့ထုံယစ်သောမြို့ပတ်လမ်း၊ အမရပူရတောင်သမန်အင်းသွားရာ မဟာဂန္ဓာရုံကျောင်းအနီးက ကျွန်းပင်တွေနဲ့ ဝေဆာနေသောလမ်း၊ မယ်ဇယ်ပင်တန်း၊ ပင်းတယရွှေဥမင်ဘုရားတောင်ခြေရှိညောင်ခြေထောက်ပင်ကြီးများနှင့် လမ်း. . . အဲသည်လမ်းတွေကတော့ မကြာခဏ သတိရနေတတ်သောလမ်းကလေးများဖြစ်ပါသည်။ အချို့သောလမ်းတွေကတိုသလို ကျဉ်းသလို၊ တချို့သော လမ်းတွေကတော့ ရှည်လျားအေးမြသောလမ်းမကြီးတွေလည်း ဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်စေ တူညီမှု တစ်ခုကတော့ ထိုလမ်းကလေးများသည် များသောအားဖြင့် တိတ်ဆိတ်၍ လေပြည်လေညင်းလေးများ တဖြူးဖြူးတိုက်ခါ အပင်ကြီးများမှ ပန်းရနံ့တို့ဖြင့် မွှေးပျံ့ဝေဆာစိမ်းလန်းနေတတ်ခြင်းပင်ဖြစ်သည်။

(၂)

ထိုသို့သော လမ်းကလေးများထဲတွင် ရောက်ရှိနေသော ဘဝအခြေအနေအရ မကြာခဏ ဖြတ်သွားဖြတ်လာလုပ်မိသော လမ်းကလေးအကြောင်းပြောချင်ပါသည်။ မိမိဘာသာ စွယ်တော်ပင်လမ်းဟု အမည်ပေးထားသောထိုလမ်းကလေးသည် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်အနီးအာဇာနည်ဗိမာန်ဘေးတည်ရှိလေသည်။မြေနီကုန်း စမ်းချောင်းဘက်ကဖြစ်စေ၊ ဗဟန်းရွှေဂုံတိုင်ဘက်ကဖြစ်စေ၊ အနောက်ရွှေဂုံတိုင်လမ်းမှ ဘုရားမြောက်ဘက်မုခ်သို့ တက်ရောက်မည်ဆိုပါက ယင်းလမ်းသွယ်လေးကို မလွှဲမသွေ ဖြတ်သန်းရမည် ဖြစ်ပါသည်။ လမ်းသွယ်လေးသည် သိင်္ဂုတ္တရကုန်းပေါ်သို့ ဖောက်လုပ်ထားရာ လမ်းလျှောက်၍ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ တက်ရောက်ရသဖြင့် အတန်ငယ် အားထုတ်ရပါသည်။ ကားဆိုလျှင်လည်း ဂီယာပြောင်း၊ လူဆိုရင်လည်း အသက်မှန်မှန်ရှူ၍ တက်ရသော လမ်းကလေးဖြစ်ပါ၏။ လမ်းကလေး တစ်ဖက်တစ်ချက်မှာတော့ စွယ်တော်ပင်တွေကိုစနစ်တကျစီတန်းစိုက်ပျိုးထားတာမြင်ရပါသည်။

ကျွန်တော်သည် မကြာခဏ ထိုလမ်းကလေးအား ခြေလျင်တက်လေ့ရှိရာ ပတ်ဝန်းကျင်မှ စိမ်းလန်းတိတ်ဆိတ်မှုကို ကြည်နူးဖွယ်ခံစားရပါသည်။မိုးရွာပြီးသော ညနေခင်းဖြစ်ပါက စွယ်တော်ရွက်လေးများပေါ် မိုးစက်မိုးပေါက်တို့ ခိုတွဲနေတတ်ပြီး စွယ်တော်အပွင့်အဖြူချပ်အလယ်မှ ထိုးထွက်နေသော ဝတ်ဆံတိုင်အဝါနုနုတွင် ရောင်စုံလိပ်ပြာလေးများ ရစ်သီကူးလူးလာနားကြသည်မှာ သဘာဝတရား၏ပကတိအရှိကို ခံစားရပါသည်။ စွယ်တော်ပင်ဆိုသည်မှာ နေရာတိုင်း တွေ့နိုင်သည်မဟုတ်၊ ဥယျာဉ်ခြံမြေနှင့် နီးသော နေရာမျိုးတွင်သာ မြို့ပြ၌ မြင်တွေ့နိုင်ပါသည်။ ယခုလို တစ်စုတစ်ဝေးတည်းမြင်ရပြီဆိုလျှင် အတော့်ကိုလှပသော လမ်းကလေးဟုသာ ဆိုချင်ပါ၏။ တကယ်တမ်းဆိုလျှင်လည်းလမ်းကလေးတည်ရှိရာ ထိုပတ်ဝန်းကျင်သည် မြန်မာ့သမိုင်း၊ မြန်မာရာဇဝင်အတွက် အလွန်အရေးပါသောဝန်းကျင်ဟုလည်း ဆိုနိုင်ပါ၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းကတည်ထားခဲ့သော အထင်ကရ ရွှေတိဂုံစေတီတော်မြတ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများဂူသွင်းမြှုပ်နှံ

---

**မိုးရွာပြီးသော ညနေခင်းဖြစ်ပါက စွယ်တော်ရွက်လေးများပေါ် မိုးစက်မိုးပေါက်တို့ ခိုတွဲနေတတ်ပြီး စွယ်တော်အပွင့် အဖြူချပ်အလယ်မှ ထိုးထွက်နေသော ဝတ်ဆံတိုင်အဝါနုနုတွင် ရောင်စုံလိပ်ပြာလေးများ ရစ်သီကူးလူးလာနားကြသည်မှာ သဘာဝတရား၏ပကတိအရှိကို ခံစားရပါသည်။ စွယ်တော်ပင်ဆိုသည်မှာ နေရာတိုင်းတွေ့နိုင်သည်မဟုတ်၊ ဥယျာဉ်ခြံမြေနှင့်နီးသော နေရာမျိုးတွင်သာ မြို့ပြ၌မြင်တွေ့နိုင်ပါသည်။**

---

ရာ အာဇာနည်ဗိမာန်၊ သိင်္ဂုတ္တရဥယျာဉ်တော်ဘက် မျှော်ကြည့်လိုက်လျှင် ဖ. ဆ. ပ. လ အဖွဲ့ချုပ်ကြီး၏ သမိုင်းဝင် လူထုအစည်းအဝေးပွဲကြီးကျင်းပရာနေရာ၊ လမ်းတစ်ဖက်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရန် စစ်ထွက်မိန့်ခွန်း ဗိုလ်ချုပ်ပြောကြားရာ အမြုတေတော်လှန်ရေးပန်းခြံ စသဖြင့် ကြီးမြတ်သော သမိုင်းဝင်အဖြစ်အပျက်တို့မွေးစက်ရာဝန်းကျင်ဖြစ်ပါသည်။ ထို့အပြင် သွေးဆေးကန် ခပ်ယွန်းယွန်းမှာ ကျိုက်ထီးရိုး ဘုရားလေးရှိသလို သာသနာ့ပုဂ္ဂိုလ်ကျော် ဝိပဿနာဆရာ အနာဂမ်ဆရာသက်ကြီးအား မြှုပ်နှံရာနေရာလည်းရှိပါ၏။

ကျွန်တော်သည် ထိုသို့သော ဝန်းကျင်ရှိရာ စွယ်တော်ပင် လမ်းကလေးတွင် ဘဝပေးအခြေအနေအရ မကြာခဏ လမ်းလျှောက်၍ဖြစ်စေ၊ လိုင်းကားစီး၍ဖြစ်စေ၊ တစ်ရံတစ်ခါ အငှားယာဉ်စီး၍ ဖြစ်စေ၊နေ့စဉ်လိုလိုဖြတ်သန်းသွားရသည်။ လမ်းလျှောက်၍ သွားစဉ်သဘာဝတရားကိုခံစားရနိုင်သော်လည်း လိုင်းကားနှင့် ဖြတ်သန်းရပါက ဘာကိုမျှ မမြင်တွေ့ရတော့။ ကျပ်ညပ်သပ်နေသော ခရီးသည်တွေကြား ဘယ်ကိုရောက်နေသည်ကိုသာ တွက်ဆနေရပါ၏။ စက်ဘီးနှင့်ဖြစ်စေ၊အငှားကားဖြင့်ဖြစ်စေ ဖြတ်သန်းရပြီဆိုလျှင်တော့ ပတ်ဝန်းကျင်ကို ရိပ်ခနဲ၊ ဖြတ်ခနဲခံစား၍ရပါသေးသည်။ တူညီမှုတစ်ခုကတော့ ကုန်းပေါ်တက်စဉ် ကားရော၊ လူရောအား စိုက်ရခြင်းပင်ဖြစ်ပြီး ကားကတော့ မည်သို့နေသည်မသိ။ လူတွေကတော့ ချွေးကလေးများ စို့နေတတ်ပါ၏။ ဘုရားကိုမြင်လေမှ အမောပြေလေ၏။ အပြန်လမ်းကား ထိုသို့မဟုတ်တော့ ကားဆိုလျှင် ဖရီးရိုက်၊ လူဆိုလျှင်လည်းအသာအယာဆင်းလျှောက်သွားရမြဲ. . ။ စွယ်တော်ပင်လမ်းလေးမှာ အဲသလို အမြဲကြုံရပါသည်။

လမ်းကတော့သည်လမ်းပင်၊ ဖြတ်သန်းမှုပုံစံအရအနီးအဝေး ပုံရိပ်ကွာခြားသလိုခံစားရသည့်ရနံ့လည်းကွာခြားသွားခြင်းသာဖြစ်ပါသည်။

(၃)

ရုက္ခဗေဒ အခေါ်အားဖြင့် ဗော်ဟီးနီးယားအကျူမီနေတာ ဟုခေါ်ဝေါ်သော စွယ်တော်ပင်ကို မဟာလှေကားဖြူဟုလည်း မြန်မာတို့ခေါ်ဝေါ်ကြပါသည်။ အပင်ပုအမျိုးအစားဖြစ်ပြီး ပန်းပွင့်ထက် အရွက်ကိုသာ လူသိများပါသည်။ အရွက်အရွယ်အစားမှာ အပင်သက်တမ်းအလိုက် သုံးလက်မမှ ခြောက်လက်မအထိ ရှည်လျားပြီး အသည်း ပုံသဏ္ဍာန်ပုပုဝိုင်းဝိုင်းကလေးဖြစ်သည်။ စိုက်ပျိုးလျှင် တစ်နှစ်မှသုံးနှစ်အတွင်း ပန်းပွင့်ပြီး စွယ်တော်ဖြူ(Orchid Tree) စွယ်တော်ဝါ(Thomas Tree) စွယ်တော်နီ(Butterfly Tree)ဟူ၍ သုံးမျိုးရှိပါသည်။ အများအားဖြင့် မြန်မာနိုင်ငံတွင် စွယ်တော်ဖြူကိုသာ စိုက်ပျိုးကြပြီး ဥယျာဉ်များအတွင်းအလှစိုက်လေ့ရှိကြသည်။ စွယ်တော်ကို မြန်မာ၊ အိန္ဒိယ၊ တရုတ်၊ မလေးအစရှိသည့် အာရှတိုက်နှင့် ဥရောပတိုက်တွင် အင်္ဂလန်သစ်တောများ၌သာ တွေ့ရကြောင်း သိရသည်။

ကျွန်တော်ကတော့ ထိုရုက္ခဗေဒအသိအမြင်တွေထက် တက္ကသိုလ် ဘုန်းနိုင်၏ **သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်နိုင်** ထဲက နှစ်လွှာပေါင်းမှ တစ်ရွက်ဆိုသည့် ခိုင်နှင့် မောင်တို့၏ ဇာတ်လမ်းကို စွယ်တော်ပွင့်လေးတွေမြင်တိုင်း မကြာခဏ သတိရနေခဲ့သည်။

'တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည် လေတော့သော အထီးကျန် ဤဘဝဝယ်. . .'ဆိုသော မောင်၏ မြည်တမ်းသံကို ကြားယောင်နေမိသည်။

(၄)

ဆောင်းရနံ့တို့ ပြယ်လွင့်၍ ဥသြတွန်ချိန်ရောက်လာသည်။ နေ့အပူရှိန်သည်တဖြည်းဖြည်း မြင့်တက်လာပြီး တစ်စုံတစ်ရာသော အရာကလေပူများမှုတ်ထုတ်လိုက်သလို ရှင်သန်ရာဝန်းကျင်သည် နေရာတိုင်း၊ မြင်မြင်ရာတိုင်းအဝါရောင်လှိုင်းများနှင့် လူးလွန့် လှုပ်ခါနေတော့သည်။ လောင်ကျွမ်းသော နေရှိန်ကြောင့် ကြမ်းရှသော နွေလက်သရမ်းကြောင့် သစ်ပင်ကြီးငယ်တို့မှ ရွက်ခြောက်တို့သည် မြေပေါ် ဝေ့ဝဲကျဆင်းလာ၏။ ရိုးတံအပြိုင်းပြိုင်းနဲ့ သစ်ပင်ကြီးများသည် ထီးတည်းငူငူကြီးနွေခေါင်ခေါင်မှာ မိုးတိုးမတ်တပ်ရပ်နေကြသည်။

သည်လိုနဲ့ တစ်ခုသော နွေနံနက်ခင်းမှာ စွယ်တော်ပင်လမ်းလေးဆီ ရောက်ခဲ့ပြန်ပါသည်။ သူလည်းဘာမို့လို့လဲ။ ယခင်က အရပ်လွတ်ရုံမျှ အရိပ်ရခဲ့သော စွယ်တော်ရွက်ဖားဖားတို့ ပင်လုံးကျွတ်နီးပါး ကြွေလေပြီ။ ပိုဆိုးသည်က ပိုးကျတာလား၊ ပိုးကိုက်တာလားမသိ၊ ယခင် စိမ်းဖန့်ဖန့် အရွက်တို့အပေါ် ကွက်ကျားလိုက်အပေါက်လေးများကို မြင်ရပါသည်။ စွယ်တော်လမ်းသည် မသာယာတော့၊ ညိုးရော်သွေ့ခြောက်သော စွယ်တော်ရွက်အချို့ ကားလမ်းမထက် ပြန့်ကျဲလျက်၊ ဝါကျင်ခွေလိပ်သောကြွေရွက်အချို့ လေပူနဲ့အတူ ဝေ့ဝဲလျက်. . .

ရုတ်တရက် ကျွန်တော်သည် နှစ်ပေါင်းများစွာ ဝေဝါးနေသော အသိတစ်ခု၊ ထင်ယောင်ထင်မှား ဖြစ်နေမှုကို ရှင်းရှင်းလင်းလင်း သိမြင်သွားပါသည်။ ပြီးတော့ တစ်ယောက်တည်း ပြုံးနေမိပါသည်။

(၅)

တကယ်တော့ ကျွန်တော်သည် လမ်းတွေကို မကြာခဏ သတိရနေတတ်တာမဟုတ်၊ အပင်တွေကိုသာ သတိရနေခြင်းပဲ ဖြစ်ပါသည်။ ။

7 DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

**စက်တင်ဘာ ၁၄ ရက်၊ ည ၇း၄၅ မိနစ်**

"အင်း. . ဆီထည့်ဖို့မေ့သွားတယ်။ ဆီကဘာလို့ကုန်သွားတာလဲ" ကား၏လက်ကိုင်ဘီးနောက်ဒရိုင်ဘာ ခုံတွင်ထိုင်နေသူက ပြောလိုက်သည့်စကားသံနှင့်အတူ စက်သံမမှန်ရာမှ တချက်ချက်အသံမြည်ကာ ရပ်သွားသည့်ကုန်နှင့်ခရီးသည်တင် ဟွန်ဒိုင်းကားကြီးရပ်နေသည့်နေရာက လှိုင်သာယာတိုးဂိတ်မရောက်ခင် လူနေအိမ်ခြေမရှိသည့် ကွင်းပြင်နားမှာ။ "ဆီဆိုင်ကဒီနားမှာမရှိဘူး။ ကားကြုံလိုက်သွားပြီးသွားဝယ်မှရမယ်။ ဟေ့ကောင် ပုံးရောပိုက်ပါယူသွား" သူတို့စကားသံတွေကြောင့် ခရီးသည်အားလုံးမှာ ခေါင်းထောင်ကြည့်မိကြသည်။ ကားကကုန်ဦးစားပေးတင်သောကားဖြစ်သည့်အလျှောက်ပါလာသည့် ခရီးသည်က ၁၀ ယောက်ပင်မရှိ၊ ခရီးသည်တွေအားလုံးကတော့ ဘုရင့်နောင်မှ ရခိုင်သို့သွားရမည့်ခရီးသည် အစမှာပင်ဒီလိုဖြစ်သည့် အတွက် 'အော် ဒရိုင်ဘာရယ်ဆီထည့်ဖို့များ မေ့ရလေခြင်း' ဟုပင်မပြော။ ဒီလိုနှင့်အားလုံးက သူတို့ဆီ၊ ဝယ်ဆီဖြည့်ပြီးသည့်အချိန် နာရီဝက်ခန့်ကိုစောင့်ခဲ့ကြ၍ ကားကြီးကလည်းအသုတ်၊ ရေကြည်၊ ငါးသိုင်းချောင်းလမ်းမှ ငွမြို့သို့ ခရီးရှည်ချီတက်ခဲ့သည်။

# မတူခြားနားခြင်းနဲ့ ခရီးစဉ်များ

အိဖြူလွင်

ခရီးသည်တင်ကားမဟုတ်သည့်အတွက်ခြေထောက်အောက်တွင် သစ်သားချောင်းတွေနှင့် ကုန်ထုပ်တွေ။ အလယ်လမ်းတွင်တော့ ငါးရေခဲပုံးအလွတ်တွေနှင့် ပစ္စည်းတွေ ထိုင်ခုံလျှောလျှောကြီးတွေ။ မှန်တွေအားလုံးဖွင့်ထားရသည့်အတွက် သဘာဝလေကိုကားရွေ့လျားနေသမျှ အဆီးအတားမရှိ ရှိနေခြင်းစသည့် အချက်တွေကိုတော့ ခရီးစဉ်တစ်လျှောက်လုံး အပြည့်အဝပင် ခံစားခဲ့ရသည်။

သည်လိုနှင့်ပင်ကားအောက်က 'တဒုန်းဒုန်း' ကားပေါ်က အထုတ်တွေက 'တဖုန်းဖုန်း'အသံတွေကြားမှ ခရီးဆက်ခဲ့ရာ ညတစ်နာရီခွဲခန့် ခရီးသည်အားလုံးအိပ်ရာမှနိုး၍ ခေါင်းထောင်ကြည့်မိသည့်အချိန်မှာတော့ ကားကြီးက နှစ်ထပ်တိုက်တစ်လုံး၏ရှေ့မှာ အကျအနရပ်နေ၏။



အိပ်ချင်မူးတူးဖြင့် စုံစမ်းကြည့်တော့ "ဒါအသုတ်တဲ့။ ဆန်အိတ်တင်မလို့။ ၇၅ လုံးတည်း။ နည်းနည်းလေးရယ်တဲ့"ဟူသည့် ပြောစကားတွေနှင့်အတူ အလယ်လမ်းက အထုပ်တွေ နေရာရွှေ့နေသဖြင့် မထိခိုက်မိအောင် သူတို့လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်ရန်အတွက် ကားအောက်ဆင်းခါ ကတ္တရာလမ်းပေါ်ငုတ်တုတ်ထိုင်နေရပါတော့သည်။

ဆန်တင်သည့် အိမ်ကလည်း အလုပ်သမားတွေကိုသွားနှိုးနေရသေးသည့်အတွက် အိပ်မှုံစုံမွှားနှင့် ဆန်ထမ်းအလုပ်သမားနှစ်ယောက်ရောက်လာချိန်အထိ အချိန် နာရီဝက်ခန့်နှင့် ဆန်အိတ် ၇၀ ကျော်ကို နားလိုက်၊ နေရာချလိုက်နှင့်တင်နေသည့် အချိန်တစ်နာရီကျော်ကို စောင့်ပြီးတော့မှ ကားကြီးက ပြန်လည်ထွက်ခွာပါတော့သည်။

ကားထွက်ပြီဆိုတော့လည်း ဘာလုပ်စရာရှိလည်း အိပ်ရုံပေါ့။ ရခိုင်ရိုးမ တောင်တန်းကြီးကို စက်သံတပြုပြုနှင့်တအိအိတက်ခဲ့သည့်ကားကြီးက မနက်ငါးနာရီခွဲခန့် ဝေလီဝေလင်းအချိန်မှာတော့"ရခိုင်ပြည်နယ်မှ ကြိုဆိုပါ၏" ဆိုသည့် ဆိုင်းဘုတ်ရှိရာ ရိုးမအလယ်က ဗေဒါစခန်းသို့ ရောက်ရှိပါပြီ။

ပြည်နယ်အဝင် စစ်ဆေးရေးစခန်းဖြစ်၍ အောက်ဆင်းပြီး ကားပေါ် ပြန်တက်ရန်ပြင်တော့ "ကားကတက်လို့မရသေးပါ"တဲ့။ ဂီယာက ဘာဖြစ်တယ်ဆိုလားနှင့် ဖြုတ်နေ၍ ကုန်ထုတ်တွေအောက် ဖိနပ်ပျောက်နေ၍ ဖိနပ်မပါဘဲဆင်းလာမိသူမှာ ခြေဗလာနှင့်ပင် မိုးရေစိုနေသည့် လမ်းပေါ်မှာ ရပ်နေရပါသည်။

ဂီယာအုံကိုဖြုတ်၍ အလုပ်ရှုပ်နေသည့် သူတို့ကို ကြည့်ရင်း နာရီဝက်ခန့်ရှိလာ၍ ခြေထောက်တွေအေးစက်လာပြီ။ ကားပေါ်က ဖိနပ်ကို သွားယူချင်သော်လည်း တစ်ပေါက်သာရှိသည့်အပေါက်ကိုပိတ်၍ အလုပ်လုပ်နေသူတွေကြောင့် ယူမရခဲ့။ ငေးရင်းစောင့်နေရင်းနှင့်ပင် မိမိတို့နှင့် အမျိုးအစားတူကားကြီးတစ်စီးက စစ်ဆေးရေး စခန်းထဲသို့ ဝင်လာသည်။

စခန်းမှာ စစ်ဆေးပြီး၍ ထိုကားကြီးပြန်ထွက်ချိန်တွင်ရှေ့မှာ မိမိတို့ကားကြီးက ရိုးမ၏ လမ်းကျဉ်းပေါ်တည့်တည့်ပျက်နေသည့်အတွက် သူ့မှာ ကျော်မတက်နိုင်ဘဲ ရပ်စောင့်နေရသည်။ ရှေ့မှာကားပိတ်နေလို့ကားဆက်မသွားရသော်လည်း ထိုကားပေါ်တွင် ပါလာသော ခရီးသည်များကတော့ အေးအေးဆေးဆေးပင်၊ အိပ်သူက အိပ်နေသလို တချို့လည်း အောက်ဆင်းလမ်းလျှောက်သူက လျှောက်နှင့်ဆူညံသံများမကြားရ။ ရခိုင်သားများ၏ ခန္တီတရားကို လက်ဖျားခါမိရင်း နောက်ထပ်တစ်နာရီကျော်လောက်မှ မိမိတို့ ကားကလမ်းနည်းနည်းဖယ်ပေး၍ သူတို့ကားကြီး ထွက်သွားခဲ့ရသည်။

မိမိတို့၏ စီးတော်ယာဉ်ကြီးကတော့ မောင်း၍မရသေးဘူးဆိုကာ ထိုနေရာတွင်ပင် စက်ပြင်နေခြင်းကြောင့် မနက်ကိုးနာရီကျော်မှပင် စခန်းကထွက်လာနိုင်ပါတော့သည်။ ကားပြင်ချိန်သုံးနာရီခန့်ကို ထိုင်စောင့်နေရသည့် ခရီးသည်များမှာ အေးအေးလူလူပင်။

မိမိတို့ ရောက်ရှိလိုသည့်နေရာသို့အချိန်နောက်ကျသည့် မြို့အဝင်နောက်ကျသည်ကိုလည်း ပူပင်ပုံမရ။ 'ဘယ်လိုလူတွေပါလိမ့်' ဟု တွေးမိရင်း ရည်ရွယ်ရာခရီးဆုံး ငွမြို့သို့ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိပါတော့သည်။

ရိုးမကို ကျော်ဖြတ်သည့် ပထမဆုံးခရီးစဉ်သည် မည်သည့်ခရီးစဉ်နှင့်မျှ မတူအောင်ပင် ကားအဆင်မပြေမှု လမ်းအဆင်မပြေမှုများနှင့် ကြုံခဲ့ရသော်လည်း ကားပေါ်မှ ယာဉ်မောင်းများ စပယ်ယာများအပါအဝင် ခရီးသည်များအားလုံးနှင့်တော့ အဆင်ပြေရင်းနှီးခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်သည်။

သည်းထိတ်စရာကောင်းသော ရိုးမလမ်းတွင် အသံပေါင်းစုံထွက်နေသည့် ကုန်ကားကြီးကို အရေးပေါ်လက်ပူတိုက် ပြင်ထားရသည့် ဂီယာများဖြင့် ဘေးမသီရန်မခအောင် မောင်းပေးခဲ့သည့် ယာဉ်မောင်းသူများကို (လမ်းမှာ ဆီထည့်ရန်မေ့သွားသည်မှလွဲရင်) ကျေးဇူးတင်မိခဲ့ရသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းခရီးကို သွားနေရင်းနှင့် လွန်ခဲ့သည့် ၄ ရက်ကမှ မောရှမ်းမြေမှ မြို့တော်ရန်ကုန်သို့ အပြန်ခရီး ကို ပြန်လည်တွေးမိကာ ခရီးစဉ်နှစ်ခု၏ ကွာခြားမှုများကို သတိပြုမိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၏ မြို့တော်လားရှိုးမှ မိမိတို့စီးခဲ့သည့် အိက်စ်ပရက်စ်ကားကြီးသည် နာမည်ကျော် ယာဉ်လိုင်းတစ်ခု၏ အစဉ်အလာတို့နှင့်အညီပင် ထွက်ခွာချိန်အတိအကျကောင်းမွန်သည့် ဝန်ဆောင်မှုများနှင့် ရန်ကုန်-လားရှိုးခရီးကို ကောင်းကောင်းခရီးနှင်ခဲ့ရသည်။

ကားထွက်ချိန်မှစ၍ အဆက်မပြတ်ဖွင့်ပေးသည့် သီချင်းနှင့် ဗီဒီယိုခွေများကို ကြည့်ရင်း လေအေးပေးစက်လေးနှင့် မောင်းနှင်နေစဉ် စက်သံပင် မကြားရလောက်အောင် ညက်ညောလှသည့်ကားကြီးပေါ်မှ သာယာလှသည့် ရှမ်းတို့ဌာနေရှုခင်းများကို ခံစားရင်း ရန်ကုန်သို့ လိုက်ပါလာခဲ့သည်။

နာမည်ကျော် အထပ် ၂၀ ရှိ ဂုတ်တွင်းဒေသ၏ ရင်မောဖွယ် အကွေ့အကောက်လမ်းများမှ ဖြတ်၍ တစ်ခုသော စစ်ဆေးရေးစခန်းသို့ ရောက်ရှိခဲ့စဉ်တွင်တော့ လမ်းပန်းဆက်သွယ်ရေးချောမွေ့မှုနှင့် လေအိတ်ကား၏ဝန်ဆောင်မှုကြားက စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာတစ်ခုနှင့် ကြုံရတော့သည်။

*စာ(၂၄) သို့*

JOKE

## မိန်းမချစ်ဆေး(၄)

၁။ မိန်းမပိုက်ဆံအိတ်ထဲမှာ ချစ်ခြင်းဖွဲ့ စာတိုလေးထည့်ထားလိုက်ပါ။
၂။ သူမအဖြစ်ချင်ဆုံးဆန္ဒ၊ အိပ်မက်ကို မေးကြည့်ပါ။
၃။ ဒီတစ်ပတ်စနေနေ့မှာ သူမကိုစောစောမထခိုင်းဘဲ ဆက်အိပ်ခိုင်းလိုက်ပါ။
၄။ အဲဒီအချိန် မိန်းမအကြိုက်ဆုံး မနက်စာပြင်ဆင်ထားလိုက်ပါ။
၅။ ကော်ဖီဆိုင်က လက်ဆောင်ကတ်လေး (အလကားသောက်ဖို့) စားပွဲပေါ်တင်ထားခဲ့ပါ။
၆။ ရေအိမ်ထဲမှာ စက္ကူကုန်သွားရင် လဲပါ။
၇။ ရေချိုးခန်းထဲကမှန်ကို သန့်ရှင်းရေးလုပ်ပါ။
၈။ တစ်ခါတစ်လေမိန်းမကို လမ်းလျှောက်ထွက်ဖို့ခေါ်ပါ။
၉။ ကလေးတွေကို ကိုယ်တိုင်သိပ်ပါ။
၁၀။ သူမနားနားကပ်၍ ဘာမှမဟုတ်ပေမယ့် ချိုမြသောစကားလေးများ ပြောပါ။

## နာနေတယ်

လူတစ်ယောက် ဆရာဝန်ပြနေသည်။

"ဆရာကျွန်တော့်ခန္ဓာကိုယ်ကို ဘယ်နေရာထိထိ နာနေတယ်ဆရာ"

"ခင်ဗျားဘာကိုဆိုလိုချင်တာလဲ" ဆရာဝန်ကမေးလိုက်သည်။

"ကျွန်တော့်ပခုံးကို တို့ကြည့်လိုက်လည်း နာတယ်ဆရာ။ ဒူး၊ နဖူး ဘယ်နေရာထိထိ အရမ်းနာတာပဲဆရာ"

ထိုအခါတွင် ဆရာဝန်က

"အော်. . ခင်ဗျား ဘာဖြစ်တာလဲ ကျွပ်သိပြီ။ ခင်ဗျားလက်ညှိုးကျိုးနေတာ"




အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လုမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်း၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊ 7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၀၄၂၉

Business
7 DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၆၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၆၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၉၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၇၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၀၅၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၀. ၅၀ | ဝမ် | (တောင်ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၁၀၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၂၃၈ | ဒေါ်လာ | (နယူးဇီလန်) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၄၅. ၃၀၀ |
| ရေနံစိမ်း | စည် | ၈၄. ၀၃၀ |
| ငွေ | ၁ အောင်စ | ၂၃. ၁၀၅ |
| ကြေးနီ | ပေါင် | ၃၇၇. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၅၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် အောက်တိုဘာ ၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲဈေးများဆက်တိုက် ကျနေသော်လည်း အရောင်းအဝယ်ကောင်းနေ


ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၆**

ဘုရင့်နောင်ကုန်စည်ဒိုင် ပဲအရောင်းအဝယ်ဈေးကွက်တွင် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ပဲ ကုန်သည်များက ပြောသည်။

ယခုကဲ့သို့ အရောင်းအဝယ်ကောင်းနေခြင်းမှာ အရောင်းအဝယ်ပြုလုပ်ပြီးသော ပဲများတင်ပို့ရန် သင်္ဘောရောက်ရှိနေခြင်းကြောင့်ဖြစ်သည်ဟု ပဲကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဈေးက ကျတယ်ဆိုပေမယ့် အခုမှ ပစ္စည်းထပ်ဝယ်ရတဲ့ သူတွေရှိလို့ အရောင်းအဝယ်ရှိနေတာ။ အရောင်းအဝယ်ကောင်းတဲ့ဈေးဖြစ်နေတာကြောင့်လည်း ပါတယ်"ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပဲဈေးနှုန်းများ ကျဆင်းနေခြင်းမှာ အဓိကပဲတင်ပို့သော အိန္ဒိယပဲဈေးကွက်တွင် ဈေးကျဆင်းခြင်းနှင့် စိုက်ပျိုးရာသီဖြစ်၍ တောင်သူအချို့ထံမှ လက်ကျန် ပဲများထုတ်ရောင်းနေခြင်းကြောင့်ဖြစ်သည်ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲမျိုးစုံအရောင်းအဝယ်ဈေးကွက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်၌ မတ်ပဲ RC နှင့် SQRC နှစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်နေပြီး ကျန်ပဲများမှာ အရောင်းအဝယ်မရှိဘဲ ဖွင့်ဈေးသာရှိနေကြောင်း သိရသည်။

သို့သော် မန္တလေး ပဲဈေးကွက်၌ ပဲတီစိမ်းနှင့် နှမ်းမှာ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမှ ပဲကုန်သည်တစ်ဦးက ပြောသည်။ မန္တလေးဈေးကွက်၌ ပဲများ အရောင်းအဝယ်ကောင်းနေခြင်းမှာ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောသည်။

ရန်ကုန်ဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ဖြစ်နေသော မတ်ပဲ RC မှာ ယခင် လကုန်ပိုင်းတွင် ၇၉၇,၀၀၀ ကျပ်မှ ယခုလဆန်း၌ ၇၇၃,၀၀၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။ SQRC မှာလည်း ယခင်လကုန်ပိုင်း၌ ၉၆,၀၀၀ ကျပ်မှ ၉၁,၄၀၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။ သို့သော် ၎င်းပဲနှစ်မျိုးပေါင်းမှာ နေ့စဉ်ကွန်တိန်နာပုံး ၃၀ ဝန်းကျင်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုအောက်တိုဘာ ၆ ရက် ရန်ကုန်ဈေးကွက်တွင် ပဲစင်းငုံမှာ ပိဿာချိန် ၆၀ ဝင်တစ်အိတ်လျှင် ၆၄,၀၀၀ကျပ်နှင့်ပဲတီစိမ်း(ခရမ်းရွှေဝါ) မှာ တစ်တန်လျှင် ၆၁၀,၀၀၀ ကျပ်ရှိသည်။

မန္တလေးပဲဈေးကွက်တွင် ပဲတီစိမ်းမှာပိဿာချိန် ၃၀ ဝင်တစ်အိတ်လျှင် ၇၂,၀၀၀ ကျပ်ရှိသည်။

# မလေးရှားကားကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင် ကားများထုတ်လုပ်ရန် စီစဉ်နေ

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၅**

ဂျပန်နစ်ဆန်းကုမ္ပဏီနှင့်ပူးပေါင်းပြီး ကားထုတ်လုပ်နေသည့် မလေးရှားမှ Tong Chong Group ကုမ္ပဏီသည် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကားများထုတ်လုပ်ရန်စီစဉ်နေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သတင်းရရှိသည်။

၎င်းကုမ္ပဏီသည် လက်ရှိအချိန်၌ ကားဝန်ဆောင်မှုလုပ်ငန်းများကို စတင်လုပ်ကိုင်ရန် စက်မှု(၂)ဝန်ကြီးဌာန မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီသို့ လုပ်ကိုင်ခွင့်ကို လျှောက်ထားကြောင်း အဆိုပါအသင်းမှ သိရသည်။

ပြည်တွင်း၌ ၎င်းကုမ္ပဏီသည် ကားများကို လာရောက်ထုတ်လုပ်ပါက ကုန်တင်ကား၊ ဗင်ကားများထက် ဆလွန်းကားများကိုသာ အများဆုံးထုတ်လုပ်မှာဖြစ်ကြောင်းကိုလည်း သိရသည်။

"ပုဂ္ဂလိက အခန်းကဏ္ဍအနေနဲ့ အရည်အသွေးကောင်းကောင်း ထုတ်နိုင်မယ်ဆိုရင် ကြိုဆိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ထိ လုပ်နိုင်မယ်ဆိုတာကိုလည်း ကြည့်ရမယ်"ဟု ယူအမ်အက်ဖ်စီစီအိုင်မှ ဥက္ကဋ္ဌဦးဇော်မင်းဝင်းကရှင်းပြသည်။

ယခင် ပြည်ပကုမ္ပဏီကြီးများက ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်ရာတွင် နိုင်ငံတော်နှင့်ပူးပေါင်း၍သာ ထုတ်လုပ်မှုများရှိသည်။ ယခုအခါ ပုဂ္ဂလိကအခန်းကဏ္ဍအနေဖြင့်ပါ စတင်ခွင့်ပြုလုပ်ဆောင်နေကြောင်းကိုလည်း ကားထုတ်လုပ်သူများထံမှ သိရသည်။

ယင်းသို့ ထုတ်လုပ်ခွင့်ပြုရာတွင် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုမျိုးမဟုတ်ဘဲ ဒေသတွင်း နိုင်ငံများကဲ့သို့ ရာခိုင်နှုန်းဖြင့် အချိုးချပေါင်းစပ်ပြီး ထုတ်လုပ်ရခြင်းဖြစ်သည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံထုတ်လုပ်သူသည် ရင်းနှီးမြှုပ်နှံငွေမည်မျှပင် များစေကာမူ ၄၉ ရာခိုင်နှုန်းသာအများဆုံးထည့်ဝင်ရပြီး ပြည်တွင်းက ၅၁ ရာခိုင်နှုန်းပါဝင်ရကြောင်းကိုလည်း ကားထုတ်လုပ်သူများထံမှ သိရသည်။

ကားထုတ်လုပ်မှု လုပ်ငန်းတွင် ယခင်က ပြည်ပကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုကို အိန္ဒိယနိုင်ငံမှ တာတာကုမ္ပဏီတစ်ခုသာ လူသိများသည်။ ယခုအချိန်တွင် တရုတ်နိုင်ငံကလည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ပြုလုပ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

# ရွှေဈေးနှုန်းများ မြင့်တက်နေသော်လည်း ရောင်းအားကောင်းနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၆**

ပြည်တွင်းရွှေဈေးကွက် ရွှေဈေးနှုန်းများမြင့်တက်နေသော်လည်း ရွှေဝယ်စုသူများကြောင့် ရောင်းအားများကောင်းနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း ယခုနှစ်၏ အမြင့်ဆုံးရွှေဈေးနှုန်းထိ မြင့်တက်နေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခင်တစ်ပတ်အတွင်း၌ တစ်အောင်စလျှင်ဒေါ်လာ ၁၃၀၀ ဈေးရှိရာမှ ယခုတစ်ပတ်တွင် ၁၃၄၈ ဒေါ်လာထိဈေးနှုန်းများ မြင့်တက်လာသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ကျပ် ၅၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

"ဈေးတက်ပေမယ့် ရောင်းအားလည်းကောင်းတယ်။ အပိုင်းဈေးကွက်ဆို အရင်ထက် သုံးပုံနှစ်ပုံလောက် ထက်ဝက်ကျော်ထိတက်လာတယ်" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဈေးက အတက်ဘက်မှာပဲရှိနေတော့ ဈေးထပ်တက်ဦးမယ် မှန်းပြီး ဝယ်စုတဲ့သူတွေရှိလို့ အပိုင်းဈေးကွက်ကတက်နေတာ။ အထည်ဈေးကွက်ကတော့ ပုံမှန်လောက်ပဲ" ဟု လမ်းမတော် ၁၅ လမ်းထိပ်ရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ရွှေဈေးကွက်ရောင်းအားကောင်းနေခြင်းမှာ ဈေးအတက်မှန်း၍ဝယ်ယူသူများရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင် အချို့မှာ ပြန်ထုတ်ရန်လွယ်ကူပြီး ခိုင်မာမှုရှိသောကြောင့် ရွှေဝယ်စုလာ၍ ဖြစ်ကြောင်းဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များကပြောသည်။ အောက်တိုဘာ ၆ ရက် ပြည်တွင်းရွှေပေါက်ဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၇,၀၀၀ ကျပ်နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၆၁၅,၀၀၀ ကျပ်ရှိကြောင်း သိရသည်။

# သကြားဈေး ရတ်တရက်တက်

ဖြိုး

**မန္တလေး၊ အောက်တိုဘာ - ၅**

မန္တလေးသကြားဈေးကွက်တွင် အောက်တိုဘာပထမပတ်၌ တစ်ပိဿာလျှင် ၁၃၀ ကျပ်ခန့်ဈေးတက်သွားကြောင်း မန္တလေးသကြားနှင့် သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သကြားကုန်ကြမ်း (ပွက်သား) လက်ကျန်ပြတ်လုနီးပါးဖြစ်သွားခြင်း၊ ပြည်ပမှ တင်သွင်းလာသောသကြားအဝင်နည်းသွားခြင်းနှင့် သီတင်းကျွတ်ချိန်နီးလာသောကြောင့် မင်္ဂလာဆောင်နှင့်ပွဲတော်များလာရန် ဝယ်အားတက်လာခြင်းတို့ကြောင့် သကြားဈေးတက်ခြင်းဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။ ပြည်တွင်းသကြားဈေးနှင့် ပြည်ပမှတင်သွင်းသောသကြားဈေးမကိုက်သောကြောင့် အဝင်နည်းခြင်းနှင့် လက်ရှိမန္တလေးဈေးကွက်ရှိသကြားသည် လှောင်လက်များလက်ထဲတွင်ရှိနေဆဲဖြစ်ပြီး ယခုအချိန်တွင် လှောင်လက်များက ထုတ်နေခြင်းလည်းဖြစ်သည်။ **စာ(၃၂)သို့**


ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## စာ(၃၁) - သကြားဈေး ရုတ်တရက်တက် မှ

တစ်ပတ်အတွင်း မန္တလေး သကြားဈေးသည် လက်ကားဈေး တစ်ပိဿာလျှင် ၁၄၈၀ ကျပ်မှ ၁၆၅၀ ကျပ်ခန့်အထိ တက်သွားသည်။ ပွက်ရည်ဈေးမှာ ကောင်းပြီးပွက်သားဈေးမှာ လက်ရှိတစ်ပိဿာလျှင် ၁၀၀၀ ကျပ်ခန့်ဖြစ်သည်။ "လက်လီရောင်းဈေးကိုတော့ လက်ကားဈေးနဲ့ တစ်ပိဿာ ၅၀ ကျပ်ခန့်ခွာရောင်းပါတယ်" ဟုမန္တလေးရှိ သကြားလက်လီလက်ကား ရောင်းချသော ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအချိန်သည် ပွက်သားဈေးကောင်းခြင်းနှင့် ရာသီဥတုပွင့်လင်းလာခြင်းတို့ကြောင့် ကြံအသစ်သည် အချိုဓာတ်စတင်ဝင်လာပြီး ကြံစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိနိုင်စေရန် ကြံစတင်ချက်ဖို့ ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့်ယခုနှစ်တွင် သကြားကုန်ကြမ်း (ပွက်သား) အသစ်သည် ဈေးကွက်ကို နှစ်စဉ်နှစ်တိုင်း စောကာဝင်ရောက်လာနိုင်ကြောင်းနှင့် လက်ရှိတက်နေသော သကြားဈေးမှာလည်းတစ်ပိဿာ ၁၇၀၀ ကျပ်အထက်မရောက်နိုင်ဟု ၎င်းပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ပြည်တွင်းသို့ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့်ဘရာဇီးတို့မှ သကြားများ တင်သွင်းပြီး ပြည်ပမှ ဝင်ရောက်လာသော သကြားများအနက် ဘရာဇီးနှင့် အိန္ဒိယမှာ ရေလမ်းကြောင်းမှ သင်္ဘောများဖြင့် တင်သွင်းခွင့်ရထားကြောင်း သိရှိရသည်။ ထိုသို့ တင်သွင်းခွင့်ရလာခြင်းကြောင့် သကြားဈေးနှင့် ပွက်ရည်၊ ပွက်သားဈေးတို့မှာ ဈေးကောင်းမရနိုင်လျှင် ကြံစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးမှုနှုန်း နည်းသွားနိုင်ခြင်းနှင့် သကြားဈေး အတက်အကျ သံသရာလည်မည်ကိုစိုးရိမ်ရကြောင်းအဆိုပါပုဂ္ဂိုလ်မှ ပြောသည်။

၂၀၁၀ဇူလိုင်လတွင် ပြည်တွင်းသကြားဈေးကွက်မှာ ယခုကဲ့သို့ တစ်ပိဿာလျှင် ၁၆၅၀ ကျပ်ခန့်တက်သွားကာ ပြည်ပမှ သကြားအဝင်များ လာသောအခါ တစ်ပိဿာလျှင် ၁၄၅၀၊ ၁၄၅၅ ကျပ်ထိကျသွားခဲ့ပြီး ယခုအကြိမ် ပြည်တွင်းသကြားဈေးတက်ခြင်းသည်တစ်နှစ်တာအတွင်း ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။





7DAY BOOK REVIEW

## လေအဟုန်လျှပ်စီးနဲ့ အမြင့်ခရီးကို လှမ်းခဲ့တယ် (တင်မောင်မြင့်)




ရသစာပေ ဘာသာပြန်ကောင်းသူ တင်မောင်မြင့်၏ လုံးချင်းစာအုပ်သစ်ဖြစ်သည်။ ဒါပေမဲ့ယခုစာအုပ်ကတော့ ရသဝတ္ထုမဟုတ်ဘဲ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်၊ အာဖရိကတိုက်၏ မာလာဝီနိုင်ငံမှ စွန့်ဦးတီထွင်သူ ဝီလျံကမ်ကွမ်ဘာဆိုသူ လူငယ်ကလေးတစ်ယောက်၏ ကိုယ်တိုင်ရေး ဘဝဇာတ်ကြောင်းစာအုပ်ဖြစ်သည်။ မူရင်းစာအုပ် The boy who harnessed the wind ကို ဘာသာပြန်ထားခြင်းဖြစ်သည်။

စာအုပ်တွင် အခန်း ၁၅ ခန်းခွဲထားပြီး ဝီလျံကြီးပြင်းခဲ့သည့် မာလာဝီနိုင်ငံ၏ မာစီတာလာဆိုသည့်ရွာတွင် သိပ္ပံပညာမထွန်းကားမီ အချိန်အခါက မှော်အတတ်၊ စုန်းတစ္ဆေ၊ နတ်ဆရာ စသည့်အယူအဆများ ကြီးစိုးခဲ့ပုံအကြောင်း၊ မာလာဝီနိုင်ငံကို နှစ်ပေါင်း ၃၀ ကြာ ရက်ရက်စက်စက်အုပ်စိုးသွားသည့် အာဏာရှင်ဘင်ဒါအကြောင်း၊ ဘင်ဒါလက်ထက်တွင် မာလာဝီပြည်သူများ ဒုက္ခဆင်းရဲတွင်းနက်ခဲ့ပုံအကြောင်း၊ ဝီလျံဘဝတွင် ပထမဆုံး ရေဒီယိုနားထောင်ဖူးရာက အသံတွေဒီအထဲဘယ်လိုရောက်လာသလဲ၊ မော်တော်ကားဆိုတာက ဘယ်လိုရွေ့သွားတာလဲ၊ အင်ဂျင်ဆိုတာကရောဘယ်လိုလဲ စသဖြင့်စူးစမ်းချင်သော၊ ရှာဖွေလေ့လာသင်ယူချင်သော လူငယ်တစ်ယောက်၏ဘဝကို စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်သည်။

'မာလာဝီမှာ လူဦးရေရဲ့နှစ်ရာနှုန်းသာ လျှပ်စစ်သုံးစွဲခွင့်ရတယ်။ လျှပ်စစ်ဓာတ်အားမရတော့ လမရှိတဲ့ညတွေဆို အိပ်ရာဝင်ကြတော့တာပဲ။ကျွန်တော်တို့ အာဖရိကတိုက်သားအများစုဟာ ခုနစ်နာရီထိုးတာနဲ့ အိပ်ရာဝင်ကြတော့တာပဲ။ တိုင်းပြည်အတွက်ပိုဆိုးတာက လျှပ်စစ်မပေးနိုင်တော့ သစ်တောတွေပြုန်းတဲ့ကိစ္စပါ။ ကျွန်တော်တို့လူမျိုးတွေ လူမွေးမပြောင်တာအဲဒီကိစ္စအဓိကပါ။ ကျွန်တော့်အဖိုးကပြောဖူးတယ်။ မာလာဝီဟာ သူတို့ငယ်ငယ်တုန်းကမွန်းတည့်ချိန်တောင် နေကိုမမြင်ရဘူး။ မြေပြင်ကိုနေပျောက်မထိုးတဲ့တိုင်းပြည်၊ ခုတော့သစ်တောတွေကမရှိသလောက်ဖြစ်နေပြီ။ တောင်တန်းတွေဟာလည်းကတုံးချည်းပါပဲ' ဟု မာလာဝီနိုင်ငံ၏ လျှပ်စစ်မီးမရခြင်း၏ နောက်ဆက်တွဲအဖြစ် သဘာဝပတ်ဝန်းကျင်သစ်တောများ ပျက်စီးပြုန်းတီးခဲ့ရပုံကို ဗဟုသုတဖြစ်ဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ်ဖတ်ရမည်ဖြစ်သည်။ ထို့ပြင်သမ္မတဘင်ဒါနောက် သမ္မတဖြစ်လာသူ မူလူဇီကမဲဆွယ်စဉ်က ပြောစကားကို 'အဲဒီသမ္မတပဲပြောတာ၊ မာလာဝီမှာ လူတိုင်းဖိနပ်အသစ်တစ်ရန်စီရစေရမယ်။သူသမ္မတဖြစ်လာတော့ လူတွေကမေးတယ်၊ ဘယ်မလဲပေါ့၊ အဲဒီမှာသမ္မတကရေဒီယိုကနေကြေညာတယ်၊ ကျုပ်မပြောခဲ့ပါဘူး။မာလာဝီက လူတိုင်းရဲ့ဖိနပ်အရွယ်အစားကိုတော့ ကျွန်တော်ဘယ်လိုသိနိုင်မှာလဲတဲ့လေ' ဟု မာလာဝီနိုင်ငံ၏ နိုင်ငံရေးအခြေအနေ တစ်စိတ်တစ်ဒေသကို ရယ်မောဖွယ်ရာဖတ်ရသလိုအိမ်နှင့်၁၅ကီလိုမီတာဝေးသောနေရာသို့ မနက်အစောကြီးထကာ မိသားစုတစ်ပတ်စာရိက္ခာအတွက်ပြောင်းဆန်ကိုတိုးကြိတ်ဝယ်ယူခဲ့ရပုံကိုဖတ်ရပြီး မာလာဝီနိုင်ငံ၏စီးပွားရေးအခြေအနေကိုလည်း ခန့်မှန်းနိုင်မည်ဖြစ်သည်။

ယခုစာအုပ်သည် မာလာဝီနိုင်ငံ၏ တစ်ခုတည်းသောအပေါ်များဆုံးဖြစ်သည့် လေကိုအသုံးပြုကာ သူ့၏ဘဝကိုမြှင့်တင်နိုင်ခဲ့သလို သူလိုလူငယ်များအတွက် အခက်အခဲအားကျော်ဖြတ်နိုင်ဖို့ စံပြတစ်ယောက်၊ လမ်းပြကြယ်တစ်ယောက်ဖြစ်ခဲ့သည့် ဝီလျံကမ်ကွမ်ဘာဆိုသည့်လူငယ်တစ်ယောက်၏ အကြောင်းကို ယနေ့ခေတ်လိုနည်းပညာတိုးတက်နေသော ပညာခေတ်ကြီးထဲတွင် လူငယ်များအနေဖြင့် အားကျအတုယူဖွယ် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်ပါသည်။

ပါရမီစာအုပ်တိုက်မှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

Knowledge ဗဟုသုတ

## အင်းဆက်တွေထဲမှာ အင်အားအကြီးဆုံးက ဘယ်သူလဲ

တိရစ္ဆာန်တို့၏ကမ္ဘာလောကကြီးထဲသို့ တစ်ခဏတာဝင်သွားကြည့်မည်ဆိုလျှင် အင်အားကြံ့ခိုင်တောင့်တင်းသောပုံစံရှိသည့် ပိုးကောင်များစွာကို မြင်ဖူးကြပေလိမ့်မည်။ ယင်းတို့အနက် ချေးပိုးထိုးကောင်များက အင်အားအတောင့်တင်းဆုံးပိုးကောင်ဖြစ်သည်။ မကြာသေးမီက ပြုလုပ်သည့် သုတေသနပြုချက်အရ အားအင်ပြည့်ဝသောချေးပိုးထိုးအထီးတစ်ကောင်သည် ၎င်း၏ကိုယ်အလေးချိန်နှင့်ညီမျှသောအရာကို အကြိမ်ပေါင်း ၁၁၄၁ ကြိမ်ဆွဲနိုင်စွမ်းရှိသည်။ အဓိပ္ပာယ်မှာ ၇၀ ကီလိုဂရမ်ရှိသော လူတစ်ဦးသည် တန် ၈၀ အလေးချိန်ကို မ,ယူနိုင်သည့်ပုံစံမျိုးဖြစ်သည်။

'ချေးပိုးထိုးမတွေက မြေအောက်လိုဏ်ခေါင်းငယ်လေးတွေကို မိတ်လိုက်တဲ့အခါအသုံးပြုဖို့တူးလေ့ရှိကြတယ်။ ချေးပိုးထိုးအထီးတွေက လိုဏ်ခေါင်းထဲကိုဝင်လာပြီး အမတွေနဲ့တွေ့ကြတယ်။ အရင်ရောက်နှင့်တဲ့ ချေးပိုးထိုးအထီးက နောက်မှဝင်လာတဲ့အကောင်တွေကို ဦးချိုနဲ့တွန်းထုတ်ပြီးတိုက်ခိုက်လေ့ရှိတယ်။ ချေးပိုးထိုးအမတွေနဲ့တော့ တိုက်ခိုက်လေ့မရှိကြပါဘူး။ သူတို့ထက်ပိုသေးပြီး အင်အားနည်းသူတွေဆိုပြီးတော့ပါ' ဟု လန်ဒန်တက္ကသိုလ်မှဒေါက်တာရှော့ဘ်ကန်နဲလ်က ပြောသည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

အောက် တို ဘာ ၁၄ ရက် မှ ၂၀ ရက် အထိ

## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အညွှ်ကင်း၍ တိုးတက်ခြင်းအလုံးစုံရနိုင်သည်။ လိုရာပြည့်မည်။ ကာလအတန်ကြာခက်ခဲနေသောပြဿနာများကိုဖြေရှင်းရမည်။ မိတ်ဆွေဟောင်း၊ လူမျိုးကွဲ၊ အရပ်ဝေးမှသူများနှင့် ပူးပေါင်းလုပ်ကိုင်မှုများအဆင်ပြေမည်။ အခါတိုင်းထက်ပို၍ငွေဝင်မည်။ နေရာအပြောင်းအလဲကောင်းသည်။ ခရီးကိစ္စအဆင်ပြေမည်။ ပြည်ပအတတ်ပညာများ သင်ကြားတတ်မြောက်မည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ငွေကြေးစီးပွားတိုးတက်မည်။ စိတ်အနှောင့်အယှက်များပေါ်ပေါက်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောပြဿနာများဖြေရှင်းအဆင်ပြေမည်။ မင်္ဂလာကိစ္စ၊ နေရာအပြောင်းအရွှေ့ကိစ္စများအတွက် ပြောဆိုဆောင်ရွက်အောင်မြင်မည်။ ကျန်းမာရေးပေါ့ဆရန်မသင့်၊ လူယုံဒုက္ခပေးတတ်သည်။ ရေထွက်ပစ္စည်း အရောင်းအဝယ်ကိစ္စများတွင် အနှောင့်အယှက်များတတ်သည်။

## GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

မာနကိုလျှော့ပါ။ ခက်ခဲသောပြဿနာများ တစ်ခုပြီးတစ်ခု ရင်ဆိုင်ဖြေရှင်းရမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲစိတ်ကောင်းထားခြင်းကြောင့် ပြဿနာဖြစ်တတ်သည်။ ငွေကြေးအပေးအယူသတိရှိပါ။ ကိုယ့်ကိစ္စမဟုတ်ဘဲ ကြားဝင်၍ဓားစာခံလုပ်တတ်သောစရိုက်ကို ပြင်သင့်သည်။ အလောတကြီးမလုပ်သင့်။ သက်သာသည်၊ ဈေးချောင်သည်ဟူ၍ယူဆပြီး ဝယ်ယူလိုက်သည်များမှ အရှုံးပေါ်တတ်သည်။

## CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

ထူးခြားသောတိုးတက်မှုရရှိမည်။ ရည်မှန်းထားသည်များအောင်မြင်မည်။ ပေါ်ပေါက်လာသောအခွင့်အရေးများကို အသုံးချ၍ အောင်မြင်မှုများအဆင့်ဆင့်ဖြစ်ပေါ်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပြည်ပခရီးရှိမည်။ မိသားစုအလုပ်စီးပွားအထူးတိုးတက်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ ဥစ္စာနေတိုးပွားမည်။ ပျို့ရွယ်သူများ စန်းပွင့်မည်။ ခရီးကိစ္စကြံရွယ်သူများ လိုရာခရီးရောက်မည်။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလုပ်တိုးတက်မည်။ အကြံအစည်အောင်မည်။ ဆန့်ကျင်ဘက်ပြုသူများနှင့်တွေ့မည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များပျက်ယွင်းတတ်သည်။ ငွေကုန်များမည်။ လက်လွှဲထားသည်များပြန်ရမည်။ စကားပိုပြောခြင်းရှောင်ပါ။ မာန်လျှော့ပါ။ သူစိမ်းအကျိုးပေး၍ ဆွေမျိုးဒုက္ခပေးတတ်သည်။ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်ဆံလုပ်ကိုင်သော လုပ်ငန်းများအကျိုးပေးမည်။

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဘဝတိုးတက်မှုအတွက် ဖန်တီးမှုစွမ်းအားကောင်းများ ပေါ်ပေါက်နေသည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ထူးခြားသောအပြောင်းအလဲများကြုံမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ အကြံသစ်များ အကောင်အထည်ဖော်နိုင်မည်။ လုပ်ငန်းတွင် ဆက်ဆံရသောသူများ အပြောင်းအလဲဖြစ်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ချက်ချင်းလုပ်လိုက်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်ကိုရရှိမည်။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ထူးခြားသော အပြောင်းအလဲများဖြစ်ပေါ်မည်။ လုပ်နေသည့်လုပ်ငန်းဟောင်းများရပ်တန့်၍ အသစ်ပေါ်ပေါက်မည်။ စိတ်ကူးထားသည်နှင့်လက်တွေ့ မည်မျှကွာဟပါစေ အဆုံးပိုင်းတွင်အောင်မြင်မည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿနာများ ပြန်လည်ဖြေရှင်းအဆင်ပြေမည်။ စိတ်ကူးထားပြီး လက်တွေ့အလုပ်မဖြစ်သေးသည့်လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်၍ ဆောင်ရွက်အဆင်ပြေမည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လိုလားချက်များအောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းမည်။ မိမိစိတ်ကူးထားသည်နှင့် လက်တွေ့ ကွာခြားလင့်ကစား လုပ်သမျှထိရောက်အောင်မြင်နိုင်သောအနေအထားရှိမည်။ ငွေကြေးကိစ္စပြောဆို၍အောင်မြင်မည်။ အိမ်တွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်မည်။ သူတစ်ပါး၏ ဝေဖန်မှုကို ပြင်းထန်စွာခံစားရမည်။ မိမိအတွက် မိသားစုတွင်စိတ်အနှောင့်အယှက်ကြုံမည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ယခုကာလအတွင်း သက်သက်သာသာနေရခြင်းလုံးဝမရှိ။ တစ်ခုပြီးတစ်ခု အလွန်အလုပ်ရှုပ်နေမည်။ မိမိကိစ္စသာမက သူတစ်ပါးကိစ္စရေးရာများကိုပါ ကိုင်တွယ်လုပ်ကိုင်နေရမည်။ မိမိစိတ်ကူး မည်မျှရှိစေ၊ လုပ်ဆောင်နိုင်သောစွမ်းအား မည်မျှရှိစေ၊ စိတ်တိုင်းကျ အင်တိုက်အားတိုက်လုပ်နိုင်ခြင်းမရှိ။ လွှမ်းမိုးမှု၊ ထိန်းချုပ်မှုများအောက်တွင် သတ်မှတ်ထားသည့်အတိုင်းအတာတစ်ခုအထိသာ လုပ်နေရမည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဘဝကံတိုးတက်မည်။ မိမိလိုလားချက်၊ ရည်ရွယ်ချက်များ၊ စနစ်တကျလုပ်၍ အောင်မြင်ခြင်းကိုရရှိမည်။ ပြဿနာဟောင်းများကို ဖြေရှင်းနိုင်မည်။ အဆုံးသတ်မှုမပြုရသေးသည့်ကိစ္စများအား အောင်မြင်စွာပြီးစီးအောင် ဆောင်ရွက်နိုင်မည်။ အခါတိုင်းထက်ပို၍ ငွေဝင်ကိန်းကောင်းသည်။ လူသိထင်ရှားဖြစ်အောင် ဆောင်ရွက်ခြင်း၊ အသေးစိတ်အနုစိတ်ဆောင်ရွက်ခြင်းတို့ကိုပြု၍ကောင်းသည်။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မိမိကြံစည်ထားသည်များအား စနစ်တကျရှေ့တိုးဆောင်ရွက်ရန် စီမံခန့်ခွဲနိုင်သောကာလဖြစ်သည်။ ငွေကြေးကိစ္စ စကားပြောဆို၍အောင်မြင်မည်။ ရုတ်တရက် ပေါ်ပေါက်လာသောအခွင့်အရေးများကို အသုံးချ၍ ဘဝတိုးတက်မှုများ ဖန်တီးနိုင်သောအနေအထားရှိသည်။ လုပ်ငန်းခွင်ရှိသူများ ဆက်ဆံရသောသူ အပြောင်းအလဲဖြစ်ပြီး တိုးတက်မှုပိုမိုရရှိလာသည်။ ခရီးကိစ္စများဆောင်ရွက်အဆင်ပြေမည်။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပြောင်းလဲလာသောအခြေအနေနှင့်ညီစွာ လိုက်လံဆောင်ရွက်ပါ။ ရန်အနှောင့်အယှက်များ ကင်းဝေးအောင်ဆောင်ရွက်နိုင်မည်။ နေရာသစ်ဦးတည်ချက်များသို့ ရည်စူးဆောင်ရွက်သောကိစ္စများ အဆင်ပြေမည်။ မိသားစုနှင့်ပတ်သက်သော စိတ်ချမ်းမြေ့စရာများရှိမည်။ စုစည်းပြီးလုပ်သောကိစ္စများ အောင်မြင်မည်။ နေရာသစ်မှသူများနှင့် ပူးပေါင်းလုပ်သောကိစ္စများအောင်မြင်မည်။

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# ကုန်သွယ်ရေးတိုက်ပွဲနှင့် အမေရိကန် အလုပ်နေရာများ

ကြည်နေဝင်းမင်း



**အမေရိကန်နိုင်ငံ၊ မိန်းပြည်နယ်၊ ရမ်းဖို့ဒ်မြို့**

လူဦးရေ ၄,၉၅၃ ဦးရှိသော ဤမြို့တွင် နေထိုင်သော လူတိုင်းလိုလိုသည် ၎င်းတို့မြို့ရှိ စက္ကူစက်ရုံတွင် အလုပ်လုပ်သော တစ်စုံတစ်ယောက်ကို သိရှိကြသည်။ စက္ကူစက်ရုံက အလုပ်သမား ၈၀၀ ကိုအလုပ်ပေးထားသော စက်ရုံဖြစ်သည်။ ရမ်းဖို့ဒ်မြို့၏ အဆောက်အအုံအခွန်အကောက် ၅၅ ရာခိုင်နှုန်းကို ပေးနေသော Newpage စက္ကူစက်ရုံ မရှိပါက ရမ်းဖို့ဒ်မြို့ ရှင်သန်ရပ်တည်ရေး အလွန်ခက်ခဲပါလိမ့်မည်။ ရာသီဥတုပုံမှန်ဆိုပါက Newpage စက်ရုံသည် ပုံမှန်လည်ပတ်နေပြီး စက္ကူများ ထုတ်လုပ်ရင်း ငွေရှာနေသည်ကို လူတိုင်းနီးပါး အနံ့အသက်ရရှိကြပါလိမ့်မည်။

စက္ကူစက်ရုံသည် မြို့ငယ်လေး၏ စီးပွားရေးရပ်ကွက်တွင် အထင်အရှား ရပ်တည်နေသလို မြို့ငယ်လေးသည်လည်း အမေရိကန်-တရုတ်ကုန်သွယ်ရေး အငြင်းပွားမှုဝင်ရိုးတန်းပေါ်တွင်ရောက်ရှိ နေပါသည်။ တစ်နည်းအားဖြင့် ကုန်သွယ်ရေး အငြင်းပွားမှုမှာ လွတ်လပ်စွာကုန်သွယ်ခွင့်တန်ဖိုးများနှင့် ရမ်းဖို့ဒ်ကဲ့သို့နေရာများတွင် အလုပ်နေရာများ အရေးကြီးပုံအပေါ် အမျိုးသားလုံးဆိုင်ရာ ငြင်းခုံဆွေးနွေးမှု ကြီးထွားလာခြင်းကို သရုပ်ပြနေသည်။

ယမန်နှစ်အတွင်း စီးပွားရေးကျဆင်းမှုက ဝယ်လိုအားကိုကိုက်ဖဲ့နေစဉ်မှာပင် Newpage နှင့် အခြားစက္ကူချော ထုတ်လုပ်သော ကုမ္ပဏီများသည် တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားထုတ်လုပ်သူများက ၎င်းတို့၏ ထုတ်ကုန်များကို ဈေးကွက်တွင် ဈေးပေါပေါနှင့် ရောင်းချနေသည်ကို ကြုံတွေ့ကြရသည်။ မကြာခင်မှာပင် မီချီဂန်နှင့် ဝစ် ကွန်ဆင်ပြည်နယ်များရှိ စက်ရုံများကို ပိတ်ပစ်လိုက်ရာ ပြိုင်ဆိုင်မှုအသစ်ကြောင့် စက်ရုံ ၃ ရုံ ထိခိုက်ခဲ့သော မိန်းပြည်နယ်မှ လူများသည်လည်း သူတို့အတွက် ဘာဖြစ်လာမည်ကို တွေးတောလာကြရတော့သည်။

"အကယ်၍သာ စက်ရုံတွေကိုပိတ်ပစ်လိုက်ရရင် အဲဒီဒေသကလူတွေကို အကြီးအကျယ်ထိခိုက်ပါလိမ့်မယ်" ဟု၎င်း၏ အပိုင်နယ်မြေများတွင် စက်ရုံနှစ်ရုံရှိနေသောဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်မိုက်မီးချော့ဒ်က ပြောသည်။ မစ္စတာမီးချော့ဒ်နှင့် အခြားမိန်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အားလုံး (ရီပက်ဘလေကန်ရော၊ ဒီမိုကရက်ပါ) သည် Newpage နှင့် အခြားကုမ္ပဏီများ ထိခိုက်မှုရှိ၊ မရှိကို ဆုံးဖြတ်နိုင်ရန် ကုန်သွယ်ရေး ကြားနာမှုတစ်ခုသို့ တက်ရောက်ခဲ့ကြသည်။ မိန်းပြည်နယ်ကိုယ်စားလှယ်အဖွဲ့၏ သတင်းစကားမှာ "တန်းတူယှဉ်ပြိုင်ခွင့်" ရရေးဖြစ်ကြောင်းမစ္စတာမီးချော့ဒ်က ပြောပါသည်။

မိန်းပြည်နယ် စက္ကူထုတ်လုပ်ရေးလုပ်ငန်းအား ပါတီနှစ်ရပ်စလုံးက ထောက်ခံနေခြင်းမှာ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးအပေါ် ဝါရှင်တန်တွင်ဖြစ်ပေါ်နေသော သဘောထားပြောင်းလဲမှုကို ထင်ဟပ်နေခြင်းဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကြီးမားသော မညီမျှမှုများ ဖြစ်ပေါ်နေခြင်းအပေါ် တရုတ်နိုင်ငံနှင့် နှစ်ပေါင်းများ စွာအပြန်အလှန် ဆွေးနွေးမှုများကို စိတ်ပျက်လာပြီး တစ်ဖက်တွင်လည်း ၎င်းတို့လွှတ်တော်ခရိုင်များ တွင်စက်ရုံ၊ အလုပ်ရုံများ ပိတ်ပစ်ရခြင်းကို စိုးရိမ်လာသော ပါတီနှစ်ရပ်လုံးမှ ဥပဒေပြုသူများသည် အရေးယူမှု စတင်ရန် လုပ်ဆောင်လာကြသည်။

"တရိပ်ရိပ်မြင့်မားလာတဲ့ ကုန်သွယ်ရေးလိုငွေပြမှုနဲ့ တစ်ဖက်မှာလည်း အလုပ်အကိုင်အခြေအနေမလှနဲ့ အမေရိကန်ရဲ့



သက်တမ်းဝက် ရွေးကောက်ပွဲဟာ ပေါက်ကွဲနိုင်တဲ့ အနေအထားပါပဲ" ဟုနယူးယောက်ကော်နယ်တက္ကသိုလ် ကုန်သွယ်ရေးပေါ်လစီပါမောက္ခ အစ်ဝါပရာဆက်က ဆိုပါသည်။ ပါမောက္ခပရာဆက်မှာနိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ တရုတ်ဌာနခွဲ အကြီးအကဲဟောင်းလည်း ဖြစ်သည်။

စက်တင်ဘာ ၂၉ ရက်တွင်လည်း အမေရိကန်အောက်လွှတ်တော်၌ တရုတ်နိုင်ငံက ၎င်း၏ ငွေကြေးယွမ် စီမံခန့်ခွဲမှုကို ပစ်မှတ်ထား၍ ပါတီနှစ်ရပ်စလုံးက ထောက်ခံသော ဥပဒေတစ်ရပ်ကို အတည်ပြုခဲ့သည်။ တရုတ်သည် အမေရိကန်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် နှစ်ပေါင်းများစွာက ပင်ဒေါ်လာဖြင့်ပေးချေမှု ရရှိခဲ့သည်။ ၎င်းဒေါ်လာငွေများကို ၎င်းတို့က အမေရိကန် ဗဟိုဘဏ်အာမခံစာချုပ်များတွင် ရင်းနှီးမြှုပ်နှံထားကြသည်။ သို့သော် ယွမ်ငွေတန်ဖိုးကိုမူ ဈေးကွက်က ဆုံးဖြတ်စေသည့်အစား အမေရိကန်အစိုးရအဖွဲ့က တမင်တကာ လျှော့ချထားသည်ဟု ယူဆသော နှုန်းထားတွင်သာ ယွမ်ငွေတန်ဖိုးကို တရုတ်တို့က ထားရှိသည်။ ယင်းမှာတရုတ်ပို့ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး အမေရိကန်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံတွင် ဈေးကြီးမြင့်နေစေခဲ့သည်။

အကယ်၍ အမေရိကန်အထက်လွှတ်တော်ကလည်း ယင်းဥပဒေကို အတည်ပြုပေးနေပြီး သမ္မတကလည်း လက်မှတ်ထိုးပါကအမေရိကန်ကုန်သွယ်ရေး ဌာနသည် ယင်းသို့ငွေကြေး ခြယ်လှယ်မှုကို ကုန်သွယ်ရေးအမတော်ကြေးအဖြစ် ရှုမြင်တော့မည်ဖြစ်သည်။ သို့ဆိုလျှင် အမေရိကန်အနေဖြင့် ငွေကြေးခြယ်လှယ်မှုပြုသော နိုင်ငံများမှ လာသည့် ကုန်ပစ္စည်းများအပေါ်တွင် အခွန်အတုပ်များ ပိုမိုစည်းကြပ်နိုင်မည်ဖြစ်သည်။ သို့သော် ယင်းဥပဒေမှာ ကမ္ဘာ့ကုန်သွယ်ရေးတွင် ဒိုင်လူကြီးဖြစ်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) ကြီးအားကျော်လွှားနိုင်မည်လားဆိုသည်မှာ မသေချာပေ။

ကုန်သွယ်ရေးကိစ္စမှာ အိမ်ဖြူတော်တွင်လည်း ပဲ့တင်ထပ်နေသည်။ အိမ်ဖြူတော်ကလည်း အမေရိကန်ဗဟိုဘဏ်အပေါ် ဝန်မပိစေဘဲ အလုပ်အကိုင်များ ဖန်တီးရန်ကြိုးစားနေသောကြောင့် ဖြစ်သည်။ မကြာသေးမီက နယူးယောက်မြို့တွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့် တွေ့ဆုံချိန်တွင်လည်း အမေရိကန်သမ္မတဘားရက်အိုဘားမားသည် တရုတ်ငွေကြေးကိစ္စကို အတိုက်အခံပြောရင်း၎င်းတို့၏ အချိန်တော်တော်များများကုန်ဆုံးခဲ့သည်ဟု ဆိုပါသည်။

သို့သော် အိမ်ဖြူတော်က တဖြည်းဖြည်း သိရှိလာသလိုပင် တရုတ်နိုင်ငံကလည်း အမေရိကန်အပေါ်အမြင် မကြည်လင်ပေ။ "တစ်ချိန်တည်းမှာပဲ သူတို့ရဲ့ စီးပွားရေးအင်အားကြီးမှုအတွက် တရုတ်ဟာ ထိုက်တန်တဲ့ လေးစားမှု မရရှိဘူးလို့ တရုတ်နိုင်ငံမှာ ထင်မြင်လာကြတယ်"ဟု မစ္စတာပရာဆက်က ပြောသည်။ ဥပမာအားဖြင့် စက်တင်ဘာလနှောင်းပိုင်းတွင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ တင်ပို့သော မွေးမြူရေးထုတ်ကုန်များ အပေါ်တွင် အခွန်နှစ်ဆတိုးကောက်ခဲ့သည်။ လွန်ခဲ့သော တစ်နှစ်တွင် အိုဘားမားအစိုးရက တရုတ်နိုင်ငံထုတ်ကားတာယာများအပေါ် ကြီးလေးသောအခွန်အတုပ်များ ချမှတ်လိုက်ချိန်ကပင် တရုတ်တို့က အမေရိကန် မွေးမြူရေး (ကြက်၊ ဝက် ကဲ့သို့) ထုတ်ကုန်များအပေါ် စူးစမ်းမှု စတင်ခဲ့ခြင်း ဖြစ်သည်။

"ရှင်းရှင်းလေးပါပဲ။ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကို မတုံ့ပြန်ဘဲ မနေပါဘူး" အင်တာနက်ဆွေးနွေးပွဲတစ်ခုတွင် အမေရိကန်-တရုတ်အနာဂတ် ကုန်သွယ်ရေးဝက်ဘ်ဆိုက် အမှုဆောင်ဒါရိုက်တာ မော်လီကာစတီလာဇိုကရေးသားသည်။ "ဒီနှစ်စောစောပိုင်းမှာ အမေရိကန်ပို့ကုန်တွေကို ငါးနှစ်အတွင်း နှစ်ဆတိုးတက်လာအောင်လုပ်မယ်လို့ သမ္မတအိုဘားမားက ကြေညာခဲ့ပါတယ်။ ဒါပေမဲ့တရုတ်ကသာ အမေရိကန်ကုန်ပစ္စည်းတွေအပေါ်မှာ အဆမတန်အခွန်တွေ ချမှတ်လိုက်ရင် သမ္မတအိုဘားမားရဲ့ ရည်မှန်းချက် အထမမြောက်နိုင်ပါဘူး" ဟု မစ္စမော်လီကာစတီလာဇိုက ဆိုပါသည်။


ကုန်သွယ်ရေးတွင် ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကျင့်သုံးခြင်းမှာ ဆိုးကျိုးများ ရှိပါသည်။ သို့သော် လက်ရှိကျင့်သုံးနေသော လွတ်လပ်စွာ ကုန်သွယ်ရေးပေါ်လစီများကြောင့် အလုပ်နေရာများ ရရှိခြင်းထက် အလုပ်နေရာများ ပိုမိုဆုံးရှုံးနေရသည်ဟု အချို့စီးပွားရေး ပညာရှင်များက ပြောဆိုကြပါသည်။

တရုတ်နိုင်ငံအား WTO သို့ ၂၀၀၁ ခုနှစ်တွင် ဝင်ခွင့်ပြုခဲ့သည့်နောက်ပိုင်း အမေရိကန်အလုပ်နေရာပေါင်း ၂ ဒသမ ၄ သန်း လျှော့ချခဲ့ရသည်ဟု ပါတီများဘက် အယိမ်းအနွဲ့မရှိသော ဝါရှင်တန်ရှိစီးပွားရေးပေါ်လစီ အင်စတီကျူ့ဒ်မှ စီးပွားရေးပညာရှင် ရောဘတ်စကော့က ခန့်မှန်းပါသည်။ ယခုအခါ တရုတ်နှင့် ကုန်သွယ်ရေးတွင် အမေရိကန်ဘက်မှ လိုငွေပြမှုမြင့်တက်လာပြန်ရာ အမေရိကန်သည် ယခုနှစ်အတွင်း နောက်ထပ် အလုပ်နေရာ ၄၀၀,၀၀၀ ဆုံးရှုံးမည်ဟု မစ္စတာစကော့ကခန့်မှန်းပါသည်။

ရမ်းဖို့ဒ်မြို့တွင် နေထိုင်သူများသည်လည်း ၎င်းတို့၏ အလုပ်နေရာများအတွက် မျက်ခုံးလှုပ်နေကြသည်။


*—Ref: csmonitor.com*







7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010




# Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

လူကြီးမင်း၏ကွန်ပျူတာနှင့် သက်ဆိုင်သော ကိစ္စအဝဝကို အချိန်တိုအတွင်း တာဝန်ယူဖြေရှင်းပေးသည်။ (24 hours free online service)
**ဖုန်း- ၇၃၀၆၆၁၉၄**

---

**D.buzz ပြက္ခဒိန်နှင့် ပုံနှိပ်လုပ်ငန်း**
ပြက္ခဒိန်အမျိုးမျိုးနှင့် ပြက္ခဒိန်ဒီဇိုင်းသစ် အထူးပြုလုပ်သည်။ **ဖုန်း- ၇၃၀၆၀၂၅၈**

---

**ဝန်ထမ်းအလိုရှိသည်**
ပဲခူးမြို့တွင် တာဝန်ထမ်းဆောင်ရန် Photoshop ကျွမ်းကျင် ကျား၊မ (၃)ဦး
**ဖုန်း- ၇၀၈၃၀၀၊ ၀၉-၅၁၃၁၉၃၄**

---

**သင်တန်း**
အင်တာနက်နှင့်အီးလ်မေး အထူးသင်တန်း- ၄,၀၀၀ ကျပ်၊ ကွန်ပျူတာအခြေခံအထူးသင်တန်း- ၉,၀၀၀ ကျပ်။
**ဖုန်း- ၃၉၁၆၁၉**

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
၄၅×၆၀ ပေ၊ ဦးဥတ္တမလမ်းနှင့် သုခမိန်လမ်းထောင့် လှိုင်သာယာ၊ ရန်ကုန်မြို့။
**ဖုန်း- ၅၆၂၅၇၂**

---

**ဝန်ထမ်းအလိုရှိသည်**
ဆိုဒ်တာဝန်ခံအင်ဂျင်နီယာ ကျား(၁)ဦး၊ Telephone Operator ကျား၊မ (၁)ဦး၊ လုံခြုံရေးဝန်ထမ်း ကျား(၂)ဦး။
**PH- 536333, 535611(Ext:804)**

---

**ဝန်ထမ်းအလိုရှိသည်**
PHP Web Programmer (3)M/F, Marketing Executive (15)M/F, Graphic Designer & Trainer (10) M/F, Internet Staff (2)M/F.
**PH: 218195**

---

Maintainance Engineer (EP) M(1)Posts, Assitance Maintainance Engineer (EP) M(2)Posts, Sales & Marketing F(5)Posts, Sales F(10)Posts, Sale&Service (Computer)M(5)Posts, Admin M/F(2)Posts. **PH: 522047**

---

**ဝန်ထမ်းအလိုရှိသည်**
Building/ Factory M&E လုပ်ငန်း AGTI/BE စက်မှု လျှပ်စစ်(၃)ဦး(ကျား) Autocad (၁)ဦး (ကျား၊ မ) (Atleast 1 Yr.Experience) **PH:09-5159961.**

---

Hardware Technician Male (2), Printer Technician Male(1), Sales Girl Female(1)
**PH: 374857, 720910**

---

**ကားရောင်းမည်**
မစ်ဆူဘီရှိ (Two Door) ဆလွန်း (အနက်) သ/. . . အမည်ပေါက် (၁၁၅) သိန်း၊ **ဖုန်း-၀၉ ၅၁၈၂၂၁၂**

---

**ဒီဇယ်ရောင်းရန်ရှိသည်**
WKM ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးနေပါသည်။
**ဖုန်း-၇၃၀၃၃၁၄၇၊ ၀၉ ၈၅၆၀၀၉၀**

---

**Study Guide**
for final part2 MBBS, Contact as DR KMM, **Ph:09 5045196**

---

**ဓာတ်ပုံကူးမယ်ဆိုရင်**
Nikko Photo Lab မှ အကောင်းဆုံး ဝန်ဆောင်မှု ပေးနေပါသည်။
**ဖုန်း၂၄၅၁၃၃၊ ၂၄၀၆၂၉**

---

Chit Ko Ko Oo, A.G.T.I (E-P),B.Sc(Phy:) မှ ရေခဲသေတ္တာ၊ အဲကွန်း၊ အဝတ်လျှော်စက်၊ အိမ်တွင်းမီးတပ်ဆင်ခြင်းတို့ကို ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း-၇၃၀၈၃၉၅၀**

---

H.L.C (High Language Centre) ဟိန္ဒီ(ရေး၊ ဖတ်၊ ပြော)သင်ကြားပေးနေပါသည်။ **ဖုန်း-၇၃၀၁၁၇၃၇**

---

**အမျိုးသမီးဘော်ဒါဆောင်**
တိုက်သစ်၊ ရေ၊ မီးအစုံ၊ တစ်လ ၁၂,၀၀၀ကျပ်၊ လူဦးရေကန့်သတ်ထားပါသည်။ **ဖုန်း-၂၉၇၂၃၀**

---

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းနိုင်ပါသည်။
**ဖုန်း-၅၂၆၉၀၁၊ ၇၃၀၆၇၄၃၉**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေအင်းသာရေပေါ်ဟိုတယ်(အင်းလေး)အတွက် 1. Hotel Receptionst 1(F),2.House Keeping 1(F),3. Costing Controller 1(M/F)
**ဖုန်း-၅၅၂၈၃၈၊ ၅၄၃၇၁၄**

---

Graphic Design Course ကျွမ်းကျင်စွာသင်ကြားနိုင်သူ ကျား/မ(၂)ဦး အလိုရှိသည်။ **ဖုန်း-၀၉၅၁၁၁၀၅၄**

---

**အလိုရှိသည်**
Hardware Technician ကျား(၃)ဦး၊ Software Installation မ(၃)ဦး၊ Accounting မ(၄)ဦး၊
**ဖုန်း၂၄၉၁၄၇၊ ၃၈၄၁၆၁**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
1. Waiter ကျား(၁၀)ဦး၊ 2.Cashier မ(၅)ဦး၊ (၂)ပတ်အတွင်းလူကိုယ်တိုင်

နေပြည်တော်သို့ လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၃၈၇၈၈၀**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
1.Store Incharge ကျား(၁)ဦး၊ 2. Quality Control မ(၃)ဦး၊ 3.Production Supervisor မ(၁)ဦး၊ (တစ်ပတ်အတွင်း) **ဖုန်း-၆၈၄၅၅၀**

---

တရုတ်စကားပြောတတ်ချင်သူများအတွက်အိမ်အရောက်သင်ကြားပေးနေပါပြီ။ **ဖုန်း-၀၉ ၅၁၅၉၄၂၇**

---

**ပန်းလေသင်း**
အချိန်ပိုင်း စာရင်းဆွဲသည်၊ စာရင်းစစ်သည်။ **ဖုန်း-၇၃၀၆၃၀၉၃**

---

SKN အိမ်၊ ခြံ၊ မြေနှင့် ဥပဒေအကြံပေးလုပ်ငန်း။ **ဖုန်း-၅၄၁၅၀၁**

---

ရန်ကုန်၊ လှိုင်သာယာစက်မှုဇုန်ရှိ ပေ (၁၈၀×၈၀)အဆောက်အအုံ၅လုံးတွင်အကျိုးတူ ပူးပေါင်းလုပ်ကိုင်လိုပါသည်။ **ဖုန်း-၄၀၀၈၀၅၊ ၅၄၂၁၁၁**

---

စိန်ရတနာစက်ထည်ပန်းတိမ်မှုဒီဇိုင်းဖယောင်းလှီးနိုင်သူအလိုရှိသည်။ဖယောင်းလှီးပြီးဒီဇိုင်း ဝယ်လိုပါသည်။
**ဖုန်း-၃၈၂၄၁၆**

---

ကွန်ပျူတာ ဘာသာရပ်စုံ အိမ်အရောက်သင်ကြားပေးပါသည်။
**ဖုန်း-၀၉ ၅၁၅၁၈၈၂**

---

**Maths & Accounting Training**
GCEO' Level(Jan 2011 Exam), IGCSE, Secondary,
**Ph: 09 5097680**

---

၁၀ တန်း မေးခွန်းဟောင်းသီးသန့် လေ့ကျင့်ပေးမည်။**ဖုန်း-၇၃၀၃၄၈၃၈**

---

တရုတ်၊ မြန်မာနှစ်ဘာသာ ဘာသာပြန်စာချုပ်များ၊ စာရွက်စာတမ်းမျိုးစုံ မှန်ကန်စွာဆောင်ရွက်ပေးပါသည်။
**ဖုန်း-၀၉ ၅၁၆၇၂၀၃**

---

**အလိုရှိသည်**
1.Sales & Marketing Manager ကျား/မ-၂ဦး၊ 2.ယာဉ်မောင်းကျွမ်းကျင် ကျား-၃ဦး။ **ဖုန်း-၅၀၄၄၈၁**

---

**အိမ်ရောင်းမည်**
တော်ဝင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ ပေ(၁၀၀×၁၀၀)၊ ၁-ထပ်တိုက်။သိန်း(၅၈၀)**ဖုန်း-၀၉ ၈၀၂၁၇၄၈၊**

---

**ရွှေဖီသံလွင် အကောင်းဆုံး ကိုးကန့်လက်ဖက်ခြောက်**
လက်လီ၊ လက်ကားဆယ်သွယ်နိုင်ပါသည်။ **ဖုန်း-၀၉ ၄၇၃၂၄၀၁၀**

---

သွားဆေးခန်းတစ်ခန်းဖွင့်နိုင်သော ပစ္စည်းအပြည့်အစုံကို ညှိနှိုင်းဈေးဖြင့် ရောင်းမည်။ **ဖုန်း-၀၉ ၅၃၀၂၂၇၄**

---

**ဝန်ထမ်းအလိုရှိသည်**
1. Finance Assistant ကျား(၂)ဦး (Level 3 အောင်မြင်ပြီး ၂နှစ်အတွေ့အကြုံရှိရမည်) **ဖုန်း-၂၂၈၂၉၈**

---

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ **ဖုန်း-၇၃၀၇၆၄၀၄၊ ၅၅၇၄၄၈**

---

**Teachers For Students**
Private Teachers available for international school students.
**Ph: 09 5080720**

---

Alpha & Omega Win Computer Training & Services မှ လချုပ်၊ နှစ်ချုပ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
**ဖုန်း-၇၃၀၇၈၂၁၂**

---

**အလိုရှိသည်**
၁။လျှော်/သစ် မ(၂)ဦး၊
၂။ ခြေထောက်ဆေးစိမ်/နှိပ် မ(၁)ဦး၊
၃။ ညှပ်/ကောက်/ဖြောင့် မ(၁)ဦး
**ဖုန်း-၇၃၀၅၉၂၈၃**

---

**အလိုရှိသည်**
ယာဉ်မောင်းကျွမ်းကျင် (၃)ဦး၊ အသက်(၂၅-၄၀)နှစ်၊ နေစရာပေးမည်။
**ဖုန်း-၇၃၀၂၇၇၃၃**

---

လူကြီးမင်းတို့၏ ကွန်ပျူတာများတွင်ဖြစ်ပေါ်တတ်သော အခက်အခဲများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း- ၇၃၁၁၅၁၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ ယန္တရားမောင်း၊ ၂။ မြေသယ်ယာဉ်မောင်း(၁၀ ဘီး)၊ လုပ်သက်(၃)နှစ်ရှိရမည်။ အမှတ်(၅၅/၅၈)၊ မဟူရာလမ်း၊ သာခုကန်စက်မှုဇုန်(၁-၂)၊ ရွှေပြည်သာ။

---

**ဝန်ထမ်းအလိုရှိသည် (ကျား)**
ဘွဲ့ရ အသက်(၁၈-၄၀)နှစ်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။ ၁၅. ၁၀. ၁၀ ရက်နောက်ဆုံးထားလျှောက်ထားရန်၊ အမှတ်(၃၅၈/ဘီ)၊ ဇေယျာခေမာလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်။

---

**အထည်ချုပ်စက်ရုံငှားရန်ရှိသည်**
ပေ(၅၀×၁၂၀)၊ ၂-ထပ်၊ 60 KVA မီးစက်၊ ဘွိုင်လာမီးပူ၊ စက်အလုံး ၁၀၀ ပါဝင်သည်။ ဖုန်း-၀၉ ၅၀၁၅၉၀၆

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## မဲဆန္ဒရှင်များ သိကောင်းစရာ

ဦးကို

"ဂျာနယ်တွေမှာ ပါတီတွေအကြောင်း၊ ပါတီခေါင်းဆောင်တွေအကြောင်း၊ ဒီမိုကရေစီအကြောင်းအများကြီး ဖတ်ရတယ်၊ မဲပေးဖို့ လှုံ့ဆော်တဲ့ သီချင်းတွေလည်း တီဗီမှာ ကြည့်ရတယ်။ ဒါပေမဲ့ မဲပေးရမယ့်သူတွေက ဘာတွေလုပ်ရမယ်။ ဘယ်သူ့ကို မဲပေးရမယ်ဆိုတာတော့ မသိသေးဘူး"ဟု မိတ်ဆွေတစ်ယောက်က ပြောလေသည်။ "ရန်ကုန်တိုင်းက မဲရုံတွေမှာ မဲပုံးခုနစ်ပုံးထားမယ်လို့ သိရတယ်။ ငါတို့က ခုနစ်ပုံးလုံးကို မဲထည့်ရမှာလား"ဟု မရှင်းမလင်းဖြစ်နေသူတွေလည်း ရှိသည်။ မဲဆန္ဒရှင်အတွက် အသိပညာပေးမှုသည် ယခုအချိန်တွင် အမှန်တကယ်လိုအပ်လာပေပြီ။

**မဲဆန္ဒရှင်**

မဲဆန္ဒရှင်တစ်ယောက်တွင် ရှိရမည့် အရည်အချင်းသုံးရပ်ကို ဦးစွာ ပြောပြပါမည်။ ပထမအရည်အချင်းမှာ ရွေးကောက်ပွဲကျင်းပသော နေ့ ၇-၁၁-၂၀၁၀ ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ဒုတိယအရည်အချင်းမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ (သို့) ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ ဖြစ်ရပါမည်။ ဤလက်မှတ်တစ်ခုခုမရှိလျှင် ပျောက်ဆုံးလျှင် မဲပေးခွင့်ဆုံးရှုံးနိုင်သဖြင့် အနည်းဆုံးယာယီလက်မှတ်ရအောင် သက်ဆိုင်ရာဌာနကို တင်ပြဆောင်ရွက်ထားသင့်ပေသည်။ တတိယအရည်အချင်းမှာ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူဖြစ်ရပါမည်။ အများနားလည်အောင်ပြောရလျှင် မဲဆန္ဒနယ်မြေ (ရပ်ကွက်၊ ကျေးရွာ) တွင်ပုံစံ ၁၀ ဖြင့် နေထိုင်သူဖြစ်ရပါမည်။ ဤသုံးချက်နှင့် ပြည့်စုံလျှင် ယေဘုယျအားဖြင့် သင်သည် လာမည့် ရွေးကောက်ပွဲတွင် မဲပေးနိုင်သူမဲဆန္ဒရှင်တစ်ယောက်ဖြစ်နေပါ ပြီ။ သင်နေထိုင်သော မဲဆန္ဒနယ်တွင် မဲပေးနိုင်သူဖြစ်လာပါပြီ။

အကယ်၍သင်သည် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပတွင် ရောက်နေသည်ဆိုပါစို့။ သင်၏ အခွင့်အရေးမဆုံးရှုံးအောင် နည်းလမ်းများ သတ်မှတ်ပေးထားပါသည်။ သင်သည် အမြဲတမ်းနေရပ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းများကို မဲပြန်ပေးချင်လျှင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိမဲစာရင်းပါသော အမြဲတမ်းနေရပ်ရှိ မဲရုံသို့သွားရောက်၍ ကိုယ်တိုင်မဲပေးနိုင်ပါသည်။ သို့မဟုတ် ရွေးကောက်ပွဲနေ့မတိုင်မီ ပြန်သွား၍ ကြိုတင်မဲပေးနိုင်ပါသည်။ ဤကိစ္စအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်သည်။ ထိုသို့သင်၏ အမြဲတမ်းနေရပ်ကို ပြန်ပြီး မဲမပေးလိုဘဲ သင်ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးလိုပါက လက်ရှိနေရပ်၌ အနည်းဆုံးရက်ပေါင်း ၁၈၀ နေထိုင်ပြီးဖြစ်ဖို့လိုသည်။ ဤလိုအပ်ချက်ကိုက်ညီလျှင် ကိုယ်တိုင်ဝန်ခံချက်၊ လုပ်ငန်းတာဝန်ခံ ထောက်ခံချက်တို့ဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားရန် ဖြစ်သည်။ ခွင့်ပြုချက်ရလျှင် သင်ရောက်နေသော နေရပ်၌ မဲပေးနိုင်ပါပြီ။ ထိုအခါမျိုး၌ အမြဲတမ်းနေရပ်ရှိ မဲစာရင်းမှ သင့်အမည်ကို ဖျက်ပေးရန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲချင်း ညှိနှိုင်းဆောင်ရွက်ကြပါလိမ့်မည်။

**ကြိုတင်မဲ**

တစ်ဖန် ရွေးကောက်ပွဲနေ့၌ အကြောင်းအမျိုးမျိုးကြောင့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက်နေသူများ၊ မဲရုံသို့မလာရောက်နိုင်သူများအတွက် ၎င်းတို့၏အခွင့်အရေးမဆုံးရှုံးစေရန်ကြိုတင်မဲပေးသောစနစ်ကိုစီစဉ်ပေးထားပါသည်။ သင်သည်ထိုသူများတွင် အကျုံးဝင်လျှင်ကြိုတင်မဲပေးနိုင်ပါသည်။

**မဲပေးခွင့်မရှိသူ**

အထက်တွင် ပြောခဲ့သော မဲဆန္ဒရှင်တစ်ယောက်၏ အရည်အချင်းများနှင့် ကိုက်ညီသည့်တိုင်အောင် မဲပေးခွင့်မရှိသူများလည်း ရှိပါသေးသည်။ ထိုသူများမှာ သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေသူ၊ စိတ်ပေါ့သွပ်နေသူဟု သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေငြာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား(သို့)နိုင်ငံခြားသား အဖြစ်ခံယူထားသူတို့ဖြစ်ကြ၏။

အခြားအရေးကြီးသော အချက်တစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ကြေငြာထားသော မဲစာရင်းတွင် မိမိအမည်ကျန်ရစ်ခဲ့ပါက မိမိအမည်ကို ထည့်သွင်းပေးရန် တောင်းဆိုလွှာတင်သွင်းနိုင်သော အချက်ဖြစ်ပါသည်။

**ကိုယ်စားလှယ်လောင်း**

ဤမျှဆိုလျှင် မဲဆန္ဒရှင်အကြောင်း သိလောက်ပါပြီ။ ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သော သိကောင်းစရာများကို ပြောပါဦးမည်။ ဒါမှ ဘယ်မဲပုံးကိုဘယ်သူတွေ ထည့်ရမလဲဆိုတာသဘောပေါက်ပေလိမ့်မည်။

ရှေးဦးစွာ မဲဆန္ဒနယ်အကြောင်း အကြမ်းဖျင်းပြောပါမည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်(သို့)တိုင်းဒေသကြီး လွှတ်တော်ဟူ၍ လွှတ်တော် သုံးရပ်ရှိသည်။ ထို့ကြောင့် မဲဆန္ဒနယ်ကိုလည်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်ဟူ၍ သတ်မှတ်ပေးထားပါသည်။ အဆိုပါ မဲဆန္ဒနယ်များကို ပြည်ထောင်စုကော်မရှင်ကကြေငြာပြီးဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် ဝန်နှင့်အားမျှသလောက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပါလိမ့်မည်။ တစ်နိုင်ငံလုံးပြိုင်မလား။ ပြည်နယ်၊ တိုင်းတစ်ခုအတွင်းမှာလား။ မဲဆန္ဒနယ် အနည်းဆုံးသုံးခုမှာ ယှဉ်ပြိုင်မှာလား။ ထိုထက်ပိုမှာလား။ လွှတ်တော်ဘယ်နှစ်ရပ်မှာ ပြိုင်ကြမှာလဲဆိုသည်ကတော့ ပါတီတို့၏ သဘောပါပေ။ ပါတီတင်းသည် ၎င်းတို့၏ စီမံချက်အတိုင်း ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းကြပါလိမ့်မည်။ ဤကိုယ်စားလှယ်လောင်းများထဲမှ တိုင်းပြည်တွက် အလုပ်လုပ်မည့်သူများကို မဲဆန္ဒရှင်တို့က ရွေးချယ်မဲပေးကြရမှာ ဖြစ်သည်။

**မဲပုံးများ**

မည်သို့ပင်ဖြစ်စေ ကော်မရှင်အနေဖြင့် မဲရုံတိုင်းတွင် လွှတ်တော်သုံးရပ်တွင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတွေအတွက် မဲပုံးသုံးပုံး အနည်းဆုံးထားပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်တိုင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံးနှင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံးသုံးပုံးစလုံးတွင် မဲထည့်ပိုင်ခွင့်ရှိပေသည်။

ဤနေရာတွင် တိုင်းရင်းသားကိုယ်စားလှယ်အကြောင်း ကြားညှပ်ပြောရန်လိုအပ်လာသည်။ ပြည်နယ်(သို့)တိုင်းဒေသကြီးတစ်ခုတွင် နေထိုင်သည့် တိုင်းရင်းသားတစ်မျိုးချင်း၏ အရေအတွက်သည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိလျှင် ထိုပြည်နယ်(သို့) တိုင်းဒေသကြီးကို တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အဖြစ် သတ်မှတ်ပေးလျက် ၎င်းတို့၏ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးစီရွေးချယ် တင်မြှောက်ခွင့်ရှိပေသည်။ တိုင်းဒေသကြီးလွှတ်တော်(သို့) ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကို ၁၄-၈-၂၀၁၀ ရက်ထုတ် သတင်းစာတွင် ဖော်ပြပြီးဖြစ်ပါသည်။

**နမူနာ ရန်ကုန်တိုင်း**

ပိုမိုရှင်းလင်းစေရန် ရန်ကုန်တိုင်းဒေသကြီးကို ဥပမာပြပါမည်။ ရန်ကုန်တိုင်းအတွင်း နေထိုင်သော တိုင်းရင်းသားများအနက် တစ်နိုင်ငံလုံး လူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးမှာ ကရင်နှင့် ရခိုင်ဖြစ်၏။ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးအတွက် ကရင်တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦးရွေးချယ်တင်မြှောက်ခွင့်ရှိပေသည်။ ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ မဲရုံတစ်ရုံတွင် လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံး၊ ကရင်တိုင်းရင်းသားကိုယ်စားလှယ်အတွက် မဲပုံးတစ်ပုံး၊ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် မဲပုံးတစ်ပုံး၊ စုစုပေါင်းမဲပုံးငါးပုံးအများဆုံးရှိနိုင်ပါသည်။ (အခြားပြည်နယ်၊တိုင်းများတွင်လည်း လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံးနှင့် ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိသော တိုင်းရင်းသားများအတွက် မဲပုံးတစ်ပုံးစီထပ်ဆောင်းပေးရမည်ဖြစ်ပါသည်။)ဤမဲပုံးနှစ်ပုံးကိုတော့ ကရင်တိုင်းရင်းသားနှင့် ရခိုင်တိုင်းရင်းသားတို့ကသာ သက်ဆိုင်ရာအလိုက် မဲထည့်ပိုင်ခွင့်ရှိကြပေသည်။

ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ ကရင်နှင့် ရခိုင်အပ ကျန်မဲဆန္ဒရှင်များသည် လွှတ်တော်သုံးရပ်၏ မဲပုံးသုံးပုံးကိုသာ မဲထည့်ရပါမည်။ ကရင်တိုင်းရင်းသား မဲဆန္ဒရှင်ဖြစ်ပါက လွှတ်တော်သုံးပုံးအပြင် ကရင်တိုင်းရင်းသားမဲပုံးပါ ထည့်ရမည်ဖြစ်သဖြင့် မဲပုံးလေးပုံးထည့်ရပါမည်။ ရခိုင်တိုင်းရင်းသား မဲဆန္ဒရှင်ဖြစ်ပါက အလားတူ လွှတ်တော်သုံးပုံးနှင့် ရခိုင်တိုင်းရင်းသားတစ်ပုံး မဲပုံးလေးပုံးထည့်ရပါမည်။

**တရားမျှတခြင်း**

ရပ်ကွက်၊ ကျေးရွာအုပ်စုတစ်ခုတွင် ကရင်တိုင်းရင်းသားတစ်ယောက်သာ နေထိုင်သည်ဖြစ်အံ့၊ ထိုတစ်ယောက်အတွက် ကရင်တိုင်းရင်းသား မဲပုံးတစ်ပုံးထားပေးရမည်ဖြစ်ပါသည်။ ထို့အတူ ရခိုင်တိုင်းရင်းသားတစ်ယောက်သာ နေထိုင်သည်ဖြစ်အံ့။ သူ့အတွက် ရခိုင်တိုင်းရင်းသား မဲပုံးတစ်ပုံးထားပေးရမည်ဖြစ်ပါသည်။ ဤသည်မှာ တရားမျှတသော ရွေးကောက်ပွဲ(Fair Election)၏ ပြယုဂ်တစ်ခုဖြစ်သည်။

**မဲထည့်ပုံ**

မဲဆန္ဒရှင်တစ်ယောက်သိသင့်သော မဲထည့်ပုံကို နောက်ဆုံးပြောချင်ပါသည်။ မိမိမည်သည့် မဲရုံတွင်မဲထည့်ရမည်ကို မဲစာရင်းကြေငြာချိန်တွင် သိနိုင်ပါသည်။ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲတွင် စုံစမ်းနိုင်ပါသည်။ ရွေးကောက်ပွဲနေ့တွင်မဲရုံဖွင့်ချိန်မှာ နံနက် ၆ နာရီဖြစ်၍ မဲရုံပိတ်ချိန်မှာ ညနေ ၄ နာရီဖြစ်သောကြောင့် မဲပေးချိန် ၁၀ နာရီရပါသည်။ ရုံးပိတ်ရက်တွင်ရွေးကောက်ပွဲလုပ်သဖြင့် သာမန်အားဖြင့်အားလပ်ကြပါသည်။ မဲရုံများကို မဲဆန္ဒရှင်များ သွားရေးလာရေးလွယ်ကူအဆင်ပြေသောနေရာတွင် ပြုလုပ်ခိုင်းထားသောကြောင့်မဲရုံသို့သွားရန် ခက်ခဲလိမ့်မည်မဟုတ်ဟု ယူဆရပါသည်။ တစ်ဖန် မဲဆန္ဒနယ်အလိုက် အတည်ပြုပြီး ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြိုတင်ကြေငြာထားမှာဖြစ်သဖြင့် မိမိစိတ်ကြိုက်ကိုယ်စားလှယ်လောင်းကို စိတ်ထဲမှာ ရွေးချယ်ထားပြီးဖြစ်နိုင်ပါသည်။

မဲမထည့်ခင် မဲရုံရှုခင်းကို သိသာမြင်သာအောင် အနည်းငယ်ပြောပါဦးမည်။ မဲရုံတိုင်းတွင် ပရဝုဏ်သတ်မှတ်ခိုင်းထားပါသည်။ ပရဝုဏ်ထဲဝင်ပြီးမှ မဲရုံဆီကို ရောက်ပါမည်။ လူနေထူထပ်သော မြို့ပြရပ်ကွက်များ၊ Down Town မှာတော့ ပရဝုဏ်ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်း သတ်မှတ်ကောင်း သတ်မှတ်ရပါလိမ့်မည်။

မဲရုံထဲတွင် မဲပေးခြင်းလုပ်ငန်းကိုလုပ်ဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် မဲရုံလုံခြုံရေးဆောင်ရွက်သူတို့အပြင် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ ရှိကြပါသည်။ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ(Free and Fair Election)ဖြစ်ကြောင်းခိုင်မာစွာပြသရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများကိုလည်း မဲရုံတွင်နေခွင့်ပြုထားပါသည်။ မဲပုံးများနှင့် လျှို့ဝှက်ဆန္ဒပြုခန်းများကို လွှတ်တော်အလိုက်၊ တိုင်းရင်းသားလူမျိုးအလိုက်စနစ်တကျခင်းကျင်းထားပါသည်။

**မဲပုံးနှင့် လက်မှတ်**

ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (အစိမ်းရောင်) ရိုက်နှိပ်ပြီး၊ မဲပုံးကိုလည်း အစိမ်းရောင်ဖြင့် သတ်မှတ်ပါသည်။ အမျိုးသားလွှတ်တော် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (အပြာရောင်)ရိုက်နှိပ်ပြီး၊ မဲပုံးကိုလည်း အပြာရောင်ဖြင့် သတ်မှတ်ပါသည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (ခရမ်းရောင်)ရိုက်နှိပ်ပြီး၊ မဲပုံးကိုလည်း ခရမ်းရောင်ဖြင့် သတ်မှတ်ပါသည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များ)အတွက် သက်ဆိုင် ရာတိုင်းရင်းသားလူမျိုး၏ အမည်ကို စာသားဖြင့် ထင်ရှားစွာ သတ်မှတ်ဖော်ပြထားပါသည်။

ဆန္ဒမဲလက်မှတ်များ၏ ရှေ့မျက်နှာတွင် ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် လိုဂိုကို အထက်၊ အောက်ရိုက်နှိပ်ထားပါသည်။ ထို့ကြောင့် ဆန္ဒမဲလက်မှတ်သည် ရှည်မျောမျော ဖြစ်နေပါလိမ့်မည်။

ကောင်းပါပြီ။ သင်သည် မဲပေးရန် မဲရုံအတွင်း ဝင်ရောက်လာသည်ဆိုပါစို့။ ပထမဆုံး ပြည်သူ့လွှတ်တော် မဲစာရင်းစစ်ဆေးသူ ရှေ့မှောက်သို့ သွားရောက်၍ မဲစာရင်းတွင်ပါသော သင့်နာမည်၏ဘေးတွင် လက်မှတ်ရေးထိုးရပါမည်။ စာမတတ်သူဖြစ်က လက်ဝဲလက်မ လက်ဗွေနှိပ်ရပါမည်။ မဲစာရင်းစစ်ဆေးသူ၏ လိုအပ်သလို စိစစ်မှုကို ခံယူရပါလိမ့်မည်။ ထို့နောက်ဆန္ဒမဲလက်မှတ်ထုတ်ပေးသူရှေ့သွားပြီး ဆန္ဒမဲလက်မှတ်ထုတ်ယူရပါမည်။ ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းလုပ်ရပါမည်။ မဲလက်မှတ်ရသောအခါ လျှို့ဝှက်ဆန္ဒပြုအခန်းထဲဝင်၍ သင်ရွေးချယ်သော ကိုယ်စားလှယ်လောင်း၏ နာမည်ဘေးတွင် အမှန်အမှတ်အသား (✔)ကို အမှတ်ကို ထင်ထင်ရှားရှားရေးခြစ်ပေးခြင်းဖြင့် ဆန္ဒပြုရန်ဖြစ်ပါသည်။ သတိပြုရန်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ဆန္ဒပြုလျှင်၊မည်သူ့ကို လုံးဝဆန္ဒမပြုလျှင်၊ ဆန္ဒပြုသော်လည်း မသေမချာ၊ မထင်မရှား ဒွိဟဖြစ်ဖွယ်ဆန္ဒပြုထားလျှင်၊ မဲလက်မှတ်ပေါ်တွင် အခြားအမှတ်အသားများရေးထည့်လိုက်လျှင်၊ မဲလက်မှတ်စုတ်ပြဲလျှင်၊ ပယ်မဲဖြစ်သွားပါလိမ့်မည်။ ဆန္ဒပြုပြီးပါကလျှို့ဝှက်ခန်းမှထွက်၍ အများရှေ့မှောက်တွင် မဲပုံးထဲဝင်အောင် ထည့်လိုက်ရုံသာဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ဆန္ဒပြုပြီးသောအခါ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်များကို အထက်ပါအတိုင်း ဆန္ဒပြုရန်ဖြစ်သည်။ တိုင်းရင်းသား ကိုယ်စားလှယ်ကို ဆန္ဒပြုရမည့်သူဖြစ်ပါက နောက်ထပ်သက်ဆိုင်ရာ မဲတစ်ပုံးကို ဆက်ထည့်ရပါဦးမည်။ ဤသို့ဖြင့် မဲပေးခြင်းအလုပ်ပြီးဆုံးပါသည်။

သင့်သည် ညနေ ၄ နာရီမတိုင်မီ မဲရုံထဲမရောက်သည့်တိုင်အောင် မဲရုံပရဝုဏ်ထဲ ဝင်ထားမိဖို့လိုသည်။ အဘယ်ကြောင့်ဆိုသော် ၄ နာရီ မဲရုံပိတ်သည်ဆိုသော်ငြားလည်း ပရဝုဏ်အတွင်း ရောက်နေသူများကိုမူ ၄ နာရီကျော်သည့်တိုင် အားလုံးကုန်စင်အောင် မဲပေးခွင့်ပြုသောကြောင့် ဖြစ်ပါသည်။

## စာ(၃၇) ကမ္ဘာလှည့်ခရီးသွားများအတွက် ကမ်းခြေသီးသန့်မဟုတ်တော့သည့် ငပလီ မှ

"ကမ္ဘာ့လှည့်ခရီးသည်တွေကိုဆင်ကြည့်ခရီးစဉ် လိုက်ပို့ဖို့အတွက်သစ်တောဦးစီးဌာနကို ခွင့်ပြုချက်တောင်းရတယ်။ ဒီလိုနည်းတွေနဲ့ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်သလိုဌာနအတွက် ဝင်ငွေတိုးအောင်လည်း လုပ်လို့ရနိုင်တယ်။ ထိုင်းမှာဆိုရင်လာလည်တဲ့ခရီးသည်ကိုထပ်သုံးစရာငွေမရှိတော့လို့ ဘောင်းဘီတို့နဲ့ ပြန်ရလောက်အောင် ဝန်ဆောင်မှုကောင်းကောင်းနဲ့ ယူထားလိုက်နိုင်တယ်"ဟု ၎င်းကဆက်ပြောသည်။ ငပလီကမ်းခြေတွင် လက်ရှိ လုပ်ငန်းလည်ပတ်နေသော ဟိုတယ် ၁၂ လုံးရှိသည့်အပြင် လာမည့်ပွင့်လင်းရာသီအမီ ဖွင့်နိုင်ရန် ဆောက်လုပ်လျက်ရှိသည့် ဟိုတယ်များနှင့်အခြားဆောက်လက်စဟိုတယ်များလည်းရှိနေသေးသည်။ ယခင်က ဒေသခံတစ်ဦးတည်းပိုင်ဆိုင်သော အုန်းခြံကြီးများနေရာတွင် အဆင့်မြင့်ဟိုတယ်ကြီးများက တဖြည်းဖြည်းအစားထိုးဝင်ရောက်လျက်ရှိနေသည်။

အချို့ဟိုတယ်များတွင် မူလကရှိထားသော အခန်းများအပြင် အခန်းများထပ်မံတိုးချဲ့ကာ လာမည့်ခရီးသွားရာသီအတွက်ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ "ဟိုတယ်တွေ အခန်းချဲ့လာတဲ့အပေါ်ကြည့်ပြီးပြောရရင် ဒီနှစ်ဧည့်သည်အဝင်အခြေအနေ တော်တော်လေးကောင်းမယ်။ တချို့ဟိုတယ်တွေမှာဆိုရင် ဘွတ်ကင်ပြည့်နေပြီလို့ပြောတယ်။ ဟိုတယ်တွေလည်း အခန်းအရေအတွက်ချဲ့လာကြတယ်။ တစ်နှစ်ထက်တစ်နှစ် ဧည့်သည်ပိုလာတယ်လို့ ပြောရမယ်။ ကြိုတင်မှာထားတာတွေ ပြန်ဖျက်သိမ်းမှာတစ်ခုပဲစိုးရတယ်။ ငပလီကိုလာလည်တဲ့ နိုင်ငံခြားသားတွေထဲမှာဂျာမန်အများဆုံးပဲ။ ဒုတိယက ပြင်သစ်နဲ့ အီတလီများတယ်။ ကျန်တာတွေကတော့နိုင်ငံစုံတယ်။ အမေရိကန်အလာနည်းတယ်"ဟု ငပလီကမ်းခြေ၊ လင်းသာဟိုတယ်ဇုန်ရှိ Best Friend စားသောက်ဆိုင်ပိုင်ရှင်ကိုကျော်စိုးထွန်းကပြောသည်။

ငပလီကမ်းခြေသို့လာရောက်သော ကမ္ဘာလှည့်ခရီးသည်များမှာ လမ်းပန်းဆက်သွယ်ရေးအရ လေကြောင်းလိုင်းကိုသာ အဓိကအသုံးပြုကြရာ လေယာဉ်ဆင်းသည့်အပေါ် မူတည်ပြီး ဧည့်သည်ဝင်နှုန်းအနည်းအများဖြစ်နိုင်ကြောင်း သိရသည်။ "ဒီနှစ် ရန်ကုန်အဲဝေးပြန်ဆွဲမယ်ဆိုရင်တော့ အဆင်ပြေသွားမယ်ထင်တယ်။ ပွင့်လင်းရာသီမှာ လေယာဉ်များများဆွဲတာက အဲပုဂံ။ ပွင့်လင်းရာဦးတွေဆိုရင် တစ်နေ့သုံးကြိမ်ဆွဲပေးတယ်။ ငပလီကို လေကြောင်းလိုင်းများများဆွဲမှ အဆင်ပြေမယ်။ ဒီနှစ်ဧည့်သည်ဝင်ဖို့အတွက် လေယာဉ်ဆင်းမယ့်ရက်ကိုပဲ စောင့်ရမယ်" ဟု ဒေါ်လွင်လွင်ပြုံးကပြောသည်။

ငပလီသည် ရန်ကုန်မှညနေထွက်လျှင် နောက်တစ်နေ့မနက်စောစောရောက်နိုင်ပြီး တစ်ညခရီးသာရှိသော်လည်း ရခိုင်ရိုးမကို ဖြတ်ကျော်ရစဉ် ပင်ပန်းမှုကြောင့်လည်းကောင်း၊ စရိတ်စကကြီးမြင့်သည်ဟုယူဆ၍ သော်လည်းကောင်း ပြည်တွင်းမှ အပန်းဖြေဧည့်သည်လာရောက်လည်ပတ်မှုနည်းပါးသည်ကိုတွေ့ရသည်။ ယခုနှစ်ခရီးသွားရာသီအတွက် ငပလီကမ်းခြေ၏ ကြိုတင်ပြင်ဆင်မှုများတွင် ကမ်းခြေအပန်းဖြေခရီးကိုစရိတ်ကျဉ်းကျဉ်းနှင့် အချိန်တိုတိုအတွင်း လာရောက်လည်ပတ်လိုသောပြည်တွင်းဧည့်သည်များအတွက်လည်း ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ပေးမည့်အချက်က ထူးခြားစွာပါဝင်နေသည်ကို တွေ့ရသည်။

"ပြည်တွင်း ဧည့်သည်တွေက ဒီလောက်နာမည်ကျော်တဲ့ ငပလီကို လာလည်ချင်ကြတယ်။ ဒါပေမဲ့တချို့ဆိုရင် ငပလီဆိုတာကိုသိနေပြီး ဘယ်လိုသွားရမယ်၊ ဘယ်နေရာမှာရှိတယ်ဆိုတာတောင် မသိကြဘူး။ ငပလီက စရိတ်ကြီးလို့ဆိုပြီး မလာကြတဲ့လူတွေလည်းရှိတယ်။ စရိတ်ကျဉ်းကျဉ်းနဲ့ ငပလီကိုလာလည်ချင်တဲ့သူမျိုးတွေအတွက် ဝန်ဆောင်မှုပေးဖို့စီစဉ်ထားတယ်။ကားလက်မှတ် ကြိုတင်ဖြတ်ပေးထားတာကအစ ဒီမှာတည်းဖို့ ဘန်ဂလိုစီစဉ်ပေးထားတာမျိုး၊ စရိတ်နည်းနည်းနဲ့ ကောင်းကောင်းစားလို့ရတဲ့ စားသောက်ဆိုင်စီစဉ်ပေးတာကအထိ လိုအပ်တာတွေအားလုံး စားသုံးသူဘက်က ဝန်ဆောင်ခလုံးဝမယူဘဲ စီစဉ်ပေးသွားမယ်" ဟု ငပလီကမ်းခြေရှိ Dipper ကွန်ပျူတာစာစီစာရိုက်ဆိုင်မှ ကိုတေဇာအောင်က ပြောသည်။ "ဒီခရီးစဉ်အတွက် ဧည့်သည်က ဘယ်လောက်ကုန်ကျခံသုံးစွဲမှာလဲဆိုတဲ့အပေါ် မူတည်ပြီး အဆင်ပြေအောင်စီစဉ်ပေးမယ်။ ငပလီကိုလာလည်ချင်ရဲ့သားနဲ့ဘယ်လိုစီစဉ်ရမယ်မသိတဲ့သူတွေအတွက်ကူညီပေးချင်တယ်" ဟု ၎င်းကပြောသည်။ လာရောက်လည်ပတ်အပန်းဖြေမည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များအတွက် ငပလီကမ်းခြေကို အမှီပြုနေသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဒေသခံများ အားလုံးကြိုတင်ပြင်ဆင်မှုများနှင့်အတူ လာမည့်ပွင့်လင်းရာသီအတွက် ကြိုတင်ပြင်ဆင်နေကြသည့်နည်းတူ သဘာဝတရားကြီးကလည်းဧည့်သည်များလှပသော ကမ်းခြေမြင်ကွင်းကိုခံစားနိုင်စေရန် ပြင်ဆင်လျက်ရှိနေပြန်သည်။ "မိုးတွင်းကုန်ခါနီးရင်ပင်လယ်က သူ့သဘာဝအတိုင်း ပင်လယ်ကမ်းခြေမှာရှိနေတဲ့သဲသောင်ပြင်ကို ပြုပြင်တယ်။ နွေတုန်းက ၅ ပေလောက်ထုတက်နေတဲ့ ပင်လယ်သဲထုကိုအခုချိန်မှာ ပင်လယ်ထဲကို ပြန်ဆွဲချသွားတယ်။ ကျွန်တော်တို့က ချိုင်(ဂျိုင်)ပြင်တယ်လို့ ခေါ်တယ်။ ပင်လယ်ကမ်းခြေက အခုအချိန်ဆိုရင် ဒီနေ့နဲ့မနက်ဖြန်တောင်မတူဘူး။ ညတုန်းကကမ်းခြေမနက်မိုးလင်းကမ်းခြေနဲ့တောင် မတူတော့ဘူး။ သူ့သဘာဝအတိုင်းပြုပြင်သွားတာ"ဟု ဒေသခံကိုကျော်စိုးထွန်းက ရှင်းပြသည်။

ငပလီသည် ရိုးစင်းလွန်းလှသောအပန်းဖြေနည်းများထက် ကျော်လွန်ကာ ပိုမိုဆွဲဆောင်မှုရှိသော အသစ်အဆန်းများနှင့် ကမ္ဘာလှည့်ခရီးသည်များကို ဆက်လက်စောင့်မျှော်နေသော အပန်းဖြေကမ်းခြေတစ်ခုဖြစ်ရာ ဒေသခံများသည် ခရီးသွားလုပ်ငန်းကိုမှီခိုကာ ဆက်လက်ရပ်တည်နေနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်အလှများကို သတိပြုထိန်းသိမ်းရန်လည်း အဓိကလိုအပ်ချက်တစ်ခုဖြစ်လျက်ရှိကြောင်း ဒေသခံများကတညီတညွတ်တည်းပြောကြသည်ကိုတွေ့ရသည်။

# Environment

7DAY NEWS JOURNAL

Vol.9, No.30 · OCTOBER 14, 2010


## ဒီရေတောများ လျော့နည်းလာရခြင်းမှာ ရေငန်တား ဆည်များကြောင့် အဓိကဖြစ်

**မြတ်စုမွန်၊ အိဖြူလွင်**

**တောင်ကုတ်၊ စက်တင်ဘာ-၂၀**

ရခိုင်ပြည်နယ်တောင်ပိုင်း၊ တောင်ကုတ်ဒေသအနီးတစ်ဝိုက်ရှိ ဒီရေတောများ လျော့နည်းလာရခြင်းအကြောင်းအရင်းများအနက် စပါးစိုက်ပျိုးရန် ရေငန်တားဆည်များတိုးချဲ့လာခြင်းသည်အဓိကအကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

ရေငန်တားဆည်များမှာ တောင်ကုတ်မြို့နယ် အကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိရှိလာပြီး၊ စီးပွားဖြစ်စပါးစိုက်ပျိုးခြင်းကို အထောက်အကူပြုသော်လည်း ယခုထက်ပိုမိုတိုးချဲ့ပြုလုပ်မည်ဆိုပါက လက်ကျန်ဒီရေတောများ ပိုမိုပြုန်းတီးလာနိုင်ကြောင်း အထက်ပါအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။

"စပါးစိုက်ဖို့အတွက် ရေငန်တားဆည်တွေကိုဆောက်ရတယ်။ ရေငန်တားဆည်တွေကို ဆောက်နိုင်ဖို့အတွက် ဒီရေတောတွေကို ခုတ်ရတယ်။ ဒီရေတောတွေမရှိတော့တဲ့အခါ ဒီရေမြင့်လာတာကို မကာကွယ်နိုင်လို့ ရေငန်တားဆည်တွေကျိုးပြီး ပင်လယ်နဲ့နီးတဲ့ဒေသတွေမှာ စပါးခင်းထဲကို ရေငန်တွေဝင်တယ်။ ဒါ့ကြောင့် ဒေသခံတွေတိုးချဲ့မယ်ဆိုရင် ရေငန်တားဆည်တွေကို ဒီရေတောလည်း မပျက်စီးရအောင် စနစ်တကျတိုးချဲ့စေချင်တာပါ" ဟု တောင်ကုတ်မြို့မှ ဒေသခံအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးသန်းလှိုင်က ပြောသည်။

ယခင်က တောင်ကုတ်မြို့နှင့် မိုင် ၂၀၀ ဝန်းကျင်တွင် ဒီရေတောများ ထူထပ်စွာရှိခဲ့သော်လည်း ယခုအချိန်တွင် ၅၀ ရာခိုင်နှုန်းခန့်သာ လက်ကျန်ရှိတော့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ၁၉၉၀၊ ၁၉၉၁ ခုနှစ်များက ပုစွန်မွေးမြူရေးကန်များ ပြုလုပ်ခြင်းသည်လည်း ဒီရေတောများပြုန်းတီးခြင်း၏အကြောင်းအရင်းတစ်ခုဖြစ်သည်ဟုသိရသည်။

ဒီရေတောနှင့် သစ်တောများသည် သဘာဝပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးသောကြောင့် ဒေသခံများကပါ မိမိတို့ဒေသမှဒီရေတောများကို ထိန်းသိမ်းရန်လိုအပ်သည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

## ENVIRONMENTAL PHOTOGRAPHY



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကို ပြောမည်ဆိုလျှင် ချန်လှပ်ထား၍မရနိုင်သော အကြောင်းအရာတစ်ခုဖြစ်သည့် မြေဆီလွှာတိုက်စားပျက်စီးခြင်းကို ဓာတ်ပုံ၊ အနုပညာဖန်တီးမှုများဖြင့် ပုံဖော်ထားသောပြပွဲတစ်ရပ်ကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်ထိ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery ၆၅၅ ခင်းကျင်းပြသခဲ့သည်။ ဆရာမဂျူး၊ ဒီဇိုင်းပညာရှင်ဦးမြင့်မောင်ကျော်နှင့် ဦးမြင့်ဇော်တို့၏ ဓာတ်ပုံလက်ရာနှင့် အနုပညာလက်ရာများကို စုစည်းပြသခြင်းဖြစ်ပြီး ပြပွဲတွင် ဓာတ်ပုံ၊ အနုပညာလက်ရာပေါင်း ၆၀ ကျော် ပြသခဲ့သည်။ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်တော၊ ကျန်းမာရေး၊ မိုးလေဝသနှင့် အော်ဂင်းနစ်စိုက်ပျိုးရေး ပညာရှင်များက ဆွေးနွေးဟောပြောသည့်ဆွေးနွေးပွဲတစ်ရပ်ကိုလည်း အောက်တိုဘာ ၉ ရက်၊ နံနက်ပိုင်းက သမ္ဘတဟိုတယ်တွင် ကျင်းပခဲ့သည်။ ပုံတွင် မြေဆီသြဇာ(သို့မဟုတ်) Art Cry Save Soil ဟု အမည်နာမပေးထားသော အနုပညာပြပွဲတွင် ပြသထားသော ဓာတ်ပုံလက်ရာများကို ကြည့်ရှုနေသူတစ်ဦးကို တွေ့ရစဉ်။ **ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)**

## ဒီရေတောပင်နှင့် ရေချိုပျိုးပင်ရှစ်သိန်း ယူအင်န်ဒီပီ ထောက်ပံ့မည်

**အိဖြူမွန်**

ရန်ကုန်၊ အောက်တိုဘာ-၁

ယခုနှစ်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ဒီရေတောအပင်လေးသိန်းနှင့် ရေချိုပင်လေးသိန်းစုစုပေါင်း အပင် ရှစ်သိန်းအား စိတ်ပါဝင်စားသူများအတွက် ပျိုးပင်ပံ့ပိုးပေးမည်ဖြစ်ကြောင်း UNDP မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးထွန်းပေါ်ဦးက ပြောသည်။

ယင်းအပင်ရေ ရှစ်သိန်းသည် ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်မြို့နယ်တွင် နေထိုင်သည့် စိုက်ပျိုးသူများကိုသာ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ထိုအပြင် ပျိုးဥယျာဉ်နှင့် သီးနှံရောနှောစိုက်ပျိုးသည့် သင်တန်းများနှင့် စွမ်းအားမြင့်မီးဖိုလုပ်နည်းသင်တန်းများ ပေးမည်ဖြစ်ကြောင်း ပျိုးပင်စိုက်ပျိုးမည့်ကျေးရွာသားများကိုလည်း ပျိုးဥယျာဉ်တည်ထောင်စရိတ် ရန်ပုံငွေထုတ်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဒီရေတောအပင်မျိုးစုံနှင့် ရေချိုပင်တွင် ပျဉ်းကတိုး၊ ကုက္ကိုပျဉ်းမ၊ ယူကလစ်နှင့် အခြားအပင်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။ ၎င်းအပင် ရှစ်သိန်းကို ဒီရေတောမျိုးဥယျာဉ် ၁၅ ခုနှင့် ရေချိုပျိုးဥယျာဉ် ၂၉ ခုတွင် အပင်များ ပျိုးထားသည်။ ယင်းမြို့နယ်များတွင် စုစုပေါင်းအပင်ရေ ရှစ်သိန်းအနက်မှ ၉၀ ရာခိုင်နှုန်းကို စိုက်ပျိုးပြီးဖြစ်သည်။

## မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ဒီရေတောဧရိယာများသိသာစွာလျော့နည်းလျက်ရှိ

**အေးမြကျော်**

**ရန်ကုန်၊**

**အောက်တိုဘာ - ၅**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် တည်ရှိသော ဒီရေတောဧရိယာများမှာ သိသာစွာလျော့နည်းလာသဖြင့်အမြန်ထိန်းသိမ်းရန်လိုအပ်ပြီဖြစ်ကြောင်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN)က ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ပေါက်ရောက်သောဒီရေတောမျိုးစိတ်နှစ်မျိုးဖြစ်သည့် Sonneratia Griffithii နှင့် Bruguiera Hainesii တို့နှစ်မျိုးကိုမကြာမီကပင် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်သောမျိုးသုဉ်းပျောက်ကွယ်တော့မည့်မျိုးစိတ်များအတွက် ထုတ်ပြန်သည့်အနီရောင်စာရင်းတွင် ထည့်သွင်းခဲ့ကြသည်။ပထမမျိုးစိတ်သည်အိန္ဒိယနှင့်အရှေ့တောင်အာရှနိုင်ငံများတွင်တွေ့ရပြီးဒုတိယမျိုးစိတ်ကိုမူ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ ထိုင်းနှင့်စင်ကာပူနိုင်ငံများရှိ ရေချို၊ ရေငန်စပ်နေရာများတွင် ပေါက်ရောက်လေ့ရှိကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံတွင် ဒီရေတောများကို ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းရှိ ရေချိုရေငန်စပ်နေရာများတွင် အများဆုံးတွေ့ရှိရသည်။ ဒီရေတောများသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက တံတိုင်းသဖွယ်ကာရံပေးနိုင်ကြောင်း နိုင်ငံတကာဒီရေတောထိန်းသိမ်းရေးပညာရှင်များက ပြောကြားထားသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ဒီရေတောဧရိယာထူထပ်စွာကျန်ရှိသောနေရာများရှိ ကျေးရွာများတွင် နေထိုင်သူများ အသက်ချမ်းသာရာရခဲ့ကြသည်မှာ သာဓကပင်ဖြစ်ကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ဒီရေတောများထိန်းသိမ်းရေးကို သစ်တောဦးစီးဌာနနှင့် ပြည်တွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများက ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိပြီး အဓိကအားဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ မြန်မာနိုင်ငံ၏အကြီးဆုံးဒီရေတောဖြစ်သည့်မိန်းမလှကျွန်းနှင့် ရခိုင်ကမ်းရိုးတန်းတို့တွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။




Tourism

7 DAY NEWS JOURNAL

Vol.9, No.30 · OCTOBER 14, 2010

## ရွှေမြိုင်သူယာဉ်လိုင်းက ရန်ကုန်-မော်လမြိုင် လမ်းကြောင်းကို မုဒုံထိတိုးချဲ့ပြေးဆွဲ

**မေဝင်းမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၅**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်မှ ရွှေမြိုင်သူအဝေးပြေးယာဉ်လိုင်းမှာ ရန်ကုန်-မော်လမြိုင်ပြေးဆွဲပေးရာမှ မုဒုံမြို့အထိပါတိုးချဲ့ ပြေးဆွဲလျက်ရှိသည်ဟု သိရသည်။

ရွှေမြိုင်သူယာဉ်လိုင်းအားပြီးခဲ့သည့် မတ်လ ၁ရက်မှစတင်ဖွင့်လှစ်ကာ ရန်ကုန်-မော်လမြိုင်ခရီးစဉ်ကို ယာဉ် ၁ စီးစီဖြင့်ပြေးဆွဲပေးနေရာမှ ယခုအခါယာဉ် ၃ စီးစီဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

စက်တင်ဘာလဆန်းမှစ၍ ရန်ကုန်-မုဒုံခရီးစဉ်ကို ယာဉ် ၁ စီးဖြင့် တိုးချဲ့ပြေးဆွဲခဲ့သည်။ တော်ဝင်ယာဉ်လိုင်းကလည်း စက်တင်ဘာ ၁၈ ရက်မှစ၍ နေပြည်တော်-မော်လမြိုင်ခရီးစဉ်ကို ဖွင့်လှစ်ပြေးဆွဲခဲ့သည်ဟုသိရသည်။

ရန်ကုန်-မော်လမြိုင် ခရီးစဉ်များနှင့်ဆက်စပ်ပြီး မော်လမြိုင်-နေပြည်တော်ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲခြင်းဖြစ်ကာ မွန်ပြည်နယ် မော်လမြိုင်၊ တနင်္သာရီတိုင်းရေး၊ ထားဝယ်နှင့် ကရင်ပြည်နယ်ဘားအံမြို့ခံများ သွားလာဆက်သွယ်မှုလွယ်ကူစေရန်အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

## ငွေဆောင်ဟိုတယ်များ အောက်တိုဘာ တစ်လလုံး အခန်းငှားရမ်းခများလျှော့ပေး

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၅**

ငွေဆောင်ကမ်းခြေရှိ အဆင့်မြင့်ဟိုတယ်ကြီးအချို့သည် အောက်တိုဘာလတစ်လလုံး ဟိုတယ်အခန်းငှားရမ်းခများအား ဈေးလျှော့ရောင်းချပေးနေကြောင်း သတင်းရရှိသည်။ "အခန်းအားလုံးကို ၁၅ ရာခိုင်နှုန်းဈေးလျှော့ထားပါတယ်" ဟု Sunny Paradise Resort မှ ဈေးကွက်နှင့်အရောင်းမန်နေဂျာဒေါ်စုစုခိုင်က ပြောသည်။

ထို့အပြင် Bay of Bengal Resort ကလည်း အောက်တိုဘာတစ်လလုံးအတွက်အထူးအရောင်းမြှင့်တင်ခြင်းများရှိပြီး အခန်းအားလုံးအား ၁၀ ဒေါ်လာခန့်ဈေးလျှော့ထားကြောင်း အဆိုပါဟိုတယ်မှ ဧည့်ကြိုမန်နေဂျာကပြောသည်။ ယခုရက်မှစ၍ အဆိုပါအဆင့်မြင့်ဟိုတယ်ကြီးများတွင် သီတင်းကျွတ်လပြည့်ရက် ရုံးပိတ်ရက်အတွက် အခန်းမှာယူမှု ၇၅ ရာခိုင်နှုန်းရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။ သီတင်းကျွတ်လပြည့်နေ့မတိုင်မီ ပထမတစ်ရက်အောက်တိုဘာ ၂၂ ရက်မှစ၍ ရန်ကုန်-ပုသိမ်လေယာဉ်ခရီးစဉ်အား အဲပုဂံလေကြောင်းလိုင်းမှ စတင်ပျံသန်းရန်စီစဉ်နေကြောင်းသိရသည်။

အဲပုဂံလေကြောင်းလိုင်းသည် ထိုနေ့မှစ၍ အပတ်စဉ်သောကြာနှင့်တနင်္ဂနွေနေ့များတွင် ပျံသန်းရန်စီစဉ်ထားပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ၂၅,၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ၆၅ ဒေါ်လာသတ်မှတ်ထားကြောင်းသိရသည်။ ပုသိမ်လေဆိပ်မှ ငွေဆောင်ကမ်းခြေသို့ကားဖြင့်ကြိုပို့ပေးပါကပြည်တွင်းခရီးသွားတစ်ဦးလျှင်ကျပ် ၅,၀၀၀ နှင့်နိုင်ငံခြားသားများအတွက် ၇ ဒေါ်လာသတ်မှတ်ထားကြောင်းသိရသည်။

# ကမ္ဘာလှည့် ခရီးသွားများအတွက် ကမ်းခြေခရီး သီးသန့်မဟုတ်တော့သည့် ငပလီ

**မြတ်စုမွန်၊ အိဖြူလွင်**

**ခရီး** သွားရာသီ ပြန်လည်စတင်တော့မည်ဖြစ်ရာ ငပလီကမ်းခြေကို အမှီပြုနေသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဒေသခံများအားလုံးသည်အပန်းဖြေဧည့်သည် အဝင်ကျဲသော မိုးရာသီတစ်လျှောက်လုံးအနားယူခဲ့ကြရာမှ လာမည့်ပွင့်လင်းရာသီအတွက် လုပ်ငန်းလည်ပတ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများနှင့်အတူ ဧည့်အဝင်ကို မျှော်ရမည့်အချိန်လည်း စတင်တော့မည်ဖြစ်သည်။



ဓာတ်ပုံ-www.phoenixvoyages.com

ငပလီကမ်းခြေသည် ခရီးဝေးသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်။ ကုန်ကျစရိတ် ကြီးမားသည်ဟူသော ထင်မြင်ချက်များကြောင့် ပြည်တွင်းခရီးသည်များလာရောက်လည်ပတ်မှု နည်းပါးသော အပန်းဖြေကမ်းခြေတစ်ခုဖြစ်နေပြီး အခြားသောကမ်းခြေများကဲ့သို့ပြည်တွင်းခရီးသွားများကိုမှီခိုအားထားရသည့် အပန်းဖြေကမ်းခြေတစ်ခုမဟုတ်ဘဲ အဓိကအားဖြင့် ကမ္ဘာလှည့်ခရီးသည်နိုင်ငံခြားဧည့်သည် အများဆုံးလာရောက်အပန်းဖြေသော ကမ်းခြေတစ်ခုဖြစ်သည်။

ငပလီကမ်းခြေရှိ ဟိုတယ်များ အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ပြီး ငပလီကမ်းခြေတွင် လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသည့် ဟိုတယ် ၁၂ လုံးရှိသည်။

လာမည့် ပွင့်လင်းရာသီအတွက် ကြိုတင်မှာယူထားမှုအခြေအနေများကို ကြည့်ခြင်းအားဖြင့် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုရောက်ရှိနိုင်ကြောင်း ငပလီကမ်းခြေရှိ အမတဟိုတယ်မှ Room Division Manager ဒေါ်လွင်လွင်ပြုံးကသုံးသပ်သည်။

"မနှစ်ကထက်စာရင် ဒီနှစ်နိုဝင်ဘာနဲ့ဒီဇင်ဘာမှာကြိုတင်ဘွတ်ကင်တွေရှိတယ်။ ဒီနှစ်တော့ မနှစ်ကထက် ဧည့်သည်ပိုများမယ်ထင်တယ်။ မနှစ်က FIT တွေပိုများတယ်။ ဆိုက်ရောက်ဗီဇာပေးမယ်ဆိုရင်ပိုအဆင်ပြေမယ်။ ဧည့်သည်က ၂၀၁၁ ခုနှစ်အထိ ဘွတ်ကင်တွေ လုပ်ဖို့အတွက် ကြိုတင်လာကြည့်ကြဖို့အထိ ရှိတယ်" ဟု ဒေါ်လွင်လွင်ပြုံးက ပြောသည်။

"လာမယ့် အောက်တိုဘာ ၁ ရက်မှာ ဖွင့်ဖို့အတွက် ပြင်ဆင်နေပြီ။ ဒီနှစ်က မိုးနောက်ကျတော့ လုပ်ရကိုင်ရတာ နည်းနည်းခက်တယ်"ဟု ၎င်းကဆက်ပြောသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်က ငပလီကို လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များအတွက် ပင်လယ်ထဲသို့ ရေဆင်းကူးမည်။ ပြန်တက်လာလျှင် စားသောက်စရာများကို စားသောက်ကြမည်။ကျန်သည့်အချိန်များတွင် နေပူလှုန်းမည် သို့မဟုတ် စာဖတ်နေမည်စသည့် ရိုးစင်းသော အပန်းဖြေနည်းများကိုသာ ရရှိနိုင်ခဲ့ကြရာမှ ယနေ့ငပလီသည်ကမ္ဘာလှည့်ခရီးသည်များအား အနီးပတ်ဝန်းကျင်ရှိ သဘာဝဆန်သော ရှုခင်းကြည့်ကွက်များပြကာ ပုံမှန်ထက် စိတ်လှုပ်ရှားဖွယ်ကောင်းသော ဝန်ဆောင်မှုများနှင့်ပါ ဆွဲဆောင်လာနိုင်သည့် ကမ်းခြေတစ်ခုဖြစ်လျက်ရှိသည်ကိုတွေ့ရသည်။

ပင်လယ်တွင်းရှိ သဘာဝအတိုင်း ရှိနေသေးသော ကျွန်းများသို့ ရေအောက်အလှကြည့်ခရီးစဉ်များ၊ ရခိုင်ရိုးမအစပ်ရှိ သစ်ထုတ်လုပ်ရေးစခန်းများမှ သစ်ဆွဲဆင်များအား သဘာဝအတိုင်းကြည့်ရှုနိုင်မည့် ခရီးစဉ်များ၊ ကမ်းခြေအနီးရှိ သဘာဝအတိုင်း ကျန်နေသေးသော သစ်တောအလှအပများ စသည်တို့သည် ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များအတွက် ပိုမိုဆွဲဆောင်လာနိုင်ရန် ပြုလုပ်လာကြသည့်ဝန်ဆောင်မှုများဖြစ်လာသည်ကိုလည်း တွေ့ရသည်။

"Boat Trip က ဧည့်သည်တွေအတွက် ဆွဲဆောင်မှုအရှိဆုံးဖြစ်လာတယ်။ ပြီးတော့ ဆင်ကြည့်ခရီးစဉ်ကို လိုက်ပို့တဲ့အခါ ဥရောပသားတွေက အင်အားကြီးမားတဲ့ဆင်တွေကို လူတွေကအလုပ်ခွင်ထဲမှာ ခိုင်းနေတာတွေ အံ့ဩပြီး စိတ်ဝင်စားတယ်။ ဆင်တွေက အလုပ်ခွင်ထဲမှာ အလုပ်တွေလုပ်နေတာကိုမမြင်ဖူးလို့ကြည့်ချင်ကြတယ်။ ရခိုင်ရိုးမအစပ်နားကသစ်ထုတ်လုပ်ရေးစခန်းတွေကို ဆင်ကြည့် ခရီးစဉ်လိုက်ပို့ရတယ်။ များသောအားဖြင့် ဂျာမန်တွေနဲ့ ဩစတြေးလျလူမျိုးတွေ ပိုစိတ်ဝင်စားကြတယ်။ အခုနောက်ပိုင်း ရုရှားတွေလည်း သွားကြတယ်" ဟု ကမ်းခြေဟိုတယ်ဇုန်ရှိ ဟိုတယ်များနှင့် ချိတ်ဆက်ကာ ကမ္ဘာလှည့်ခရီးသည်များအတွက် သဘာဝရှုခင်းများနှင့် ဝန်ဆောင်မှုပေးလျက်ရှိသည့် ဧည့်ဆွဲလှေငယ်များအသင်း (ငပလီကမ်းခြေ)မှ ဒေသခံတစ်ဦးကပြောသည်။

စာ(၃၆) သို့



7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

The Cartoon Logo















7DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

# အင်ဒိုတွင် ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူ ဂ၆ ဦးရှိလာ

**ဝါဆီရာ(အင်ဒိုနီးရှား)၊ အောက်တိုဘာ - ၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူအာပြည်နယ်၏ အရှေ့တောင်ပိုင်းတွင်ရှိသော ပင်လယ်ကမ်းခြေမြို့ငယ်လေးဖြစ်သည့် ဝါဆီရာတွင် မိုးများရွာသွန်းပြီးရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၆၈ ဦးခန့် သေဆုံးပြီး လူပေါင်းတစ်ဒါဇင်ကျော်ခန့် ပျောက်ဆုံးနေကြောင်းသိရသည်။ အေအက်ဖ်ပီသတင်း၏အဆိုအရ အဆိုပါမြို့တွင် တနင်္ဂနွေနေ့က ရေကြီးခြင်း၊ ကျောက်ဆောင်နှင့် မြေပြိုကျခြင်းများကြောင့် လူနေအိမ်ရာပေါင်းများစွာပျက်စီးခဲ့ရကြောင်းဆိုသည်။ ပါပူအာပြည်နယ်ရှိ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအာဏာပိုင် မိုချမ်မတ်အရီပင်ကလည်း ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူ ၈၆ ဦးနှင့်ဒဏ်ရာရသူ ၈၁ ဦးရှိကြောင်း အတည်ပြုပြောကြားသည်။

ကျွမ်းကျင်သူများက ယင်းကဲ့သို့သဘာဝဘေးများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် ပုံမှန်ဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ အင်ဒိုနီးရှား၏ ရာသီဥတုဗေဒအေဂျင်စီကလည်း အရှေ့တောင်အာရှ၏ဒေသအများစုသည် ယခုနှစ်အတွင်း အစွန်းရောက်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေကြီးမှုများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများ၊ လေတိုက်ခတ်မှုများ၊ လှိုင်းကြီးခြင်းများ စသည့်ရာသီဥတုဖောက်ပြန်မှုများကြုံတွေ့နိုင်ကြောင်း သတိပေးထားသည်။

*—Ref: AFP*






# ဗုံးပေါက်ကွဲမှုအတွက် ရှပ်နီများကို ထိုင်းအစိုးရ အပြစ်ဖို့

**ဘန်ကောက်၊ အောက်တိုဘာ - ၆**

မကြာသေးမီက ဘန်ကောက်မြို့အနီး တိုက်ခန်းတွဲတစ်ခုတွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုသည် ထိုင်းအစိုးရကိုဆန့်ကျင်နေသည့် ရှပ်နီအတိုက်အခံများနှင့် ဆက်နွယ်နေကြောင်း ထိုင်းအစိုးရက အပြစ်တင်လိုက်သည်။ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးကာ ကိုးဦးခန့် ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများကဆိုသည်။ ဗုံးကွဲမှုနှင့်ပတ်သက်၍ ထိုင်းကာကွယ်ရေးဝန်ကြီး ပရာဝစ်ဝေါင်ဆူဝန်ကလည်း "ဒါဟာ ရှပ်နီတွေနဲ့ ဗုံးခွဲသူတွေဆက်နွယ်နေတာရှင်းပါတယ်" ဟုဆိုသည်။

ဆက်လက်၍ ၎င်းက အခြားနေရာများတွင်လည်း ဗုံးများရှိနေနိုင်သေးကြောင်း ပြောသည်။ ဘန်ကောက်မြို့တော်မြောက်ဘက် နန်သာဘူရီပြည်နယ်မှ အဆိုပါငါးထပ်တိုက်တွင် ဒုတိယထပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုင်းရဲချုပ်ဝစ်ချီယန်ပေ့ါပိုစရီကလည်း အဆိုပါဗုံးပေါက်ကွဲမှုသည် တီအဲန်တီယမ်းအား ၁၀ ကီလို (၂၂ ပေါင်) ကို ဖောက်ခွဲသည်နှင့် ညီမျှကြောင်းဆိုသည်။ ယခုဗုံးပေါက်ကွဲမှုသည် ထိုင်းအစိုးရက နန်သာဘူရီနှင့်အခြားပြည်နယ်သုံးခုတွင် အရေးပေါ်အခြေအနေကို နောက်ထပ်သုံးလခန့်ကြာအောင် ဆက်လက်ထားရှိမည်ဟု ထုတ်ပြန်ပြီးနာရီပိုင်းအတွင်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

*—Ref: CNA*

# ၂၀၀၉ အတွင်း မဟာမဲခေါင်ဒေသ၌ အပင်နှင့် သက်ရှိမျိုးစိတ်သစ် ၁၄၅ မျိုး ထပ်မံတွေ့ရှိ

**ဖနွမ်းပင်၊ အောက်တိုဘာ - ၆**

ပြီးခဲ့သည့်နှစ်အတွင်း မဟာမဲခေါင်ဒေသ၌ အပင်နှင့် သက်ရှိမျိုးစိတ်သစ်ပေါင်း ၁၄၅ မျိုးထပ်မံတွေ့ရှိခဲ့ကြောင်း ကမ္ဘာ့တောရိုင်းတိရိစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့ WWF ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ဟုကမ္ဘာဒီးယားဒေးလီးလ်သတင်းစာက ဖော်ပြလိုက်သည်။ အဆိုပါသက်ရှိမျိုးစိတ်သစ်များတွင် သွေးစုတ်ဖုတ်ကောင်၏ အစွယ်မျိုးရှိသောငါး၊ ခရစ်ကတ်ရိုက်သကဲ့သို့ အသံမြည်တတ်သော ဖားတို့လည်းပါဝင်ကြသည်။ အဆိုပါမျိုးစိတ်သစ်များအနက်မှ သုံးမျိုးကို ကမ္ဘောဒီးယားနိုင်ငံတွင် တွေ့ရှိခြင်းဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင် ၅၈ မျိုး တွေ့ရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားတွင် တွေ့ရှိရသည့်သက်ရှိမျိုးစိတ်သုံးမျိုးစလုံးမှာသစ်ပင်များ ဖြစ်ပြီး၊ ခရစ်ကတ်ရိုက်သကဲ့သို့ အသံမြည်သော ဖားမျိုးစိတ်သစ်ကိုမူ ဗီယက်နမ်ရှိ ကွမ်နန်ပြည်နယ်တွင် တွေ့ရခြင်းဖြစ်သည်။ အရွယ်အကြီးဆုံးအနေဖြင့် ၁၇ မီလီမီတာအထိသာ ကြီးထွားနိုင်သော အစွယ်ပါသည့်ငါးမျိုးစိတ်သစ်ကိုမူ မြန်မာနိုင်ငံရှိ စမ်းချောင်းတစ်ခုမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ WWF ၏အဆိုအရ မဟာမဲခေါင်ဒေသတွင်း သက်ရှိသတ္တဝါနှင့် အပင်မျိုးစိတ်သစ်ပေါင်း ၁,၂၃၁ မျိုးကို ၁၉၉၇ မှ ၂၀၀၈ ခုနှစ် ဆယ်နှစ်ကျော်ကာလအတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။ မဟာမဲခေါင်ဒေသသည် မဲခေါင်မြစ်ဖြတ်သန်းစီးဆင်းရာ မြန်မာမှ တရုတ်တောင်ပိုင်း ယူနန်ပြည်နယ်၊ ထိုမှ ဗီယက်နမ်အထိ ကျယ်ပြန့်သော ဒေသတစ်ခုဖြစ်သည်။

*—Ref: Xinhua*

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010



## နောက်ကျောဖုံး - အာရှလုံခြုံရေး အစပြုမည့်အစီအစဉ် တရုတ်ထောက်ခံ မှ

ရေကြောင်းလုံခြုံရေးအစီအစဉ်သည် ပူးပေါင်းဆောင်ရွက်ရေးပြုလုပ်ရမည့် နယ်ပယ်တစ်ခု၏ မူကြမ်းအစီရင်ခံစာကို ကိုးကား၍ ဂျပန်မီဒီယာများက ဖော်ပြခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းသော ဒေသဖြစ်ပေါ်ရေးမှာ တရုတ်နိုင်ငံ၏ ရည်မှန်းချက်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံကလည်း ဒေသတွင်း ငြိမ်းချမ်းမှုရှိရေးအတွက် မည်သို့လုပ်ဆောင်မည်ကို အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးရန် စိတ်အားထက်သန်ကြောင်း တရုတ်လက်နက်ထိန်းချုပ်ရေးနှင့် ဖျက်သိမ်းရေးအစည်းအရုံး ဒါရိုက်တာ မာဇန်ဂန်းက ပြောကြားသည်။

တရုတ်စစ်ဘက်သည် ဗီယက်နမ်စစ်ဘက်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး နှစ်ဦးနှစ်ဖက် ယုံကြည်မှုနက်ရှိုင်းရေးအတွက် အလိုရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအား ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် ဘုံအကျိုးစီးပွားကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးအား စကားလုံးစစ်ပွဲမဖြစ်စေရန် ရှောင်ရှားသွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဒုတိယကာကွယ်ရေးဝန်ကြီး ငုရင်ချီပင်းက ပြောကြားသည်။

တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့သည် တောင်တရုတ်ပင်လယ် ဧရိယာအချို့ကို သူပိုင်သည်၊ ငါပိုင်သည် အပြိုင်အဆိုင် ပြောဆိုမှုများရှိနေသည်။

—*Ref: China Daily*

## ကမ္ဘာ့ရာသီဥတုဆွေးနွေးပွဲ တိုးတက်မှု မရှိသလောက်ဟု ဘိုလီးဗီးယား ပြောကြား



**တီယန်ကျန်း၊ အောက်တိုဘာ - ၆**

ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးအတွက် သဘောတူညီချက်တစ်ရပ်ရရှိရေး တရုတ်နိုင်ငံတွင် ပြုလုပ်နေသော ကုလသမဂ္ဂဆွေးနွေးပွဲများမှာ တိုးတက်မှုမရှိသလောက်ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးသို့ တက်ရောက်နေသော ဘိုလီးဗီးယားနိုင်ငံအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ကိုယ်စားလှယ်တော်များသည် ဆွေးနွေးမှု စာရွက်စာတမ်းတွင် ပါဝင်သော အကြောင်းအရာများကို ဆွေးနွေးရမည့်အစား အဆိုပြုချက်အသစ်များကို တင်ပြနေကြကြောင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရေး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်များအပေါ်တွင်လည်း အရေးယူမှုမရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ ဘိုလီးဗီးယား သံအမတ်ကြီး ပါဘလိုဆိုလွန်က ပြောကြားသည်။

တရုတ်နိုင်ငံ တီယန်ကျန်းမြို့တွင်ပြုလုပ်သော အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၇၇ နိုင်ငံမှ အရာရှိများ တက်ရောက်နေကြသည်။ တိုကျိုသဘောတူညီချက် (၂၀၁၂) ခုနှစ်တွင် သက်တမ်းကုန်ဆုံးပါက ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချရေး နောက်ထပ်သဘောတူညီချက်တစ်ရပ်ရရှိနိုင်ရန်ဆွေးနွေးနေကြခြင်းဖြစ်သည်။ ယမန်နှစ်က ကိုပင်ဟေဂင်တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများမှာလည်းကျဆုံးခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးပစ်မှတ်များလည်း မချမှတ်နိုင်ခဲ့ပေ။

ကာဗွန်ထုတ်လွှတ်မှု များများစားစားလျှော့ချရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက ကတိကဝတ်မပေးနိုင်ပါက ဆွေးနွေးပွဲမှာ တိုးတက်မှုရှိမည် မဟုတ်ကြောင်း ဘိုလီးဗီးယား ကိုယ်စားလှယ်က ပြောကြားသည်။—*Ref: Reuters*



**Leader's Profile**

# ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အကြီးအကဲ မစ္စခရစ်တီးနား ဖစ်ဂူရက်စ်

ရဲမင်း

မစ္စကာရင်ခရစ်တီးနား ဖစ်ဂူရက်စ်အိုလ်ဆန်သည် ၂၀၁၀ ပြည့်နှစ် မေလ ၁၇ ရက်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်ချမှတ်ရေး နှီးနှောဖလှယ်မှုအဖွဲ့ UNFCCC ၏ အမှုဆောင်အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ယင်းအဖွဲ့အကြီးအကဲအဖြစ် မစ္စတာယိုဒီဘိုးဝါး၏နေရာကို ဆက်ခံခြင်းဖြစ်သည်။ မစ္စခရစ်တီးနားသည် ၁၉၉၅ ခုနှစ်မှစ၍ ကော့စတာရီကာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွင် ပါဝင်ခဲ့ပြီး UNFCCC ၏ဆွေးနွေးညှိနှိုင်းမှုများအပြင် ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်တွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

မစ္စခရစ်တီးနားသည် အရေးပါသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တန်ဆာပလာများ ပုံဖော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် လက်တင်အမေရိကအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး အဓိကလှုံ့ဆော်ခဲ့သူဖြစ်သည်။ မကြာခဏဆိုသလို အများပြည်သူသို့မိန့်ခွန်းပြောကြားသူဖြစ်သလို စာရေးဆရာမတစ်ဦးလည်းဖြစ်သည်။ မစ္စခရစ်တီးနားသည် ၂၀၀၁ ခုနှစ်တွင် 'ကမ္ဘာမြေ၏ သူရဲကောင်း'ဘွဲ့ကို ချီးမြှင့်ခံရသူဖြစ်သည်။

မစ္စခရစ်တီးနားအား ၁၉၅၆ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ကော်စတာရီကာနိုင်ငံ ဆန်ဂျို့စ်မြို့၌ ပြည်သူ့ဝန်ထမ်းမိသားစုမှ မွေးဖွားခဲ့သည်။ ၎င်း၏ဖခင် ဟိုဆေး ဖစ်ဂူရက်စ်ဖာရာသည် ကော့်စတာရီကာနိုင်ငံ၏ သမ္မတတာဝန်ကို ၃ ကြိမ်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ကော့်စတာရီကာနိုင်ငံ၏ တော်လှန်ရေးကိုဦးဆောင်ခဲ့သူဖြစ်ပြီး ကော့စတာရီကာနိုင်ငံအား ခေတ်သစ်ဒီမိုကရေစီနိုင်ငံဖြစ်အောင် တည်ထောင်ခဲ့သူအဖြစ် လူသိများသည်။ မစ္စခရစ်တီးနား၏မိခင် မစ္စကာရင်အိုလ်ဆန်ဘက်သည်လည်း သူ့နည်းသူ့ဟန်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ၁၉၉၀ မှ ၁၉၉၄ ခုနှစ်အထိ အစ္စရေးနိုင်ငံဆိုင်ရာ ကော့စတာရီကာနိုင်ငံ သံအမတ်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ငယ်စဉ်က တောင်သူလယ်သမားအသိုင်းအဝိုင်းတွင်ကြီးပြင်းခဲ့သော မစ္စခရစ်တီးနားသည် ကော့စတာရီကာနိုင်ငံမြို့တော်မှ အထက်တန်းကျောင်း အောင်မြင်ခဲ့ပြီး A Level ကို အင်္ဂလန်နိုင်ငံတွင်သင်ယူခဲ့သည်။ ယင်းနောက် အမေရိကန်နိုင်ငံ၊ ပင်ဆယ်ဗေးနီးယားပြည်နယ် Swarthmore College တက်ရောက်ခဲ့သော မစ္စခရစ်တီးနားသည် ၁၉၇၉ ခုနှစ်တွင် မနုဿဗေဒဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ မစ္စခရစ်တီးနားသည် ၁၉၈၁ ခုနှစ်တွင် လန်ဒန်စီးပွားရေးပညာကျောင်းမှ လူမှုရေးဆိုင်ရာ မနုဿဗေဒဘာသာရပ်ဖြင့် မာစတာဘွဲ့ရရှိခဲ့သည်။

မစ္စခရစ်တီးနားဖစ်ဂူရက်စ်သည် ၎င်း၏ ပြည်သူ့ဝန်ထမ်းဘဝကို ဂျာမနီနိုင်ငံဆိုင်ရာ ကော့စတာရီကာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ ပြောင်မြောက်သောစွမ်းဆောင်မှုအတွက် ဂျာမနီအစိုးရ၏ Great Cross for the Honor of Merit ဆု ချီးမြှင့်ခံရသည်။ ၁၉၈၇ ခုနှစ်တွင် ကော့စတာရီကာနိုင်ငံ စီမံကိန်းဝန်ကြီးဌာနတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဒါရိုက်တာဖြစ် တာဝန်ထမ်းဆောင်သည်။ မစ္စခရစ်တီးနားသည် ၁၉၉၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဂျော့တောင်းတက္ကသိုလ်သို့တက်ရောက်ခဲ့သည်။ ၁၉၉၃ ခု နှစ်တွင် ဂက်စတော့အင်စတီကျုဒ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

မစ္စခရစ်တီးနားဖစ်ဂူရက်စ်သည် ၁၉၉၅ ခုနှစ်တွင် အမေရိကတိုက် ရေရှည်ထိန်းသိမ်းနိုင်သော ဖွံ့ဖြိုးရေးစင်တာကို တည်ထောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှာပင် စတင်၍ ကုလသမဂ္ဂဆိုင်ရာ ရာသီဥတုဆွေးနွေးပွဲများတွင် ကော့စတာရီကာနိုင်ငံအား ကိုယ်စားပြုသည့်အဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထောက်ခံမှုရရှိရေး နိုင်ငံတကာမဟာဗျူဟာတစ်ရပ်ကို မစ္စခရစ်တီးနားက ဖော်ထုတ်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် National Geographic Magazine ၏ 'ကမ္ဘာမြေ၏ သူရဲကောင်း' ဆု ချီးမြှင့်ခံရသူ မစ္စခရစ်တီးနားသည် အလွန်ကျွမ်းကျင်လိမ္မာသော ညှိနှိုင်းဆွေးနွေးသူတစ်ဦးဖြစ်ပြီး အငြင်းပွားဖွယ်ရာဆွေးနွေးညှိနှိုင်းမှု အများအပြားတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ မစ္စခရစ်တီးနားဖစ်ဂူရက်စ်သည် 'သန့်ရှင်းသော ဖွံ့ဖြိုးတိုးတက်မှုယန္တရား(CDM)' အယူအဆကို စတင်ဖော်ထုတ်ခဲ့ပြီး ယင်းအကြောင်းအရာနှင့်ပတ်သက်၍လည်း ရေးသားထုတ်ဝေမှုအများအပြားပြုလုပ်ခဲ့သည်။ ၂၀၀၈-၂၀၀၉ တွင် UNFCCC ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော မစ္စခရစ်တီးနား ဖစ်ဂူရက်စ်သည် ၂၀၁၀ ခုနှစ် မေလတွင် UNFCCC ၏အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စခရစ်တီးနားဖစ်ဂူရက်စ်သည် အိမ်ထောင်ရှင်မတစ်ဦးဖြစ်ပြီး ခင်ပွန်းသည် ကွန်းရက်ဗွန်ရစ်တာနှင့်အတူ သမီးနှစ်ယောက်ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

## ဟောင်ကောင်တရားရုံးချုပ်က လိင်တူချင်းထိမ်းမြားမှု အယူခံကိုပယ်ချ



**ဟောင်ကောင်၊ အောက်တိုဘာ - ၅**

ဟောင်ကောင်၏အမြင့်ဆုံးဟိုက်ကုတ်တရားရုံးသည် လိင်တူချင်းလက်ထပ်ခွင့်ပေးရန်လျှောက်ထားသည့် စုံတွဲတစ်တွဲ၏ အယူခံကို ပယ်ချလိုက်ကြောင်းသိရသည်။ အဆိုပါစုံတွဲသည် ယမန်နှစ်က မြို့တော်ရှိလက်ထပ်ထိမ်းမြားရေး မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့သော်လည်း ရုံးကပယ်ချခဲ့၍ အမြင့်ဆုံးဟိုက်ကုတ် တရားရုံးအထိ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။ ဟိုက်ကုတ်တရားသူကြီး အင်ဒရူးချောင်က၎င်း၏ စီရင်ချက်နှင့်ပတ်သက်၍ လက်ရှိဟောင်ကောင် ဥပဒေတွင်မွေးဖွားပြီးနောက် လိင်ပြောင်းလဲထားသောလူများ၏ လက်ထပ်ခြင်းနှင့်ပတ်သက်၍ အားလုံးလက်ခံနိုင်သည့် သဘောတူညီမှုအထောက်အထားမရှိကြောင်း ပြောကြားခဲ့သည်။

သို့သော် တရားသူကြီးက ၎င်းသည် လိင်ပြောင်းလဲထားသူများ၏ အခွင့်အရေးကို ဖိနှိပ်ခြင်းမဟုတ်ကြောင်း၊ ဥပဒေတွင် ယင်းကိစ္စများကိုလက်ခံနိုင်သည့် အခြေခံအပြောင်းအလဲများမရှိသေး၍သာဖြစ်ကြောင်း ဆိုထားသည်။ ဆက်လက်၍ ၎င်းက ဟောင်ကောင်အစိုးရကိုလည်း ကျား၊ မလိင်ကွဲပြားမှုဆိုင်ရာကိစ္စများ ဥပဒေပြဋ္ဌာန်းနိုင်ရန် ကျွမ်းကျင်သူများထံမှ အကြံဉာဏ်များရယူသင့်ကြောင်း တိုက်တွန်းထားသည်။ လိင်တူလက်ထပ်မည့်စုံတွဲ၏ရှေ့နေကမူ ၎င်း၏အမှုသည်များအတွက် အခွင့်အရေးများရရှိရန် ဆက်လက်လုပ်ဆောင်သွားမည်ဟုဆိုထားသည်။

—*Ref: Xinhua*

7 DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010



“

uReawmwu awqaq;aE;rvyz tNry jyiqicwmyg

# အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြည်တွင်းမှာလည်း အတိုက်အခံတို့ရဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်နေရသလို ပြည်ပမှာလည်း အီရန်နျူအစီအစဉ်ကြောင့် ပိတ်ဆို့မှုအသစ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အီရန်ဟာ ယခုဆိုရင် ဒီနွေရာသီမှာ ချမှတ်ခဲ့တဲ့ ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုအသစ်တွေကြောင့် အစိုးရရဲ့ အရန်ငွေကြေးပမာဏကနေ ဒေါ်လာဘီလီယံ ၁၀၀ လောက်ဖြတ်တောက်ဖို့အထိ လိုအပ်လာနေပါပြီ။ ဒါဟာလည်း အီရန်ကို ၎င်းရဲ့နျူအစီအစဉ်ကနေ နောက်ပြန်ဆုတ်ရေးအတွက် ပြင်းထန်ထိရောက်တဲ့ထိုးနှက်ချက်တစ်ခုပါပဲ။ သမ္မတအာမက်ဒီနီဂျက်ဟာ ပြီးခဲ့တဲ့ရက်များက ကုလအထွေထွေညီလာခံတက်ဖို့ နယူးယောက်ကို ရောက်လာခဲ့ပြီး အမေရိကန်မီဒီယာတော်တော်များများနဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။ ယခုဖော်ပြမယ့် အင်တာဗျူးကတော့ အဲဒီလို အမေရိကန်မီဒီယာတွေထဲက တစ်ခုဖြစ်တဲ့ နယူးစ်ဝိခ်မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ပြောကြားဖြစ်ခဲ့တာတွေဖြစ်ပါတယ်။

**မြောက်ကိုရီးယားလိုမျိုး နျူလက်နက်နဲ့ လောင်စာဆီလဲလှယ်ရေး အပေးအယူကို ပြန်လုပ်ဖို့ သမ္မတကြီးဟာ အဆင်သင့်ဖြစ်နေပါပြီလား။**

ကျွန်တော်တို့က တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ အမြဲပဲပြင်ဆင်ခဲ့တာပါ။ အခြားနိုင်ငံတစ်ခု၊ အဖွဲ့တစ်ခုခုနဲ့ ဆွေးနွေးနိုင်ဖို့ဆိုတာ သူတို့ရဲ့အနေအထားတွေက ဘယ်လိုလဲဆိုတာ ရှင်းလင်းအောင်လုပ်ရပါမယ်။ အဲဒါဟာ မိတ်ဆွေဆက်ဆံရေးကို ပိုတိုးတက်စေဖို့လား၊ နားလည်မှုတွေ ရစေဖို့လား၊ သို့မဟုတ် အမုန်းတရားတွေပိုပွားစေဖို့လားဆိုတာ ရှင်းလင်းအောင်လုပ်ရပါမယ်။ ဒီလိုပဲ သူတို့ အမေရိကန်နဲ့ အနောက်အုပ်စုဟာဇီယွန်ဝါဒီ တိုင်းပြည် အစ္စရေးကတော့နျူဗုံးတွေ ပိုင်ထားတာနဲ့ ပတ်သက်လို့ ထောက်ခံမလား၊ ဆန့်ကျင်မလားဆိုတဲ့ သူတို့ရဲ့ အနေအထားတွေကိုလည်း ရှင်းရှင်းလင်းလင်းကြေညာရပါမယ်။ သူတို့ပေးတဲ့ တုံ့ပြန်မှုကပဲ ဖြစ်ပေါ်လာတဲ့ဆွေးနွေးပွဲတွေက ဘယ်လိုပုံစံလဲဆိုတာ အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ တွေ့ဆုံဆွေးနွေးမှုတွေကို အရေးထားပါတယ်။ ဒါပေမဲ့ ဆွေးနွေးမှုတွေက ဘယ်လိုပုံစံဆိုတာ အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ဆွေးနွေးပွဲတွေ ဖြစ်လာတဲ့ပုံစံဟာ ကျွန်တော်တို့စကားပြောနေတာ ရန်သူလား၊ မိတ်ဆွေလားဆိုတဲ့ အပေါ်မူတည်ပြီး ကွာခြားသွားမယ်ဆိုတာ ရှင်းနေပါတယ်။

**အစ္စရေးဟာလည်း အခုဆိုရင် စိုးရိမ်ပူပန်မှုတွေ တိုးလာနေပါတယ်။ တကယ်လို့ သူတို့က သမ္မတကြီးတို့ရဲ့ နျူလက်နက် စက်ရုံတွေကို ဗုံးကြဲတိုက်ခိုက်လာမယ်ဆိုရင် အီရန်အစိုးရက ဘယ်လိုတုံ့ပြန်မှာပါလဲ။**

ဒါဟာ စိုးရိမ်မှုတစ်ခုဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒါက သူတို့ ကျွန်တော်တို့ကို တိုက်နိုင်တယ်လို့ဆိုတာလား။ ဒီလိုလုပ်နိုင်စွမ်းရော သူတို့မှာ ရှိလို့လား။ ခင်ဗျားကို အီရန်ကို လာလည်ဖို့ ကျွန်တော်ဖိတ်ခေါ်ချင်ပါတယ်။ အီရန်ဟာ အလွန်ကြီးမားကျယ်ပြန့်တဲ့ တိုင်းပြည်တစ်ခုဆိုတာ ခင်ဗျားကိုယ်တိုင်မြင်ရမှာပဲ။ ကျွန်တော်တို့နိုင်ငံက သူတို့စိတ်ကူးကြည့်နိုင်စွမ်းထက်တောင်ပိုပြီးကြီးမားကျယ်ပြန့်တယ်။ ဒီတော့ အဲဒီလို ကျွန်တော်တို့ကို တိုက်မယ်ဆိုတဲ့ ကိစ္စမျိုးက မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ဒီကိစ္စကို ကျွန်တော်တို့ ချမှတ်တဲ့ဆုံးဖြတ်ချက်တွေထဲမှာတောင်မှ ထည့်သွင်းတွက်ချက်ခြင်း မရှိပါဘူး။

**အီရန်အပေါ် နောက်ဆုံးချမှတ်လိုက်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေရဲ့အကျိုးသက်ရောက်မှုက ဘယ်လိုရှိနေပါသလဲ။**

ပိတ်ဆို့မှုတွေက အီရန်စီးပွားရေးအပေါ် အကျိုးမသက်ရောက်ပါဘူး။ အမှန်ကတော့ အဲဒါတွေဟာ အနုတ်လက္ခဏာသဘောဆောင်တဲ့ သက်ရောက်မှုတွေမရှိပါဘူး။ တကယ်ရှိတာက အပေါင်းလက္ခဏာဆောင်တဲ့ တိုးတက်တဲ့ သက်ရောက်မှုတွေပါ။ ဒီပိတ်ဆို့မှုတွေက ကျွန်တော်တို့ကိုယ်ပိုင်ပြည်တွင်း စက်မှုလုပ်ငန်းတွေကို ပိုပြီး စီးပွားရေးတိုးတက်အောင် တွန်းအားပေးတာ၊ အခွင့်အလမ်းအသစ်တွေ ပေါ်လာစေတာကိုပဲ ဖန်တီးပေးပါတယ်။

**တီဟီရန်ရဲ့ အစိုးရရှေ့နေချုပ်ကလည်း သမ္မတကြီးရဲ့ အစိုးရကို ဝေဖန်နေတဲ့ အီရန်အတိုက်အခံခေါင်းဆောင်မီရာဟိုစိန်မူဆာဗီနဲ့ မာဒီကာရူဘီတို့ကို ဖမ်းတော့မယ်လို့ ပြီးခဲ့တဲ့အပတ်က ပြောခဲ့တယ်နော်။**

ကျွန်တော်တော့ သတိမထားမိပါဘူး။ တရားရေးဆုံးဖြတ်ချက်ကဘယ်လိုဆိုတာ မကြာခင်မြင်ရမှာပါ။ သူတို့က ပြဿနာဖြစ်စေမယ်ဆိုတဲ့ ပုဂ္ဂိုလ်ရေးအရ အမြင်မျိုးကျွန်တော် မတွေးမိပါဘူး။ သူတို့ကို ပြဿနာဖြစ်စေမယ့် ဘယ်လိုကိစ္စမျိုးမှာမဆို ကျွန်တော် မပါဝင်ပါဘူး။

**ဒါဆို သမ္မတကြီးက သူတို့ကို ရာဇဝတ်မှုတစ်မျိုးမျိုးနဲ့ တရားစွဲသင့်တယ်ဆိုတာ မယုံကြည်ဘူးပေါ့။**

ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ကျွန်တော့်ဘက်က သဘောထားအမြင်ဘာမှ မရှိပါဘူး။ အီရန်မှာ လူတိုင်းမှာ ဥပဒေအရှေ့မှာသာတူညီမျှပဲ ဖြစ်တယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးဟာလည်း အခြားအီရန်လူမျိုးအားလုံးလိုပဲ ဥပဒေအရှေ့မှာ အခွင့်အရေး ညီတူညီမျှရကြမှာပါ။ အမှန်တကယ် ဖြစ်နေတာက ဘာဆိုတာထက် စာနယ်ဇင်းတွေမှာ ကပိုချဲ့ကားရေးနေကြတာတွေကိုလည်းခင်ဗျားတို့ဖတ်ခွင့်ကြုံနေတာပဲမဟုတ်လား။

**ဒါပေမဲ့ သမ္မတကြီးက ခုနကပြောတဲ့အတိုင်း လူတိုင်းသာတူညီမျှအခွင့်အရေးရှိတယ်ဆိုထားပေမယ့် ဘာ့ကြောင့် သမ္မတကြီးတို့အစိုးရရဲ့ပေါ်လစီတွေကို ဝေဖန်တဲ့သတင်းစာတွေဟာ အပိတ်ခံနေတာလဲ။**

ဘယ်သတင်းစာမှ အစိုးရကို ဝေဖန်လို့ဆိုပြီး ပိတ်ပစ်တာမျိုးမရှိပါဘူး။ အီရန်မှာ ဒီကိစ္စတွေကို ကိုင်တွယ်တဲ့ တရားရေးစနစ်ရှိပါတယ်။ ကျွန်တော်တို့ တရားရေးစနစ်က လွတ်လပ်ပြီး ဒီကိစ္စတွေကိုသူ့ဘာသာ ကိုင်တွယ်တာပါ။ ဒါ့ကြောင့် ပြောရရင်တော့ လူတိုင်း၊ အဖွဲ့အစည်းတိုင်းဟာ ဥပဒေအရှေ့မှာ သာတူညီမျှအခွင့်အရေး ရှိပါတယ်။

**ဒီလိုဆိုရင် အီရန်ရဲ့ အဓိကသတင်းစာကြီးတွေဖြစ်တဲ့ Etemad Melli, Etemad နဲ့ Hayate No တို့လို သတင်းစာကြီးတွေ၊ အခြားသော သုံးဒါဇင်ပမာဏလောက်ရှိတဲ့ အတိုက်အခံတွေရဲ့ ပုံနှိပ်ထုတ်ဝေမှုတွေဟာ ပြီးခဲ့တဲ့နှစ်က ဘာ့ကြောင့် ပိတ်ပင်ခံခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေကိုရော သမ္မတကြီးသိရှိထားပါသလား။**

ဒီကိစ္စတွေရဲ့ အသေးစိတ်ကိုကျွန်တော်မသိပါဘူး။


**တတိယအကြိမ် သမ္မတအဖြစ် ရွေးကောက်ခံနိုင်ဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်ပြင်ဖို့သမ္မတကြီး စဉ်းစားနေမိပါသလား။**

ဟင့်အင်း။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်နဲ့ အခြေခံဥပဒေကိုပြောင်းပစ်ဖို့ မရပါဘူး။ အခြေခံဥပဒေဟာ ဒီအတိုင်းရှိနေမှာပါ။ ကျွန်တော့်အတွက် နောက်တစ်ကြိမ် သမ္မတဖြစ်ဖို့ မလိုသလို၊ ကျွန်တော့်ကို လိုအပ်တာမျိုးလည်း မရှိပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ အီရန်မှာ သမ္မတနေရာအတွက် အရည်အချင်းပြည့်သူတွေ အများကြီးရှိနေလို့ပါ။

*—Ref: Israel can't Attack Us. Newsweek, Sept 25*

Job Vacancy
Inforithm-Maze
- Accountant F(1) Post
- Cashier F(2) Posts
LCCI Level 3

LIANG SHI CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD



Entertainment

7DAY NEWS JOURNAL

Vol.9, No.30 · OCTOBER 14, 2010



# ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးစာရင်းမှာ ပါဝင်လာတဲ့ WONDER GIRL

ဆိုလ်း - အောက်တိုဘာ၇

မကြာသေးမီက စင်ကာပူနိုင်ငံအခြေစိုက်မဂ္ဂဇင်းတစ်စောင်ကပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုတွင် တောင်ကိုရီးယား၏ အအောင်မြင်ဆုံးမိန်းကလေးဂီတအဖွဲ့ဖြစ်လာသော Wonder Girl အဖွဲ့ပါဝင်လာကြောင်း အဆိုပါမဂ္ဂဇင်းမှထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါစစ်တမ်းမှာကမ္ဘာအနှံ့မှ ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးများကိုစစ် တမ်းကောက်ယူခဲ့ရာ ကိုရီးယားအမျိုးသမီးများပါဝင်သောWonder Girl အဖွဲ့ကနံပတ်၃၈နေရာတွင်ပါဝင်လာသည်။ အဆိုပါစစ်တမ်းတွင်ဟောလီဝုဒ်စတားများဖြစ်ကြသော မီဂန်ဖောက်က နံပတ်၆နေရာတွင်ရှိပြီး စကားလက်ဂျိုဟန်ဆန်က နံပတ်၁၁နှင့်အန်ဂျလီနာဂျိုလီက နံပတ်၁၈နေရာတွင်အသီးသီးချိတ်ခဲ့ပြီး Wonder girlအဖွဲ့ကမူ နံပတ်၃၈နေရာကိုရရှိခဲ့ကြောင်းသိရသည်။

ထိုသို့ရွေးချယ်ခံရခြင်းမှာသူမတို့၏အပေါက်ဆုံးသီချင်းဖြစ်သောNobody သီချင်း၏ကျော်ကြားမှုက များစွာအထောက်အကူဖြစ်စေခဲ့ပြီး ယင်းသီချင်းသည်အာရှတစ်လွှားတွင်သာမက အမေရိကန်နှင့်ဥရောပနိုင်ငံများအထိပါလူကြိုက်များရေပန်းစားခဲ့သောသီချင်းဖြစ်ခဲ့သည်။

Ref; Hancinema

# ပရဟိတလုပ်ငန်းတွေကို၁၇သိန်းလှူသည့် တေးသံရှင် နေရဲမာန်

အေးသူ

**ရန်ကုန်၊ အောက်တိုဘာ ၅**

နေရဲမာန်၏ ခြောက်ခွေမြောက် စီးရီးဖြစ်သည့် 'ဘာဖြစ်တာလဲ' စီးရီးမိတ်ဆက်ပွဲတွင် အဆိုတော် နေရဲမာန်က ပရဟိတလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၇သိန်း ကိုလှူဒါန်းခဲ့သည်။

အဆိုပါစီးရီးမိတ်ဆက်ပွဲတွင် အဆိုတော်နေရဲမာန်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း (၁/၂၀၁၀)သင်တန်းအတွက်အလှူငွေကျပ် ခုနစ်သိန်း၊ စာနယ်ဇင်း နာမကျန်းရန်ပုံငွေအတွက် အလှူငွေကျပ် ငါးသိန်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် ရန်ပုံငွေအဖြစ် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။



နေရဲမာန်သည် 'အဆင်ပြေရဲ့လား'၊ 'သူဌေးသမက်'၊ 'ပူမနေပါနဲ့'၊ သကြၤန်ခွေနှစ်ခွေနှင့် ယခု 'ဘာဖြစ်တာလဲ' စီးရီး ခြောက်ခွေမြောက်ကို သီဆိုထုတ်လုပ်ထားပြီး သရုပ်ဆောင် အင်အားမြိုင်မြိုင်ဆိုင်ဆိုင် သုံးစွဲ၍ ကြော်ငြာအားကောင်းခြင်းကြောင့် ယခုနှစ်များတွင် ပရိသတ်၏သတိပြုမှုကိုရရှိခဲ့သူဖြစ်သည်။

'ဘာဖြစ်တာလဲ' စီးရီးကို အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်ပြီး စုံတွဲအဆိုအဖြစ် မေဆွိ၊ ချောစုခင် နှင့် တင်ဇာမော်တို့သီဆိုထားပြီး အကော်ဒီယံအုန်းကျော်၊ နိုင်မြန်မာ၊ စောခူဆဲ၊ ဂျေမောင်မောင်၊ နောင်နောင် (SF)၊ ညီညီသွင်၊ ရွှေကျော်ကျော်၊ အရိုးနှင့် ဗျူဟာတို့ ရေးသားထားသောသီချင်းများပါဝင်သည်။



# ၂ နှစ်အတွင်း ပရိသတ်ရှေ့ ပထမဆုံးအကြိမ် ဖျော်ဖြေခဲ့တဲ့ အေမီဝိုင်ဟောက်စ်

လန်ဒန်၊ အောက်တိုဘာ - ၆

ဗြိတိသျှပေါ့ပ်အဆိုတော် အေမီဝိုင်ဟောက်စ်သည် ၂၀၀၈ ခုနှစ်မှစ၍ ၂ နှစ်အတွင်း ပထမဆုံးအကြိမ်ဖျော်ဖြေမှုအဖြစ် လန်ဒန်ရှိ ဟော်လေအမ်းစ် စားသောက်ဆိုင်တွင် သီချင်းခြောက်ပုဒ်သီဆိုကာ စတင်ခဲ့ကြောင်း သိရသည်။ ဝိုင်ဟောက်စ်သည် ပြီးခဲ့သောနှစ်များအတွင်း မူးယစ်ဆေးစွဲမှု ပြဿနာများကြောင့် အများရှေ့ဖျော်ဖြေမှုမလုပ်သည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်သည်။

သို့သော် သူမသည် ပြီးခဲ့သည့်အင်္ဂါနေ့ကမူ အဆိုပါ စားသောက်ဆိုင်တွင် ပြုလုပ်သော Apocalypstick စင်တင်ဖျော်ဖြေပွဲတွင် အံ့အားသင့်ဖွယ် ပါဝင်လာခဲ့ပြီး၊ ပရိသတ် ၁၅၀ ခန့်အား သူမ၏ နာမည်ကြီးသီချင်းများ၊ သီချင်းသစ် စုစုပေါင်း ခြောက်ပုဒ်ကို ဖျော်ဖြေသီဆိုပေးခဲ့သည်။ အဆိုပါဖျော်ဖြေပွဲကို စီစဉ်သူအစ်ဇီလေ့ရင့်စ်ကလည်း အေမီဝိုင်ဟောက်စ်သည် ထိုပွဲတွင် သီဆိုချင်သည်ဟု မိမိကိုလာပြော၍ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝိုင်ဟောက်စ်၏ဖျော်ဖြေမှုကို ကြည့်ရသည်မှာ အံ့သြစရာကောင်းကြောင်းဆိုသည်။ —Ref: UPI



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ဘဝဆိုတာ ကြိုတင်ပြဋ္ဌာန်းထားတဲ့စာမျက်နှာတွေပေါ်မှာ ဖြတ်သန်းနေကြရတာပါ။ ဘယ်အချိန်ဘာဖြစ်မယ်ဆိုတာကိုကြိုမသိနိုင်သလို ဖြစ်လာတဲ့ အခြေအနေကိုလည်း လက်မခံချင်ဘူးဆိုပြီးရှောင်လွှဲလို့လည်းမရနိုင်ပါဘူး။ မိမိကြုံတွေ့ခဲ့တဲ့အဖြစ်အပျက်တွေ၊အတွေ့အကြုံတွေကိုလောကဓံဆိုတဲ့စကားလုံးအောက်မှာလှပစွာပုံဖော်ပြောကြားခဲ့တဲ့ သရုပ်ဆောင်အကယ်ဒမီပန်းဖြူနဲ့ သရုပ်ဆောင်ဘဝ၊ မိန်းမတစ်ယောက်ဘဝကို ခဏတာလှစ်ဟမေးမြန်းခဲ့တာတွေ ပြန်လည်မျှဝေတင်ဆက်လိုက်ပါတယ်။

## လောကဓံဆိုတာကို ငယ်တဲ့အချိန်မှာကြုံထားလက်ခံထားရင် အသက်ကြီးတဲ့အခါမှာ ဒုက္ခမရောက်တော့ဘူးပေါ့။ လာစမ်းလောကဓံပေါ့'

### ပန်းဖြူနှင့်တွေ့ဆုံခြင်း အေးသူ

**အနုပညာအလုပ်တွေပြန်လုပ်ဖြစ် နေတဲ့အကြောင်းလေးပြောပြပါဦး။**

ရေရှည်မှာ အနုပညာအလုပ်ကိုပဲ သေသေချာချာ စိတ်ဖိဖိစီးစီးနဲ့ လုပ်သွားဖြစ်တော့မှာပါ။ အရင်ကတော့ တခြားကိစ္စလေးတွေရှိတဲ့အခါမှာ အဲဒီအပေါ် သိပ်ပြီး ဖိဖိစီးစီးမလုပ်ဖြစ်ခဲ့ဘူး။

**အရင်တုန်းကပရိသတ်အားပေးမှုနဲ့အခုအားပေးမှုအပေါ်အစ်မရဲ့စိတ်လှုပ်ရှားမှုကဘယ်လိုကွာသွားမလဲ။**

ပရိသတ်က အရင်တုန်းကလည်း ချစ်ပြီးတော့ အားပေးကြတယ်။ ခုကျတော့ သူတို့က ကိုယ့်အပေါ်မှာကရုဏာလည်း ပိုထားလာကြတယ်။ အဲဒီအတွက် အရမ်းကို ဝမ်းသာပီတိဖြစ်ရတယ်။ အရမ်းလည်းပျော်ရတယ်။

**အရင်ကထက်သရုပ်ဆောင်အလုပ်ကိုဇောက်ချလုပ်တော့မယ်ဆိုတော့ဘယ်လိုထူးခြားတဲ့တင်ဆက်မှုမျိုးကိုမြင်တွေ့ရဖို့ရှိမလဲ။**

လောလောဆယ်တော့ဘာမှစီစဉ်ထားတာမရှိဘူး။ အခုမှ သေချာစလုပ်မယ်ဆိုတော့ ကိုယ်လုပ်ရမယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ ကားတစ်ကားရိုက်တော့မယ်ဆိုရင် အဝတ်အစားကအစ ကားရိုက်နဲ့ပတ်သက်တဲ့ကိစ္စကိုပဲခေါင်းထဲမှာထားတယ်။ ကျန်တာတွေကိုခေါင်းထဲကထုတ်ပစ်တယ်။

စာ(၄၅)သို့

# Entertainment

7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## ကျေးလက်မှာ အခြေချဖို့ ပြင်နေတဲ့ ဂျူဒ်လော့နဲ့ ဆီယန်နာမေလာ



လန်ဒန်၊ အောက်တိုဘာ - ၅

ဟောလီဝုဒ်၏ နာမည်ကျော် မင်းသားဂျူဒ်လောနှင့် ဆီယန်နာမေလာတို့သည် ယခုအခါ လန်ဒန်မြို့တော်မှ ထွက်ခွာကာ ဗြိတိသျှကျေးလက်ဒေသတစ်ခုတွင် လက်ထပ်ပြီး အိမ်တစ်လုံးဝယ်ယူနေထိုင်ရန် စီစဉ်နေကြောင်း Showbiz သတင်းက ဖော်ပြလိုက်သည်။ လောနှင့် မေလာတို့စုံတွဲသည်ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းခွာပြခဲ့သော်လည်း မကြာသေးမီကပင် ဇာတ်လမ်းသစ်ပြန်စတင်နေခဲ့ကြသူများဖြစ်သည်။

၎င်းတို့နှင့် နီးစပ်သူတစ်ဦးကလည်း "ဂျူဒ်နဲ့ဆီယန်နာတို့ဟာ လက်ထပ်ဖို့အတွက် အရေးတကြီးပြင်ဆင်နေကြပါတယ်။ သူတို့က လန်ဒန်မြို့ဟာ စိတ်ရှုပ်စရာလို့ ထင်နေကြတယ်။ ဒါ့ကြောင့် မိသားစုဘဝကိုစဖို့ ကျေးလက်မှာနေတာကောင်းတယ်လို့ စဉ်းစားနေကြတာပါ" ဟုရှင်းပြသည်။ ဂျူဒ်လောနှင့် ဆီယန်နာမေလာတို့သည် မကြာသေးမီက ပြန်လည်တွဲခုတ်ခဲ့ပြီးနောက် လူအများ၏ အာရုံစိုက်ခြင်းမခံရအောင် သိုသိပ်စွာနေထိုင်ချင်နေကြကြောင်း သိရသည်။

—Ref: Showbizspy

## Iron Cross တီးဝိုင်း နှစ် ၂၀ပြည့် အထူးဖျော်ဖြေပွဲ ကျင်းပမည်

အေးသူ

ရန်ကုန်၊ အောက်တိုဘာ - ၉

Iron Cross တီးဝိုင်း၏ နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ် အဖြစ် အထူးဖျော်ဖြေတင်ဆက်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည့် အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပွဲစီစဉ်သည့် ပုဂံအန်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ယင်းဖျော်ဖြေပွဲတွင် လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့်ဝိုင်ဝိုင်းတို့ သီဆိုမည်ဖြစ်ပြီး အိုင်စီ၏ ယခင်ပြုလုပ်ခဲ့သော ဖျော်ဖြေတင်ဆက်မှုများနှင့်မတူညီသည့် ထူးခြားသော တင်ဆက်မှုမျိုးပြုလုပ်ရန် စီစဉ်ထားကြောင်း တီးဝိုင်းအဖွဲ့သားတစ်ဦးဖြစ်သည့် ချစ်စမ်းမောင်က ပြောသည်။ "ကျွန်တော်တို့အားလုံး ထူးခြားအောင် တော့ လုပ်ထားပါတယ်။ စတိတ် ဒီဇိုင်းတွေကအစပေါ့။ အရင်ကလုပ်ခဲ့တဲ့ပွဲတွေနဲ့မတူညီတဲ့ တင်ဆက်မှုတွေစီစဉ်ထားပါတယ်" ဟု၎င်းကပြောသည်။

အိုင်စီတီးဝိုင်းသည် ပုဂံ အန်တာတိန်းမန့်နှင့် ယခု နှစ်လယ်ပိုင်းက Music Tour စာချုပ်ချုပ်ဆိုပြီးနောက် ယခုပွဲသည် သုံးပွဲမြောက်ဖျော်ဖြေပွဲဖြစ်ကြောင်း သိရသည်။ ယင်းဖျော်ဖြေပွဲကို သီတင်းကျွတ် လပြည့်နေ့တွင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်ဆီဒိုးနားဟိုတယ်တွင် စက်တင်ဘာလဆန်းပိုင်းကလည်း အိုင်စီဖျော်ဖြေပွဲကျင်းပခဲ့ကြောင်း သိရသည်။






Sports
7 DAY NEWS JOURNAL
Vol.9, No.30 • OCTOBER 14, 2010

# ရန်ကုန်ယူနိုက်တက်နှင့် နည်းပြချုပ်ဟောင်း ဦးမျိုးလှိုင်ဝင်း စာချုပ်ဖျက်သိမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ- ၈**

ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းပြချုပ်ဟောင်းဦးမျိုးလှိုင်ဝင်း တို့သည် ယခုလ ၇ ရက်တွင် နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းခဲ့ကြောင်း ရန်ကုန်အသင်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ဦးမျိုးလှိုင်ဝင်းသည် AFC မှ ဖွင့်လှစ်မည့် B လိုင်စင်နည်းပြသင်တန်းကို တက်ရောက်နိုင်ရန်နှင့် အခြားလိုအပ်သည့် သင်တန်းများ တက်ရောက်နိုင်ရန်အတွက် နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်အသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရန်ကုန်ယူနိုက်တက်အသင်းအား ဦးမျိုးလှိုင်ဝင်းကိုင်တွယ်ခဲ့သော ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲဒုတိယအကျော့ပွဲစဉ် ၄ ပွဲတွင် ၂ ပွဲနိုင်၊ ၂ ပွဲသရေကျခဲ့ပြီး MFF CUP ရှုံးထွက်ပြိုင်ပွဲ၌လည်း ပထမအဆင့်မှာပင်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် အသင်း၏ နည်းစနစ်အကြံပေး အဲရစ်ဝီလျံအား နည်းပြချုပ်အဖြစ် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပြောင်းလဲတာဝန်ပေးခဲ့သည်။

"အသင်းကို အဲရစ်ဝီလျံပဲ နည်းပြချုပ်အဖြစ် ဆက်လက်တာဝန်ယူသွားမှာပါ။ လက်ထောက်နည်းပြနေရာကိုလည်း ဦးတင်မောင်ထွန်းကပဲ တာဝန်ယူသွားမှာပါ"ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဦးမျိုးလှိုင်ဝင်းပြည်တွင်းပြည်ပတွင် တက်ရောက်မည့် သင်တန်းများအတွက် လိုအပ်သည့် အကူအညီများပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းများပြီးဆုံး၍ ရန်ကုန်ယူနိုက်တက်အသင်းတွင် ပြန်လည်တာဝန်ထမ်းနိုင်ရန်လမ်းဖွင့်ထားကြောင်းလည်း အသင်းပိုင်ရှင်မှ ပြောကြားခဲ့ကြောင်းရန်ကုန်အသင်းဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။



# ဗီယက်နမ်ဖိတ်ခေါ်ယူ-၂၁ ဘောလုံးပြိုင်ပွဲသို့ မြန်မာအသင်းသွားရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ- ၈**

ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်မည့် ဗီယက်နမ်ဖိတ်ခေါ်ယူ-၂၁ ပြိုင်ပွဲ International U-21 Tournament Youth Newspaper Cup ပြိုင်ပွဲသို့မြန်မာယူ-၂၁ ဘောလုံးအသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲအား အောက်တိုဘာလ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာယူ-၂၁၊ စင်ကာပူ ယူ-၂၁၊ မလေးရှား ယူ-၂၁၊ ထိုင်း ယူ-၂၁နှင့် အိမ်ရှင်ဗီယက်နမ်လူငယ်အသင်း နှစ်သင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်း ၆ သင်းအား အုပ်စုနှစ်ခုခွဲခြားထားပြီး၊ မြန်မာလူငယ်အသင်းသည် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်လူငယ်အသင်းတို့နှင့် ကျရောက်လျက်ရှိကြောင်းသိရသည်။

မြန်မာယူ-၂၁ အသင်းအား နည်းပြချုပ်အဖြစ် ဦးသန်းထိုက်က တာဝန်ယူသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ဗီယက်နမ်လူငယ်အသင်းနှင့် လည်းကောင်း၊ ၂၅ ရက်တွင် ထိုင်း ယူ-၂၁ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ဆူဇူကီးဖလားအတွက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်ကိုခန့်အပ်မည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၈**

၂၀၁၀ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကိုတာဝန်ယူမည့် နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်အားခန့်အပ်သွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဆူဇူကီးဖလားပြိုင်မယ့် မြန်မာ့လက်ရွေးစင်အသင်းကို ဦးတင်မြင့်အောင်ပဲတာဝန်ယူသွားဖို့ရှိပါတယ်။ နိုင်ငံခြားက နည်းပြဆရာခေါ်ယူဖြစ်ရင်လည်း နည်းစနစ်ဒါရိုက်တာအဖြစ် ရည်ရွယ်ထားတာပါ။ ဘယ်လိုပဲလာလာ ဦးတင်မြင့်အောင်နဲ့ အတူတူပေါင်းလုပ်သွားဖို့ပဲရှိပါတယ်"ဟု အဆိုပါတာဝန်ရှိသူကယခုလ ၈ ရက်ကပြောသည်။

လာမည့် ဒီဇင်ဘာလ ၁ ရက်မှ စတင်၍ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သော အဆိုပါပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းအား မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသည့် နိုဝင်ဘာ ၁၀ ရက်နောက်ပိုင်းမှသာ စခန်းသွင်းလေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ရာ ပြင်ဆင်လေ့ကျင့်ချိန် နှစ်ပတ်မျှသာရရှိမည်ဖြစ်သည်။

"အဖွဲ့ချုပ်က ကျွန်တော့်ကို လက်ရွေးစင်အသင်းအတွက် နည်းပြချုပ်အဖြစ် တာဝန်ယူဖို့ ခန့်အပ်တဲ့တရားဝင်ကတော့ ခုထိမရောက်သေးပါဘူး။ တကယ်လို့ ကျွန်တော်အနေနဲ့ လက်ရွေးစင်အသင်းကို တာဝန်ယူရမယ်ဆိုရင် အကောင်းဆုံးရလဒ်ရရှိဖို့ ပြင်ဆင်သွားမှာပါ။ မြန်မာအသင်းပါတဲ့ အုပ်စုမှာ ဗီယက်နမ်အသင်းက လက်ရှိ ချန်ပီယံနဲ့ အိမ်ရှင်လည်းဖြစ်လို့ အားအကောင်းဆုံးဖြစ်မယ်လို့ထင်ပါတယ်။ စင်ကာပူအသင်းနဲ့ကတော့ အခွင့်အရေးအတူတူပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ တစ်ပွဲချင်းဆီပေါ်မှာပဲ ရလဒ်ကောင်းကောင်းအာရုံစိုက်ပြင်ဆင်သွားမှာပါ"ဟု ဦးတင်မြင့်အောင်က ယခုလ ၈ ရက်က ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆူဇူကီးဖလားအား ဝင်ရောက်မယှဉ်ပြိုင်မီ နိုဝင်ဘာလအတွင်း၌ မြန်မာ့လက်ရွေးစင်အသင်းအား တရုတ်ကလပ်အသင်းများနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်းလည်းသိရသည်။

ပထမဆုံးကန်ဒေါ်လာ တစ်သိန်းချီးမြှင့်မည့် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(ခ)တွင် ပါဝင်နေပြီး ဗီယက်နမ်၊ စင်ကာပူ၊ ခြေစစ်ပွဲတွင် ဒုတိယရရှိသည့်အသင်းတို့နှင့် ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

## အေသင်မြို့၌ကျင်းပမည့် ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲသို့ မြန်မာကလေးငယ် ၁၂ ဦး သွားရောက်ယှဉ်ပြိုင်မည်

မေဝင်းမွန်

ရန်ကုန်၊ အောက်တိုဘာ-၅

လာမည့် ၂၀၁၁ ခုနှစ်ဇွန်လတွင် ဂရိနိုင်ငံအေသင်မြို့၌ကျင်းပမည့် ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲ (Special Olympic World Summer Games Athens 2011)သို့ မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီ ကလေးငယ် ၁၂ ဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)က ပြောကြားသည်။

ဉာဏ်ရည်မမီအားကစားပြိုင်ပွဲများမှာ လေးနှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး၊ ယခုပြိုင်ပွဲတွင် ပြေးခုန်ပစ်နှင့် ဘောလုံးပစ်အားကစားကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ဉာဏ်ရည်မမီတဲ့ကလေးတွေကို မိဘတွေကအိမ်ထဲမှာပဲ ဖွက်ထားတတ်ကြတယ်။ ကျောင်းပညာလည်း မသင်ကြရဘူး။ ကမ္ဘာ့အိုလံပစ်ကနေ Special Olympic ဆိုပြီး သတ်မှတ်ပေးခဲ့တာ၊ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်ကတည်းကရှိခဲ့တယ်။ မြန်မာနိုင်ငံမှာကတော့ ၂၀၀၄ ခုနှစ်လောက်ကမှစပြီး လုပ်လာခဲ့တာ"ဟု ဉာဏ်ရည်မမီသူများအားကစားအဖွဲ့မှ တာဝန်ရှိသူကပြောကြားသည်။

အေသင်တွင်ကျင်းပမည့် ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲတွင်သွားရောက်ယှဉ်ပြိုင်ရန်အတွက် ယခုလ ၁၄ ရက်မှ ၁၈ အထိ ဉာဏ်ရည်မမီသူများအားကစားအဖွဲ့မှ တာဝန်ရှိသူများက ဦးစွာသွားရောက်ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်ကလည်း တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင်ကျင်းပသည့် ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲသို့လည်း မြန်မာနိုင်ငံမှသွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တစ်နိုင်ငံလုံးတွင် ဉာဏ်ရည်မမီအားကစားပြိုင်ပွဲဝင်ကလေး ၃၀၀ ခန့်ရှိသည်ဟုသိရသည်။

## အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် နိုင်ငံတကာအတွေ့အကြုံမရှိသေးသည့်လူငယ်အများစုပါဝင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ အောက်တိုဘာ - ၅

ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အဖွဲ့တွင် နိုင်ငံတကာအတွေ့အကြုံမရှိသေးသည့် လူငယ်အများစုပါဝင်ကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးမြဒန်းထိုက်က ပြောကြားသည်။

အရှေ့တောင်အာရှပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အဆိုပါပြိုင်ပွဲအား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ယခုလ ၂၆ မှ ၂၇ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံမှ အားကစားသမား (အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးသုံးဦး) ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟုသိရသည်။

"ဒီပြိုင်ပွဲက အသက် ၁၈နှစ်အောက် သတ်မှတ်ထားတဲ့ပြိုင်ပွဲဖြစ်ပါတယ်။ မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့မှာ နိုင်ငံတကာအတွေ့ အကြုံရှိတဲ့ ကစားသမားနှစ်ဦးလောက်ပဲပါဝင်ပြီး ကျန်တဲ့ ကစားသမားတွေက နိုင်ငံတကာအတွေ့ အကြုံမရှိသေးတဲ့ လူငယ်လေးတွေပါ"ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးမြဒန်းထိုက်က ပြောကြားသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့သည် မီတာ ၈၀၀၊ မီတာ ၃၀၀၀၊ မီတာ ၂၀၀၀ တားဆီးကျော်၊ မီတာ ၄၀၀ တန်းကျော်၊ သုံးဆင့်ခုန်၊ ၅ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၀၉ ဆီးဂိမ်းအတွက် ရည်ရွယ်ပြီး အား/ကာသိပ္ပံ ပြည်နယ်နှင့်တိုင်း အသက် ၁၈နှစ်အောက်ပြိုင်ပွဲကနေ အလားအလာရှိတဲ့ လူငယ်ကစားသမား ၂၁ ဦးကို ပဏာမရွေးချယ်ပြီး ပြီးခဲ့တဲ့ ဖွန်လက စတင်လေ့ကျင့်ပေးနေပါတယ်။ အဲဒီထဲက ထပ်မံရွေးချယ်ပြီး ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေတာပါ။ နောက်ထပ် ပြည်တွင်းပြိုင်ပွဲတွေကနေ အလားအလာရှိတဲ့လူငယ်ကစားသမားလေးတွေကိုလည်း အဖွဲ့ချုပ်က ထပ်မံရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမှာပါ"ဟု ဦးမြဒန်းထိုက်က ပြောကြားသည်။

## အဖွဲ့ချုပ်ဖလား ရွှေထွက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ နိုဝင်ဘာ ၃ ရက် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ အောက်တိုဘာ - ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖလား MFF Max Cement Cup ရွှေထွက်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအား မူလကျင်းပရန်သတ်မှတ်ထားသည့် နိုဝင်ဘာ ၁၀ရက်အစား နိုဝင်ဘာ ၃ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါရွှေထွက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲကျင်းပမည့်ရက်အား ပြင်ဆင်သတ်မှတ်ခဲ့သည့်အပြင် အကြိုဗိုလ်လုပွဲစဉ်များ ကျင်းပမည့်ရက်ကိုလည်း ပြောင်းလဲပြင်ဆင်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

မူလရေးဆွဲထားသော ပွဲစဉ်ဇယားအရ MFF Cup ရွှေထွက်ဖလားပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲစဉ်အား အောက်တိုဘာ ၂၇ ရက်နှင့် ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပရန်ဖြစ်သော်လည်း ပွဲစဉ်အပြောင်းအလဲအရ အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၂၇ရက်(တစ်ရက်တည်းတွင်သာ)သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်နက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

"နိုဝင်ဘာ ၇ ရက်မှာ ရွှေကောက်ပွဲရှိတဲ့အတွက် နိုဝင်ဘာ ၆ရက်၊ ၇ရက် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်တွေကို နိုဝင်ဘာ ၉ရက်၊ ၁၀ရက်မှာ ပြောင်းလဲကျင်းပသွားမှာပါ။ ဒါကြောင့် ၁၀ရက်မှာ ကျင်းပဖို့ရှိတဲ့ရွှေထွက်ပြိုင်ပွဲဗိုလ်လုပွဲစဉ်ကိုလည်း ပြောင်းလဲကျင်းပဖို့စီစဉ်ရတာပါ။ မြန်မာ့လက်ရွေးစင်အသင်းအနေနဲ့ ဒီဇင်ဘာမှာ ဆူဇူကီးဖလားဝင်ပြိုင်ဖို့လည်းရှိတဲ့အတွက် ရွှေထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကိုရှေ့တိုးပြီး နိုဝင်ဘာ ၃ ရက်မှာ ကျင်းပဖို့စီစဉ်ရခြင်းဖြစ်ပါတယ်"ဟု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ခံဦးဝင်းသူမိုးကပြောကြားသည်။

ဩဂုတ်လ ၂၅ရက်မှစတင်၍ အသင်း ၁၆ သင်းဖြင့် စတင်ယှဉ်ပြိုင်ခဲ့သော Max Cement Cup ရွှေထွက်ပြိုင်ပွဲသည် ယခုအခါတွင် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

## အိမ်ကွင်းမှာ လီဗာပူးကို အနိုင်ကစားမယ့် မန်ယူ အနိုင်သုံးမှတ်အပြည့်ယူမယ့် ချယ်လ်ဆီး အပါအဝင်

### ပရီးမီးယားလိဂ်ပွဲစဉ် (၈) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၈ မှာတော့ ဇယားထိပ်ဆုံးက နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်စီးတီးနှစ်သင်းစလုံး အဝေးကွင်းပွဲတွေ ကစားကြရမှာဖြစ်ပြီး ကျန် အသင်းကြီးများဖြစ်သည့် အာဆင်နယ်၊ မန်ယူတို့ကတော့ အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲတွေမှာ ဗီလာ-ချယ်လ်ဆီး၊ အဲဗာတန်-လီဗာပူး၊ အာဆင်နယ်-ဘာမင်ဂမ်ပွဲတွေကတော့ အကြိတ်အနယ်ရှိမယ့်ပွဲတွေပါပဲ။ ဇယားထိပ်က ချယ်လ်ဆီးတို့အနေနဲ့ ဒုတိယနေရာက မန်စီးတီးကို ၄ မှတ်ဖြတ်ထားတဲ့အတွက် ဗီလာနဲ့ အဝေးကွင်းပွဲမှာလည်း ဖိအားတွေမရှိဘဲ ကစားနိုင်မှာပါ။ ဒါပေမဲ့ အမှတ်ကွာဟချက် သိပ်မရှိလို့ ကျန်ထိပ်သီးသုံးသင်းဖြစ်တဲ့ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်တို့ကတော့ နိုင်ပွဲတွေရဖို့ ကြိုးစားရမှာပါ။

**အောက်တိုဘာ ၁၆ (စနေ)**

**အာဆင်နယ်-ဘာမင်ဂမ်**

**(ညနေ ၈း၃၀ နာရီ)**

**ယမန်နှစ် ရလဒ် ၃-၁**

အာဆင်နယ်ဟာ ဘာမင်ဂမ်နဲ့ နောက်ဆုံး ၄ ကြိမ်တွေ့ဆုံရာမှာ ယမန်နှစ်က အိမ်ကွင်းပွဲမှာပဲ ၃-၁ နဲ့ဂိုးပြတ်နိုင်ကာ ကျန်သုံးပွဲစလုံး သရေကျထားပါတယ်။ ဒါ့အပြင် ဒီနောက်ပိုင်း လိဂ်သုံးပွဲဆက်တိုက် ဆန်ဒါးလန်းကို သရေ၊ ဝက်စ်ဘရွန်းနဲ့ ချယ်လ်ဆီးတို့ကို ရှုံးနိမ့်ထားတဲ့ အာဆင်နယ်တို့ ဒီအိမ်ကွင်းပွဲကို ဂရုစိုက်ကစားမှ ဖြစ်မှာပါ။ အာဆင်နယ်ကို ကြိုက်ပေမယ့် မထင်မှတ်ဘဲ သရေပွဲလည်းဖြစ်နိုင်ပါတယ်။

**ဘော်လ်တန်-စတုတ်စီးတီး**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၁-၁**

အိမ်ရှင်ဘော်လ်တန်တို့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲတွေမှာ သရေပွဲတွေများနေတာတွေ့ရပါတယ်။ ဧည့်သည်စတုတ်တို့ကတော့ နောက်ဆုံး အဝေးကွင်းပွဲမှာ နယူးကာဆယ်ကိုနိုင်ခဲ့ပြီး အိမ်ကွင်းမှာလည်း ဘလက်ဘန်းကိုနိုင်ထားပါတယ်။ တိုက်စစ်ကစားပုံ ပိုကောင်းတဲ့ ဘော်လ်တန်ကို ရွေးချင်ပါတယ်။ အိမ်ရှင်ဘော်လ်တန်တို့ ကပ်နိုင်ခြေရှိပါတယ်။

**ဖူလ်ဟမ်- စပါး**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၀-၀**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ စပါးတို့က ၂ ကြိမ်နိုင်ထားပါတယ်။ ပြီးတော့လည်း ဒီနှစ်ကြိမ်လုံးဟာ စပါးအိမ်ကွင်းမှာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရတော့ ဖူလ်ဟမ်ဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ မန်ယူ၊ အဲဗာတန်တို့နဲ့ သရေ၊ ဝုလ်ကိုတော့ အနိုင်ရရှိထားပါတယ်။ လက်ရှိအိမ်ကွင်းမှတ်တမ်းကောင်းနေတဲ့ဖူလ်ဟမ်ကိုပဲ ရွေးရမှာပါ။ သရေပွဲဆိုရင်တော့ အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေကျဖို့များပါတယ်။

**မန်ယူ-ဝက်စ်ဘရွန်း**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ်- မရှိ**

ဘော်လ်တန်၊ ဆန်ဒါးလန်းတို့နဲ့ ဆက်တိုက်သရေကျခဲ့တဲ့ မန်ယူဟာ ဒီအိမ်ကွင်းပွဲမှာတော့ မဖြစ်မနေ အနိုင်ကန်ရမှာပါ။ မှတ်တမ်းအရ ဝက်စ်ဘရွန်းတို့ မန်ယူနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ သုံးကြိမ်စလုံး ရှုံးနိမ့်ထားပါတယ်။ အိမ်ရှင်မန်ယူတို့ နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**နယူးကာဆယ်- ဝီဂန်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ် ရလဒ်-မရှိ**

နယူးကာဆယ်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ဗီလာတစ်သင်းတည်းကိုသာ ဂိုးပြတ်အနိုင်ရခဲ့ပြီး ဘလက်ပူး၊ စတုတ်တို့ကို ရှုံးနိမ့်ထားတာတွေ့ရပါတယ်။ဇယားမှာ ရပ်တည်မှုအရလည်း ဝီဂန်အဆင့် ၁၄၊ နယူးကာဆယ် အဆင့် ၁၅ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအိမ်ကွင်းပွဲမှာတော့ နယူးကာဆယ်တို့ ကွင်းလယ်ကစားကွက် ဖိအားနဲ့ အနိုင်ကန်ဖွယ်ရှိပါတယ်။ နယူးကာဆယ်နိုင်ရင် ဂိုးမပြတ်လောက်ပါဘူး။

**ဝုလ်- ဝက်စ်ဟမ်း**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၀-၂**

အိမ်ရှင် ဝုလ်တို့ ဝက်စ်ဟမ်းနဲ့အတူတူ ရမှတ် ၅ မှတ်စီရရှိကာ ဇယားအောက်ခြေမှာ ရောက်ရှိနေပါတယ်။ ဒါကြောင့် ဇယားမှာ အဆင့်တက်ဖို့နှစ်သင်းစလုံးအကြိတ်အနယ်ကန်ရမှာပါ။ ဝက်စ်ဟမ်းဟာ နောက်ဆုံး နှစ်ပွဲမှာ စပါးကို အနိုင်၊ ဖူလ်ဟမ်နဲ့ သရေကျခဲ့ပြီး အိမ်ရှင်ဝုလ်နဲ့ယှဉ်ရင် တိုက်စစ်ပိုင်းပိုကောင်းနေပါတယ်။ ဧည့်သည် ဝက်စ်ဟမ်းတို့ ကပ်နိုင်ခြေရှိနေမယ့်ပွဲပါ။

**ဗီလာ- ချယ်လ်ဆီး**

**(ည ၁၁း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် ၂-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ဗီလာတို့ တစ်ကြိမ်သာနိုင်ထားပြီး ချယ်လ်ဆီးက နှစ်ကြိမ်ဂိုးပြတ်နိုင်ထားပါတယ်။ ဇယားကိုဦးဆောင်နေတဲ့ ချယ်လ်ဆီးတို့ ထုံးစံအတိုင်း အနယ်ကာ၊ မာလူဒါ၊ လမ်းပတ်စတဲ့ ပထမကစားသမားတွေနဲ့ ပွဲထွက်လာပြီး တိုက်စစ်ဖွင့် ကစားမှာပါ။ ဗီလာတို့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်း မဆိုးဖူးလို့ပြောရပေမယ့် ချယ်လ်ဆီးနောက်တန်းကို ကျော်ဖို့မလွယ်ပါဘူး။ ဧည့်သည်ချယ်လ်ဆီးတို့ ဂိုးမပြတ်ဘဲအဝေးကွင်းအနိုင်ရယူသွားမှာပါ။

**အောက်တိုဘာ ၁၇ (တနင်္ဂနွေ)**

**အဲဗာတန် -လီဗာပူး**

**(ည ၇း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် ၀-၂**

ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ရေဗားဆိုက်ဒါဘီပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ လီဗာပူးက နှစ်ကြိမ်အနိုင်ရရှိထားပါတယ်။ အဲဗာတန်ရဲ့ ဒီရာသီအိမ်ကွင်းရလဒ်ပိုင်းကို ကြည့်ရင် ဝုလ်၊ မန်ယူတို့နဲ့ သရေရထားပြီး ပွဲစဉ် ၅ မှာတော့ နယူးကာဆယ်ကိုရှုံးနိမ့်ထားပါတယ်။ ဧည့်သည်လီဗာပူးကလည်း ပြီးခဲ့တဲ့အဝေးကွင်း ၃ ပွဲမှာ မန်စီးတီး၊ မန်ယူတို့ကို ရှုံးနိမ့်ထားပြီး ဘာမင်ဂမ်နဲ့ ဂိုးမရှိသရေရထားပါတယ်။ အိမ်ရှင်အဲဗာတန်ကို ဂိုးအနည်းနဲ့ ရွေးချင်ပါတယ်။

**ဘလက်ပူး-မန်စီးတီး**

**(ည ၉း၃၀ နာရီ)**

**ယမန်နှစ် ရလဒ်- မရှိ**

ဒုတိယနေရာက မန်စီးတီးတို့ ဒီအဝေးကွင်းပွဲမှာ အနိုင်ကစားမှ မန်ယူ၊ အာဆင်နယ်တို့ကိုအမှတ်ဖြတ်နိုင်မှာပါ။ မန်စီးတီးတို့ ပြီးခဲ့တဲ့ အဝေးကွင်း သုံးပွဲမှာဝီဂန်ကိုအနိုင် ဆန်ဒါးလန်းကို ၁-၀ နဲ့ ကပ်ရှုံးပြီး စပါးနဲ့ဂိုးမရှိသရေကျထားပါတယ်။ ဒါပေမဲ့ ဒီအဝေးကွင်းပွဲမှာတော့ မန်စီးတီးတို့ တိုက်စစ်ဖွင့်ကစားကာ နှစ်ဂိုးအသာလောက် ရနိုင်ခြေရှိနေပါတယ်။

**အောက်တိုဘာ- ၁၈ (အင်္ဂါ)**

**ဘလက်ဘန်း- ဆန်ဒါးလန်း**

**(နံနက် ၁း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၂-၂**

နှစ်သင်းစလုံး ဇယားအလယ်မှာရှိနေပြီး ၈ မှတ်စီနဲ့ ရမှတ်တူနေပါတယ်။ ဧည့်သည်ဆန်ဒါးလန်းဟာ ပြီးခဲ့တဲ့ လိဂ်သုံးပွဲစလုံး အာဆင်နယ်၊ လီဗာပူး၊ မန်ယူတို့နဲ့ ဆက်တိုက်သရေကျထားပါတယ်။ ဘလက်ဘန်းကို အိမ်ကွင်းဆိုပေမယ့် ခက်ခဲနိုင်ဖွယ်ရှိပြီး ဧည့်သည် ဆန်ဒါးလန်းတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့ ကပ်နိုင်ခြေရှိပါတယ်။


Live-up အသည်းအားဆေး
အသည်းအတွက် မစိုးရိမ်ပါနဲ့
30 Tablets
Live-up Complex
LIVER CORRECTIVE
LIVER PROTECTIVE
သဘာဝဆေးဘက်ဝင်အပင် (၈) မျိုးမှရသော အသည်းအားတိုးဆေးများဖြင့်
ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါ၊
အခြားဆေးများနှင့်လည်း တွဲဖက်သောက် သုံးနိုင်ပါသည်။
အရက်၊ ဘီယာ၊ ဓါတုဗေဒဆိုးဆေးများ၊ ဆေးဝါးများ၊
အသည်းရောင်အသားဝါပိုးများနှင့် အဆီဓါတ်လွန်ကဲသော
အစားအစာများကြောင့် အသည်းထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန်
ဆက်သွယ်ရန်
LIVER CORRECTIVE
LIVER PROTECTIVE
Live-up Complex
Myan. Regn. R 1204 A 5289

# ပုန်ကန်မှု ဖြစ်ပြီးနောက် ရဲအရာရှိ ၄၀ အား အီကွေဒေါ ထိန်းသိမ်း

**ကွီတို၊ အောက်တိုဘာ - ၇**
လွန်ခဲ့သော ရက်သတ္တပတ်က ဖြစ်ပေါ်ခဲ့သည့် သမ္မတရာဖေးကော်ရီယာအပေါ် ပုန်ကန်မှုနှင့် ပတ်သက်၍ မသက်သာသူ အီကွေဒေါ ရဲအရာရှိ ၄၀ ကျော်အား ထိန်းသိမ်းလိုက်ကြောင်း သိရသည်။

၎င်းတို့အား တရားစွဲသင့်သည်လားဆိုသည်ကို ဆုံးဖြတ်ရန် ရဲအရာရှိများက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အီကွေဒေါပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အကျိုးခံစားခွင့်များ ဖြတ်တောက်ခြင်းနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များက အပြင်းအထန် ကန့်ကွက်မှု ဖြစ်ပေါ်နေစဉ်အတွင်း အီကွေဒေါစစ်တပ်က သမ္မတကော်ရီယာအား ကယ်တင်ခဲ့ရသည်။ ယင်းသို့မငြိမ်မသက်ဖြစ်အောင်ကန့်ကွက်ခြင်းမှာ အာဏာသိမ်းရန် ကြိုးပမ်းမှုဟု သမ္မတက ပြောကြားသည်။

ယခုအဖြစ်အပျက်များကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ယခုကဲ့သို့ထပ်မံမဖြစ်ပေါ်စေရန်ဟု သမ္မတကော်ရီယာက ပြောကြားသည်။ သို့သော်လည်း ယခုကိစ္စတွင် ရဲတပ်ဖွဲ့ဝင်အနည်းငယ်သာ ပါဝင်ပတ်သက်ခဲ့ခြင်းဖြစ်သည်ဟု အီကွေဒေါသမ္မတက ပြောကြားပြီး "တပ်ဖွဲ့ဝင် ၄၂,၀၀၀ ရှိတဲ့ အမျိုးသားရဲတပ်ဖွဲ့မှာ အရာရှိ နှစ်ရာ၊ သုံးရာလောက်ကပဲ အမိန့်မနာခံတဲ့အထဲ ပါဝင်သွားတာပါ" ဟု အီကွေဒေါသမ္မတက ဆက်လက်ပြောကြားသည်။

—Ref: BBC





# မြစ်များအတွက်ပါ အန္တရာယ်ရှိသော အဆိပ်သင့်ဓာတုပစ္စည်းယိုဖိတ်မှုကို ရှင်းလင်းရန် ဟန်ဂေရီ ကြိုးပမ်း

**ကိုလုံတာ၊ အောက်တိုဘာ - ၆**
ဟန်ဂေရီနိုင်ငံတွင် အလူမီနီယမ်အောက်ဆိုက်ဓာတုဗေဒ စက်ရုံတစ်ရုံမှ ဖိတ်လျှံခဲ့ပြီး ရာဘာနှင့် ဒါနူဘေးမြစ်များဆီသို့ပါ ရောက်ရှိသွားနိုင်သော အဆိပ်သင့် အရည်ပျစ်များ ယိုဖိတ်မှုကို အရေးပေါ်လုပ်သားများက ရှင်းလင်းရန် ခက်ခက်ခဲခဲ ကြိုးစားနေကြသည်။

အောက်တိုဘာ ၄ ရက်တွင် ဓာတုသန့်စင် စက်ရုံသိုလှောင်ကန်မှ လျှံကျစီးဆင်းလာသော အနီရောင်အရည်ပျစ်များသည် ရွာများကို ဖြတ်သန်းစီးဆင်းခဲ့၍ လူ ၄ ဦးသေဆုံးပြီး လူပေါင်း ၁၂၀ ဒဏ်ရာရခဲ့ကြောင်း နောက်ထပ်လူ ၃ ဦးလည်း ပျောက်ဆုံးနေကြောင်း ဟန်ဂေရီ ပြည်ထဲရေးဝန်ကြီးက သတင်းထောက်များအားပြောကြားသည်။ ယခုအချိန်အထိမူ အဆိပ်သင့် စွန့်ပစ်ရည်များကို မြစ်များဆီသို့ မရောက်အောင်ကာကွယ်ထားနိုင်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စွန့်ပစ်ပစ္စည်း ဖိတ်စဉ်မှုဖြစ်ပြီးနောက်ပိုင်း ၎င်းအနီးအနား စီရင်စု ၃ ခုတွင် အရေးပေါ်အခြေအနေကြေညာထားသည်။ စွန့်ပစ်ပစ္စည်း အရည်ပျစ်များကြောင့် ရွာအများအပြား ထိခိုက်ခဲ့ရသည်။ ဖိတ်စဉ်မှုဖြစ်သည့် အကြောင်းအရင်းကိုမူ မသိရှိရသေးပေ။

"အခုအချိန်ထိတော့ မာကယ်မြစ်ထဲ ပါဝင်နေတဲ့ အယ်လ်ကာလိုင်း ပါဝင်မှုကို ကျွန်တော်တို့ ကိုင်တွယ်နိုင်ပါသေးတယ်။ ဖိတ်စဉ်မှုဟာ ရာဘာမြစ်ထဲကိုတော့ မရောက်သေးပါဘူး" ဟုဟန်ဂေရီ ပြည်ထဲရေးဝန်ကြီး ဆန်ဒါပင်တာကပြောကြားသည်။ မာကယ်မြစ်မှာရာဘာမြစ်သို့ စီးဝင်သည်။ ရာဘာမြစ်သည် ဒါနူဘေးမြစ်သို့ စီးဝင်သည်။ ဒါနူဘေးမြစ်မှာ ဥရောပ၏ အရေးပါသော ရေကြောင်းသွားလာမှုလမ်းကြောင်း ဖြစ်သည်။ *—Ref: Reuters*

# တိုင်းမ်စကွဲ ဗုံးခွဲရန်ကြံစည်သူအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်




**နယူးယောက်၊ အောက်တိုဘာ - ၆**
အမေရိကန်နိုင်ငံ နယူးယောက်မြို့တိုင်းမ် ရင်ပြင်ကို ဗုံးခွဲရန် ကြိုးစားခဲ့ကြောင်း ပြစ်မှုထင်ရှားစွာတွေ့ရှိခဲ့သူအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်လိုက်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံဖွား အမေရိကန်နိုင်ငံသား ဖိုင်ဆယ်ရှားဇတ်ကလက်နက်နှင့် အကြမ်းဖက်မှု စွဲချက် ၁၀ ခုတွင် အပြစ်ရှိကြောင်း ဇွန်လ ၁၀ ရက်က ဝန်ခံခဲ့သည်။ မှတ်ဆလင်များနှင့် စစ်ပွဲမှာ စတင်ကာစပင် ရှိသေးကြောင်းနှင့် အမေရိကန်ရှုံးမည်မှာ ထင်ရှားနေကြောင်း ရှာဇတ်က တရားသူကြီးအားပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

မေလ ၁ရက်နေ့က ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်တွင် ကားတစ်စီးအတွင်း ထည့်ထားသော ဖောက်ခွဲရေးပစ္စည်းများမှာ မပေါက်ကွဲခဲ့ဘဲ နောက်နှစ်ရက်အကြာတွင် ရှာဇတ်လည်း အဖမ်းခံခဲ့ရသည်။

ဖိုင်ဆယ် ရှာဇတ်သည် ၎င်း၏မွေးစားတိုင်းပြည်အား သစ္စာဖောက်ခဲ့ကြောင်း ထို့အတွက် ၎င်းအားထောင်ဒဏ်တစ်သက်ကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်းမန်ဟက်တန် တရားရုံးမှ အမေရိကန် တရားသူကြီး ပရိဘာရာရာက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ *—Ref: BBC*



7DAY NEWS JOURNAL
Vol.9, No.30 · OCTOBER 14, 2010

# လူမှုရေးဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်က တန်ဆာပလာအသစ်များ ဖော်ထုတ်




**ကယ်လီဖိုးနီးယား၊ အောက်တိုဘာ - ၆**

လူမှုရေးဝက်ဘ်ဆိုက် Facebook အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာသတင်းများကို ပိုမိုထိန်းချုပ်နိုင်ရန်နှင့် ရွေးချယ်ထားသော သူငယ်ချင်းအုပ်စုများနှင့်သာ အပြန်အလှန်ဆက်သွယ်ရေးပြုလုပ်နိုင်မည့် တန်ဆာပလာအသစ်များကို ဖော်ထုတ်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး လူမှုရေးကွန်ရက်ဖြစ်သော ဖေ့စ်ဘွတ်သည်မကြာသေးမီနှစ်များအတွင်း ၎င်းဝက်ဘ်ဆိုက်၏ လုံလောက်မှုမရှိသော ကိုယ်ရေးလွတ်လပ်ခွင့် ထိန်းချုပ်မှုများနှင့် ပတ်သက်၍ ပြစ်တင်ပြောကြားမှုများ ကြုံတွေ့ခဲ့ရသည်။ ယခုအခါတွင်မူ ဖေ့စ်ဘွတ်အသုံးပြုသူ သန်း ၅၀၀ ခန့်သည်၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ အားလုံးကို ကြည့်ရှုနိုင်ပြီး အခြားမည်သည့် တတိယလူတစ်ယောက်က ယင်းအချက်အလက်များကို ကြည့်ရှုခဲ့သည်ဆိုသည်ကိုလည်း သိရှိနိုင်မည်ဖြစ်သည်။

ယခုအခါတွင် ဖေ့စ်ဘွတ်အသုံးပြုသူများသည် ၎င်းတို့၏ သူငယ်ချင်းများကို အုပ်စုလိုက် ခွဲခြားထားနိုင်ပြီး ၎င်းအုပ်စုများနှင့် သတင်းစကားများ ပေးပို့ခြင်း၊ အုပ်စုလိုက် စကားပြောချက်တင်ဝင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်းဖေ့စ်ဘွတ် တည်ထောင်သူမာ့ခ်ဇက်ကာဘာ့ဂ်က သတင်းထောက်များအား ပြောကြားသည်။

ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်ပေါ်တွင် သူငယ်ချင်းများအား ရွေးချယ်၍စာရင်းပြုစုခြင်း စနစ်ရှိနှင့်ပြီးဖြစ်ကြောင်း၊ သို့သော် ယင်းဝန်ဆောင်မှုကို ဖေ့စ်ဘွတ်အသုံးပြုသူ ငါးရာခိုင်နှုန်းကသာ အသုံးချကြကြောင်းမာ့ခ်ဇက်ကာဘာ့ဂ်က ဆက်လက်ပြောကြားသည်။

*—Ref: Reuters*

# ဖန်ပြွန်သန္ဓေနည်းတီထွင်ခဲ့သော ဗြိတိသျှသိပ္ပံပညာရှင်ကို နှစ်ပေါင်း ၃၀ ကျော်ကြာမှ နိုဗယ်ဆုချီးမြှင့်

**လန်ဒန်၊ အောက်တိုဘာ - ၅**



လူ့ခန္ဓာကိုယ် ပြင်ပတွင် သန္ဓေသားအောင်စေသည့် ဖန်ပြွန်သန္ဓေ IVF နည်းကို တီထွင်ခဲ့သော ဗြိတိသျှသိပ္ပံပညာရှင် ရောဘတ်အက်ဒဝပ်သည် ယခုနှစ်အတွက် ဆေးပညာနိုဗယ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။ အသက် ၈၅ နှစ်အရွယ်ရှိ ပညာရှင် ရောဘတ်အက်ဒဝပ်သည် အခြားဗြိတိန်ပညာရှင်တစ်ဦး ဖြစ်သည့် ဒေါက်တာပက်ထရစ်စတပ်တိုးနှင့် အတူ ၁၉၇၈ ဇူလိုင်လက "လူးဝစ်ဘရောင်း"ဟုခေါ်သော ကမ္ဘာ့ပထမဆုံးဖန်ပြွန်သန္ဓေသားကလေးငယ်ကို အောင်မြင်စွာမွေးဖွားနိုင်အောင် ဦးဆောင်ဖန်တီးခဲ့သည်။

ထိုစဉ်က ၎င်းတို့၏ သုတေသနကို ဆေးဘက်ဆိုင်ရာနှင့် ဘာသာရေးအဖွဲ့အစည်းများက ဆန့်ကျင်ခဲ့ကြသော်လည်း Invitro Fertilisation (IVF) နည်းကို စမ်းသပ်တီထွင်နိုင်ခဲ့သည်။ IVF ခေါ် ဖန်ပြွန်သန္ဓေနည်းမှာ သန္ဓေသားကိုခန္ဓာကိုယ် ပြင်ပတွင် သန္ဓေတည်စေပြီးမှ မိခင်သားအိမ်ထဲသို့ ပြန်ပြောင်းထည့်ကာ မွေးဖွားစေသောနည်းဖြစ်သည်။ ၎င်းတို့သုတေသန အောင်မြင်သည့် ၁၉၇၈ မှစ၍ ယနေ့အထိ ကမ္ဘာတစ်ဝန်းတွင်ကလေးပေါင်း ၄ ဒသမ ၃ သန်းကို ထိုနည်းဖြင့်ပင် မွေးဖွားခဲ့ပြီဖြစ်သည်။

စတော့ဟုမ်းမြို့မှ နိုဗယ်ဆုရွေးချယ်ရေးကော်မတီက "ပါမောက္ခအက်ဒဝပ်၏ အောင်မြင်မှုများသည် လူသားထုကို ထိခိုက်စေသော ဆေးဘက်ဆိုင်ရာအခြေအနေဖြစ်သည့် သားသမီးမရနိုင်သောမြုံခြင်း (infertiity) ကို ကုသရန် လက်တွေ့ဖြစ်နိုင်စေခဲ့ကြောင်း" ဖော်ပြထားသည်။ နိုဗယ်ဆုကော်မတီသည် ဒေါက်တာအက်ဒဝပ်အား မူလက အဘယ်ကြောင့်ဆုချီးမြှင့်ခြင်း မရှိခဲ့သည်ကိုသေချာမသိရသော်လည်း ယခုအခါဒေါက်တာအက်ဒဝပ်မွေးထုတ်ပေးခဲ့သည့် ဖန်ပြွန်သန္ဓေသားလူးဝစ်ဘရောင်းမှာ သာမန်လူများအတိုင်း ကလေးတစ်ဦးပင်မွေးဖွားထားပြီဖြစ်သည်။

*—Ref: Dailymail*






## ကွန်ဂိုအစုလိုက်အပြုံလိုက် မုဒိမ်းမှုများအတွက် သူပုန်ခေါင်းဆောင်အားဖမ်းဆီး

ကွန်ဂို၊ အောက်တိုဘာ - ၄

အရပ်သားရာပေါင်းများစွာအား အစုလိုက်အပြုံလိုက် မုဒိမ်းမှုကျူးလွန်ခဲ့မှုကို ဦးဆောင်ခဲ့သူဟု မသင်္ကာသူ သူပုန်ခေါင်းဆောင်အား ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် ကွန်ဂိုစစ်ဘက်က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

မိုင်မိုင်ချီကာ သူပုန်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးမာရီလီအား မြောက်ကီဗူးခရိုင်တွင် ပူးတွဲစစ်ဆင်ရေး ပြုလုပ်၍ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများအတွင်း လူပေါင်း ၃၀၀ နှင့် ၅၀၀ ကြားမုဒိမ်းကျင့်ခြင်းခံခဲ့ရသည်ဟုယူဆရကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။ သူပုန်များက ယင်းသို့ တိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းကို မတားဆီးနိုင်ခဲ့ခြင်းအတွက် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များလည်း ဝေဖန်ခံနေရသည်။ အချို့သော ကျူးလွန်မှုများမှာ ကုလသမဂ္ဂရုံးများအနီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သူပုန်ခေါင်းဆောင် မာရီလီအား ယခုအခါဂိုမာပြည်နယ် စစ်ဘက်တရားရုံးတွင် ထိန်းသိမ်းထားကြောင်း ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။ မာရီလီမှာ မိုင်မိုင်လက်နက်ကိုင်အဖွဲ့တွင် လက်ထောက်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၎င်းအားအဖွဲ့ခေါင်းဆောင် 'ချီကာ'က လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိကပြောကြားသည်။

—*Ref: BBC*

## ယွမ်ငွေတန်ဖိုးလျော့ကျနေခြင်းကို အရေးယူဆောင်ရွက်ရန် အီးယူက တရုတ်အား တိုက်တွန်း

ဘရပ်ဆဲလ်၊
အောက်တိုဘာ - ၆

တရုတ်နိုင်ငံသုံးငွေ ယွမ်၏ တန်ဖိုးကိုသိသိသာသာ မြင့်တက်လာစေရေးလုပ်ဆောင်ရန် ယူရိုငွေကြေးအသုံးပြုသော ယူရိုဇုန်ပေါ်လစီချမှတ်သူများက တရုတ်နိုင်ငံအား တိုက်တွန်းလိုက်သည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ဘရပ်ဆဲလ်မြို့တွင် ဆွေးနွေးစဉ် ဥရောပအရာရှိများက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယွမ်ငွေတန်ဖိုးအား သိသိသာသာနှင့် ကျယ်ကျယ်ပြန့်ပြန့် မြင့်တက်လာစေရေး လုပ်ဆောင်ရန်ယူရိုဇုန် ထိပ်တန်းဝန်ကြီးတစ်ဦးဖြစ်သူ ဂျင်ကလော့ဒ်ဂျန်ကာကတိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် တရုတ်ကုန်ပစ္စည်းများ ဈေးပေါပေါရရှိစေရန်အတွက် အခြားနိုင်ငံခြားများနှင့် နှိုင်းယှဉ်၍ ယွမ်ငွေတန်ဖိုးက တမင်တကာနှိမ့်ချထားကြောင်းအမေရိကန် အာဏာပိုင်များက တရုတ်နိုင်ငံအား စွပ်စွဲပြောကြားနေခဲ့သည်။

"တရုတ်နိုင်ငံရဲ့ အမှန်တကယ်ငွေလဲနှုန်းဟာ ဆက်လက်တန်ဖိုးနိမ့်ကျနေဆဲပါပဲ" ဟုယူရိုဇုန် ၁၆ နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများ၏ ဥက္ကဋ္ဌမစ္စတာဂျန်ကာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။



ယွမ်ငွေလဲလှယ်နှုန်းကို အလျော့အတင်း ရှိစေရန် ခွင့်ပြုသွားမည်ဟု တရုတ်နိုင်ငံက ဇွန်လတွင် အချက်ပြခဲ့သည်။

"ငွေကြေးလဲလှယ်မှုနဲ့ ပတ်သက်လို့ ဇွန်လ ၁၉ ရက်တရုတ်တို့ရဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့ကြိုဆိုပါတယ်။ ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်ရဲ့ အလားအလာကိုတော့ ကျွန်တော်တို့ လုံလုံလောက်လောက် အသုံးမချနိုင်သေးပါဘူး" ဟုမစ္စတာဂျန်ကာကသတင်းထောက်များအား ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် ယင်းကြေညာချက်အတိုင်း ရပ်တည်သွားမည်ဟု မစ္စတာဝမ်ကြားပေါင်က ဆိုလိုခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

—*Ref: BBC*

## စွဲချက်များကို ရင်ဆိုင်သွားမည်ဟု ဖီဂျီအတိုက်အခံခေါင်းဆောင်ပြော

ဆူဗား၊ အောက်တိုဘာ - ၆

သုံးရက်ကြာ ထိန်းသိမ်းခံရပြီး နောက်အာမခံဖြင့် လွတ်လာသော ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ဖီဂျီနိုင်ငံ အတိုက်အခံခေါင်းဆောင်ကဖီဂျီစစ်ဘက်အစိုးရ၏ တရားစွဲဆိုမှုများကို ခုခံရင်ဆိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အတိုက်အခံခေါင်းဆောင် မဟင်ဒြာချောင်ဒရီနှင့် အခြားလူငါးဦးသည် တရားမဝင် စုရုံးမှုပြုလုပ်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်း ဖြစ်သည်။ ယင်းမှာ လူထုတွေ့ဆုံပွဲများ ပိတ်ပင်ထားသော အရေးပေါ် ဥပဒေကိုချိုးဖောက်ခဲ့သည်ဟု ဆိုသည်။

"ကျွန်တော်တို့အားလုံး အာမခံနဲ့ လွတ်လာပြီး နောက်နှစ်ရက်အကြာမှာ တရားရုံးမှာ အမှုရင်ဆိုင်ရပါမယ်" ဟုချောင်ဒရီကပြောကြားသည်။

အာမခံဖြင့် ထွက်လာချိန်တွင်၎င်းအနေဖြင့် လျှောက်လဲချက်ပေးရန် မလိုခဲ့သော်လည်း စွဲချက်များ အားလုံးကို ရင်ဆိုင်ခုခံသွားမည်ဖြစ်ကြောင်း ချောင်ဒရီကပြောကြားသည်။

တရားစွဲဆိုခြင်း ခံရသူတစ်ဦး၏ နေအိမ်တွင် တရားဥပဒေနှင့်မညီညွတ်သော စုရုံးမှုများ ပြုလုပ်ခဲ့သည်ဟု တရားရုံးစွဲချက်တွင်ဖော်ပြထားကြောင်း၊ သို့သော် ၎င်းတို့မှာ တရားမဝင်လုပ်ဖို့ ရည်ရွယ်ချက်မရှိကြောင်း ဖီဂျီအတိုက်အခံခေါင်းဆောင်က ပြောကြားပြီး အမှုကို ခုခံကာကွယ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဖီဂျီအစိုးရတွင် မိမိကိုယ်ကို ခန့်အပ်ထားသူ စစ်ဘက်အုပ်ချုပ်သူဗိုရက်ဘိုင်နီမာရာမာက ၎င်းအားပစ်မှတ်ထား၍ အရေးယူခြင်းလားဟု မေးမြန်းမှုကိုမူ မစ္စတာချောင်ဒရီက "လောလောဆယ်ဒါကို ကျွန်တော်မဖြေတာကောင်းပါတယ်" ဟုပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

—*Ref: Indian Express*



7 DAY NEWS JOURNAL

# International

Vol.9, No.30 • OCTOBER 14, 2010

## နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်တွင် ဝင်ရောက်ကိုင်တွယ်ဖွယ်ရှိကြောင်း အိန္ဒိယဗဟိုဘဏ်အကြီးအကဲ ပြောကြား



**ဝါရှင်တန်၊ အောက်တိုဘာ-၁၁**

ငွေကြေးစီးဝင်မှုမှာ အလုံးအရင်းနှင့် ဖြစ်လာပြီး မတည်မငြိမ်အခြေအနေရှိပါက အိန္ဒိယက နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်တွင် ဝင်ရောက်ကိုင်တွယ်ဖွယ်ရှိကြောင်း အိန္ဒိယဗဟိုဘဏ်အကြီးအကဲ မစ္စတာ ဒပ်ဗူရီဆပ်ဘာရောင်းက ပြောကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ပြုလုပ်သည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ဆွေးနွေးပွဲတွင် အိန္ဒိယဗဟိုဘဏ်အကြီးအကဲက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ သို့သော် ယခုအချိန်အထိ ဝင်ရောက်ကိုင်တွယ်ရန် လိုအပ်သည့် အခြေအနေမတွေ့ရသေးကြောင်း မစ္စတာဆပ်ဘာရောင်းကပြောကြားသည်။

အိန္ဒိယနိုင်ငံ သုံးငွေ ရူပီးမှာ ရက်သတ္တပတ်ခြောက်ပတ်ဆက်တိုက် တန်ဖိုးမြင့်တက်လာခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်လာသည်။ ယင်းမှာ အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကို ကမ္ဘာ့တစ်ဝန်းမှ ငွေကြေးရန်ပုံငွေ အဖွဲ့များက အကောင်းမြင်လာခဲ့ပြီး အိန္ဒိယစတော့ရှယ်ယာများတွင် ကန်ဒေါ်လာ ၂ ဘီလီယံခန့် စံချိန်တင် ရင်းနှီးမြှုပ်နှံခဲ့၍ဖြစ်ကြောင်း သတင်းကဖော်ပြသည်။

ဘရာဇီးနိုင်ငံမှသည် တောင်ကိုရီးယားနိုင်ငံအထိ စီးပွားရေးအားကောင်းလာသော နိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှု ငွေစီးဝင်မှုများပြားလာ၍ နိုင်ငံသုံးငွေကြေးတန်ဖိုးများမြင့်တက်လာခြင်းကို နွေးကွေးစေရေး အရေးယူဆောင်ရွက်မှုများပြုလုပ်နေစဉ် အိန္ဒိယဗဟိုဘဏ်အကြီးအကဲ၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

—*Ref: Bloomberg*

## ကာဂျစ်စတန်ရွေးကောက်ပွဲတွင် အမျိုးသားရေးဝါဒီများ ပွတ်ကာသီကာ ဦးဆောင်နေ



**ဘစ်ရှ်ကက်၊ အောက်တိုဘာ-၁၁**

ကာဂျစ်စတန် ပါလီမန်ရွေးကောက်ပွဲတွင် အမျိုးသားရေးပါတီ အတာဇာ့တ်ပါတီက ပွတ်ကာသီကာဦးဆောင်နေကြောင်း အစောပိုင်းထွက်ပေါ်လာသော ရလဒ်များက ပြသနေကြောင်း သိရသည်။

မဲအရေအတွက် ၅၀ ရာခိုင်နှုန်းခန့် ရေတွက်ပြီးချိန်တွင် အမျိုးသားရေးပါတီက မဲအရေအတွက် ၉ ရာခိုင်နှုန်းရှိနေကြောင်း ရွေးကောက်ပွဲတာဝန်ရှိသူများက ပြောကြားသည်။ အမတ်နေရာ ၁၂၀ ရှိသော ပါလီမန်အတွက် ရွေးကောက်ပွဲတွင် အခြားပါတီလေးခုကလည်း ဦးဆောင်ပါတီနောက်မှ ကပ်လိုက်နေသည်။ ပါတီ ၆ ခု သို့မဟုတ် ၇ ခုခန့်က ရွေးကောက်ပွဲကိုစိုးမိုးမည်ဟု ခန့်မှန်းထားသော်လည်း မည်သည့်ပါတီကမျှ လူများစုအင်အားမရရှိနိုင်ကြောင်းသိရသည်။

ယခုရွေးကောက်ပွဲမှာ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် လူမျိုးရေးပဋိပက္ခကြောင့် လူပေါင်း ၄၀၀ သေဆုံးခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် ရွေးကောက်ပွဲဖြစ်သည်။

တစ်နိုင်ငံလုံးတွင် မဲပေးခွင့်ရှိသူများထဲမှ အမှန်တကယ်မဲလာပေးသူ ၅၆ ရာခိုင်နှုန်းရှိပြီး ပဋိပက္ခဖြစ်ပေါ်ခဲ့ရာ နိုင်ငံတောင်ပိုင်း အော့ရှ်မြို့တွင် မဲပေးသူအရေအတွက် ရာခိုင်နှုန်းပိုမိုများပြားခဲ့သည်။ ယခုရွေးကောက်ပွဲအား သမ္မတစနစ်မှ ပါလီမန်ဒီမိုကရေစီစနစ်သို့ကူးပြောင်းရေး အခြေခံဥပဒေအသစ်အရ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် မပြောပလောက်သော မဲပေးမှုဆိုင်ရာချိုးဖောက်မှုနှင့် စွပ်စွဲတိုင်ကြားမှုနှစ်ခုသာရှိကြောင်း ရွေးကောက်ပွဲအရာရှိများကပြောကြားသည်။ —*Ref: BBC*



## အာဖဂန်နစ္စတန်နယ်စပ်ဝင်ပေါက်ကို ပါကစ္စတန် ပြန်ဖွင့်ပေး

**အစ္စလာမာဘတ်၊ အောက်တိုဘာ-၁၁**

အာဖဂန်နစ္စတန်နိုင်ငံသို့ဝင်ရောက်ရာတွင် အလွန်အရေးပါသော နယ်စပ်ဝင်ပေါက်ကို ပါကစ္စတန်နိုင်ငံက ပြန်လည်ဖွင့်လှစ်ပေးလိုက်ရာ နေတိုးထောက်ပံ့ရေးယာဉ်တန်းသည် အာဖဂန်နစ္စတန်သို့ တစ်ဖန်ပြန်လည်ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မျှော်လင့်ထားသည်ထက် တစ်ရက်စော၍ ယင်းနယ်စပ်ဝင်ပေါက်ကိုဖွင့်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းနယ်စပ်ဝင်ပေါက် ပိတ်ထားမှုကြောင့် အမေရိကန်နှင့် ၎င်း၏အရေးပါသော မဟာမိတ်ကြားတွင် တင်းမာမှုများမြင့်တက်ခဲ့ရသည်။

လွန်ခဲ့သော ၁၁ ရက်က ပါကစ္စတန်နှင့် နယ်စပ်ဒေသတွင်အမေရိကန်ရဟတ်ယာဉ်တစ်စီး၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့၍ ပါကစ္စတန်က ခိုင်ဘာတောင်ကြားလမ်းဆီသို့သွားရာ တော်ခန်နယ်စပ်ဝင်ပေါက်ကို ပိတ်ထားခဲ့သည်။

ယခင်ရက်သတ္တပတ်အတွင်း ထိပ်တန်းအမေရိကန်အရာရှိများက တောင်းပန်မှုတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် နယ်စပ်ဝင်ပေါက်ကို ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ကကြေညာခဲ့သည်။ အောက်တိုဘာ ၁၁ ရက်အထိ ဖွင့်လှစ်မည်မဟုတ်ဟု အမေရိကန်ဘက်က မျှော်လင့်ထားရာ အောက်တိုဘာ ၁၀ ရက်တွင် ပါကစ္စတန်က နယ်စပ်ဝင်ပေါက်ကို ပြန်ဖွင့်ပေးခဲ့သည်။

နယ်စပ်ဝင်ပေါက်ကို ပိတ်ထားစဉ်အတွင်း၌ နေ့စဉ်နီးပါးဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများကြောင့် ထောက်ပံ့ရေးယာဉ်အချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိခဲ့သည်။ —*Ref: AP*





## အာရှလုံခြုံရေး အစပြုမည့် အစီအစဉ် တရုတ်ထောက်ခံ

**ဟန္နိုင်း၊ အောက်တိုဘာ-၁၁**

တရုတ်၊ ဂျပန်၊ အိန္ဒိယ အပါအဝင်ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့် အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးနေကြသည့် ဒေသတွင်းလုံခြုံရေးယန္တရားကို တရုတ်နိုင်ငံကလည်း ကူညီ၍ ထူထောင်ပေးသွားရန် စိတ်အားထက်သန်ပါကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

"ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးမှာ ပါဝင်ဆောင်ရွက်ဖို့ သက်ဆိုင်ရာလုံခြုံရေး ယန္တရားထူထောင်ရာမှာ တရုတ်နိုင်ငံကလည်း တက်တက်ကြွကြွ ပါဝင်လိုပါတယ်" ဟု တရုတ်ကာကွယ်ရေးဝန်ကြီးလျန်ဂွမ်လိုင်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး နောင်ဒုက်မားအား ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ပြုလုပ်သော အစည်းအဝေးတွင် တရုတ်၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နှင့် အာဆီယံ ၁၀ နိုင်ငံပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းမှာ အာရှလုံခြုံရေးအတွက် ပထမဦးဆုံး နိုင်ငံအများအပြားပါဝင်ဆွေးနွေးခြင်းဖြစ်သည်။

စာ(၄၁)သို့

